Sabbath School Lesson

မြန်မာလူကြီးတန်းဥပုသ်စာဖြေသင်ခန်းစာ

**ပရောဖက်ပြုခြင်းဆုကျေးဇူး**

The Gift of Prophecy by The Ellen G. White Estate

စာအုပ်ကို

သိက္ခာတော်ရဓမ္မဆရာဦးမိုးခိုင်ငိုခေါ်နန် မှ မြန်မာပြန်ဆိုသည်

**အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ**
**၂၀၂၆ ခုနှစ်**

(ပထမအကြိမ်)

Sabbath School Lesson

**မြန်မာလူကြီးတန်း**

ထုတ်ဝေသူ
ဦးဖိုးဖိုးလှ (၀၀၅၉၅)
ဥက္ကဌ

ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော်
၆၈၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးမောရစ်ချစ် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အုပ်ရေ - ၅၀၀၀

ဓမ္မဒါန
(ပထမအကြိမ်)

၁။ ဖန်ဆင်းရှင်စကားပြောနေသည် . . . . . . . . . . . . . . . . . . ၈

၂။ ပရောဖက်တစ်ဦးအားခေါ်တော်မူခြင်း . . . . . . . . . . . . . . ၂၂

၃။ ခမ္မဟောင်းခေတ်၏ပရောဖက်များ . . . . . . . . . . . . . . . . ၃၆

၄။ ခမ္မသစ်ခေတ်၏ပရောဖက်များ . . . . . . . . . . . . . . . . . . ၄၉

၅။ ဗျာဒိတ်ပေးခြင်းနှင့်ဝိညာဉ်တော်မှုတ်သွင်းခြင်း . . . . . . . . . ၆၃

၆။ ပရောဖက်ပြုချက်ဆိုင်ရာစာပေများ . . . . . . . . . . . . . . . . ၇၆

၇။ ယခုနားထောင်ကြလော့ . . . . . . . . . . . . . . . . . . . . . . ၈၉

၈။ ပရောဖက်ပြုချက်ဆိုင်ရာစာပေများကိုအနက်ပြန်ခြင်း . . . . . ၁၀၂

၉။ ပရောဖက်များအားစမ်းသပ်ခြင်း . . . . . . . . . . . . . . . . . ၁၁၅

၁၀။ ပရောဖက်ပြုချက်ဆိုင်ရာအခွင့်အာဏာနှင့်သက်ရောက်မှု . . . ၁၃၀

၁၁။ အရေးကြီးချိန်တွင်ပရောဖက်ပြုချက်ပေါ်ထွန်းခြင်း . . . . . . ၁၄၅

၁၂။ နောက်ဆုံးသောကာလ၏ပရောဖက်ပြုချက်ဗျာဒိတ်တော် . . . ၁၆၀

၁၃။ ပရောဖက်ပြုချက်မှကောင်းချီးမင်္ဂလာများ . . . . . . . . . . . ၁၇၇

**ပရောဖက်ပြုခြင်းကျေးဇူး**

ကလေးသူငယ်များတို့၏ ဘာသာစကားသင်ယူမှုတွင် အံ့ဖွယ်စွမ်းရည်ကို အာရုံကြောဆိုင်ရာ သိပ္ပံပညာရှင်များတို့သည် နားလည်စပြုလာကြသည်။ မိမိတို့ပြောဆိုနေကြသော စကားလုံးပေါင်းမှာ ၇၀၀၀ ကျော်ပင်ရှိရာ အင်္ဂလိပ်စကားလုံးမှအစ အခြားစကားလုံးများကို ကလေးငယ်များတို့သည် ၆ လ အရွယ်မှစ၍ နားလည်စပြုလာကြသည်။ ဒုတိယဘာသာစကားနှင့် ထိတွေ့မိခဲ့သော် ၎င်းစကားအား ကောင်းမွန်စွာရယူလေ့ရှိကြသည်။

ဤကာလအတွင်းတွင် လျှို့ဝှက်ဆန်းကြယ်သော စိတ်ပိုင်းဆိုင်ရာတံခါးများပွင့်ဟသဖြင့် မွေးကင်းစမှစ၍ ၎င်းတို့သိမြင်နေသော မိခင်ဘာသာအသံထွက်ပေါင်း ၈၀၀ ခန့်မှ ၄၀ ခန့်တို့ကို ကလေးငယ်များတို့မှ ခွဲခြားသိမြင်နိုင်ကြသည်။ သို့ဖြစ်သဖြင့် ကလေးငယ်များအား စကားပြောပေးရပါမည်။ ထိုသို့ပြုခြင်းကို မွေးကင်းစတို့အတွက် အသံသင်ခန်းစာဟုပင် ဆိုရပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စကားပြောဆိုရန် မရည်ရွယ်ဘဲလျက် စကားသံသိမှတ်ခြင်းနှင့် ဘာသာစကားသင်ယူမှု ဤအံ့ဖွယ်စွမ်းရည်ဖြင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် ဖန်ဆင်းရခြင်းဖြစ်သနည်း။

ဤမေးခွန်းသည် စိတ်ဝင်စားဖွယ်ကောင်းလှရာ ကျမ်းစာတွင် "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏" (ဟေဗြဲ ၁း၁၊၂)

အာဒံနှင့် ဧဝတို့၏ ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းကို အပြစ်ကရုတ်တရက်ဖျက်ဆီးပစ်လိုက်သောအခါ ဘုရားသခင်သည်လည်း ထိုစုံတွဲတို့အား မိမိတို့ဖာသာပျက်စီးစေရန် ကိုယ့်လက်ကိုယ်ဆေးကြောကာ ပစ်ထား

ခြင်းမပြုပေ။ သူတို့နှစ်ဦးအား လာရောက်ကြည့်ရှုလှည့်ကာ အာဒံအား "သင်သည်အဘယ်မှာရှိသနည်း" (က၊ ၃း၉) ဟုပင် မေးခဲ့သေး၏။

လောကကြီးအား အပြစ်မှကယ်တင်တော်မူမည့် ပုဂ္ဂိုလ်တစ်ဦး၏ ဖွားမြင်ခြင်းကိုပင် အနာဂတ္တိစကားကိုဆိုခဲ့သေး၏။ ဧဒင်ဥယျာဉ်အတွင်း လူသား၏ကျဆုံးခဲ့ချိန်မှစ၍ ထိုပရောဖက်ပြုချက်သည် ယေရှုကိုမြင့်တင်ပေး၍ အပြစ်သားများအား ၎င်းတို့၏တစ်ခုတည်းသော မျှော်လင့်ရာဖြစ်သည့် ကိုယ်တော်ထံညွှန်ပြခဲ့သည်။

ယခုသုံးလပတ်အတွင်း ပရောဖက်ပြုချက်ဆိုင်ရာစာပေများကို လေ့လာကြရပါမည်။ ဘုရားသခင်အား မျက်နှာချင်းဆိုင် ဖူးမြော်ဆက်ဆံခြင်းမပြုနိုင်တော့သောကျဆုံးလူသားများအား ပေါင်းသင်းဆက်ဆံနိုင်ရန် ဘုရားသခင်၏ထက်မြက်သောဆန်းသစ်တီထွင်မှုတို့ကို လေ့လာရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ထူးကဲသောဉာဏ်ဆုကျေးဇူးတော်အား ၁ ကော၊ ၁၂။ ၁ ကော၊ ၁၄။ ဧဖက်၊ ၄ နှင့် ရောမ၊ ၁၂ တို့တွင် ထင်ရှားစွာဖော်ပြထားသည်။ ဝိညာဉ်ဆုကျေးဇူးအလုံးစုံတို့ကို ကြီးမားသောဖြန့်ဖြူးပေးသူသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ရာ "လူအသီးသီးတို့အား အသီးသီးခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏" (၁ ကော၊ ၁၂း၁၁)။ ကာလတစ်လျှောက်လုံးတွင် ဝိညာဉ်ရေးဆိုင်ရာဆုကျေးဇူးများခံစားရသော ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်တို့သည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်သွယ်မှုကို ဧဒင်၌ကျဆုံးပြီးခါစက ပြုတော်မူသကဲ့သို့ ပြန်လည်ထူထောင်ရန် ဘုရားသခင်၏ ဧဝံဂေလိသတင်းစကားများကို ပေးအပ်ခဲ့သည်။

ဘုရားသခင်သည် ပရောဖက်များကို မည်သို့ခေါ်တော်မူသည်နှင့် သူတို့၏စစ်မှန်မှုကို မည်သို့စစ်ဆေးနိုင်မည်ကို ကျွန်ုပ်တို့လေ့လာသင်ယူရမည်ဖြစ်သည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းပါ ပရောဖက်များကြားရှိ တူညီမှုနှင့် ကွဲပြားမှုကို လည်းကောင်း၊ သူတို့၏ဘဝတွင် ဗျာဒိတ်တော်နှင့် သွန်သင်ခြင်းတို့သည် မည်သို့အလုပ်လုပ်သည်ကို လက်တွေ့နားလည်မှုရရှိစေရန်

လည်းကောင်း လေ့လာကြရပါမည်။ အချို့သော ပရောဖက်များသည် ဟော ပြောခြင်း၊ အချို့သည် ရေးသားခြင်းနှင့် အချို့သည် နှစ်မျိုးစလုံးပြုကြသည်။ ဤသည်များတင်မက အခြားသောဘုရားသခင့် မိန့်ဆိုပုံစနစ်များ၊ ၎င်းတို့၏ သက်ရောက်မှုများ၊ ထိုပရောဖက်များပေးအပ်သော သတင်းစကားများအား နာခံခြင်း၏ ကောင်းချီးမင်္ဂလာများကို လေ့လာကြပါမည်။

ဘုရားသခင်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးကို အဓိကရည်ရွယ် ချက် ၅ ခုအတွက် အသုံးပြုတော်မူသည်။ (၁) ကိုယ်တော်ကိုယ်တိုင်၊ ကိုယ် တော်၏သမ္မာတရား၊ ကျဆုံးသော လူသားတို့အတွက် ကိုယ်တော်၏ အလို တော်တို့ကိုဖွင့်ပြရန်။ (၂) အရေးကြီးသောအဖြစ်အပျက်များနှင့်ပတ်သက်၍ ထိုးထွင်းသိမြင်မှုနှင့် အကြံဉာဏ်ပေးရန်။ (၃) ခရစ်တော်၏ခန္ဓာတော်တည်း ဟူသော အသင်းတော်ကို သာသနာပြုရန်အတွက် ထောက်ပံ့ပေးရန်။ (၄) ကိုယ်တော်၏နောက်လိုက်တော်များအား ဝိညာဉ်ရေးရာအားပေးတိုက်တွန်း မှုပေးရန်။ (၅) အပြစ်သားများအား နှိုးဆော်ပြီး နောင်တရရန် ခေါ်တော်မူ ရန်တို့ဖြစ်သည်။

ထို့အပြင် “ဝိညာဉ်တော်၏ ပရောဖက်ပြုခြင်း”သည် နောက်ဆုံးသော ကာလ ကျန်ကြွင်းသောအသင်းတော်၏ ထူးခြားသော လက္ခဏာနှစ်ရပ်အနက် တစ်ရပ်ပင်ဖြစ်သည် (ဗျာ၊ ၁၂း၁၇။ ၁၉း၁၀)။ သို့ဖြစ်၍ ပျောက်ဆုံးနေသူ တို့ကို အိမ်တော်သို့ လုံခြုံစွာပို့ဆောင်ရန် ဘုရားသခင်သည် လွန်စွာပင် အလေးထားတော်မူသဖြင့် နောက်ဆုံးသောကာလအတွက် ပရောဖက်ပြု ခြင်းဆုကျေးဇူးကို ပေးသနားတော်မူ၏ (ယောလ ၂း၂၈-၃၁)။ သတ္တမနေ့ အသင်းတော်ကို ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်သော အီးဂျီဝှိုက်သည်ပင် ပရောဖက်ပြုခြင်းဆုကျေးဇူးကို ကျင့်သုံးခဲ့သည်ဟု သတ္တမနေ့အသင်းဝင်များ တို့သည် အကြောင်းပြချက်ခိုင်လုံစွာဖြင့် ယုံကြည်ကြသည်။

ဤအကြောင်းကြောင့် ကျမ်းစာထဲမှ ပရောဖက်ပြုခြင်းဆုကျေးဇူး အကြောင်း ကျွန်ုပ်တို့၏ လေ့လာမှုနှင့်အတူ အီးဂျီဝှိုက်၏ ပရောဖက်ပြုခြင်း

အမှုတော်သို့ ခေါ်တော်မူခြင်း၏သဘောတရားများကို သောကြာနေ့တိုင်း စူးစမ်းလေ့လာရပါမည်။ ကျွန်ုပ်တို့သည် အသင်းတော်တစ်ခုအနေဖြင့် ဤအံ့ဖွယ်ဆုကျေးဇူးကိုရရှိထားပါသည်။ ဤဆုကျေးဇူးကို ကျွန်ုပ်တို့သည် မည်သို့အကောင်းဆုံးအသုံးချနိုင်မည်နည်း။ မှန်ပါသည်။ ကျွန်ုပ်တို့သည် ငယ်စဉ်ကလေးဘဝမှအစ အခြားသူများပြောဆိုသည်များကို နားထောင်တတ်ရန် ဖန်ဆင်းခြင်းခံထားရသည်။ သို့ဖြစ်၍ ဘုရားသခင်၏ ပရောဖက်များမှတစ်ဆင့်ကျွန်ုပ်တို့အား မိန့်ဆိုသောအရာများကို နားထောင်ခြင်းသည် လွန်စွာအရေးကြီး၏။

ဤလူကြီးကျမ်းစာလေ့လာခြင်းလမ်းညွှန်ကို Maryland ပြည်နယ်၊ Silver Spring မြို့၊ White Estate ရုံး၏ အမှုဆောင်အဖွဲ့မှ ထုတ်ဝေသည်။ Ellen G. White Estate, Inc., သည် အယ်လင်ဝှိုက်၏ ပရောဖက်ပြု အမှုဆောင်ခြင်းနှင့် စာပေများကို ကမ္ဘာအနှံ့ဖြန့်ဝေခြင်းဖြင့် ယေရှုခရစ်နှင့် သူ၏နှုတ်ကပတ်တော်ကို ချီးမြှောက်ရာတွင် သတ္တမနေ့အသင်းတော်၏ မစ်ရှင်ကို ပံ့ပိုးကူညီပါသည်။

- ဝ -

သင်ခန်းစာ (၁)

# ဖန်ဆင်းရှင်စကားပြောနေသည်

စက်တင်ဘာလ ၂၆ – အောက်တိုဘာလ ၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာလ ၂၆ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** က၊ ၁း၂၇၊၂၈။ ၃း၁-၈။ လု၊ ၁၅း၁၁-၃၂။ က၊ ၃း၁၄-၂၄။ ထွက်၊ ၁၉း၁၆-၂၂။ ယောဟန်၊ ၁၀း၂၇-၃၀။

**အလွတ်ကျမ်းချက်**

**"ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏" (ဟေဗြဲ၊ ၁း၁၊၂)။**

ဒီဂျစ်တယ်နည်းပညာသည် ကျွန်ုပ်တို့အများစုအတွက် အဝေးဒေသများ ရှိမိတ်ဆွေများနှင့် ဆွေမျိုးများကို မြင်တွေ့နိုင်စေပါသည်။ ဤသည်မှာကောင်း မွန်ပေသည့်တိုင် လူကိုယ်တိုင် မျက်နှာချင်းဆိုင်တွေ့ဆုံခြင်းသည် သာလွန် ကောင်းမွန်ပါသေးသည်။ ကျွန်ုပ်တို့စုဝေးမိသောအခါ ပွေ့ဖက်နှုတ်ဆက်ကာ မျက်နှာချင်းဆိုင်ပြောဆိုရသောအခါ ထူးခြားသောအရာတစ်ခုဖြစ်ပျက် ပါသည်။

ယခုအပတ်တွင် လူသားများသည် မိမိတို့၏ဖန်ဆင်းရှင်နှင့် မျက်နှာ ချင်းဆိုင်ဆက်သွယ်နိုင်ရန်ပင် ဖန်ဆင်းခံထားရသူများဖြစ်သည်ကို မိမိတို့အား

သတိရစေပါမည်။ သို့သော်လည်း အပြစ်တရားသည် ရင်းနှီးသော၍တွယ်တာခြင်းကို ရှေးလွန်လေပြီးသောအခါကပင် ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်သည်။

ဘုရားရှင်သည် မိမိဖန်ဆင်းထားပြီး ချစ်ရသောဝေနေယျသတ္တဝါများနှင့် ထိုဆက်သွယ်ခြင်းကို ပြန်လည်ထူထောင်နိုင်ရန်နည်းလမ်းများကို ပေးအပ်ထားပါသည်။ လူသားတို့နှင့် ဘုရားရှင်၏ထူးခြားစွာ ဆက်သွယ်နိုင်ရန် ပုံစံမှာ ဂရုတစိုက်ရွေးချယ်ထားသော ပြောရေးဆိုခွင့်ရှိသူ ပရောဖက်များဟု သိရသူများမှ တစ်ဆင့်ဖြစ်ရာ ထိုသူတို့သည် ဘုရားသခင်၏ သတင်းစကားများကို ကျွန်ုပ်တို့ထံဖော်ပြကြသည်။ ဤပရောဖက်တို့သည် ကျမ်းစာတွင် ရေးသားချက်များရှိကြသော်လည်း ပရောဖက်တိုင်းတော့ မဟုတ်ပါ။

ဘုရားသခင်၏ အဆုံးစွန်သောအစီအစဉ်မှာ သူ၏ပုံသဏ္ဍာန်တော်ကို ကျွန်ုပ်တို့တွင် ပြန်လည်ထူထောင်ရန်ဖြစ်သည်။ အပြစ်တရားမှ ချိုးဖျက်ပစ်ခဲ့သော ထိုပုံသဏ္ဍာန်တော်ကို ပြန်လည်ထူထောင်ရန်ဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်းစီမံကိန်း၏ အဓိကအချက်၊ ဖြောင့်မတ်ခြင်းတရားတည်ရှိရာ “ကောင်းကင်သစ်နှင့် မြေကြီးသစ်”ကို ဘုရားသခင်ဖန်ဆင်းသောအခါ ပြန်လည်ထူထောင်ခြင်းသည် ပြည့်စုံလိမ့်မည် (၂ ပေ၊ ၃း၁၃)။ ဘုရားသခင်သည် ထိုအရာကို ကျွန်ုပ်တို့အား မိန့်ဆိုနေဆဲ၊ ပရောဖက်များကိုလည်း အသုံးပြုနေဆဲဖြစ်သည်။

**တနင်္ဂနွေနေ့** **စက်တင်ဘာလ ၂၇ ရက်**

**ဧဒင်မှာဆက်သွယ်ရေး**

ကမ္ဘာဦးကျမ်း ၁ နှင့် ၂ သည် ဖန်ဆင်းခြင်းအကြောင်းကို ဖော်ပြသည်။ လှပသောကမ္ဘာကို ဘုရားမှဖန်ဆင်းကာ ဖန်ဆင်းခြင်း၏ ထွတ်ခေါင်လုပ်ဆောင်ခြင်းအဖြစ် အာဒံနှင့် ဧဝတို့အား နေစေ၏။ လူသားသည် “ဘုရား၏ပုံသဏ္ဍာန်တော်နှင့်အညီ” (က၊ ၁း၂၇) ဖန်ဆင်းထားသည်ဖြစ်သဖြင့် အခြားသတ္တဝါများနှင့်မတူ ထူးကဲ၏။ ဤအချက်ကို လူသားနှင့်ပတ်သက်၍သာ

ဆိုထား၍ ငှက်များနှင့်အခြားတိရစ္ဆာန်များအား ဆိုမထားပါ။ ထို့ကြောင့် ၎င်းတို့သည် ဘက်စုံကြွယ်ဝစွာသက်ရှင်ရန်၊ မေတ္တာကို ပုံစံမျိုးစုံဖြင့် တွေ့ဆုံခံစားရန်၊ ဘုရားရှင်ကိုယ်တော်တိုင်နှင့် ရင်းနှီးစွာဆက်သွယ်၍ ကျင်လည်သွားလာရန် ဖန်ဆင်းထားခြင်းဖြစ်သည်။

"ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း" (က၊ ၂း၁၈)ဟု ဘုရားဆိုကာ အာဒံအတွက် ဧဝကို ဖန်ဆင်းပေးသည်ကိုလည်း (က၊ ၂း၁၈-၂၃)တွင် ဖတ်ရှုရပါသည်။ အစအဦးတွင် လူသားတို့ကို လူမှုရေးပေါင်းသင်းဆက်ဆံခြင်းရှိသောသတ္တဝါများအဖြစ် ဖန်ဆင်းထားသည်။ လူမှုဆက်ဆံခြင်းသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာသုခကို အကျိုးပြု၍ အထီးကျန်ခြင်းမှာမူ အသက်အန္တရာယ်ဖြစ်စေသောအကြောင်းရင်း တစ်ခုဖြစ်သည်ဟု ယနေ့လူမှုဗေဒပညာရှင်များမှ သွန်သင်ထားသည်။

ဧဝအား ဖန်ဆင်းပြီးခါစတွင် "လူကလည်း၊ ယခုဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။ သူ့ကို လူမိန်းမဟု ခေါ်ဝေါ်အပ်သည်" (က၊ ၂း၂၃)ဟု ဆိုသည်မှာ အံ့ဖွယ်မဟုတ်ပါ။ အိမ်ထောင်ပြုခြင်းဖြင့် ပေါင်းစည်းထားသော ဇီဝဗေဒအမျိုးသားနှင့် ဇီဝဗေဒအမျိုးသမီးတို့ဖြင့် တည်ထောင်ထားသော မိသားစု၏ဖွဲ့စည်းပုံသည် လူသားတို့အတွက် ဘုရားသခင်မှပံ့ပိုးထားသော ရှေးဦးလူမှုအဖွဲ့အစည်းဖြစ်၍ ၎င်းတို့သည် ဘက်စုံဆက်သွယ်ခြင်းနှင့် ရင်းနှီးကျွမ်းဝင်ခြင်းကို တွေ့ကြုံခံစားနိုင်ရန်ဖြစ်သည်။ စာတန်၏ အဓိကရည်မှန်းချက်တစ်ခုသည် မူလမိသားစု၏ အခြေခံသဘောသဘာဝများကို ဖျက်ဆီးရန် အမြဲဖြစ်ခဲ့သည်မှာ အံ့သြစရာမဟုတ်ပေ။

က၊ ၁း၂၇၊၂၈။ က၊ ၂း၁၅-၁၇။ က၊ ၃း၉ ကိုဖတ်ပါ။ ဧဒင်ဥယျာဉ်တွင် ဘုရားသခင်နှင့် လူသားတို့စပ်ကြား မည်သည့်ဆက်သွယ်မှုတည်ရှိခဲ့သနည်း။

------------------------------------------------------------------

------------------------------------------------------------------

အာဒံနှင့် ဧဝတို့သည် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်ဆက်ဆံခြင်းကိုနှစ်သက်ခဲ့သည်။ ဉာဏ်ရည်ထက်မြက်သောသတ္တဝါများဖြစ်ကြရာ ဘုရားနှင့်ဆုံတွေ့ကာ သွန်သင်မှုများကို ကြားနာခဲ့ရကြ၏။ ဘုရား၏အံ့ဖွယ် ဥယျာဉ်တော်ဘဏ္ဍာစိုးများအနေဖြင့် သက်ရှိအပင်များနှင့် တိရစ္ဆာန်များအား ပြုစုနေရခြင်းဖြင့် ဗဟုသုတနှင့် ကျွမ်းကျင်မှုတွေ တိုးပွားလာကြသည်။ "နေအေးသောအချိန်တွင်" (က၊ ၃း၈) ဘုရားနှင့်အတူ အထူးအချိန်တွေပင် ရရှိခဲ့ကြသည်။ ဥပုသ်နေ့သည် ဖန်ဆင်းခြင်းလုပ်ငန်း၏ အခရာကျသော အစိတ်အပိုင်းတစ်ခုဖြစ်ရာ ဘုရားသခင်နှင့် သူ၏သားသမီးများကြား မိတ်သဟာယဖွဲ့ဆိုရန် သီးသန့်ရည်စူးထားသော အချိန်ခါသမယဖြစ်သည် (က၊ ၂း၂၃။ ထွက်၊ ၂၀း၈-၁၁)။ ထိုနေ့ရက်တွင် ကျွန်ုပ်တို့၏မိဘနှစ်ပါးတို့သည် ဘုရားရှင်၏မေတ္တာတော်နှင့် ဂရုစိုက်ခြင်းကို အထူးခံစားကြရသည်။

ဧဒင်မှ နှစ်ထောင်ချီလွန်ခဲ့ပြီးသော ယနေ့တွင် အပြစ်မဝင်ရောက်မီက မည်သို့ဖြစ်မည်ကို စဉ်းစားဝေခွဲရခက်လှ၏။ သို့တိုင်အောင် ဤသဘာဝလောကသည် ဘုရားရှင်၏ မူလဖန်ဆင်းခြင်းကို မည်သို့ဖော်ပြသနည်း။

**တနင်္လာနေ့** **စက်တင်ဘာလ ၂၈ ရက်**

**ဘုရားထံပါးမှပုန်းလျှိုးခြင်း**

ဘုရားသခင်သည် မေတ္တာဖြစ်တော်မူသဖြင့် (၁ ယော၊ ၄း၈) စက်ရုပ်လူသားကိုဖန်ဆင်းမည် မဟုတ်ပါ။ မေတ္တာသည် ရွေးချယ်မှုကို လက်ခံ၏။ ချစ်တတ်ရန်၊ အာဒံနှင့် ဧဝတို့အား လွတ်လပ်သောရွေးချယ်မှုဖြင့် ဖန်ဆင်းခဲ့သည်။ သို့မဟုတ်ပါက ထိုသူတို့သည် စစ်မှန်သောမေတ္တာကို ပေးနိုင်မည်မဟုတ်ပါ။ ထိုသို့ဖြင့် အာဒံ၊ ဧဝတို့သည် ဖန်ဆင်းရှင်အား နာခံခြင်းနှင့် နာမခံခြင်း လွတ်လပ်မှုကို ပိုင်ဆိုင်ခဲ့ကြသည်။ ဤလွတ်လပ်သော ရွေးချယ်မှု၏အဖြစ်မှန်ကို အကောင်းအဆိုး သိမြင်ခြင်းအသီးအား စားသုံးခြင်းမပြုရန် အမိန့်အားဖြင့် ပုံဖော်ထားသည် (က၊ ၂း၁၅-၁၇)။ ကနဦးတွင် လွတ်လပ်စွာ

စားသုံးခွင့်မပေးခဲ့သော် အဘယ်ကြောင့် ထိုအသီးအား မစားမိစေရန် သတိပေးရမည်နည်း။

“ရှေးဦးမိဘနှစ်ပါးတို့အား အပြစ်ကင်းသဲလဲစင်စွာ ဖန်ဆင်းခဲ့သော်လည်း အပြစ်ပြုနိုင်ခြင်းနှင့် လွတ်ကင်းသောသူများ မဟုတ်ကြပါ။ ၎င်းတို့အား လွတ်လပ်သောကိုယ်ကျင့်သိက္ခာပိုင်ရှင်များအဖြစ် ဘုရားရှင်ဖန်ဆင်းထားရာ ဘုရား၏ ဉာဏ်တော်၊ ကရုဏာတော်၊ ဖြောင့်မတ်ခြင်းနှင့် ပညတ်တရား၏တရားမျှတမှုကို သိနားလည်နိုင်စွမ်းရှိကြကာ နာခံရန်နှင့် ရှောင်ကြဉ်ရန် ပြည့်ဝသောလွတ်လပ်ခွင့်ရှိကြသည်။ ကောင်းကင်တမန်များအပါအဝင် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရပါမည်။ ရွေးချယ်ခြင်းဆိုင်ရာလွတ်လပ်ခွင့်မရှိပါက သူ၏နာခံခြင်းသည် ဆန္ဒအလျောက်မဟုတ်ဘဲ အတင်းအကျပ်ဖြစ်သွားလိမ့်မည်” (Ellen G. White, Patriarchs and Prophets, pp. 48, 49)။

အာဒံ၊ ဧဝတို့သည် မိမိတို့၏ဖန်ဆင်းရှင်အား နာမခံပြီးသည့်နောက် အဘယ်ကြောင့် သူ့ထံမှ ပုန်းလျှိုးကွယ်လျှိုးနေကြသနည်း (က၊ ၃း၁-၈။ ယေရမိ၊ ၂၃း၂၄။ ဟေဗြဲ၊ ၄း၁၃)။

---

---

ကမ္ဘာဦးကျမ်း ၃ သည် ကြောက်မက်ဖွယ်မြင်ကွင်းတစ်ခု အာဒံ၊ ဧဝတို့၏ကျဆုံးခန်းကို ဖော်ပြသွားသည်။ ဧဝနှင့် မြွေ (စာတန်)တို့၏ အပြန်အလှန်ပြောဆိုမှုအပြီးတွင် ရှေးဦးမိဘတို့သည် ၎င်းတို့အားတားမြစ်ထားသောကောင်းမကောင်းသိကျွမ်းရာအပင်မှ စားသုံးရန်ပင် သွေးဆောင်ခံခဲ့ရသည်။ စာတန်သည် စကားလုံးများ၏ စွမ်းအား၊ စိတ်ခံစားမှုနှင့် ပျော်ရွှင်ဖွယ်သွေးဆောင်မှုဖြင့် ဧဝအား ဖြားယောင်းခဲ့ပြီး ဧဝကလည်း အာဒံအား ဘုရား၏အမိန့်တော်ဖီဆန်ရန် အနိုင်အထက်သွေးဆောင်၏။ ထိုအပင်သည် “စားဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ပညာတိုးပွားစေသောငှာ နှစ်သက်ဖွယ်ဖြစ်ခြင်း”ကို ဧဝမှသတိပြုမိလေသည် (က၊ ၃း၆)။ သူတို့သည် “ကောင်း

မကောင်းကိုသိ၍ ဘုရားကဲ့သို့ဖြစ်လတ္တံ့” (က၊ ၃း၅)တည်းဟူသော စာတန်၏ကတိသည် မတားမဆီးနိုင်ဖြစ်ကြလေသည်။

အမှန်မှာ စာတန်၏ဆွေးနွေးချက်သည် အမှားများဖြင့်သာ ပြည့်နှက်နေသည်။ ၎င်းတို့အား လိုက်လာမည့် နာမခံခြင်း၏ဆိုးကျိုးကိုကား စာတန်မှကွယ်ဝှက်ထား၏။ ဘုရားအား နာမခံပြီးသည်နှင့်ပင် ၎င်းတို့၏မျက်စိများပွင့်လာရာ မိမိတို့သည် ဝတ်လစ်စားလစ်ဖြစ်နေသည်ကို မြင်ရပါတော့သည်။ ထာဝရဘုရား၏ “ပုံရိပ်”အား ထင်ဟပ်စေသော အလင်းနှင့် ဘုန်းအာနုဘော် “တန်ဆာ” (ဆာ၊ ၁ဝ၄း၁၊၂)သည် ကွယ်ပျောက်သွား၏။ ဘုရားသခင် စီမံခဲ့သည့်အရာမှ ၎င်းတို့အား မဖုံးလွှမ်းတော့ပါ။

ဖန်ဆင်းရှင်ရှေ့မှောက်မှ ပုန်းကွယ်မရနိုင်ပါသော်လည်း အာဒံ၊ ဧဝတို့သည် ပုန်းအောင်းခဲ့ကြသည်မှာ အံ့ဩစရာမဟုတ်ပေ။ ပြစ်မှားခြင်းသည် မိမိတို့အား အပြစ်ရှိသည်ဟု ခံစားရစေသဖြင့် ထိုခံစားချက်ကြောင့်ပင် ဘုရားရှေ့တော်မှ ထွက်ပြေးလိုစိတ်ဖြစ်ပေါ်လာသောကြောင့် ဖြစ်သည်။

သင်ပြစ်မှားမိပြီးသောအခါ ဘုရားသခင့်ရှေ့တော်မှ အရှက်တကွဲ ပုန်းအောင်းခဲ့သည့် အတွေ့အကြုံ မည်သို့ရှိခဲ့သနည်း။

**အင်္ဂါနေ့** **စက်တင်ဘာလ ၂၉ ရက်**

**ဘုရားသည်လူသားအားရှာဖွေ၏**

ဘုရားရှင်သည် ကျဆုံးလူသားတို့ကို ရှာဖွေရန်ခြေလှမ်းကို အရင်ဦးပင်လှမ်းခဲ့သည် (က၊ ၃း၉၊၁ဝ)။ အာဒံ၊ ဧဝတို့သည် မည်သည်ကိုပြု၍ မည်သို့ပုန်းအောင်းနေသည်ကို ဘုရားသခင်သည် သိနှင့်နေပြီးဖြစ်ရာ “သင်အဘယ်မှာနည်း”ဟူသောမေးခွန်းသည် ထိရောက်စေလိုသောမေးခွန်းသာ ဖြစ်သည်။ အပြစ်သည် ဘုရားနှင့်ရှေးဦးလူသားမောင်နှံတို့ကြား ရှိခဲ့သောပုံမှန်ဆက်သွယ်ခြင်းကိုဖြတ်တောက်ပစ်ခဲ့သည်။ ဘုရားသခင်သည် မိမိ၏သားသမီးများနှင့်ဆက်သွယ်မှုကို အမြန်ပြန်လည်ထူထောင်ရန် သူတို့နှင့်တွေ့ဆုံရန်နှင့် သူတို့

စိတ်ပျက်အားလျော့နေချိန်တွင်ပင် မျှော်လင့်ချက်ပေးရန်ဖြစ်သည်။ ဟေဗြဲဘာသာ Qara "ခေါ်သည်" (က၊ ၃း၉) သည် ထာဝရဘုရားမှ သူ့လူတို့နှင့် ခိုင်မာသောဆက်သွယ်ခြင်းပြုရန် ခေါ်တော်မူခြင်းကိုဆိုလိုသည်။

လု၊ ၁၅း၁၁-၃၂ ကိုဖတ်ပါ။ ဤသရုပ်ပြဝတ္ထုသည် က၊ ၃း၉၊၁၀ အားမည်သို့ရောင်ပြန်ဟပ်နေသနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

ဘုရားရှင်သည် အာဒံ၊ ဧဝတို့အား ရှာဖွေခဲ့ခြင်းသည် ကိုယ်တော်၏သားသမီးတို့အပေါ် အတိုင်းမဲ့မေတ္တာတော်ကို ဖော်ပြသည်။ ဘုရားရှင်သည် ကျွန်ုပ်တို့အား မည်သို့မျှမစွန့်ပစ်ပါ (လု၊ ၁၅)။ ကျွန်ုပ်တို့ပုန်းအောင်းနေချိန်၌ပင် ကျွန်ုပ်တို့နှင့်မိတ်သဟာယကို ပြန်လည်တည်ဆောက်ရန် အတိုင်းအတာမရှိ ကြိုးပမ်းတော်မူသည်။ ယေရှု ကပ်တိုင်ပေါ်မတင်မီးလေးတွင် ပေတရုမှ သုံးကြိမ်တိုင်ငြင်းပယ်ခဲ့ရာ ခရစ်တော်သည် "လှည့်ကြည့်တော်မူ၏" (လု၊ ၂၂း၆၁)။ စကားတစ်လုံးမျှမပြောရဘဲလျက် အပြစ်ပြုသောမိတ်ဆွေအား လက်လှမ်းမီခဲ့လေသည်။

အပြစ်တရားသည် အာဒံ၊ ဧဝတို့၏ဆက်ဆံရေးကို မည်သို့ပြောင်းလဲပေးသည်ကို သတိပြုပါ (က၊ ၃း၁၁-၁၃)။ မိမိတို့အသီးသီး၏အပြစ်ကို ဝန်ချမည့်အစား တစ်ဦးကိုတစ်ဦးအပြစ်ဖို့ကြသည်။ အာဒံသည် ဘုရားမှပေးတော်မူသော ဧဝအား အပြစ်ဖို့သည်။ "ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ စားမိပါသည်" (က၊ ၃း၁၂) ဟု အာဒံဆို၏။ ဧဝသည်လည်း မိမိနာမခံခြင်းကို မြွေအားအပြစ်ဖို့၏။ "မြွေသည် ကျွန်မကို လှည့်စား၍ စားမိသည်" (က၊ ၃း၁၃) ဟု ဆင်ခြေပေး၏။ ဘုရားရှင်နှင့်ပထမဦးဆုံးရင်ဆိုင်ရချိန်တွင် မည်သူမျှ ဝန်မခံလိုကြပါ။ ဤ နှစ်ပေါင်းခြောက်ထောင်အတွင်း ပြောင်းလဲမှုတွေအလွန်နည်းပါးလှ၏။

အဖြစ်မှန်မှာ အပြစ်သည် လူသားအားလုံးအားဖျက်ဆီးခဲ့သည်။ ကျွန်ုပ်

တို့၏ အခြေအနေမှန်ကို တမန်တော်ပေါလုမှ ရော၊ ၇း၁၅-၂၄ တွင် ဖော်ပြရာ မှန်သောအရာအား ပြုလိုသော်လည်း ဆန့်ကျင်ဘက်ကိုသာ ပြုသည်ဆို၏။ "ငါသည် ကိုယ်ကျင့်သောအကျင့်ကို မနှစ်သက်၊ ကျင့်ချင်သောအကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကို ကျင့်၏" (ရော၊ ၇း၁၅)။ မဆက်စပ်တတ်သူမည်သူရှိမည်နည်း။

ပေါလု၏အဆိုသည် လေးနက်လှ၏။ မိမိတို့မပြုအပ်သောအရာများကိုပြုနေခြင်းဖြင့် ကျိုးပဲ့နေသူများသာဖြစ်ကြသည်။ ဤအဖြစ်မှန်ကို မကြုံဖူးသူရှိမည်လော။ မိမိတို့၏ တစ်ခုတည်းသောမျှော်လင့်ရာသည် "ယေရှုခရစ်တော်အားဖြင့်" (ရော၊ ၇း၂၅) ကယ်တင်ခြင်းပင်ဖြစ်သည်။ အပြစ်၏ဖျက်ဆီးခြင်းမှ ဘုရားရှင်၏ရုပ်လုံးတော်သို့ ပြန်လည်ပုံသွင်းပေးနိုင်သည်မှာ ယေရှုသာဖြစ်ရာ ဤသည်ကြောင့်ပင် ဘုရားရှင်သည် ကျွန်ုပ်တို့အား ဆက်လက်ရှာဖွေနေတော်မူရခြင်းဖြစ်သည်။

**မုဒ္ဒဟူးနေ့** **စက်တင်ဘာလ ၃၀ ရက်**

**ဧဒင်မှနှင်ထုတ်သည်**

အာဒံ၊ ဧဝတို့၏ အဆိုးရွားဆုံးသော ဆိုးကျိုးတစ်ခုသည် ဘုရားသခင်နှင့်ကွေကွင်းကြရခြင်းဖြစ်၏။ ဧဒင်မှ နှင်ထုတ်ခံရကာ ဘုရားသခင်နှင့်မျက်နှာချင်းဆိုင်စကားပြောဆိုခြင်းမပြုရကြတော့ပါ။ စိန်ခေါ်မှုအလွန်ကြီးမားသော လူ့အခြေအနေနှင့်ပတ်သက်၍ ပရောဖက်ဟေရှာယသည် "သင်တို့၏ဒုစရိုက်သည် သင်တို့ကိုဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှာ သင်တို့ အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ" (ဟေရှာ၊ ၅၉း၂)။ အကယ်စင်စစ် အာဒံ၊ ဧဝတို့သည် ဘုရား၏သားသမီးများပင် ဖြစ်နေသေးသော်လည်း အပြစ်၏ရလဒ်ကိုကား ရှောင်လွှဲမရနိုင်ပါသဖြင့် ဧဒင်မှထွက်ခွာခဲ့ရကြသည်။ နာမခံခြင်းနောက်တွင် မည်သည်ကမျှ ပုံမှန်မဖြစ်နိုင်တော့ပါ။

အပြစ်တရားသည် လူသားအား ဘက်စုံ ပြောင်းလဲစေလေသည် (က၊ ၃း၁၄-၂၄)။ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းကိုရော အပြစ်သည် မည်သို့ပြောင်းလဲပစ်သနည်း (ထွက်၊ ၁၉း၁၆-၂၂)။

----------------------------------------------------------------

----------------------------------------------------------------

အပြစ်တရားသည် မိမိတို့စဉ်းစားမရလောက်အောင် လူ့အသက်တာကို လုံးလုံးလျားလျား ပြောင်းလဲပစ်သဖြင့် မိမိတို့သည် အပြစ်လောကကြီးကိုသာ သိနားလည်ကြရလေသည်။ အပြစ်တရားကြောင့် မြေကြီးသည် "ကျိန်ခြင်း" ခံရသဖြင့် "ဆူးပင်အမျိုးမျိုး" ပေါက်စေသည်။ လူသားသည် နာကြင်ခြင်းကို ကြုံတွေ့လာကာ မိမိတို့အစာဖို့ရှာဖွေရာတွင် "ချွေး"ပင်ထွက်ရ၍ နောက်ဆုံးတွင်သေလွန်ကာ မြေသို့ပြန်သွားရလေ၏။

အပြစ်ကို သတိရစေသောအရာများတွင် သေခြင်းသည် တန်ခိုးအကြီးဆုံးပေတည်း။ ထိုစဉ်တွင်ပင် ဘုရားရှင်အား မျက်နှာချင်းဆိုင်ဖူးမြော်ဆက်ဆံခြင်းကိုပင် ဆုံးရှုံးရ၏။ သို့တိုင်အောင် အပြစ်၏ပျက်စီးခြင်းကို တန်ပြန်ရန် အဖြေတစ်ခုကို ကတိပြုခံလိုက်ရသည်။ ရှေးဦးမိဘနှစ်ပါးတို့သည် ဘုရားရှင်အား တိုက်ရိုက်ဖူးမြော်ခြင်း မပြုနိုင်တော့သည့်တိုင် ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် မျှော်လင့်ခြင်းဖြင့် ဧဒင်မှထွက်ခွာခဲ့ကြ၏။ ဘုရားရှင်ကပင် အရင်ဦး ခြေလှမ်းလှမ်းခဲ့ကာ သူ၏ကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြပေးခဲ့သည်။ က၊ ၃း၁၅ ကို "ပထမဆုံးဧဝံဂေလိကတိတော်"ဟုပင် သမုတ်ထားရာ မည်သို့ပင်ဖြစ်ခဲ့သည်ဖြစ်စေ ၎င်းတို့နှင့်ကျွန်ုပ်တို့အတွက် မျှော်လင့်ခြင်းဖြင့် ပြည့်ဝ၏။ ကယ်တင်ရှင်ကြွလာမည့်ကတိတော်သည် အနာဂတ်တွင် လူသားတို့၏ကယ်တင်ခြင်းဖြင့် ပစ္စုပ္ပန်၏ရန်ငြိုးကို တန်ပြန်နိုင်တော့မည်ဖြစ်သည်။

အာဒံ၊ ဧဝတို့ ဧဒင်မှမထွက်ခွာမီ ဘုရားသခင်စီစဉ်ထားပေးသော ဝတ်လုံသည် ၎င်းတို့၏ အနာဂတ်ကယ်တင်ခြင်း၏ သင်္ကေတနှင့် ပုံဖော်ခြင်းပင်ဖြစ်သည်။ အနာဂတ်ကာလတွင် ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်

ခြင်းဖြင့် ဘုရားရှင်နှင့် မိတ်သဟာယကို ပြန်ထူထောင်ရမည် ဖြစ်သည် (ယော၊ ၁၄း၁-၃)။ ဧဒင်၌ အပြစ်ဝင်သည်နှင့်ပင် လူသား၏အပြစ်ပြဿနာကို လုံးဝ ဥဿုံဖြေရှင်းပေးမည့် မျှော်လင့်ခြင်းနှင့် ကတိကို အတည်ပြုထားပါသည်။ အပြစ်ရှိသည်နှင့် တစ်ပြိုင်နက်ပင် ကယ်တင်ရှင်တစ်ဦးကို ကတိကဝတ်ပြုသွားခဲ့၏။

သင် မမှန်မကန်ပြုမိသည်နှင့် တစ်ပြိုင်နက် မည်သို့ခံစားမိသနည်း။ အပြစ်ရှိခြင်း၊ ရှက်ရွံ့မိခြင်း၊ မိမိကိုယ်ကိုမုန်းတီးခြင်းတွေလား။ အကျိုးဆက်သည် မည်သည်များနည်း။ ယုံကြည်ခြင်းကို လုံးဝလက်လွှတ်ခြင်းမပြုရန် သင့်ယုံကြည်ခြင်းနှင့် ဧဝံဂေလိ၏ကတိကဝတ်တွေမှ သင့်အား မည်သို့ကွယ်ကာသနည်း။

## ကြာသပတေးနေ့ — အောက်တိုဘာလ ၁ ရက်

## ဘုရား၏ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်များ

အပြစ်ဝင်လာပြီးနောက်တွင် လူသားတို့အား ဘုရားသခင်သည် မည်သို့စကားပြောဆိုသည်ကို အောက်ပါကျမ်းချက်တို့မှ မည်သို့ဖော်ပြသနည်း။ (ဟေဗြဲ၊ ၁း၁၊၂။ ရော၊ ၁း၁၉၊၂၀။ တော၊ ၁၂း၆။ ၂ တိ၊ ၃း၁၆၊၁၇။ ယော၊ ၁၄း၇-၉။ ယော၊ ၁၀း၂၇-၃၀)။

-----------------------------------------------------------------------

-----------------------------------------------------------------------

အပြစ်တွင်းထဲမှာပင် လူသားတို့နှင့် ဆက်ဆံနိုင်ရန် နည်းလမ်းမျိုးစုံကို ဘုရားသခင် ရှာဖွေလေသည်။ နည်းလမ်းတစ်ခုမှ ဖန်ဆင်းခြင်း၌ ဘုရားသည် မိမိကိုယ်ကိုဖော်ပြသည်။ ဘုရားရှင်၏ အံ့သြဖွယ်ပြုမူခြင်းတို့ကို သဘာဝမှတန်ခိုးပါပါ ဖော်ပြလေ့ရှိသည်။ စကြဝဠာတစ်ခွင်လုံး၏ ရိုးရှင်းသောဘာဝနှင့် ၎င်း၏ရှုပ်ထွေးမှုတို့ကိုပင် သိပ္ပံပညာရှင်တို့မှ အံ့သြတွေဝေကြရသည်။ သဘာဝတရားသည် ကျဆုံးခြင်း၏အကျိုးဆက်တို့ကိုဖော်ပြနေရာ သက်ရှိ

သတ္တဝါတို့၏သေဆုံးခြင်းသည် တန်ခိုးအကြီးဆုံးဥပမာတစ်ခုပင်ဖြစ်သည်။

ဘုရားရှင်သည် လူသားတို့နှင့် စကားပြောဆိုခြင်းနည်းလမ်းတစ်ခုမှာ မိမိကိုယ်တိုင်ရွေးချယ်ထားသော ပြောရေးဆိုခွင့်ရှိ ပရောဖက်များဖြစ်သည်။ သာဓကအနေဖြင့် နောဧ၊ အာဗြဟံ၊ မောရှေနှင့် ဒံယေလတို့အားဖြင့် မိမိအလိုတော်ကို လူသားတို့အားပြောဆိုဖော်ပြသည်။ ၎င်းတို့၏အဓိကအချက်မှာဘုရားရှင်၏ အနာဂတ္တိစကားတို့သည် မိမိ၏သားသမီးများကို မေ့လျော့မထားဘဲ သူတို့နှင့်အတူရှိနေသည်ကို သတိရစေသည်။

ပရောဖက်အချို့တို့မှ ရေးသားသောအရာတို့သည် သမ္မာကျမ်းစာဖြစ်လာသော်လည်း အချို့တို့သည် သမ္မာကျမ်းစာ မရေးသားခဲ့ကြပါ။ သို့တိုင်အောင် ပရောဖက်များစွာတို့၏စကားတို့သည် သမ္မာကျမ်းစာနှင့် ဆက်နွယ်နေပါသည် (၂ တိ၊ ၃း၁၆၊၁၇)။ သမ္မာကျမ်းစာဟူသည် ဘုရားရှင်မှ မိမိကိုယ်ကိုဖော်ပြခြင်းဖြစ်သည်။ ကိုယ်တော်သည် မည်သူဖြစ်၍ ကိုယ်တော်၏မပြတ်တောက်သောမေတ္တာနှင့် ကျွန်ုပ်တို့သည် မည်သို့မည်ပုံသက်ရှင်ကြမည်ကိုလမ်းညွှန်ဖော်ပြပေးသည်။ ထို့အပြင် ကျွန်ုပ်တို့သည် မည်သူဖြစ်သည်၊ အဘယ်မည်မှ လာသည်၊ အဘယ်မည်သို့ သွားနေသည်ကို သမ္မာကျမ်းစာအားဖြင့် နားလည်ကြရသည်။ ၎င်းအားဖြင့် ကျွန်ုပ်တို့အသက်တာအတွက်ဘုရားရှင်၏အလိုတော်ကို တွေ့ရှိရသည်။

ကျွန်ုပ်တို့အား အထိရောက်ဆုံးသော ဘုရား၏စကားပြောဆိုခြင်းသည် သမ္မာကျမ်းစာမှဖော်ပြသော ယေရှုခရစ်တော်အားဖြင့်ဖြစ်သည်။ ဘုရားရှင်သည် ဧဒင်ဉယျာဉ်၌ အာဒံ၊ ဧဝတို့အား ရှာပုံတော်ပြုခဲ့သည်နည်းတူ ခရစ်တော်သည်လည်း "ပျောက်ဆုံးသောသူတို့အား ရှာဖွေကယ်တင်ရန်" (လု၊ ၁၉း၁၀) ကြွလာတော်မူ၏။ ယေရှုက "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" (ယော၊ ၁၄း၉)ဟုဆိုသည်။ သူ၏အသက်တာ၊ သေခြင်း၊ ထမြောက်ခြင်းတို့ဖြင့် ခရစ်တော်သည် ဧဒင်၌ အာဒံ၊ ဧဝတို့အားပြုခဲ့သော ကတိကဝတ်ကို ပြည့်စုံစေလေသည်။ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့သည်

ထာဝရအသက်ရမည်အကြောင်း ကြွဆင်းလာကာ ကျွန်ုပ်တို့နေရာ၌ အသေခံတော်မူခဲ့သည်။ ယေရှု ကောင်းကင်သို့ တက်ကြွပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်သည် "သမ္မာတရား"ကို သွန်သင်ကာ၊ "နောင်လာလတ္တံ့သောအရာ" (ယော၊ ၁၆း၁၃)တို့ကို ပြောပြလိမ့်မည်။

ယေရှု၏ မေတ္တာ၊ ဝိသေသလက္ခဏာနှင့် မိမိကိုယ်ကို ဆက်ကပ်ခြင်းတို့သည် ခမည်းတော်၏ အရှိတရားအတိုင်း ဖော်ပြနေသည်ကို သင်သိရှိသောအခါ မည်မျှစိတ်သက်သာရာရရှိနိုင်သနည်း။

**သောကြာနေ့ — အောက်တိုဘာလ ၂ ရက်**

**အယ်လင်ဂျီ၊ဝှိုက်**

သမ္မာကျမ်းစာခေတ်တွင် ဘုရားရှင်၏ဆက်သွယ်မှုသည် အကန့်အသတ်မရှိခဲ့ပါ။ လာမည့်အပတ်များတွင် ဆက်လက်လေ့လာရမည့်အတိုင်း ဘုရားရှင်သည် လူသားအား ခေတ်အဆက်ဆက်တွင် ဆက်သွယ်စကားပြောဆိုသည်။ ခရစ်တော်ကြွလာသည်တိုင်အောင် နှုတ်ကပတ်တော်သည် ခေတ်နှင့်အလိုက် ထင်ရှားလိမ့်မည်ကို တွေ့ရပါလိမ့်မည်။

Ellen Gould Harmon White နှင့် သူ၏အမြွှာညီအစ်မ Elizabeth တို့သည် Maine ပြည်နယ်၊ Gorham တွင် ၁၈၂၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်တွင်ဖွားမြင်ကြသည်။ Eunice နှင့် Robert Harmon တို့၏သားသမီးရှစ်ယောက်တို့တွင် အထွေးဆုံးဖြစ်ကြသည်။ နောက်နှစ်အနည်းငယ်တွင် ၎င်းတို့၏ဖင Robert Harmon သည် ဦးထုပ်လုပ်ငန်းတိုးချဲ့ရန် Portland, Maine သို့ပြောင်းရွှေ့ခဲ့ကြသည်။

၉ နှစ်အရွယ်တွင် ဒဏ်ရာရသဖြင့် ခန္ဓာ၊ စိတ်နှင့် လူမှုရေးကို ထိခိုက်သွားရသည်။ သူတို့အိမ်နီးနားရှိ ပန်းခြံထဲတွင် အနားယူနေစဉ် ဒေါသထွက်နေသော သူမအတန်းဖော်တစ်ဦးသည် ခဲတစ်လုံးဖြင့် ပစ်လိုက်ရာမှ သူမ၏မျက်နှာအား ထိသွားသဖြင့် အယ်လင်သည် ရက်သတ္တပတ်အတန်ကြာစွာ

သတိရတစ်ချက် မေ့တစ်ချက်ပင် ဖြစ်ခဲ့ရလေသည်။ ဤ မတော်တဆမှုကြောင့်ပင် သူမ၏အတန်းတွင် ပညာရေးပင်ရပ်တန့်စေခဲ့ရကာ ဘ၀တစ်လျှောက်လုံး ကျန်းမာရေးစိန်ခေါ်မှုအောက်တွင်ပင် နေခဲ့ရသည်။ မျက်နှာဒဏ်ရာကြောင့် သူမ၏လူမှုဆက်ဆံရေးသည် အကန့်အသတ်ရှိခဲ့ရသည်။

ဤမသေချာမရေရာသော အခြေအနေတွင် အယ်လင်သည် သူမ၏ အနာဂတ်ဝိညာဉ်ရေးကိုပင် တွေးပူလာတော့သည်။ ဘုရားသခင်အား ကြောက်ရွံ့၍ ကောင်းကင်နှင့်မထိုက်တန်သကဲ့သို့ စိတ်ခံစားခဲ့ရ၏။ ယေရှု ဒုတိယ အကြိမ်ကြွလာတော့မည့် မီးလ်လာ (Miller) ၏ ယုံကြည်ချက်များကို ဟာရ်မွန်မိသားစုမှ သက်ဝင်ယုံကြည်လာသောအခါ သူမ၏ကြောက်ရွံ့ခြင်းသည် သာ၍ပြင်းထန်လာ၏။ ၁၈၄၂ ခုနှစ်၊ Methodist အသင်းတော်တွင် ရေနှစ်ခြင်း ခံယူပြီးသည်ပင်လျှင် ဘုရားရှင်၏မေတ္တာနှင့် ထိုက်တန်သည်ဟု အယ်လင်သည် မယုံကြည်နိုင်သေးပါ။ မိမိကိုယ်ကို “ထာဝရပျောက်ဆုံးနေပြီ”ဟုပင် ယုံကြည်နေလေသည် (Life Sketches of Ellen G. White, p. 29; pp. 20-31 ထပ်ရှု)။

ဤနာကျင်သောအတွေးကမ္ဘာတွင်ပင် အယ်လင်သည် ဘုရားနှင့်ပတ်သက်သော သူမ၏စိတ်နေသဘောထားကို ပြောင်းလဲစေသော အိပ်မက်နှစ်ခုကိုမြင်မက်ခဲ့သည်။ သူမသည် ဘုရားရှင်၏ မေတ္တာနှင့် ကရုဏာတော်ကို Methodist တရားဟောဆရာ Levi Stockman နှင့်ဆုံတွေ့မှ နားလည်လာသည်။ သူမစိတ်အားငယ်နေစဉ် ဘုရားရှင်မှ စကားပြောနေသကဲ့သို့ပင် ခံစားခဲ့ရသည်။ “ငါ့နှလုံးထဲတွင် ယုံကြည်ခြင်းသည် နေရာယူလေပြီ။” ဖော်ပြမကုန်နိုင်သော ဘုရားရှင်အားမေတ္တာသက်ဝင်ခြင်းနှင့် သူ၏ဝိညာဉ်တော်သည် ငါ၏အပြစ်တို့ကိုလွှတ်ပေးသည်ကို ခံစားခဲ့ရသည်။ ခမည်းတော်ထံတွင် ငါ၏အမြင်တို့သည် ပြောင်းလဲသွားသည်။ မျက်စိစုံမှိတ်ကာ နာခံစေသော အာဏာရှင်ကြီးဟူသည်ထက် နူးညံ့ကြင်နာသောမိဘကဲ့သို့ မြင်လာခဲ့သည်။

ငါ၏နှလုံးသည် ဘုရားရှင်ထံသို့ နက်ရှိုင်း၍ပြင်းထန်သော အချစ်ဖြင့်ရောက်ရှိသွားသည်" (Life Sketches of Ellen G. White, p. 39)။

ထိုအချိန်တွင် အယ်လင်သည် သေလွန်သူများ၏ အခြေအနေနှင့် ထာဝရလောင်နေသော ငရဲမီးမရှိကြောင်း သဘောပေါက်လာလေသည်။ သူ၏သစ်လွင်သောနားလည်ခြင်းသည် ဘုရားနှင့် သူ့မေတ္တာတော်အား အမြင်ဟောင်းကိုပြောင်းလဲစေခဲ့ရာ မိမိအသက်ထက်ဆုံး ယေရှု၏အမှုတော်တွင် ပါဝင်လေ၏။

-ဝ-

## သင်ခန်းစာ (၂)
# ပရောဖက်တစ်ဦးအားခေါ်တော်မူခြင်း
အောက်တိုဘာလ ၃ – အောက်တိုဘာလ ၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာ ၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** က၊ ၁၅း၆။ ဂလာ၊ ၃း၆-၉။ ၃ ရာ၊ ၁၈း၁၉-၃၉။ ဟေရှာ၊ ၅၃။ ဒံ၊ ၂း၄၆-၄၈။ မာ၊ ၁း၂-၅။ မဿဲ၊ ၁၁း၁-၆။

**အလွတ်ကျမ်းချက်**

**"တစ်ဖန် ထာဝရဘုရားက ငါသည် အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင် ငါက အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏" (ဟေရှာ၊ ၆း၈)။**

သမ္မာကျမ်းစာအချိန်တွင် ပရောဖက်တို့သည် ဘုရား၏လူများရာဇဝင်တွင် အဓိကအခန်းကဏ္ဍများတွင် ပါဝင်ခဲ့ကြသည်။ ရံဖန်ရံခါတွင် ၎င်းတို့သည် လူ့ဘုံအသိုင်းအဝိုင်း အခရာကျသူများမဟုတ်သည့်တိုင် ဇာတ်ခုံအလယ်မှ တန်ခိုးပါသောနေရာများတွင် ရပ်တည်နေကြသည်။ ပရောဖက်တစ်ပါးဖြစ်ရခြင်းသည် ခက်ခဲသောတာဝန်တစ်ခုပင် ဖြစ်သည်။ သူတို့၏ဘဝသည် မလွယ်ကူလှပါ။ ဒုက္ခဆင်းရဲ၊ ငြင်းပယ်ခြင်း၊ နားလည်မှုလွဲမှားခြင်းနှင့် စိတ်ပျက်အားငယ်ခြင်းတို့ဖြင့် ပြည့်နှက်နေသည်။

ပရောဖက်တို့သည် မိမိတို့၏ပရောဖက်ဆိုင်ရာခေါ်တော်မူခြင်းကို အလွယ်တကူလက်ခံလေ့မရှိပါ။ များစွာသော ပရောဖက်တို့အား ၎င်းတို့၏ သတင်းစကားများကို လက်ခံသင့်သောသူတို့ကပင်လျှင် တိုက်ခံကြသေးသည်။

ဘုရား၏ပရောဖက်တို့အား လျစ်လျူရှု လှောင်ပြောင်၊ ရိုက်နှက်ကာ အကျဉ်းချကြသည်။ အချို့တို့အား ကျောက်ခဲနှင့်ပစ်ကာ တောရိုင်းတိရစ္ဆာန်များကဲ့သို့ဆက်ဆံကြ၏။ အချို့ကိုကား သတ်ဖြတ်ကြ၏။

ယနေ့တွင် အကြမ်းဖက်ခြင်း၊ လောဘလွန်ကျူးခြင်း၊ အကျင့်ပျက်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့ဖြင့် ပြည့်နှက်နေသောခေတ်ဖြစ်ရာ စာတန်၏သြဇာလွှမ်းမိုးမှုအောက်တွင် ပရောဖက်စကားများကို ငြင်းပယ်ခြင်းနှင့် လျစ်လျူရှုခြင်းပြုကြသည်။ ဘုရားရှင်နှင့် ပရောဖက်များ၏အသံတော်တို့သည် ကျွန်ုပ်တို့အား မျှော်လင့်ခြင်းပေးတော်မူသဖြင့် ကျွန်ုပ်တို့သည် နာခံခြင်းပြုကြရပါမည်။

လွန်ခဲ့သောအပတ်တွင် ဧဒင်၌ကျဆုံးခြင်းအပြီး လူသားတို့နှင့်ဆက်သွယ်ရေးကို ဘုရားရှင်သည် ပြန်လည်တည်ထောင်ရန် ပြုလုပ်နေသည်ကို သင်ယူခဲ့ရသည်။ ယခုတစ်ပတ်တွင် ကျဆုံးသောလောကကြီးအတွက် ဘုရားသခင်သည် မိမိ၏သတင်းစကားနှင့်အညီ မိမိ၏လူမျိုးကို ပြန်လည်ချိန်ညှိစေခဲ့သော သမိုင်းဝင်အချိန်ကာလကြီးများကို လေ့လာပါမည်။

**တနင်္ဂနွေနေ့** **အောက်တိုဘာလ ၄ ရက်**

**အာဗြဟံ၊ပဋိညာဉ်ကိုကာကွယ်သူ**

ကမ္ဘာဦးကျမ်းမှအစ ဗျာဒိတ်ကျမ်းတိုင်အောင် ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်အား တုံ့ပြန်သောအားဖြင့် နာခံရန်ခေါ်တော်မူခြင်းကို လက်ခံ ခဲ့သောသစ္စာရှိကျန်ကြွင်းသောအဖွဲ့တစ်ခုရှိတော်မူ၏ (ယေရမိ ၃၁း၇၊ ၃၁-၃၄)။ သာဓက၊ ဗာဗုလုန်ရဲတိုက် (Babel)မှပြန့်ကျဲလာပြီးနောက်တွင် ဘုရားသည် အာဗြဟံအား ပဋိညာဉ်ယုံကြည်သူပုံသက်သေအဖြစ် ရွေးကောက်ခဲ့ရာ သူ၏အိမ်ထောင်တင်မက အနာဂတ်၏မျိုးဆက်အတွက်ပင် ဖြစ်သည်။ သူ၏ပတ်ဝန်းကျင်တွင် စိတ်ဓာတ်ဖောက်ပြန်ခြင်းဖြင့် ဖုံးလွှမ်းနေသော်လည်း အာဗြဟံသည် ဘုရားရှင်ခေါ်တော်မူခြင်းအပေါ်တွင် သစ္စာတည်ခဲ့သည် (က၊ ၁၂း၁-၉)။

ဘုရားသခင်သည် အာဗြဟံထံတွင် ပဋိညာဉ်၏စည်းကမ်းချက်များကို ကြားပြောတော်မူပြီး ခရစ်တော်၏ပူဇော်ခြင်းအားဖြင့် လူသားတို့၏ ကယ်တင်ခြင်း မည်သို့ပြီးမြောက်မည်ကို ပြသခဲ့သည် (က၊ ၁၅း၆-၁၇)။ အာဗြဟံ၏ယုံကြည်ခြင်းအား စမ်းသပ်ရန်နှင့် နောင်အခါ ဘုရားသားတော်၏ပူဇော်ခြင်းကိုသရုပ်ပြသရန် အာဗြဟံမှ မိမိသား ဣဇာက်အား ပူဇော်ပြရန်ခေါ်တော်မူခဲ့သည် (က၊ ၂၂း၁-၁၇)။ သစ္စာတည်သော ယုံကြည်ခြင်းဖခင်အတွက် အလွန်ပြင်းထန်သောစမ်းသပ်ခြင်းပင်ဖြစ်သည်။ ရှင်းလင်းလှသော ဘုရား၏အမိန့်တော်အား အာဗြဟံမှ လျစ်လျူရှုနိုင်မည့် ဆင်ခြေမျိုးစုံကို စဉ်းစားကြည့်ပါ။ သို့သော် သူသည် နာခံလေ၏။ သားဣဇာက်အား သတ်ဖြတ်ရမည့်အာဗြဟံ၏လက်တွင် ဘုရားတည်ရှိခဲ့၍ သိုးထီးတစ်ကောက် စီစဉ်ပေးခဲ့လေပြီ။

ဖြစ်လတ္တံ့သော ကြမ္မာဆိုးကို သတိပေးရန် ဘုရားသည် ပရောဖက်အားလုံးအား အသုံးမပြုခဲ့ပါ။ အားလုံးအား အသုံးပြုသည်မှာ လူတို့အားသစ္စာပြန်တည်စေရန်၊ ဖောက်ပြန်ခြင်းအား သတိပေးရန်၊ ဆင်းရဲချို့တဲ့သူတို့အား ဖိနှိပ်ခြင်းကို သတိပေးရန်၊ ပဋိညာဉ်ချိုးဖျက်ခြင်း၊ ချိုးဖျက်ရန် အားပေးခြင်းအား သတိပေးရန် တို့ဖြစ်သည်။ အရေးကြီးဆုံးမှာ ပရောဖက်များသည် မေရှိယ၌တည်ရှိသော ကယ်တင်ခြင်းကတိတော်ကို ဖော်ပြပေးရန်ဖြစ်သည်။ သမ္မာကျမ်းစာပါ ပရောဖက်များ၏ ခိုင်မြဲသောသက်သေခံချက်နှင့် တမန်တော်ခေတ်လွန်ကာလ ယခုခေတ်တွင် ကိုယ်တော်၏ဝိညာဉ်တော်သည် ဤလောကအပေါ်ကျရောက်လာမည့် ဘေးဒဏ်ကို အသိအမှတ်ပြုကာ တစ်ပါးသူတို့အား သတိပေးရန် ကျွန်ုပ်တို့ကိုခေါ်တော်မူသည်။

သို့ရာတွင် ထိုသတိပေးချက်၏အဓိကအချက်မှာ ယေရှုနှင့်အတူ ပဋိညာဉ်ဆက်ဆံရေး၌တည်နေသူများ၊ ကိုယ်တော်၏ သစ္စာရှိလူများအတွက် ရွေးနုတ်ကယ်တင်ခြင်း ဧဝံဂေလိသတင်းကောင်းပင်ဖြစ်သည် (ဗျာ၊ ၁၂း၁၇)။

က၊ ၁၅း၆။ ဂလာ၊ ၃း၆-၉။ နှင့် ဟေဗြဲ၊ ၁၁း၈ ကိုဖတ်ပါ။ အာဗြဟံ

သည်လည်း အပြစ်မကင်းသူဖြစ်လင့်ကစား သူ့အသက်တာနှင့် ဝိသေသတို့သည် ဘုရား၏အမှုတော်အတွက် မည်သို့စံချိန်မီနိုင်ခဲ့သနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

အာဗြဟံခေတ်နှင့် ကျွန်ုပ်တို့ခေတ် တူညီချက်တွေရှိပါသည်။ အာဗြဟံခေတ်တွင် ရုပ်တုဆင်းတုကိုးကွယ်ခြင်း သန်မာထွားကျိုင်းသည်နည်းတူ ယခုခေတ်တွင် ကမ္ဘာ့အပြိုင်အဆိုင် အတွေးအခေါ်များစွာသည် ခရစ်ယာန်ဘာသာကို ဖယ်ရှားရန်နှင့် အဆုံးသတ်စေရန် ရည်ရွယ်လာကြသည်။ လက်ရှိလွှမ်းမိုးနေသော ယဉ်ကျေးမှုနှင့် ဆန့်ကျင်စွာ ယနေ့ ဘုရား၏လူတို့သည် သူတစ်ပါးနှင့်ထိတွေ့ဆက်ဆံရာတွင် ဘုရား၏ရုပ်လုံးကို သစ္စာရှိစွာထင်ဟပ်ဖော်ပြရန်နှင့် ကောင်းကင်တမန်သုံးပါးတို့၏ သတင်းစကားကိုပါ ကြွေးကြော်ရန်ခေါ်တော်မူသည်။

**တနင်္လာနေ့** **အောက်တိုဘာလ ၅ ရက်**

**ဧလိယ၏သတင်းစကား**

၃ ရာ၊ ၁၈း၁၉-၃၉ ကိုဖတ်ပါ။ ဤကျမ်းချက်သည် ပရောဖက်ရာထူး၏လုပ်ဆောင်နိုင်စွမ်းကို မည်သို့ဖော်ပြသနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

ဧလိယ၏ခေါ်တော်မူခြင်းနှင့် ပြောဆိုပုံတို့သည် ဘုရားသခင့်တမန်တော်ဖြစ်သော သူ၏တာဝန်ကို ထင်ဟပ်စေလေသည်။ ဣသရေလ၏ ဖောက်ပြန်ခြင်းမှရပ်တန့်စေရေး၊ နှစ်ပေါင်းများစွာ မိုးခေါင်ခြင်းကို ကြေညာရန် ဘုရင်အာဟပ်ထံသို့ ဘုရားသည်စေလွှတ်၏။ ဘုရားရှင်သည် ဤဒုက္ခအားဖြင့် သူ့လူတို့သည် ရုပ်တုကိုးကွယ်ခြင်းမှ ပြန်နာခံခြင်းရှိရန် အသုံးပြုခဲ့သည်။ ရှင်ဘုရင်နှင့် နိုင်ငံတော်သည် ဤဘေးဒဏ်ကြီးအတွက် ဧလိယကို အပြစ်ဖို့ကာ အသက်ကိုပင်ရန်ရှာလာကြသည်။

ကရေမေလတောင်ပေါ်တွင် ဧလိယသည် အာရှရပရောဖက်များကို ရင်ဆိုင်ခဲ့သည်။ ဘုရား၏တမန်တော်သည် ဝိညာဉ်တော်ဖြင့်ပြည့်ဝကာ သူတို့၏မိစ္ဆာဘုရားများကို ရှုတ်ချကာ ရုပ်တုကိုးကွယ်သောသူတို့ကို ကိုယ်တော်ထံပြန်လာရန် တိုက်တွန်းခဲ့သည်။ ထိုလူတို့သည် မိမိတို့၏ရွေးချယ်မှုဖြင့် တစ်မျိုးသားလုံးပင် ဖောက်ပြန်ခြင်းသို့ ရောက်ကြရသည်ကို သိကြသည်။ အမှန်တကယ်ပင် မတည်ရှိခဲ့သောသူတို့၏ မိစ္ဆာဘုရားများထက် ထာဝရဘုရားသည်တန်ခိုးကြီးမားကြောင်း သက်သေပြသခဲ့ပြီးဖြစ်၍ ယခုတွင်မူ ဧလိယ၏ဘုရားအား ပြန်လည်ဖက်တွယ်ရန် အဆင်သင့်ရှိလာကြသည်။

ယေရှု ဒုတိယအကြိမ် မကြွလာမီလေးတွင် ဧလိယ၏သတင်းစကားကိုပင်ကြွေးကြော်ကာ လူတို့သည် မိမိတို့၏ "ရုပ်တုများ"ကိုပစ်၍ ဘုရား၏နေ့ရက်ကြီးတွင် ရပ်တည်နိုင်ရန်၊ ပြင်ဆင်စေရန် အသင်းတော်အား မိန့်တော်မူနေသည်။ ဘုရားရှင်သည် မိမိသေချာရွေးချယ်ထားသော နည်းလမ်းများဖြင့် သူ့လူတို့နှင့်ဆက်သွယ်နေဆဲပင်ဖြစ်သည်။ နှုတ်ကပတ်တော်နှင့် ဝိညာဉ်ဆုကျေးဇူးများသည် သတိပေးစကား၊ ဆုံးမခြင်း၊ အကြံပြုခြင်းနှင့် အားပေးထောက်မခြင်းဖြစ်စေသည်။

"ကျွန်ုပ်တို့တွင် အရေးပေါ်အလိုအပ်ဆုံးအရာသည် စစ်မှန်သောဘုရားတရားကြည်ညိုမှု ပြန်လည်ရှင်သန်လာခြင်းပင်ဖြစ်သည်။ ဤသည်ကိုရှာဖွေခြင်းသည် ကျွန်ုပ်တို့၏ ရှေးဦးတာဝန်ပင်ဖြစ်သင့်သည်။ ဘုရား၏ကောင်းချီးခံစားနိုင်ရန် စိတ်ရင်းမှန်ဖြင့် ကြိုးစားအားထုတ်ရမည်။ ဘုရားသည် မိမိ၏ကောင်းချီးကို မပေးလိုသောကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့သည် ထိုကောင်းချီးကိုခံယူရန် အဆင်သင့်မဖြစ်သေးသောကြောင့် ဖြစ်သည်" (Ellen G. White, Selected Messages, Book 1, p. 121)။

မာလခိ၊ ၄း၅၊၆ ကိုဖတ်ပါ။ ဘုရားနောက်သို့လိုက်လျှောက်သော အိမ်ထောင်အား ဧလိယ၏သတင်းမှ မည်သို့သက်ရောက်နိုင်သနည်း။

-----------------------------------------------------------------

-----------------------------------------------------------------

စစ်မှန်သောနိုးကြားခြင်းသည် နှလုံးသားနှင့် အိမ်ထောင်တွင် အစပြုသည်။ မိသားစုသည်လည်း အသင်းတော်၏ တိုက်ထောင့်ကျောက်၊ အသိုင်းအဝိုင်းအတွက် မရှိမဖြစ်လိုအပ်သော အဆောက်အဦတုံးပင် ဖြစ်သည်။ အိမ်ထောင်၌နိုးကြားခြင်းသည် အသင်းတော်၊ အသိုင်းအဝိုင်းနှင့် လူမျိုးအတွင်းသို့ကောင်းကင်၏ ချစ်ခြင်းကိုပျံ့နှံ့စေသည်။ ဤသည်ပင် ခရစ်ယာန်အိမ်ထောင်အတွက် ဘုရား၏ရည်ရွယ်ချက်ဖြစ်သည်။ နိုးကြားခြင်းသည် ဘုရား၏လူတို့အား အမှုတော်အတွက် တွန်းအားပေးနေသည်။

ယနေ့ ကျွန်ုပ်တို့၏အိမ်ထောင်၊ နှလုံးနှင့် အသင်းတော်တွင် မည်သည့်ရုပ်တုများရှိနိုင်မည်နည်း။

**အင်္ဂါနေ့ ဩောက်တိုဘာလ ၆ ရက်**

**ဟေရှာယ၊ဇဝံဂေလိပရောဖက်**

ဟေရှာယသည် ဓမ္မဟောင်းကျမ်း၏ အဓိကပရောဖက်တစ်ပါးဖြစ်ရာ အမှုတော်အတွက် ဘုရားရှင်မှ တိုက်ရိုက်ခေါ်ခန့်ခံရသူဖြစ်သည် (ဟေရှာ၊ ၆း၁-၈)။ ဘုရားသခင်၏သန့်ရှင်းမြင့်မြတ်ခြင်းဖြင့် လွှမ်းမိုးသောအခါ ဟေရှာယသည် မိမိ၏မထိုက်တန်မှုကိုပင် အောက်မေ့လာခဲ့ရသည်။ ထိုအခါတွင် ကောင်းကင်တမန်သရပ်တစ်ပါးသည် ကောင်းကင်၏ယဇ်ပလ္လင်မှ မီးခဲတစ်တုံးဖြင့် ပျံသန်းလာကာ သူ့အပြစ်များကို "သန့်စင်" ပေးခဲ့လေသည်။ ထိုစဉ်တွင်ဘုရားသခင်သည် "ငါသည် အဘယ်သူကို စေလွှတ်မည်နည်း။ ငါတို့အဖို့ အဘယ်သူ သွားမည်နည်း"ဟု မေးသံကိုကြားရရာ ဟေရှာယ၏ တုံ့ပြန်ခြင်းသည် ကျွန်ုပ်တို့အတွက်ပင်ဖြစ်သင့်သော "အကျွန်ုပ်ရှိပါ၏၊ စေလွှတ်တော်မူပါ" (ဟေရှာ၊ ၆း၈)ဟူ၏။

ဟေရှာယအားခေါ်ခြင်းသည် ဣသရေလရာဇဝင်တွင် အဓိကအချက်ဖြစ်သည်။ သူသည် အားနည်းနေသည့်တိုင် ဣသရေလနှင့် ၎င်း၏ခေါင်းဆောင်တို့၏အပြစ်ကို သတိပေးရသောတာဝန်သည် အရေးကြီး၏။ ဟေရှာယ

၏အနာဂတ္တိစကားတို့သည် ကျမ်းစာ၏အဓိကကျမ်းပိုဒ်များဖြစ်၍ ဘုရားသခင်နှင့်လူ၏သဘောသဘာဝကို နက်ရှိုင်းစွာထိုးထွင်းသိမြင်ခြင်း၊ ကယ်တင်ခြင်းစီမံကိန်းကိုလည်း ဖော်ထုတ်ချပြခြင်းဖြစ်သည်။ တန်ခိုးအရှိဆုံး အနာဂတ္တိစကားဖြစ်သော ယေရှု၏သေခြင်းတင်မက ၎င်းသေခြင်းသည် လောကအတွက် မည်သည်ကိုပြုလုပ်ပေးသည်ကို ဟေရှာယ၊ ၅၃ တွင်တွေ့ရသည်။

ဟေရှာ၊ ၅၃ ကိုဖတ်ပါ။ လက်ဝါးကပ်တိုင်မတိုင်မီ နှစ်ပေါင်း ၅၀၀ ကျော်တွင်ရေးသားထားသော ထိုအံ့ဖွယ်အနာဂတ္တိကျမ်းသည် ကျွန်ုပ်တို့အတွက် ယေရှု၏သေခြင်းကို တန်ခိုးပါပါ မည်သို့ဖော်ပြပေးသနည်း။ ဤအနာဂတ္တိစကားသည် မည်သည့်ပရောဖက်ပြုခြင်း ဆုကျေးဇူးကို သင်ကြားပေးသနည်း။

---------------------------------------------------------------------

---------------------------------------------------------------------

ဟေရှာယ၏အနာဂတ္တိစကားတို့သည် မေရှိယ၏ရည်ရွယ်ချက်နှင့် သာသနာကို ဟောကိန်းထုတ်ခဲ့သည် (ဟေရှာ၊ ၅၃း၃-၅)။ ခရစ်တော်အား "အသေသတ်ရန်ဆောင်သွားသော သိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား" (ဟေရှာ၊ ၅၃း၇)ကြောင်း၊ သူ၏ယဇ်ပူဇော်ခြင်းသည် သူ့လူတို့အား အပြစ်မှ ကယ်နုတ်သည်ဟု ဖော်ပြသွားသည်။ ခရစ်တော်၏သေခြင်းဖြင့် အစားထိုးခြင်းဆိုရာရှုထောင့်ကို ဤနေရာတွင်ရှင်းလင်းစွာပုံဖော်ထားရာ လူသားအား ရည်စူးသောဖြန်ဖြေခြင်း၏ အခြေခံအုတ်မြစ်ကိုပင်ဖော်ပြသွားသည်။ "ငါတို့ရှိသမျှသည်သိုးကဲ့သို့လမ်းလွဲလျက် ကိုယ်လမ်းသို့အသီးသီးလိုက်သွားကြသည်၊ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏" (ဟေရှာ၊ ၅၃း၆)။ အပြစ်နှင့် ၎င်း၏ ဖြေရှင်းချက်ဖြစ်သော လက်ဝါးကပ်တိုင်တို့၏ အတွင်းသဘောသဘာဝကို ဤကျမ်းပိုဒ်၌ ဖော်ပြထားသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်နှစ်ခုလုံးတွင် မည်သည့်အခန်းထက်မဆို ကယ်တင်ခြင်းစီမံကိန်းအား ဤမျှရှင်းလင်းပြတ်သားစွာ ဖော်ပြနိုင်သည်ဟု ဆိုရပေမည်။

သို့တိုင် ဟေရှာယ၏ပရောဖက်ဆိုင်ရာခေါ်ခြင်းသည် မလွယ်ကူလှပါ။ လူသည် မိမိပျက်စီးခြင်းနှင့်ပတ်သက်သော ပြင်းထန်သောကြိုဟောပြောချက်များကို အဓိပ္ပာယ်မဲ့သည်ဟု ယူဆကြရာ ယခုခေတ်လူအများတို့သည် အပြစ်၏အကျိုးဆက်များနှင့်ပတ်သက်၍ သတိပေးခြင်းခံရသောအခါ အလားတူပင်ယူဆကြသည် (ရောမ၊ ၆း၂၃)။ ဟေရှာယ၏ ပရောဖက်ဆိုင်ရာအသံသည် သူ့ခေတ်ခါနှင့် ယခုခေတ်အတွက် ကြည်လင်ပြတ်သားလှ၏ (ဟေရှာ၊ ၂း၄။ ၅း၂၀)။ ယေရုရှလင်၏ပျက်စီးခြင်းသည် သူ့အမျိုးသားတို့မှ တရားမျှတခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းကို ငြင်းဆိုသောကြောင့်ဖြစ်သည်။ ခရစ်တော်ကြွလာချိန်တွင် ထိုအပြစ်ကြောင့်ပင် လောကသားများ ပျက်စီးကြရမည်ဖြစ်သည်။

ဟေရှာယ၊ ၅၃ သို့ သမင်လည်ပြန်၍ ကျွန်ုပ်တို့အတွက် ယေရှုပြုခဲ့သည်များကို မှတ်သားပါ။ ခရစ်တော်၏သေခြင်းဖြင့် ကျွန်ုပ်တို့အတွက် ပြုပေးသောအရာများအားဖြင့် မည်သည့်မျှော်လင့်ခြင်းရှိသည်ဟု သူဆိုသနည်း။

**ဗုဒ္ဓဟူးနေ့** **အောက်တိုဘာလ ၇ ရက်**

**ဒံယေလ၊သစ္စာရှိသောပရောဖက်**

ဒံယေလသည် ငယ်စဉ်ဘဝကတည်းကသင်ယူခဲ့သော ကျန်းမာရေးနိယာမအတိုင်းရပ်တည်နေသည်ကို ခရစ်ယာန်အများသိရှိပြီးဖြစ်သည်။ ဒံယေလသည် သစ္စာရှိမှုစံနမူနာဖြစ်သည် (ဒံ၊ ၁း၈)။ အရသာရှိသော တော်ဝင်အစားအစာနှင့်တွေ့သောအခါ ဟင်းသီးဟင်းရွက် အခြေခံအစားအစာနှင့် ရေသာသောက်သုံးခြင်းဖြင့် ရှင်ဘုရင့်စားပွဲပေါ်က အစားအစာများအား စားသုံးခြင်းကိုငြင်းဆိုခဲ့သည် (ဒံ၊ ၁း၁၂-၁၆)။ ဒံ၊ ၆ တွင် အသက်ပင်သေနိုင်စေသောအဖြစ်နှင့်နှိုင်းယှဉ်ပါက သေးငယ်သောစမ်းသပ်ခြင်းပင်ဖြစ်သည်။

ဒံ၊ ၂း၄၆-၄၈။ ၄း၁၈။ ၅း၁၃၊၁၄။ ၆း၂၅-၂၇ ကိုဖတ်ပါ။ ပတ်ဝန်းကျင်ရှိမယုံကြည်သူတို့အား မည်သည့်သက်သေမျိုးကို ခံနေသည်ဆိုသနည်း။

---

---

ဤမယုံကြည်သူတို့သည် ဒံယေလ၏ဘုရားအကြောင်း တုံ့ပြန်သက်သေခံခြင်းကို ကြည့်ကြစို့။ ပြိုင်ဘက်ကင်းသော ဤရာဇဝင်တို့သည် အရေးကြီးသောမူဝါဒတစ်ခုကိုဖော်ပြရာ မိမိတို့၏အသက်တာ၊ သစ္စာနှင့် ဘုရားရှင်၏တန်ခိုးတော်သည် မိမိတို့တွင်လုပ်ဆောင်နေခြင်းဖြင့် တစ်ပါးသူတို့သည် ကောင်းကင်၌ရှိတော်မူသော ဘုရားသည် ဘုရားတို့၏ဘုရား၊ ဘုရင်တို့၏သခင်ဖြစ်သည်ဟု ဖော်ပြသည်။ ဒံယေလ၏အနာဂတ္တိစကားသည် တရားစီရင်ခြင်းနှင့် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို အထွတ်အထိပ်ထားသည်။ ဒံယေလနာမ၏ အနက်သည်လည်း "ထာဝရဘုရားသည် ငါ၏တရားသူကြီးဖြစ်၏"ဟူသည်မှာလည်း လွန်စွာတင့်တယ်ပေသည်။

သူ့အရေးအသားတို့သည်လည်း ယခုခေတ်နှင့် ဆက်စပ်နေသဖြင့် ဂရုတစိုက်လေ့လာကာ အာရုံစိုက်သင့်၏။ ဒံယေလ၏အနာဂတ္တိစကားသည် အသက်တာ၌သေးငယ်သောအရာများပင် ဖြစ်ပါစေ၊ ဘုရားသခင်၏ပညတ်တော်ကို သတိဝီရိယရှိရှိ စောင့်ထိန်းရန်သတိရစေသည်။ ပရောဖက်တစ်ပါးအနေဖြင့် တိုင်းနိုင်ငံတို့၏ အတက်နှင့်အကျ၊ ဘုရားသခင်အား နာမခံခြင်း၏အကျိုးဆက်တွေကိုပါ ဟောပြောခဲ့လေသည်။ သူ၏ ပရောဖက်ရူပါရုံတွင် ဒံယေလသည် ဘုရားသခင်၏စီမံကိန်းနှင့် နိုင်ငံတော်၏အောင်နိုင်ခြင်းတို့ကို ဖော်ပြသည် (ဒံ၊ ၇း၁၃၊၁၄)။

ဒံ၊ ၂ ကို တွေးကြည့်လိုက်ပါ။ ခရစ်မတိုင်မီ ရာစုတစ်ဝက်ခန့်တွင် ရေးသားပြုစုသည်။ ဒံယေလသည် ထိုဧကရာဇ်နိုင်ငံလေးခုတို့၏ ပေါ်လာခြင်းနှင့် ကျဆုံးခြင်းတို့ကို အတိအကျဖော်ပြခဲ့ရာ ယနေ့ကျွန်ုပ်တို့ ခြေဖဝါးခေတ်တွင် ယနေ့ဥရောပနိုင်ငံတို့သည် "နိုင်ငံသားတို့သည် အခြားသောလူမျိုးသားတို့နှင့်ပေါင်းဖော်ကြလိမ့်မည်။ သို့သော်လည်း သရွတ်နှင့်သံ မရောနှောနိုင်သကဲ့သို့ သူတို့သည် အချင်းချင်းပေါင်းဖော်၍ မသင့်နိုင်ကြ" (ဒံ၊ ၂း၄၃)။

ဥရောပအကြောင်း အံ့ဖွယ်ဟောကိန်းတို့သည် ယနေ့တိုင် စည်းလုံးရမည် အကြောင်း အချင်းချင်းလက်ထပ်ခြင်းကိုပါ ပြုကြပါသော်လည်း တစ်တိုက်လုံးတွင် သီးသန့်လူမျိုး၊ သီးသန့်ဥပဒေ၊ ယဉ်ကျေးမှုနှင့် ရိုးရာတို့ဖြင့်ပင် သီးသန့်နေကြ၏။ ဆိုဗီယက်ယူနီယံ (Soviet Union) မပြိုလဲမီ နှစ်အနည်းငယ်၌ပင် ထိုသို့ကျဆုံးကိန်းအား မည်သည့်ထောက်လှမ်းရေးအဖွဲ့ကမျှ မမြင်တွေ့ခဲ့ကြပါ။ ထာဝရဘုရား၏ပရောဖက်တို့သည် ယုံကြည်စိတ်ချရကြောင်း ဒံယေလ၏ ဟောကိန်းသည် သက်သေသာဓကပင်ဖြစ်သည်။

ဒံ၊ ၂ ၏နိုင်ငံများတို့သည် ဟောကိန်းအတိုင်းပင်ဖြစ်ပျက်ခဲ့ကြသည်။ ဘုရားသခင်၏ထာဝရနိုင်ငံတော်သည် မကြာမီရောက်လာမည့် ဗျာဒိတ်စကားများအကြောင်းကို ဤဗျာဒိတ်စကားကို ယုံကြည်ခြင်းသည် မည်ကဲ့သို့ဖော်ပြသနည်း (ဒံ၊ ၂း၄၄)။

**ကြာသပတေးနေ့ အောက်တိုဘာလ ၈ ရက်**

**နှစ်ခြင်းဆရာယောဟန်၊လူမျိုးတစ်ခုအားပြင်ဆင်ခြင်း**

မာကု၊ ၁း၂-၅ ကိုဖတ်ပါ။ နှစ်ခြင်းဆရာယောဟန်၏ သာသနာ့ရည်ရွယ်ချက်သည် အဘယ်နည်း။

-----------------------------------------------------------------

-----------------------------------------------------------------

မာကု၏ဧဝံဂေလိစာက နှစ်ခြင်းဆရာယောဟန်ရောက်လာခြင်းသည် ဟေရှာယ၏အနာဂတ်စကား ပြည့်စုံခြင်းဖြစ်သည်ဆို၏ (ဟေရှာ၊ ၄၀း၃)။ ယောဟန်၏ငယ်စဉ်တောင်ကျေးဘဝမှအစ လူကြီးဘဝအထိပင် ဘုရားရှင်ထံပါး သစ္စာတည်ခြင်း မော်ကွန်းဝင်၏။ တော၌ဟစ်ကြွေးသောယောဟန်၏ အသံကို စာတန်ကြားသောအခါ လူသားအပေါ် သူ၏အခွင့်အာဏာဆုံးရှုံးမည်ကိုစိုးရိမ်လာသည် (E.G White, The Desire of Ages, p. 224)။ ယောဟန်၏ သောတရှင်များ၏ယုတ်မာမှုများကို စာတန်အား တုန်လှုပ်စေသောနည်း

ဖြင့် ဖော်ထုတ်လိုက်သည်။ ကာလရေလအပေါ် စာတန်၏ဆုပ်ကိုင်နိုင်မှုသည် ခြိမ်းခြောက်ခြင်းရှိလာသည်။ စာတန်သည် ယောဟန်၏ သစ္စာတည်သော အသက်တာနှင့် မေရိယအပေါ် သက်ဝင်မှုတို့ကို စွန့်လွှတ်နိုင်ရန် ဖျောင်းဖျ တားမြစ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

မဿဲ၊ ၁၁း၁-၆ ကိုဖတ်ပါ။ ယောဟန် အချုပ်ထဲရောက်သွားပြီးနောက်တွင် သူ၏ယုံကြည်ခြင်းကို ယေရှုသည် မည်သို့ထပ်မံခိုင်မာစေသနည်း။

--------------------------------------------------------------------

--------------------------------------------------------------------

စာတန်သည် ပြစ်မှားစေခြင်းငှာ ယေရှုကို မသွေးဆောင်နိုင်ပါ။ တော၌ သူ၏ဆုံးရှုံးမှုအတွက်ပင် ဒေါသထွက်နေလေသည်။ ဤတွင် နည်းဗျူဟာ ပြောင်းလိုက်ကာ ယေရှု၏ဝမ်းကွဲယောဟန်ကို အကျဉ်းချလေတော့သည်။ ယောဟန်အကျဉ်းကျခြင်းအတွက် ယေရှု၏စိတ်အလွန်ထိခိုက်သော်လည်း ပြစ်မှားစေရန် စာတန်သည် မမြူဆွယ်နိုင်ပါ။ ကယ်တင်ရှင်အား စိတ်ပိုင်းဆိုင်ရာဝန်ပိနေစေရန် ယောဟန်ကို ဤသို့ချိုးနှိမ်လေတော့၏။ သို့တိုင်အောင် ယောဟန်သည် အားပေးစကားတစ်ခွန်းကို ယေရှုထံမှ လက်ခံရရှိခဲ့သည်။ ယေရှုသည် တန်ခိုးရှင်ဖြစ်လျက်ပင် သူသည် ထောင်နန်းစံရသည်ကို နားမလည်နိုင်ဖြစ်နေသည့်တိုင် ယောဟန်သည် သေသည်တိုင်သစ္စာရှိခဲ့လေသည်။

ရှေးအခါက ပရောဖက်များကဲ့သို့ ကျွန်ုပ်တို့ကိုလည်း နောင်တတရား၊ ယုံကြည်ခြင်းနှင့် ခရစ်တော်၏ဖြောင့်မတ်ခြင်းသာလျှင်ဟူသော သတင်းစကားကိုကြွေးကြော်ရန် ခေါ်တော်မူခြင်းခံရသည် (ဗျာ၊ ၁၄း၆-၁၂)။ ယောဟန်အပေါ်ဝယ် သူပြုသည်နည်းတူ စာတန်သည် ကျွန်ုပ်တို့ကိုလည်း ဘုရား၏ သာသနာအတွက် မိမိတို့၏အသက်ကိုပင် သံသယဝင်ရန်ပြုလုပ်နေလိမ့်မည်။ မိန်းမယုတ်တစ်ဦးနှင့် စိတ်ဓာတ်ပျော့ညံ့သူ ယောက်ျားတစ်ဦးတို့၏ သတ်ဖြတ်ခြင်းခံခဲ့ရသောသူ ယောဟန်ကဲ့သို့ မိမိတို့သည်လည်း ဘဝမချောမွေ့သောအခါ မိမိတို့အသက်တာကို ဘုရားရှင်လမ်းပြနေသည်ကို အောက်မေ့ပါက စိတ်ပျက်လက်လျှော့ရန် မလိုပါ။

လူတို့သည် မိမိတို့အား မည်သို့ပင်ပြုသည်ဖြစ်စေ ယုံကြည်ခြင်းဖြင့် ဘုရားကိုလက်လှမ်းမီပါက သူသည် ဖြေကြားပါလိမ့်မည်။ သူ၏အလိုတော် ဆောင်ရန် တန်ခိုးတော်ကို ကတိပြုခဲ့၏ (တ၊ ၁း၈)။ ခေတ်လွန်ခရစ်ယာန် နှင့် ခရစ်ယာန်မဟုတ်သူများအတွင်းတွင် မိမိတို့သည် မည်သည့်အခြေ-အနေသို့ပင် ရောက်နေစေကာမူ မိမိတို့သည် ခရစ်တော်အတွက် သစ္စာတည် မြဲသောသက်သေများဖြစ်နိုင်ရန် အလွန်အရေးကြီးသည်။

ယောဟန်သည် အကျဉ်းကျနေသကဲ့သို့ သင့်အပေါ်တွင် သင်နား မလည်နိုင်သောအရာများ ကျရောက်ဖူးပါသလား။ ဘုရားသခင်အား ယုံကြည် လျက် သင်၏သစ္စာတရားကိုပင် မည်သို့တည်မြဲစေနိုင်မည်နည်း။

**သောကြာနေ့** **အောက်တိုဘာလ ၉ ရက်**

**ပရောဖက်ပြုခမှုအမှုဆောင်ရန်ခေါ်ခြင်း**

ဘုရားရှင်သည် ရည်ရွယ်ချက်၊ အချိန်နှင့်တစ်ပြေးညီ ပရောဖက်များကို ခေါ်လေ့ရှိသည်။ သတင်းစကားအလိုရှိသောအချိန်တွင်ပင် ၎င်းတို့ရှိနေကြ သည်။ ဤသည်နှင့်ပတ်သက်၍ အီးဂျီဝှိုက်သည် ယခုခေတ်အတွက် ပရောဖက် ဆုကျေးဇူးကိုရရှိသူ၊ ကျမ်းစာမရေးသော ပရောဖက်တစ်ပါးကဲ့သို့ လုပ်ဆောင် နိုင်သောသူဟု သတ္တမနေ့အသင်းတော်သည် ယုံကြည်သည်။ အီးဂျီဝှိုက်သည် အရင်ဦးဆုံးခေါ်တော်မူခြင်းကို မီးလ်လာ (Millerites)၏ အပေါင်းအပါတို့ သည် ဒံ၊ ၈း၁၄ ကိုအခြေပြုကာ “ရက်ပေါင်းနှစ်ထောင့်သုံးရာတိုင်တိုင် တည်လိမ့်မည်။ ထိုနောက်မှ သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင် ကြလိမ့်မည်”ဟု ယေရှုဒုတိယအကြိမ်ကြွလာခြင်းကို မျှော်လင့်ခဲ့ပြီး ရက် သတ္တပတ်အတန်ကြာပြီးနောက် ၁၈၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရရှိသည်။

ဝီလျံမီးလ်လာသည် ရက်အတိအကျ မသတ်မှတ်ခဲ့သော်လည်း သူ့ နောက်လိုက်များသည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် မျှော်လင့်ကြရာ ကျမ်းစာ၌ အပြစ်ဖြေရာနေ့တွင် ယေရှုကြွလာနိုင်ကိန်း ရှိသည်

ဟုဆိုကြသည်။ ဤယုံကြည်ခြင်းသည် မြောက်အမေရိကတိုက်တင်မက ကမ္ဘာ့နေရာအနှံ့တွင် ထောင်ပေါင်းများစွာတို့သည် မျှော်လင့်လျက်နေကြသည်။ များမကြာမီ သူတို့၏ကယ်တင်ရှင်နှင့် ကောင်းကင်တွင် ဆုံတွေ့ရကြတော့မည်ဖြစ်သည်။ မီးလ်လာကိုယ်တိုင်သည် ကြွလာမည့်အချိန်နီးကပ်လာသည်နှင့်အမျှ စိတ်လှုပ်ရှားမှုနှင့် စိတ်အားထက်သန်မှုရှိခဲ့သည်။ သို့တိုင်အောင် မီးလ်လာ နှင့် အပေါင်းအပါတို့ မျှော်လင့်သည်အတိုင်း ခရစ်တော်သည် ပေါ်မလာသောအခါ မီးလ်လာနှင့် အပေါင်းအပါတို့သည် သမိုင်းဝင်ကြေကွဲဖွယ်ကြုံတွေ့ခဲ့ရကြရာ ကြီးမားစွာ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရကြသည်။

ဤသည်ပင်လျှင် ဘုရားသခင်သည် အီးဂျီဝှိုက်အား ရှေးဦးရူပါရုံကို ပေးခဲ့ရခြင်းပင်ဖြစ်သည်။ ထိုရူပါရုံ၏ အဓိကသတင်းစကားမှာ သူမ ကိုယ်တိုင်အပါ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရသူအားလုံးသည် မိမိတို့မှားခဲ့သည်တိုင် ဘုရားရှင်သည် သူတို့နှင့်အတူ ပါရှိနေသေးသည်ဟူ၏။ ထိုရူပါရုံသည် ဤလောကမှ ကောင်းကင်ယေရုရှလင်ထိတိုင် လမ်းညွှန်ပြနေသည်။ ဤလမ်းခရီးတွင်မျှော်လင့်သူတို့သည် သန့်ရှင်းမြို့တော်သို့ဦးတည်ချီတက်နေသည်။ "သူတို့၏အရှေ့လေးတွင်ပင် ချီတက်နေကာ မြို့တော်သို့လမ်းပြဦးဆောင်နေသော ယေရှုကိုသာ အာရုံစိုက်နေပါသော် လုံခြုံမှုရှိပါသည်" (E.G White, Spiritual Gifts, vol. 2, p. 31)။

ဤရူပါရုံသည် သတင်းကောင်းပင်ဖြစ်သည်။ ထိုစိတ်ပျက်လက်ပျက်ရှုပ်ထွေးခြင်းမှသည် အသစ်သောလှုပ်ရှားမှုတစ်ခုကိုပင် ဘုရားရှင်သည် ဖန်တီးစပြုလာတော့သည်။ ယေရှုသည် သူတို့နှင့်အတူရှိ၏။ သူသည် ပြန်ကြွလာနေသည်။ ၎င်းတို့အား ကယ်တင်ခြင်းလမ်းစဉ်ပေါ်သို့ လျှောက်စေလေသည်။ ခရစ်တော်အပေါ်တွင် ၎င်းတို့အာရုံစူးစိုက်နေကြရပါမည်။ ရှုပ်ထွေးခြင်းနှင့် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ်တွင်းမှာပင် မျှော်လင့်ခြင်းကို လက်မလျှော့ဖို့ အကြောင်းရှိပါသည်။ ထိုသို့ ၁၇ နှစ်သမီး၊ အယ်လင်ဂျီဟာမွန်သည်

ပရောဖက်ပြုခမ္မအမှုတော်သာသနာတွင် အခေါ်ခံရလေသည်။ သူမ၏ ခရီးစဉ်အစပိုင်းသည် မလွယ်ကူလှချေ။

ဤဆုကျေးဇူးကိုလည်း တဖြည်းဖြည်းပင် စစ်မှန်သည်ဟု လက်ခံလာကြသော်လည်း အီးဂျီဝိုက်သည် မိမိကိုယ်ကို ဘုရား၏သတင်းပေးသူဖြစ်ရခြင်းကိုကြောက်ရွံ့ရွံ့ဖြစ်နေ၏။ ဘုရား၏ပရောဖက်တစ်ဦးဖြစ်ရသည်မှာ လွယ်ကူခြင်း၊ ဂုဏ်အိန္ဒြေသိက္ခာမရှိလှပါ။ သို့ပါလျက် အယ်လင်ဝိုက်သည် ဘုရား၏ခေါ်တော်မူခြင်းကို မည်သို့လက်ခံခဲ့သနည်း။

-ဝ-

သင်ခန်းစာ (၃)

## ဓမ္မဟောင်းခေတ်၏ပရောဖက်များ

အောက်တိုဘာလ ၁၀ – အောက်တိုဘာလ ၁၆

### ဥပုသ်နေ့မွန်းလွဲပိုင်း                    အောက်တိုဘာလ ၁၀ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ယာ၊ ၅း၁၇၊၁၈။ ၃ ရာ၊ ၁၉း၁-၁၆။ ၃ ရာ၊ ၂၂း၁-၁၄။ တော၊ ၁၅း၂၀။ ၄ ရာ၊ ၂၂း၁၁-၁၄။ ယေရမိ၊ ၁၄း၁-၁၅။

### အလွတ်ကျမ်းချက်

**"ယောရှဖတ်သည် ရပ်၍၊ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့ နားထောင်ကြလော့။ သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြလော့၊ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့၊ သို့ပြုလျှင် အောင်မြင်ကြလိမ့်ဟု မိန့်တော်မူ၏" (၆ ရာ၊ ၂၀း၂၀)။**

ကမ္ဘာလုံးဆိုင်ရာတည်နေရာပြစနစ် (GPS) သည် ခရီးသွားသူတို့အား မိမိတို့ဘယ်ရောက်နေသည်၊ ဘယ်သို့ဦးတည်နေသည်၊ အန္တရာယ်များအတွက် သတိပေးချက်များကိုပါ ပေးနိုင်သည်။ ကောင်းကင်သို့ ခရီးနှင်နေသော ဝိညာဉ်ရေးခရီးသွားသူများတို့သည်လည်း ယခုနှင့် အနာဂတ်အတွက် ကောင်းကင်မှ "တည်နေရာပြစနစ်"ကို လိုအပ်နေကြသည်။ ဘုရားသခင်သည် လွန်ခဲ့သောအချိန်တွင် ဓမ္မဟောင်းပရောဖက်များ၏ အမှုတော်ဆောင်ခြင်းဖြင့် လမ်းပြခဲ့သည်။ သူတို့၏ ဇာတ်လမ်းများ၊ အကြံပြုခြင်းများ၊ ဗျာဒိတ်စကားများ၊ ကဗျာများ၊ သီချင်းများတို့တွင် ဒါဇင်များစွာသော ပရောဖက်တို့သည် ဘုရားရှင်၏သတင်းစကားကို လူတို့ထံဆောင်ကျဉ်းလာကြသည်ကို တွေ့ရသည်။

ယခုတစ်ပတ်၏သင်ခန်းစာတွင် ဓမ္မဟောင်းကျမ်းသည် ပရောဖက်များအကြောင်း၊ ၎င်းတို့၏ ပရောဖက်ဆုကျေးဇူးများကို နားလည်စေနိုင်ခြင်းကို ဘုရားသခင်၏ကျွန်များမှ ဖော်ပြသည်များမှတစ်ဆင့် လေ့လာကြရပါမည်။ ထိုလူသားတို့သည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် အကြောက်သန်သူ၊ ဒေါသထွက်တတ်သူများနှင့် စိတ်ပျက်တတ်သူများပင် ဖြစ်ကြသည်ကို တွေ့ရကြပါမည်။ ၎င်းတို့၏အသက်တာသည် မအေးချမ်းကြပါ။ ကျွန်ုပ်တို့ကဲ့သို့ အခက်အခဲနှင့်စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေကြသည်။ အထူးသဖြင့် ဘုရားသခင်၏ကျွန်များဟု သမုတ်ခံရသူ အနည်းငယ်တို့ထံမှ မည်သည့်သင်ခန်းစာများ ရရှိနိုင်မည်နည်း။

**တနင်္ဂနွေနေ့ အောက်တိုဘာလ ၁၁ ရက်**

**ပရောဖက်များ၏လူသားမျိုးနွယ်ဖြစ်ခြင်း**

လွန်ခဲ့သောအပတ်တွင် ကိုယ်တော်သည် ပရောဖက်ဧလိယအား ဣသရေလ၌ ကြီးစွာသောအမှုများကို ပြုစေရာတွင်အသုံးပြုခဲ့ရာ ဆန့်ကျင်တိုက်ခိုက်မှုများစွာပင် ရင်ဆိုင်ခဲ့ရသည်ကို တွေ့ခဲ့ပြီးဖြစ်သည်။ သူ့အားဖြင့် ပြီးစီးခဲ့သောအရာတို့သည်လည်း ခမ်းနားကြီးကျယ်လှ၏။

ပရောဖက်ဧလိယအကြောင်း ယာကုပ်မှ တင်ပြထားခြင်းကိုလည်း ရှောင်ပြန်ဟပ်စေပါ။ ယာ၊ ၅း၁၇၊၁၈။ ဧလိယသည်လည်း "လောကဓံတရား၌ကျင်လည်သောသူ"ဆိုသည်မှာ မည်သို့ဆိုလိုခြင်း ဖြစ်နိုင်မည်နည်း။

ဧလိယသည် ကရေမေလတောင်ပေါ်တွင် အံ့မခန်းအောင်မြင်မှုတစ်ခုရရှိခဲ့ရာ (၃ ရာ၊ ၁၈)၊ ဘုရားသခင်သည် သူ့အားဖြင့် ကြီးစွာသောအမှုပြုခဲ့သည်။ ဓမ္မဟောင်းကျမ်း၏ ရာဇဝင်တွင် အံ့အားသင့်ဖွယ်အကောင်းဆုံး နိမိတ်လက္ခဏာတစ်ခုပင် ဖြစ်ခဲ့သည်။ ဧလိယ၏စကားသံကြားရသည်နှင့်ပင် ကောင်းကင်မှမီးကျလာလေတော့သည် (၃ ရာ၊ ၁၈း၃၈)။ ထိုအဖြစ်အပျက်

များကြောင့် ဘုရားသခင်၏လူသည် လွန်စွာပျော်မြူးနေမည်ဟု သင် ထင်မိလိမ့်မည်။

၃ ရာ၊ ၁၉း၁-၁၆ ကိုဖတ်ပါ။ ဘုရားသခင်၏ပရောဖက်သည် မည်သည့်စိတ်ခံစားမှုရှိသည်ဆိုသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

"အိုထာဝရဘုရား၊ အခုတန်ပါ၏။ အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ထက် သာ၍မကောင်းပါ" (၃ ရာ၊ ၁၉း၄)။ ယောက်ျားရင့်မာကြီးတစ်ဦးသည် စိတ်ပျက်လက်ပျက်ဖြစ်နေဟန်ရှိ၏။ အဘယ်ကြောင့်နည်း။ ကရမေလတောင်ပေါ်က အဖြစ်အပျက်ကိုဆက်လုပ်ရန် သေချာပေါက်မလွယ်ကူသော်လည်း တခြားအရာတစ်ခုပင် ဆက်ဖြစ်ပျက်လာသည်။ သော့ချက်ကိုတော့ သူ့စကားထဲတွင်ပင် တွေ့ရပါသည်။

"အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန်စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင် ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို ထားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တစ်ယောက်တည်းကျန်ရစ်၍ အကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှာရှာကြပါသည်" (၃ ရာ၊ ၁၉း၁၀)ဟု မြည်တမ်း၏။ ဤသည်မှာ သူ၏သာသနာ့အမှုတော်တွင် ဆုံးရှုံးမှုတစ်ခုဟု ယူဆကာ မြည်တမ်းခြင်းဖြစ်ဟန်ရှိ၏။

အစွမ်းကုန်ကြိုးစားခဲ့သော်လည်း သူတစ်ဦးတည်းနှင့် ထိုဒီရေကို တားနိုင်မည့်ပုံရှိသည့်တိုင် ဖောက်ပြန်မှုမှာရှိနေဆဲပင် ဖြစ်သည်။ မည်သို့ပင် အဆုံးစွန်ဖြစ်ခဲ့သည့်တိုင် ဘုရားသခင့်လူသည် လူသားဆန်ခြင်းနှင့် အားနွဲ့မှုကိုပင် တွေ့ရပါသည်။ တစ်နည်းဆိုရသော် ဧလိယသည် "လောကဓံတရား၌ ကျင်လည်သောသူ" လူသားပင်ဖြစ်ပေသည်။

သင့်အသက်တာတွင် ကြိုးစားအားထုတ်သောအခါ "ကျရှုံးခြင်း"ကို

ခံစားရရန် အဘယ်ကြောင့် လွယ်ကူနိုင်သနည်း။ စိတ်အားငယ်ခြင်းကို ကျော်လွှားနိုင်ရန် မည်သည့်ကျမ်းချက်ကတိတော်ကို အားကိုးရမည်နည်း။

**တနင်္လာနေ့ အောက်တိုဘာလ ၁၂ ရက်**

**စစ်မှန်သောပရောဖက်များကိုဖော်ထုတ်ခြင်း**

ဣသရေလ၏ရာဇဝင်အစောပိုင်းတွင် မိစ္ဆာပရောဖက်များပင် ရှိခဲ့သည့်သက်သေခံရှိ၏ (တရား၊ ၁၈း၂၀)။ ထို့ကြောင့်ပင် ဘုရားသခင်သည် မှန်ကန်သောပရောဖက်များဖြင့် လမ်းညွှန်ပြမှုမရှိဘဲ သူ့လူတို့ကို လျစ်လျူရှုမထားပါ။ ဘုရားသခင်၏ ဗျာဒိတ်ဖော်ပြချက်နှင့် ဝိညာဉ်မှုတ်သွင်းခြင်းတို့ကို လက်ခံရရှိသော၊ မှန်ကန်သစ္စာရှိသော ပရောဖက်တို့သည် ဘုရားသခင်၏ သတင်းစကားများကို တိကျမှန်ကန်ရိုးဖြောင့်စွာ ထပ်ဆင့်ပြောကြားကြသည်။ ၎င်းတို့ကိုယ်တိုင် လူကြိုက်များသောသူများမဟုတ်သည့်တိုင် ထိုသို့ပြုကြ၏။

၃ ရာ၊ ၂၂း၁-၁၄ ကိုဖတ်ပါ။ သစ္စာရှိသောပရောဖက်တို့သည် မည်သို့စီမံလုပ်ဆောင်ကြသည် ဆိုသနည်း။

---

---

ပရောဖက်တစ်ပါးနှင့်ပတ်သက်၍ “ထိုသူကို ငါမုန်း၏။ ငါ၌ မင်္ဂလာစကားကို မဟော။ အမင်္ဂလာစကားကိုသာ ဟောတတ်သည်” (၃ ရာ၊ ၂၂း၈) ဟု ဆိုတတ်သော ရှင်ဘုရင်အကြောင်းကို များစွာပြောသွားသော်လည်း ပရောဖက်အကြောင်း သာ၍ပြောသွားသည်။ သူသည် ရှင်ဘုရင်ရှေ့တော်၌ပင်ဖြစ်စေ၊ အမှန်တရားကိုပြောဆိုရန် မကြောက်ရွံ့သောသူ၊ တော်ဝင်မျက်နှာသာရရန် အနည်းငယ်မျှပင် မပြောလိုသောသူ ဖြစ်သည်။

မိက္ခာသည် မိစ္ဆာပရောဖက် ၄၀၀ မျှကိုပင်ရင်ဆိုင်ကာ သူရရှိထားသောအမှန်တရားကိုသာ တင်ပြသွားလေသည်။ ဘုရားသခင်ထံမှလာသော ဆန့်ကျင်ဘက်သတင်းစကားတို့အား ပြောင်းလဲ၍ ဒုစရိုက်ပြုသော ရှင်ဘုရင်

အာဟပ်နှင့် မိဖုရားယေယဘေလ တို့အား ဖြေသိမ့်စေရန် အကျပ်ကိုင်ခံနေရသောအခါတွင်ပင် သူတစ်ပါးလက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ မိက္ခာသည် ဘုရားသခင်၏အမှန်တရားကိုသာလျှင် တင်ပြသွားသည် (၃ ရာ၊ ၂၂း၁၃၊၁၄)။

၁ ရာ၊ ၉း၃-၁၄ ကိုဖတ်ပါ။ ဘုရားသခင်၏ သစ္စာရှိသောပရောဖက်များကို ဤကျမ်းချက်တို့မှ မည်သို့ဆိုသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

သမ္မာကျမ်းစာထဲတွင် ပရောဖက်များ၏ ဘဝအရည်အသွေး၏ ပုံသက်သေများစွာပါရှိလေသည်။ ရှောလုသည် မိမိ၏ဖခင်မှ ပျောက်သောလားများကိုရှာဖွေရန် လွှတ်လိုက်ခြင်းဖြစ်သည်။ ရှောလုနှင့်အတူပါလာသောကျွန်သည် လား ရှာဖွေခြင်းကို လက်မလျှော့ရန်အကြံပြုကာ "ဤမြို့၌ အသရေထင်ရှားသောဘုရားသခင်၏လူတစ်ယောက်ရှိ၏" (၁ ရာ၊ ၉း၆)ဟု ပြော၏။

ဤနေရာတွင် ပရောဖက်ရှမွေလအား ရည်ညွှန်းပုံသည် ဘုရားသခင်၏ ပရောဖက်များတွင်ရှိသင့်သော အရည်အချင်းများပင်ဖြစ်သည်။ သမ္မာကျမ်းစာပါစစ်မှန်သော ပရောဖက်များအား "ဘုရားသခင်၏လူ"ဟု သတ်မှတ်၍ ကိုယ်တော်၏ဝိသေသကို စံနမူနာပြရန် တစ်စိတ်တစ်ပိုင်းရွေးချယ်ခံရကြသည်။ တစ်ချိန်တည်းတွင် "ဘုရားသခင်၏လူ" အချို့တို့သည် ပရောဖက်များဖြစ်ကြသည်ဆိုရုံဖြင့် သူတို့သည် အပြစ်ကင်းစင်သောလူသားများ မဖြစ်စေနိုင်ပါ။

မြတ်နိုးလေးစားအခံရဆုံးသော "ဘုရားသခင်၏လူ"တို့တွင်ပင် အပြစ်ကင်းစင်သူတစ်စုံတစ်ဦး သင်သိရှိပါသလား။

**အင်္ဂါနေ့** **အောက်တိုဘာလ ၁၃ ရက်**

**ပရောဖက်များ၏လုပ်ဆောင်ချက်များ**

၁ ရာ၊ ၈း၄-၂၂ နှင့် ဝတ်၊ ၈း၁၀-၁၃ ကိုဖတ်ပါ။ ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များနှင့်ပတ်သက်၍ ပရောဖက်များ၏ လုပ်ဆောင်ချက်သည် မည်သို့နည်း။

---

---

ပရောဖက်တို့သည် သာယာသောကာလနှင့် မသာယာသောကာလများတွင် ရှင်ဘုရင်များနှင့် အပြန်အလှန်ဆက်ဆံကြသည်။ ဣသရေလတို့သည် ရှင်ဘုရင်တစ်ပါး တောင်းဆိုလာသောအခါ (၁ ရာ၊ ၈း၄-၂၂)၊ "လူ မျိုးအပေါင်းတို့၏ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကိုအုပ်စိုးရသောရှင်ဘုရင်ကို ချီးမြှောက်ပါလော့" (၁ ရာ၊ ၈း၅)ဟု ဆိုကြ၏။ ၎င်းတို့၏ပတ်ဝန်းကျင်ရှိ သူတို့ကဲ့သို့ ဖြစ်လိုခြင်း၊ ဤသည်မှာ ဘုရားသခင်၏လူတို့မှ ခေတ်အဆက်ဆက်ရင်ဆိုင်ခဲ့ရသော အန္တရာယ်များ၏အစွမ်းထက်သော ကြေကွဲဖွယ်စံနမူနာပင်ဖြစ်ခဲ့သည်။ ဤကိစ္စတွင် ဘုရားသခင်သည် ပရောဖက်မှတစ်ဆင့် ၎င်းတို့အားကြိုတင်သတိပေးထားခြင်းပင် မရှိခဲ့သည့်တိုင် ထိုတောင်းဆိုချက်ကြောင့်မည်သည်များရောက်လာနိုင်သည် ဟူသည်ကိုမတွေးမိကြပါ (၁ ရာ၊ ၈း၁၁-၁၈)။ ၎င်းတို့၏လိုအင်ဆန္ဒအလျောက် ရှမွေလသည် ရှောလုကို ဣသရေလ၏ရှေးဦးပထမရှင်ဘုရင်အဖြစ် ဘိသိက်တင်လိုက်ရာ ရှင်ဘုရင်ရှောလုဟု လူသိများခဲ့သည်။

ဓမ္မဟောင်းကျမ်း၏ ၃ ရာ၊ ၄ ရာ၊ နှင့် ၅ ရာ၊ ၆ ရာ၊ တို့သည် ဣသရေလ နှင့် ယုဒရှင်ဘုရင်များတို့မှ ပြသခဲ့သောအုပ်ချုပ်မှုအမျိုးအစားနှင့် အရည်အသွေးတို့၏ မှတ်တမ်းမှတ်ရာများပင် ဖြစ်တော့သည်။ သန့်ရှင်းသောရာဇဝင်တွင် ထာဝရဘုရားရှေ့တော်၌ ကောင်းမှုပြုသူရှင်ဘုရင်များထက်ဆိုးမှုပြုသူရှင်ဘုရင်များ ပိုများ၏။ ပရောဖက်များ၏ အဓိကလုပ်ဆောင်ချက်တစ်ခုမှာ သစ္စာမရှိသောရှင်ဘုရင်များကို ဘုရားသခင်၏ပညတ်တော်အားပြန်လည်နာခံစေရန်ဖြစ်သည်။ ရလဒ်တစ်ခုအနေဖြင့် ထိုပရောဖက်များတို့သည်ခြိမ်းခြောက်ခြင်း၊ ရှင်ဘုရင်အချို့တို့သည် ဘုရား၏လူများတို့ကို သူတို့ထံမှခေါ်ထုတ်သွားသောအခါ ဒုက္ခပေးခြင်း၊ သတ်ဖြတ်ခြင်းပင်ပြုကြသည် (၃ ရာ၊ ၁၈း၄-၁၉။ ၆ ရာ၊ ၂၄း၂၀-၂၂)။

ပရောဖက်တို့သည် ယဇ်ပုရောဟိတ်တို့နှင့်လည်း အပြန်အလှန်ဆက်ဆံရသည်။ ထာဝရဘုရား၏ပရောဖက်တစ်ပါးဖြစ်သော မောရှေသည် အာရုန်နှင့်သူ၏သားတို့အား ဣသရေလ၏ရှေးဦးယဇ်ပုရောဟိတ်များအဖြစ် ဘိသိက်ပေးခဲ့သည် (ဝတ်၊ ၈း၁၀-၁၃)။ ထာဝရဘုရား၏ ဆုံးမစကားများကိုပင် ပရောဖက်များမှတစ်ဆင့် ယဇ်ပုရောဟိတ်များမှ လက်ခံရသောအချိန်များ ပင်ရှိခဲ့သည် (ဟော၊ ၆း၉။ မာလခိ၊ ၂း၁-၃)။ ထင်ရှားသောသာဓကတစ်ခုမှာ အကျင့်ပျက်ချစားမှုကြောင့် ဧလိ၏အိမ်ထောင်အား ဆုံးမခဲ့ခြင်းပင်ဖြစ်သည် (၁ ရာ၊ ၂း၂၇-၃၆)။ အထူးအခွင့်အရေးပေးထားခံရသူတစ်ချို့တို့၏ ကျယ်ပြန့်စွာအဂတိလိုက်စားမှုဖြင့် ပြင်းထန်စွာဆုံးမခြင်းများမှ တစ်ချို့ပင်ဖြစ်၏။

ပရောဖက်များဟူသည် လူတို့၏ဆရာများပင်ဖြစ်ခဲ့သည် (၆ ရာ၊ ၃၄)။ ဘုရားသခင်ထံမှ သတင်းစကားကို ယဇ်ပုရောဟိတ်များ၊ ရှင်ဘုရင်များနှင့် ပြည်သူများသို့ ပေးပို့ရသည် (ယေရမိ၊ ၅း၃၁။ ယေဇ၊ ၂၂း၂၆)။ ပရောဖက်တို့သည် ပတ်ဝန်းကျင်ရှိနိုင်ငံများထံသို့ ၎င်းတို့အတွက် ဘုရား၏စီမံကိန်းအချုပ်၊ ဓမ္မဟောင်းပရောဖက်များမှ ထပ်ခါတလဲလဲ ရေရွတ်ပြောဆိုခဲ့ပြီးသော အဓိကအချက်များကို ပြောဆိုခဲ့ကြရသည် (ဟေရှာ၊ ၆၀း၁-၃။ ၆၂း၁၊၂)။ ပရောဖက်များသည် မိမိတို့အား ထာဝရဘုရားပေးတော်မူသော သတင်းစကားများကို လက်ဆင့်ကမ်းရန်တင်မက ရံဖန်ရံခါရေးသားပြုစုကာ ထိန်းသိမ်းပေးရသည် (၆ ရာ၊ ၁၃း၂၂)။ ပရောဖက်တို့သည်လည်း လူသားမျှသာဖြစ်ရုံမက အားနည်းချက်များလည်း ရှိကြသည့်တိုင် ၎င်းတို့သည် ဆုတောင်းသော ယောကျ်ား၊ မိန်းမ၊ နှုတ်ကပတ်တော်၊ ဘုရားသခင်နှင့် သူ့လူတို့၏အမှုတော် ထမ်းရွက်သူများဖြစ်ကြသည် (ယေရမိ၊ ၄၂း၄။ ၄ ရာ၊ ၂၂း၁၅-၁၇)။

**ဗုဒ္ဓဟူးနေ့** **အောက်တိုဘာလ ၁၄ ရက်**

**ပရောဖက်မများ**

ထွက်၊ ၁၅း၂၀။ သူကြီး၊ ၄း၄။ ၄ ရာ၊ ၂၂း၁၄။ နေဟ၊ ၆း၁၄ ကိုဖတ်

ပါ။ ပရောဖက်ပြုချက်အခန်းကဏ္ဍကို ဤကျမ်းချက်တို့မှ မည်သို့သွန်သင်သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

အမျိုးသမီးများကိုလည်း ဘုရားသခင်သည် ပရောဖက်ပြုရန်ခေါ်တော်မူခြင်းလည်း မြောက်မြားစွာရှိခဲ့သည်။ (ဟေဗြဲ၊ nevi'ah (ထွက်၊ ၁၅း၂၀)။ ဂရိစာ prophētis (လု၊ ၂း၃၆) အသုံးပြုပုံကိုရှု)။ မိက္ခာ၊ ၆း၄ တွင် လူမျိုးတို့ထံစေလွှတ် ခံရသော မောရှေနှင့် အာရုန်တို့နှင့်အတူ မိရိအံလည်း ပါဝင်ခဲ့သည်။ ဣသရေလသားတို့သည် ပင်လယ်နီဖြတ်သန်းပြီးစဉ်ခါတွင် အောင်ပွဲခံသီချင်း သီဆိုသောအခါ မိရိအံအား ပရောဖက်မအဖြစ် ဖော်ပြထားသည် (ထွက်၊ ၁၅း၂၀၊၂၁)။

သို့ရာတွင် ဤပရောဖက်မသည်လည်း ပရောဖက်များကဲ့သို့ပင် အပြစ်ကင်းစင်သူမဟုတ်ပေ။ မောရှေနှင့် သူ၏ အီသီယိုးပီးယားဇနီးအပေါ် သူမ၏ ရှုက်ဖွယ်သဘောထားကပင် ထိုအကြောင်းကိုဖော်ပြနေသည်။ ထိုအပြစ်အတွက် ပရောဖက်မသည် သင့်လျော်သောပြစ်ဒဏ်ကိုပင် ခံခဲ့ရသည် (တော၊ ၁၂း၁-၁၀)။

ဣသရေလ၌ တရားသူကြီးပြုခဲ့သော ပရောဖက်မ ဒေဗောရ၏ လုပ်ဆောင်ချက်ကိုလည်း တွေ့နိုင်ပါသည် (သူကြီး၊ ၄း၁-၄)။ ဒေဗောရသည် ထာဝရ ဘုရားထံမှ ဗျာဒိတ်ချက်များကို လက်ခံရရှိကြောင်း (သူကြီး၊ ၄း၄-၉၊ ၁၄-၂၂) ရှင်းလင်းသောအထောက်အထား (သူကြီး ၄း၄)ရှိ၏။ သူမ၏ အောင်နိုင်ခြင်း သီချင်း (သူကြီး၊ ၅း၂-၃၁)သည် ဘုရားသခင်၏ကြားဝင်ခြင်းနှင့် ထိုခေတ်အခါ တစ်မျိုးသားလုံးအတွက် နက်နဲသောဘာသာရေးဆိုင်ရာ အရေးပါမှုများကို ဖော်ပြခြင်းဖြစ်သည်။

၄ ရာ၊ ၂၂း၁၁-၁၄ ကိုဖတ်ပါ။ ရှင်ဘုရင် ယောရှိ၏လူတို့သည် ဟုလဒထံသို့ အဘယ်ကြောင့်သွားရသနည်း။ တစ်မျိုးသားလုံးအပေါ် သူမ၏ အရေးကြီးသောအခန်းကဏ္ဍကို မည်သို့ဖော်ပြသနည်း။

---

---

ရှင်ဘုရင်ယောရှိ၏ အုပ်ချုပ်ရေးကောင်စီထိပ်သီးလူများတို့သည် ပညတ္တိကျမ်းစာအုပ်ကို ဖတ်ရှုအပြီးတွင် (၄ ရာ၊ ၂၂း၈)၊ ပရောဖက်မ ဟုလဒ ထံမှ အကြံဉီးဉာဏ်ပင်ခံယူရ၏ (၄ ရာ၊ ၂၂း၁၄။ ၆ ရာ၊ ၃၄း၂၂)။ ၎င်းစာအုပ်မှာ တရားဟောရာကျမ်း ဟုယူဆရရာ ရှင်ဘုရင်သည် မိမိ၏ဝတ်လုံတော်အား ဆုတ်ဖြဲလေ၏ (၄ ရာ၊ ၂၂း၁၁)။

ဤသည်မှာ ထင်ရှားသောအရေးကြီးကိစ္စဖြစ်၍ ဘုရင်ကြီးကပင် အလေးထားခဲ့သောကြောင့် သူ့လူတို့သည်လည်း ဟုလဒ ထံသို့ တန်းရောက်သွားခဲ့ကြခြင်းဖြစ်သည်။ သူမသည် ယုဒပြည်အပေါ် ကျရောက်တော့မည့် တရားစီရင်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်ထံမှသတင်းစကားကို လက်ခံရရှိထားပြီးဖြစ်သည်။ ယောရှိမင်းကြီး၏ ပြုပြင်ပြောင်းလဲမှုများသည် ဟုလဒ ၏ ပရောဖက်ပြုခြင်းကြောင့်ဖြစ်၍ ဘုရားသခင်၏လူများအပေါ် ကျရောက်တော့မည့်ပြစ်ဒဏ်ကိုပင် ရှောင်လွှဲနိုင်ခဲ့၏။

ပရောဖက်နှင့် ပရောဖက်မ တို့သည် ဘုရားသခင်ခေါ်တော်မူသောသူများဖြစ်သည့်တိုင် ကျေးဇူးကရုဏာကိုပင် လိုအပ်နေသောအပြစ်သားများပင်ဖြစ်ကြသည်။ ၎င်းတို့၏ရာဇဝင်မှ မည်သည့်မျှော်လင့်ခြင်းများ ရယူနိုင်မည်နည်း။

## ကြာသပတေးနေ့ — အောက်တိုဘာလ ၁၅ ရက်

## မိစ္ဆာပရောဖက်များ

ထာဝရဘုရားသည် မည်သည်ပင်ပြုပြု စာတန်သည် တုပစမြဲပင်ဖြစ်သည်။ ပရောဖက်များလည်း ထိုနည်းတူပင်ဖြစ်သည်။ ဣသရေလတို့သည် မှန်သောပရောဖက်နှင့် မှားသောပရောဖက်များကိုပင် ရင်ဆိုင်ရ၏။ သော့ချက်မှာ ကွာဟမှုကို သိရှိရန်ပင်ဖြစ်သည်။

ယေရမိ၊ ၁၄း၁-၁၅ ကိုဖတ်ပါ။ မည်သည်များဖြစ်ပျက်၍ မိမိနာမတော်ဖြင့်မုသားပြောဆိုသော "ပရောဖက်များ"ကို ကိုယ်တော်သည်မည်သို့ရှုမြင်သနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

ယေရမိ၊ ၁၄ တွင် ယုဒအပေါ်တရားစီရင်သော သတင်းစကား၊ ဓားဖြင့်စီရင်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါဖြင့်ဟူ၍ ဘုရားသည် ယေရမိအား ပေးတော်မူသည်။ ထိုစဉ် မိစ္ဆာပရောဖက်များသည် ယေရမိ၏ သတင်းစကားများကို ဆန့်ကျင်ကြသည်။ ထာဝရဘုရားက "ထိုပရောဖက်တို့သည် ငါ၏နာမကိုအမှီပြု၍ မုသာကို ဟောတတ်ကြ၏။ သူတို့ကို ငါ မစေလွှတ်၊ မမှာထား၊ ဗျာဒိတ်မပေး။ သူတို့ဟောပြောချက်တို့သည် မျက်စိကိုလှည့်ခြင်း၊ နတ်ပူးခြင်း၊ အချည်းနှီးကြံစည်ခြင်း၊ မိမိဉာဏ်အတိုင်း လှည့်စားခြင်းသက်သက်ဖြစ်ကြ၏" (ယေရမိ၊ ၁၄း၁၄)။

မိစ္ဆာပရောဖက်များ၏ ပရောဖက်ပြုခြင်း မူလဇစ်မြစ်သည် ၎င်းတို့ကိုးကွယ်နေကြသော "မိစ္ဆာဘုရားများ" သာဖြစ်သဖြင့် (ယေရမိ၊ ၂၃း၁၃၊၁၄)။ ဘုရားသခင်သည် "သူတို့ကို ငါမစေလွှတ်၊ မမှာထား၊ ဗျာဒိတ်မပေး" (ယေရမိ၊ ၁၄း၁၄)ဟု သတိပေးထားသည်။ သူတို့သည် "ကိုယ်စိတ်နှလုံးလှည့်စားသည်အတိုင်းဟောပြောတတ်ကြသည်" (ယေရမိ၊ ၂၃း၂၆)။ "ကိုယ်အလိုအလျောက်ပရောဖက်ပြု၍ ဟောပြောတတ်သော ဣသရေလအမျိုး ပရောဖက်များ" (ယေဇ၊ ၁၃း၂) တစ်ဖက်၌ဟောပြောရန် ယေဇကျေလအား ထာဝရဘုရားညွှန်ကြားထားသည်။

မိစ္ဆာပရောဖက်များသည် လူကြိုက်များသောအမြင်မျိုး လိုက်လျှောက်လေ့ရှိသည်။ ဤအမှုသည် ၃ ရာ၊ ၂၂ တွင်ဖြစ်ခဲ့ရာ ပရောဖက် ၄၀၀ အဖွဲ့တို့သည် ရှင်ဘုရင်အာဟပ်၏အမိန့်ဖြင့် စုဝေးကြရသည် (၃ ရာ၊ ၂၂း၆)။ ၎င်းတို့သည် တစ်သံတည်းဖြင့် ဂိလဒ်ပြည်၊ ရာမုတ်မြို့ကိုတိုက်ရန် ရှင်ဘုရင်အားအကြံပြုကြသည်။ အာဟပ်သည် အာရှရပုရောဖက်များ၏ ပရောဖက်ပြုခြင်းကိုကြားနာရပြီးနောက် ယုဒရှင်ဘုရင်ယောရှဖတ်ထံမှလည်း အကြံဉာဏ်

တောင်းခဲ့သည်။ ယောရှဖတ်သည်လည်း ထိုသို့စစ်ချီသင့်မသင့် ပရောဖက် မိက္ခာအား တိုင်ပင်ဆွေးနွေးရန် အာဟပ်အား အကြံပြု၏။

"မိက္ခာကိုခေါ်သော တမန်က ပရောဖက်အပေါင်းတို့သည် မင်္ဂလာစကားကိုသာ ရှင်ဘုရင်အား တညီတညွတ်တည်းဟောပြောကြ၏။ ကိုယ်တော်သည်လည်း သူတို့ဟောပြောကြသည်နည်းတူ မင်္ဂလာစကားကိုသာ ဟောတော်မူပါ" (၃ ရာ၊ ၂၂း၁၃)ဟု လျှောက်၏။ မိက္ခာကြုံတွေ့ခဲ့ရသော လိမ်ညာရမည့်ဖိအားသည် အာရှရ၏ မိစ္ဆာပရောဖက်များခံစားခဲ့ရသည့် ဖိအားနှင့် တူညီဖွယ်ရှိသော်လည်း မိက္ခာသည် ဤလူကြိုက်များသောအမြင်ကိုမလိုက်ဘဲ မည်သို့ပြောရမည်ကို ထာဝရဘုရားအား စောင့်နေ၏ (၃ ရာ၊ ၂၂း၁၄)။

သင်သည်လည်း ပရောဖက် ဟုတ်သည်၊ မဟုတ်သည်၊ လူကြိုက်များသောအမြင်ကို လိုက်လျှောက်ရန် လွယ်ကူလေ့ရှိ၏။ ယဉ်ကျေးမှုသည် အလွန်အကျင့်ပျက်ခြစားနိုင်သည်တိုင် ၎င်းသည် မည်သည်ကြောင့် မည်သို့မျှကောင်းသောအကြံမဖြစ်နိုင်သနည်း။

**သောကြာနေ့ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ အောက်တိုဘာလ ၁၆ ရက်**

**ပြီးပြည့်စုံမှုမရှိသော်လည်းဆန္ဒရှိသူ**

ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်အတိုင်း ဓမ္မဟောင်း၏ပရောဖက်များသည် ဘုရားသခင်၏ သံတမန်ဖြစ်ရသည်မှာ မလွယ်ကူလှသည်မှာ သေချာ၏။ အီးဂျီဝိုက်သည်လည်း ထိုကျမ်းစာပရောဖက်များကဲ့သို့ စိုးရိမ်ပူပန်မှုများ ကြုံတွေ့ခဲ့ရသည်။ လွန်ခဲ့သော သောကြာနေ့တွင်သင်ယူခဲ့သည်အတိုင်း သူမသည် ထာဝရဘုရားခေါ်တော်မူသောအချိန်တွင် ရှက်တတ်သူ၊ ကျန်းမာရေးချို့တဲ့သူပင်ဖြစ်သည်။ ခေါ်တော်မူခြင်းကို ဒုတိယရူပါရုံဖြင့် အတည်ပြုသောအခါ အယ်လင်ဟာမွန်(ဝိုက်)သည် ဘုရား၏ခေါ်တော်မူခြင်းအား စိုးရိမ်ပူပန်မှုတွေပင် ရှိနေသေးသဖြင့် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ကိုယ်တော်သည် ရူပါရုံ နောက်တစ်ခုထပ်ပေးပြီးနောက် ရက်သတ္တတစ်ပတ်ခန့်တွင် ကျွန်ုပ်ကျော်ဖြတ်ရမည့်စမ်းသပ်မှုများ၊ ကျွန်ုပ်အား ဖော်ပြ

သမ္မာတို့ကို သူတစ်ပါးအား မျှဝေရမည်အရာ၊ ကြီးမားသော အတိုက်အခံကို ပင်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ စိတ်ဝိညာဉ်ဝေဒနာ ခံစားရမည်ဖြစ်ကြောင်းတို့ကို ကျွန်ုပ်အား ပြသတော်မူသည်။ ဤရူပါရုံသည် ကျွန်ုပ်အား လွန်စွာ ဒုက္ခပေးခဲ့သည်။ ကျွန်ုပ်ကျန်းမာရေးသည် အလွန်ချို့တဲ့၍ ကျွန်ုပ်တစ်ဆယ့်ခုနစ်နှစ်မျှပင်ရှိသေး၏။ ဤဝန်ထုပ်ကြီးကို အခြားလူတစ်ဦးဦးအား တင်ပေးရန်ပင် လေးနက်စွာဆုတောင်းခဲ့သည်။"

သို့သော်လည်း ကျွန်ုပ်ရရှိထားသောအလင်းတရားမှာ "ငါဖော်ပြထားသောအရာကို လူသူများ သိစေပါ"ဟူ၏။ လောကကြီးထဲသို့ ထွက်သွားရန် ကျွန်ုပ် စိတ်မနိုင်ပါ။ သဘာဝအလျောက် ယုံကြည်မှုအနည်းငယ်သာရှိသည်။ သချိုင်းကိုပင် တောင့်တစွာငေးကြည့်နေမိ၏။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်များထက် သေခြင်းသည်သာ၍နှစ်သက်ဖွယ်ဟု ထင်မှတ်မိ၏" __ Spiritual Gifts, vol. 2, pp. 35, 36။

"အီးဂျီဝှိုက်သည် သူမ၏ခေါ်တော်မူခြင်းကို လက်ခံသည်ထက် သေရသည်ကိုပင် နှစ်သက်သည်ကို သတိပြုမိပါသလား။ မြောက်မြားစွာဆုတောင်းပြီးနောက် ယုံကြည်သူများ၏ တိုက်တွန်းခြင်းဖြင့် ခေါ်တော်မူခြင်းကို လိုက်လျောခဲ့ကာ အသက်ထက်ဆုံး ရာသက်ပန်ဆက်ကပ်ခဲ့လေသည်" (E.G White, Spiritual Gifts, vol. 2, p. 38)။

ထိုသို့ဖြင့် သူမသည် သတ္တမနေ့အသင်းတော်အား ယခုမှစ အနာဂတ်တိုင်အောင် အလွှမ်းမိုးနိုင်ဆုံး အသံရှင်ပင်ဖြစ်လာခဲ့သည်။ အီးဂျီဝှိုက်သည် သာမန်လူသားတစ်ဦးပင်ဖြစ်ရာ ကိုယ်ပိုင်အမှားများနှင့် ကိုယ်ကာယဒုက္ခများ၊ မိသားစု စိန်ခေါ်မှုများနှင့် လူသားချင်းဆက်ဆံရေးဆိုင်ရာ ရုန်းကန်မှုများ ရှိခဲ့သည်။ လူသားတစ်ဦးဖြစ်နေသည်ကြားတွင် မြင်တွေ့ခဲ့ရသော ကြီးစွာသော သင်ခန်းစာတစ်ခုမှ ပြည့်စုံမှုမရှိသော်လည်း ဆန္ဒရှိသူများကို ထာဝရဘုရားသည် အမှုတော်အတွက် ရွေးကောက်လေ့ရှိသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းညွှန်မှုအောက်တွင် အီးဂျီဝှိုက်၏ ပရောဖက်ဆိုင်ရာ သာသနာပြုခြင်းအားဖြင့် ယုံကြည်သူတို့သည် ကျမ်းစာ၏

အမှန်တရားနှင့် ဆက်စပ်နိုင်ခဲ့ရသည်။ ၁၈၆၀ ခုနှစ်တွင် ပေါက်စသတ္တမနေ့ အသင်းတော်နှင့် ၎င်း၏သာသနာဖြစ်သော ကောင်းကင်တမန်သုံးပါးသတင်းစကားများကို ကမ္ဘာအနှံ့ကြွေးကြော်ရာတွင် သူမသည်လည်း ဦးဆောင်ရသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခဲ့ရသည်။ ထိုသတ္တမနေ့အသင်းတော်ကိုလည်း ၁၈၆၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်နိုင်ရန် ထာဝရဘုရားမှ လမ်းပြတော်မူခဲ့သည်။

နောက်ပိုင်း ဆယ်စုနှစ်များစွာနောက်တွင် အီးဂျီဝှိုက်၏ ပရောဖက်ဆိုင်ရာအသံတော်သည် ကမ္ဘာလုံးဆိုင်ရာ မျှော်လင့်ခြင်းအသင်းတော်၏ ကျန်းမာရေးနှင့် ပညာရေးစနစ်များကို တည်ထောင်ရာတွင် လွှမ်းမိုးနိုင်သော သံစဉ်ဖြစ်ခဲ့သည်။ သို့တည်းမဟုတ် သူမ၏သာသနာခရီးတွင် အရေးအကြီးဆုံးပံ့ပိုးကူညီခြင်းသည် သူမ၏ အရေးအသားများ၊ စာမျက်နှာ ၁၀၀,၀၀၀ (တစ်သိန်း) ခန့်ပင် ရှိခဲ့သည်။ သူမ၏ အရေးအသားတို့သည် ယနေ့ကမ္ဘာလောကကို လွှမ်းမိုးနေဆဲပင်ဖြစ်သည်။ ပိုမိုဖတ်ရှုရန် (https://whiteestate.org/absg/3) ရှု။

-၀-

## သင်ခန်းစာ (၄)
# ဓမ္မသစ်ခေတ်၏ပရောဖက်များ
အောက်တိုဘာလ ၁၇ – အောက်တိုဘာလ ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၁၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** မဿဲ၊ ၁၆း၁၃-၁၆။ ဧဖက်၊ ၂း၂၀။ ဗျာ၊ ၂၂း၆။ လု၊ ၂း၃၆-၃၈။ တမန်၊ ၂၁း၉။ ဧဖက်၊ ၆း၁၀-၁၈။

## အလွတ်ကျမ်းချက်
**"ဆုကျေးဇူးတော် အထူးထူးအထွေထွေရှိကြသော်လည်း ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ ဓမ္မဆရာအမှု အထူးထူးအထွေထွေရှိကြသော်လည်း သခင်တစ်ပါးတည်းရှိ၏။ ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိကြသော်လည်း ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကိုပြုပြင်တော်မူသော ဘုရားသခင်တစ်ပါးတည်းရှိ၏" (၁ ကော၊ ၁၂း၄-၆)။**

ဖခင်ဖြစ်သူကားမောင်းနေစဉ် သားဖြစ်သူသည် ဖခင်၏ကားနှင့်တူညီသောကားများကိုရှာဖွေရန် ဖြတ်သွားသောကားများကို လိုက်ကြည့်နေသည်။ ထိုအခါ ဖခင်ဖြစ်သူသည် ကားတစ်စီးကို ထောက်ပြရင်း "သားရေ၊ အဲဒီကားက အဖေ့ပထမဆုံးကားနှင့်အတူတူပဲ"ဟု အော်ပြောလိုက်သည်။ အိမ်ရောက်သောအခါ ဖခင်ဖြစ်သူသည် သူ၏ပထမဆုံးကား၏ ပိုင်ရှင်လက်စွဲစာအုပ်နှင့် လက်ရှိကား၏ လက်စွဲစာအုပ်ကိုထုတ်ယူပြီး ယာဉ်တစ်စီးစီး၏သွင်ပြင်လက္ခဏာများကို သားအား ဂရုတစိုက်ပြသကာ တူညီသောအချက်များနှင့် ပြောင်းလဲသွားသည့်အချက်များကို မီးမောင်းထိုးပြသည်။ အင်ဂျင်နှစ်ခုကိုမှု နှိုင်းယှဉ်ကြည့်သောအခါ အရာအားလုံးတူညီနေသည်။ အများအပြား ပြောင်းလဲမှုရှိသော်လည်း အင်ဂျင်မှုကား မပြောင်းလဲပါ။
MS-4

ဓမ္မဟောင်းနှင့်အသစ်တွင် ဘုရားသခင်သည် ပရောဖက်များမှတစ်ဆင့် စကားပြောခဲ့ရာ သတင်းစကားတို့၏ စဉ်ဆက်မပြတ်မှုနှင့် သဟဇာတဖြစ်မှုတို့သည် မူလဇစ်မြစ်၊ အင်ဂျင်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဘုရားသခင်၏လှုံ့ဆော်မှုတ်သွင်းခြင်းတို့သည် ပုံမှန်တည်ရှိနေသောကြောင့် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်ဆုကျေးဇူးတော်ဖြင့် မှန်ကန်သောပရောဖက်များကို စွမ်းအားပေးလေ့ရှိသည်။ ဟေဗြဲ၊ ၁း၁-၃ တွင် ဖော်ပြသည်အတိုင်း ခရစ်တော်ကို ပရောဖက်တို့၏သတင်းစကားများ၏ အလယ်ဗဟိုတွင် တည်စေသည်။

ယခုတစ်ပတ်တွင် ပရောဖက်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများ၏လုပ်ဆောင်ခြင်းများအား ကြည့်ရှုခြင်း၊ ပရောဖက်များနှင့် တမန်တော်များကိုနှိုင်းယှဉ်ခြင်းနှင့် မိစ္ဆာပရောဖက်များ၏အန္တရာယ်များကို ကြည့်ရှုခြင်းဖြင့် ပရောဖက်ဆုကျေးဇူးကို စစ်ဆေးကြည့်ရှုကြရပါမည်။

**တနင်္ဂနွေနေ့ — အောက်တိုဘာလ ၁၈ ရက်**

**ယေရှုသည်ပရောဖက်အဖြစ်**

မောရှေသည် "သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပရောဖက်တစ်ပါးကို သင့်အဖို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်၏စကားကို နားထောင်ရမည်" (တရား၊ ၁၈း၁၅) ဟု ဗျာဒိတ်ပြု၏။ ထိုပရောဖက်သည်မည်သူနည်း။ ကျမ်းစာသည် အတိအကျပင်ယေရှုကိုပင်ညွှန်းထားသည်။ "ငါတို့ဘိုးဘေးများတို့အားလည်း မောရှေကသင်တို့၏ဘုရားသခင်ထာဝရဘုရားသည် သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပရောဖက်တစ်ပါးကို သင်တို့အဖို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်ဟောပြောသောအရာတို့ကို သင်တို့သည် နားထောင်ကြရမည်" ဟုဆို၏ (တ၊ ၃း၂၂။ ယော၊ ၆း၁၄)။

ယေရှု၏ပရောဖက်ပြုခြင်းဆိုင်ရာ အခန်းကဏ္ဍသည် အဘယ်နည်း။ ယေရှု၏ ခေတ်ခါတွင် ဤမေးခွန်းအား မည်သို့ဖြေဆိုခဲ့သနည်း။ (မဿဲ၊ ၁၆း၁၃-၁၆။ မာကု၊ ၈း၂၇-၂၉။ လု၊ ၉း၁၈-၂၁)။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ယေရှုသည် ခရစ်တော်လည်းဖြစ်၊ မေရှိယလည်းဖြစ်၍ ဓမ္မဟောင်း ပရောဖက်အားလုံးတို့၏ ညွှန်ပြနေသူလည်းဖြစ်ခဲ့သည်။ ဓမ္မသစ်တွင် ယေရှုသည် မေရှိယဗျာဒိတ်ဟောကိန်း၏ ပြည့်စုံခြင်းအဖြစ် သတ်မှတ်ထားသည်။ လု၊ ၂၄း၁၃-၃၅ တွင် မေရှိယဗျာဒိတ်ဟောကိန်းသည် မိမိပင်ဖြစ်ကြောင်း ကိုယ်တော်တိုင်ချပြခဲ့သည်။ အမှန်မှာ ယော၊ ၁း၁-၅ တွင် "နှုတ်ကပတ်တော်" ဟူသည်မှာ မည်သည့်လူသား၊ လူသားပရောဖက်နှင့်မျှ ကိုက်ညီခြင်းမရှိပါ။

ထို "နှုတ်ကပတ်တော်"ဟူသည် ဖန်ဆင်းရှင်အဖြစ် ဖော်ထုတ်ခဲ့ရာ "နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်သောအရာ တစ်စုံတစ်ခုမျှမရှိပါ" (ယော၊ ၁း၃)။ ဖန်ဆင်းခံရသောအရာခပ်သိမ်းအား ကိုယ်တော်ဖန်ဆင်းတော်မူ၏။ ယခုခေတ်ခါတွင် လူတို့ခန့်မှန်းသော ၉၃ ဘီလျံအလင်းနှစ်ရှိသော စကြဝဠာကြီးကိုပင် ဖန်ဆင်းတော်မူသည်။ ကမ္ဘာဦးကျမ်း ၁ တွင် "ဘုရားသခင်အမိန့်တော်ရှိ၍"ဆိုသည့် စကားတိုင်းသည် ယေရှုမိန့်တော်မူခြင်းဖြစ်သည်။

"အလင်းဖြစ်စေ" (က၊ ၁း၃)ဟု မိန့်တော်မူသောသူသည် "လူတို့၏ အလင်း" (ယော၊ ၁း၄)ဖြစ်၍ ကယ်တင်ခြင်းစီမံကိန်းအားဖြင့် (ယော၊ ၁း၄၊၅) ကိုယ်တော်သည် လောက၏မှောင်မိုက်ခြင်းကိုလည်း လွင့်ပြယ်စေသည်။ ထာဝရဘုရား၏ ဗျာဒိတ်စကားတို့သည် သေချာရေရာ၍ အရိုးစွဲကျန်၏။ အာရုံစိုက်သောသူအတွက် "စိတ်နှလုံးထဲ၌ အရုဏ်တက်၍ ကြယ်နီထွက်သည်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍ သင်တို့သည် အမှီပြုသင့်၏" (၂ ပေ၊ ၁း၁၉)။

ယေရှု "မိုးသောက်ကြယ်" ဗျာဒိတ်အလင်း၏အရင်းအမြစ်ဖြစ်သူသည် ထာဝရနိုင်ငံတော်သို့ ဧည့်ကြိုဆိုမည့်နေ့ရက်တိုင်အောင် အပြစ်ပြည့်ဝသော လောကကြီးကို အလင်းဆောင်ပေးနေမည်ဖြစ်သည်။ ထိုနေ့ရက်တိုင်အောင် ကိုယ်တော်၏အသက်တာ၊ သေခြင်း၊ ထမြောက်ခြင်းအားဖြင့် ခရစ်တော်သည် ထာဝရအသက်ကို ပေးကမ်းတော်မူသည်။ မေးခွန်းတစ်ခုတည်းရှိသည်။ သင် လက်ခံမည်လော၊ ငြင်းမည်လော။

ယေရှုသည် ဖန်ဆင်းရှင်ဖြစ်သည်ကို နှလုံးသွင်းကြကာ (ယော၊ ၁း၁-၃)။ သင့်အပြစ်အတွက် ကပ်တိုင်ပေါ်တွင်အသေခံသည်ကိုလည်း အောက်မေ့လော့။ ဤအံ့ဖွယ်အမှန်တရားသည် ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ မေတ္တာတော်အကြောင်းကို မည်သို့သွန်သင်သနည်း။

**တနင်္လာနေ့** **အောက်တိုဘာလ ၁၉ ရက်**

**တမန်တော်များနှင့်ပရောဖက်များ**

ဓမ္မသစ်ကျမ်းသည်လည်း ပရောဖက်များနှင့် တမန်တော်များ၏ လုပ်ဆောင်မှုများကို တင်ပြထားသည်။ တမန်တော်များဟူသည် ဘုရားသခင်၏ "သံတမန်များ၊ အစေခံများ"ဖြစ်၍ ဂရိဘာသာအားဖြင့် Apostolos ဖြစ်သည်။ ဧဝံဂေလိတစ်လျှောက်တွင် "တမန်တော်"ဟူသည် တပည့်တော် ၁၂ ပါးတို့အားဆိုလိုသည်။ ကျန်ရှိသော ဓမ္မသစ်ကျမ်းတစ်လျှောက်သည်လည်း ဤအတွေးအခေါ်ကို ထောက်ခံထားရာ ခရစ်တော်၏ တပည့်ရင်း ၁၂ ပါး မဟုတ်သူတစ်ဦးချင်းအား ခေါ်ဆိုသည်လည်းရှိ၏။

ပေါလုသည် သူ၏သြဝါဒစာများတွင် မိမိကိုယ်ကို တမန်တော်ဟု ၁၂ ကြိမ်တိုင်တိုင်ခေါ်ဆိုထားသည်။ ရောမ ၁း၁၂ တွင် သူ၏တမန်တော်အဖြစ်ခေါ်တော်မူခြင်းနှင့် သူ၏ဟောပြောချက်များကို ဓမ္မဟောင်းပရောဖက်များ၏ သတင်းစကားများနှင့် ဆက်နွယ်စေသည်။ ပေါလုသည် မိမိကိုယ်ကို တစ်ပါးအမျိုးသားတို့နှင့်ဆိုင်သော တမန်တော်ဟုပင် (ရောမ၊၁၁း၁၃)ခေါ်ဆိုထား

သည်။ "ဘုရားသခင်၏အလိုတော်အားဖြင့်" (၁ ကော၊ ၁း၁)ခန့်ထားသည်။ ယဇ်ပုရောဟိတ်တို့သည် ဖခင်များမှ သားစဉ်မြေးဆက်ဆက်ခံကြရသော်လည်း ပရောဖက်များကိုမူ ထာဝရဘုရားသည် မိမိအလိုတော်အားဖြင့် ခန့်အပ်တော်မူသည်။

ပေါလု၏တမန်တော်ရာထူးအား အငြင်းပွားမှုရှိလာသောအခါ သူသည် မိမိ၏ခေါ်တော်မူခြင်းအား ကာကွယ်ထား (၁ ကော၊ ၉း၁၊၂)သေးသည်။ သူသည် မိမိ၏တမန်တော်ရာထူးသည် ခရစ်တော်၏လုပ်ဆောင်မှုအပေါ်မှာ တည်ထားသည်ဖြစ်၍ အသင်းတော်၏အုတ်မြစ်ပင်ဖြစ်သည် (ဧဖက်၊ ၂း၂၀) ကို မြင်တွေ့သည်။ ဘုရားသခင်၏ဟောကြားခြင်းကို လက်ခံရရှိသူတစ်ဦးအနေဖြင့် အခြားပရောဖက်များ၏ ဝိညာဉ်တော်မှုတ်သွင်းခြင်း အဆင့်အတန်းကိုပင်ပိုင်ဆိုင်ထားသူဖြစ်သည် (ဧဖက်၊ ၃း၁-၅)။ ၂ ပေ၊ ၃း၁၊၂ တွင် ပေတရုသည် ရှေးပရောဖက်များ၏ သတင်းစကားတို့သည်လည်း အရေးပါခဲ့ကြောင်း ရည်ညွှန်းဖော်ပြထား၍ ယခုအခါ တမန်တော်များသည်လည်း ထိုအခွင့်အာဏာကိုပင် ဆက်လက်ထမ်းဆောင်နေသည်ဟု တင်ပြထားသည်။

အထက်ပါကျမ်းပိုဒ်တို့တွင် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကာလတို့မှ ကိုးကားခြင်းပြုထားပါသည်။ ပရောဖက်တို့သည် ဓမ္မဟောင်းကာလ၌ ဘုရားသခင်သံတမန်များကဲ့သို့ဖြစ်ကြ၍ တမန်တော်တို့သည်လည်း ဓမ္မသစ်ကာလ၏ ဘုရားသခင့်သံတမန်များအဖြစ် ယူဆရပေမည်။ ထို့အပြင် တမန်တော်မဟုတ်သော်လည်း ဗျာဒိတ်စကားဟောကြားကာ ပရောဖက်ဆုကျေးဇူးကိုပင် ခံစားရသောလူအချို့ပင် ရှိနေသေး၏။ ဓမ္မသစ်ကာလတွင် ပရောဖက်ဆုကျေးဇူးတော်ကိုတမန်တော်များအား ကန့်သတ်ထားခြင်းမရှိခဲ့ပါ။ ပရောဖက်တိုင်းသည်လည်း တမန်တော်များ မဟုတ်ကြပါချေ (တ၊ ၁၅း၃၂)။

ဧဖက်၊ ၂း၂၀ နှင့် ဧဖက်၊ ၃း၅ တို့အရ တမန်တော်များနှင့် ပရောဖက်များ၏လုပ်ဆောင်မှုတို့သည် ခရစ်တော်နှင့် အသင်းတော်တို့အား မည်ကဲ့သို့ ဆက်နွယ်နေသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ဓမ္မသစ်ကျမ်းတွင် တမန်တော်များ၏ အရေးအသားများအား ဖတ်ရှုခြင်းဖြင့် ၎င်းတို့ရေးသားသမျှတို့သည် ယေရှုကိုဗဟိုအခြေပြုသည်ကို သိရှိရပါသည်။ တစ်နည်းနည်းအားဖြင့် ကိုယ်တော့်အသက်တာ၊ သေခြင်း၊ ထမြောက်ခြင်း၊ ယဇ်ပုရောဟိတ်အမှုတော်နှင့် ပြန်ကြွလာခြင်းတို့ကို ဗဟိုပြုကာ အာရုံစိုက်ကြသည်။

ယေရှုအသက်တာနှင့် လုပ်ဆောင်ခြင်းအား တမန်တော်များ၏တရားဝင်မှတ်တမ်းမှတ်ရာသည် ကျမ်းစာသာဖြစ်သည်။ ဤအချက်သည် ကျွန်ုပ်တို့ယုံကြည်ခြင်းတွင် ယေရှုအသက်တာနှင့် သေခြင်းနှင့်ပတ်သက်၍ ကျမ်းစာသည်သာ အဆုံးစွန်သော အခွင့်အာဏာရှိသည်ဖြစ်ကြောင်း မည်သို့သွန်သင်သနည်း။

**အင်္ဂါနေ့ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ ‌ အောက်တိုဘာလ ၂၀ ရက်**

**ဓမ္မသစ်ပရောဖက်များ၏လုပ်ဆောင်ချက်များ**

၁ ကော၊ ၁၄း၃။ ဧဖက်၊ ၄း၁၁-၁၃ နှင့် ဗျာ၊ ၂၂း၆ တို့သည် ဓမ္မသစ်ပရောဖက်များ၏လုပ်ဆောင်ချက်များကို မည်သို့သွန်သင်ထားသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အထက်ပါကျမ်းချက်တို့သည် များစွာထောက်မနိုင်သည့်တိုင် ဓမ္မသစ်ပရောဖက်များ၏လုပ်ဆောင်ချက်များ၏ ဘက်စုံအမြင်ကိုမူ မတင်ပြနိုင်ပါ။ သို့သော်လည်း ၎င်းတို့လုပ်ဆောင်ခြင်းများစွာတို့သည် ဓမ္မဟောင်းပရောဖက်များပြုခဲ့သည်များအား ရောင်ပြန်ဟပ်နေကြရာ ပရောဖက်ဆုကျေးဇူးကိုပင် ဆက်လက်တည်မြဲနေစေသည်။

၁ ကော၊ ၁၂း၁၀ တွင် ဗျာဒိတ်စကားများကို ဝိညာဉ်ဆုကျေးဇူးများ တွင်ထည့်သွင်းဖော်ပြထားသည်။ ခရစ်တော်၏ခန္ဓာကိုယ်ဥပစာတွင် (၁ ကော၊ ၁၂း၂၇၊၂၈) ဘုရားသခင်ထံမှ ဗျာဒိတ်စကားလက်ခံရရှိသော ပရောဖက်များ အား တမန်တော်များ၏နောက်မှ တွဲဖော်ပြထားသည်။ ၁ ကော၊ ၁၄း၃ အရ "ပရောဖက်ပြုသောသူမူကား တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာခြင်းအလို့ငှာ လူတို့အား ဟောပြော၏"ဟူ၏။

ဧဖက် ၄း၁၁-၁၃ သည်လည်း ၁ ကော၊ ၁၂ မှာကဲ့သို့ ဝိညာဉ်ဆုကျေးဇူး များ အပြွတ်အခိုင်လိုက်စီရီထားသည်။ ပရောဖက်များကိုမူ တမန်တော်များ၊ တရားဟောဆရာများ၊ သင်းအုပ်ဆရာများနှင့် စာသင်ဆရာများ အုပ်စုတွင် ထည့်သွင်းဖော်ပြထားသည် (ဧဖက်၊ ၄း၁၁)။ ဤပုဂ္ဂိုလ်တို့သည် "သန့်ရှင်းသူ တို့ကိုပြင်ဆင်စေခြင်းအလို့ငှာ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ လည်းကောင်း၊ ငါတို့ရှိသမျှတို့သည် ယုံကြည်ခြင်းသို့ လည်းကောင်း၊ ဘုရားသခင် ၏သားတော်ကို သိကျွမ်းခြင်းသို့ လည်းကောင်း တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းတည်းဟူသော ကြီးရင့်သောလူတို့၏အဖြစ်သို့ ရောက် ကြသည်တိုင်အောင်ဖြစ်သတည်း" (ဧဖက်၊ ၄း၁၂၊၁၃)။ ဤနေရာနှင့် အခြား နေရာတို့တွင်တွေ့ရသည်နည်းတူ ယေရှုသည်သာ ၎င်းတို့သတင်းစကား၏ ဗဟိုဆုံချက်ဖြစ်ပါသည်။

တမန်တော်စာအုပ်သည် မည်သည့်စာအုပ်ကိုမျှပင် မရေးသားခဲ့သော ပရောဖက်နှစ်ပါး၊ ယုဒနှင့် သိလတို့အကြောင်းဖော်ပြရာတွင် "များစွာသော စကားနှင့် ညီအစ်ကိုတို့ကိုဆုံးမ၍ မြဲမြံခိုင်ခန့်စေကြ၏" (တ၊ ၁၅း၃၂)ဟူ၏။ အချိန်နှင့်အမျှပင် ပရောဖက်တို့သည် ပြင်းထန်သောသတိပေးခြင်းများကို ပြော ကြားလေ့ရှိရာ သူတို့သည်လည်း အားပေးတိုက်တွန်းစကားများကို အချိန်နှင့် အခါအလိုက် အထူးသဖြင့် ကြိုးစားလုပ်ဆောင်ရသောအခါ ၎င်းတို့၏မျှော်လင့် ခြင်းနှင့် ကတိချက်များပါရှိ၍ ၎င်းတို့မှ နှစ်ထောင်းအားရနိုင်မည့် စကားများကို ပြောကြားလေ့ရှိကြသည်။ အားပေးတိုက်တွန်းသောစကားများကိုမူ ဗျာဒိတ်

စကားများနှင့် စကားစပ်များတွင် ဖော်ပြထားလေ့ရှိသည် (၁ ကော၊ ၁၄း၃၁)။ ဒုက္ခဆင်းရဲခြင်းနှင့် ဖိစီးနှိပ်စက်ခြင်းကာလတွင် ပရောဖက်ဆုကျေးဇူးသည် အားပေးတိုက်တွန်းခြင်းနှင့် မျှော်လင့်ရာဇစ်မြစ်ပင်ဖြစ်၏။

ဗျာ၊ ၂၂း၆ တွင် ယေရှုအား "သစ္စာစကား၊ ဟုတ်မှန်သောစကား၊ ပရောဖက်တို့၏ဝိညာဉ်ကို အစိုးရသောထာဝရအရှင်ဘုရားသခင်"ဟုပင် တင်ပြထားသည်။ ဘုရားသခင်၏အစေခံကျွန်တို့သည် ဘုရားသခင်အတွက် ပြောဆိုနေသောအခါ "သစ္စာစကားနှင့် ဟုတ်မှန်သောစကား"များဖြစ်သည်။ မယုံကြည်စိတ်မချရသော ဤလောကကြီးတွင် ကိုယ်တော်၏ပရောဖက်များ ဟောပြောသည်များကို ယုံကြည်စိတ်ချနိုင်ရာ အထူးသဖြင့် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏အဆုံးစွန်သော အာဏာစက်ပင်ဖြစ်လေသည်။

**ဗုဒ္ဓဟူးနေ့** **အောက်တိုဘာလ ၂၁ ရက်**

**ပရောဖက်မများနှင့်လူငယ်သင်းအုပ်ဆရာလုပ်ဖော်ကိုင်ဖက်များ**

လု၊ ၂း၃၆-၃၈ နှင့် တ၊ ၂၁း၉ ကိုဖတ်ပါ။ ပရောဖက်မတို့နှင့် ပတ်သက်၍ မည်သို့ဆိုထားသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ဓမ္မဟောင်းကာလတွင် ဘုရားရှင်သည် မိမိ၏သံတမန်အဖြစ် ယောက်ျားမိန်းမများကို ခေါ်တော်မူ၏။ ဓမ္မသစ်ခေတ်တွင်လည်း ပရောဖက်မများရှိခဲ့သည်မှာခိုင်လုံသည်။ အန္န အမည်ရှိသူသည် ဓမ္မသစ်ကျမ်း၏ "ပရောဖက်မ" တစ်ဦးဖြစ်သည်။ သူမသည် အချိန်ပြည့်ဓမ္မအမှုတော်ဆောင်၍ "ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းအားဖြင့် နေ့ညဥ့်မပြတ် ဘုရားဝတ်ကိုပြုခြင်း၊ ထာဝရဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် ကိုယ်တော့်အကြောင်းကို ပြောလေသည်" (လု၊ ၂း၃၇၊၃၈)။

တ၊ ၂၁း၉ တွင် ဖိလိပ္ပုသည် "ပရောဖက်ပြုသော သမီးကညာ လေးယောက်ရှိသည်"ဆို၏။ ဓမ္မသစ်သမိုင်းပညာရှင်ဖြစ်သော Eusebius က ၎င်းတို့နေထိုင်ဖွယ်ရှိသောနေရာများနှင့် သင်္ဂြိုဟ်ခြင်းခံရသည့်နေရာများကို တွေ့ရှိသည် ဆို၏။ မည်သို့ပင်ဆိုစေ တွေ့ရသည်မှာ အမျိုးသမီးများ၊ အများစုမှာ အမျိုးသမီးငယ်များတို့သည်လည်း ပရောဖက်ပြုခြင်းဆုကျေးဇူးရှိကြသည်။ သူတို့မည်သည်ကို ပရောဖက်ပြုကြသည်၊ သူတို့၏အမှုဆောင်လုပ်ငန်း အတိုင်းအရှည်ကို လည်းကောင်း အတိအကျမသိရပါ။ ပရောဖက်ပြုခြင်းဆုကျေးဇူးရှိကြသော ထိုအမျိုးသမီးငယ်များအကြောင်း သိရသည့်အရာမှာ သူတို့၏ ပရောဖက်စကားတို့သည် ကေနွန် (Canon) ကျမ်းဂန်တည်းဟူသော သမ္မာကျမ်းစာတွင် ပါမလာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သူတို့သည် ကေနွန်ကျမ်းဂန်တွင်မပါခဲ့ရသော မှန်ကန်သောပရောဖက်များဖြစ်သော်လည်း သူတို့၏ရေးသားချက်တို့သည် ကျမ်းဂန်တွင်သာ ပါမလာခဲ့ခြင်းသာဖြစ်သည်။

ဆက်လက်၍ အမျိုးသမီးပရောဖက်များတို့သည် တမန်တော်များနှင့် အနီးကပ်လုပ်ဆောင်သော ငယ်ရွယ်သောတရားဟောဆရာများဖြစ်ကြသည်။ တမန်တော်တို့သည် သာသနာအတွက် ခေါင်းဆောင်သစ်များကို မွေးထုတ်ပေးကြသည်။ သာဓကအနေဖြင့် တိမောသေသည် "ယုံကြည်ခြင်းအားဖြင့် ငါ့သားဖြစ်သော" (၁ တိ၊ ၁း၂။ ၄း၁၂)ဟု ပေါလုဆိုသည်။ ပေါလုသည် တိမောသေအား သင်းအုပ်ဆရာအမှုဆောင်ခြင်း၏ အခြေခံကိုသင်ပေးခဲ့သည်။ တိမောသေ၏ခေါ်တော်မူခြင်းကိုပင် ပေါလုသည် "ငါ့သား တိမောသေ၊ သင့်ကိုရည်မှတ်၍ ဟောပြောခဲ့ပြီးသော အနာဂတ္တိစကားများကို သင်သည် အမှီပြု၍ ယုံကြည်ခြင်းကို လည်းကောင်း၊ ကိုယ်ကိုယ်ကိုယ်သိသော စိတ်ကြည်လင်ခြင်းကို လည်းကောင်း စွဲလန်း၍ ကောင်းသောစစ်ကို တိုက်စေခြင်းငှာထားခဲ့ပြီးသော ထိုအနာဂတ္တိစကားများနှင့်အညီ အထက်ငါဆိုပြီးသော ပညတ်ထားခြင်းအခွင့်ကို သင်၌ငါအပ်ထား၏" (၁ တိ၊ ၁း၁၈)ဟု ဆို၏။

တိတု၊ ၁း၄ တွင်လည်း ပေါလုသည် တိတုကို မိတ်ဆက်ရာတွင် "ဆက်ဆံသောယုံကြည်ခြင်း၌ ငါ့သားစစ် တိတု" ဟု ဆိုသည်။ ပေါလုသည် ကရေတေကျွန်း၌ စိန်ခေါ်မှုကြီးမားသောယုံကြည်သူများအတွက် ခေါင်းဆောင်များခန့်အပ်ထားခြင်းတာဝန်ကို တိတုအားပေးအပ်ခဲ့သည်။ လူငယ်လေးတိတုအား အရေးကြီးသော ဤတာဝန်ကိုထမ်းဆောင်နိုင်ရန် အကြံပြုရာတွင် ပေါလုသည် "ဤတရားစကားကို ဟောပြောခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမပြစ်တင်ခြင်းတို့ကို ခပ်သိမ်းသောအာဏာနှင့်တကွပြုလော့။ အဘယ်သူမျှ သင့်ကိုမထီမဲ့မြင်မပြုစေနှင့်" (တိ၊ ၂း၁၅) ဟု ဆို၏။

လူငယ်၊ လူကြီး၊ ကျား၊ မ အားလုံးတို့သည် ဘုရားရှင်အမှုတော်တွင် ပါဝင်ရမည့်အခန်းကဏ္ဍများရှိပါသည်။ သင့်အခန်းကဏ္ဍသည် အဘယ်နည်း။ မည်သို့ သာ၍လုပ်ဆောင်နိုင်မည်နည်း။

**ကြာသပတေးနေ့ — အောက်တိုဘာလ ၂၂ ရက်**

**ဓမ္မသစ်ကျမ်း၌မိစ္ဆာပရောဖက်များ**

မဿဲ၊၂၄း၂၃၊၂၄ ကိုဖတ်ပါ။ ယေရှုသည် မည်သည်ကို သတိပေးသနည်း။ ဤသတိပေးခြင်းအား ကျွန်ုပ်တို့သည် အဘယ်ကြောင့် အလေးအနက်ထားရမည်နည်း။

---

---

ယေရှုသည် ဤထက်သာ၍ရှင်းလင်းစွာ မိန့်ရန်မရှိတော့သော "ခရစ်တော်၏အယောင်ကို ဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ပြုလိမ့်မည်" (မ၊ ၂၄း၂၄)ဟု ဆိုခဲ့ပြီးဖြစ်သည်။

"ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှု"ဆိုသည်မှာ လွန်စွာဆွဲဆောင်မှုကြီးမားသော လှည့်ဖြားခြင်းပင်ဖြစ်သည်။ သဘာဝလွန်ကဲသောဖြစ်ရပ်များအားလုံးတို့သည် မည်မျှပင်လှည့်ဖြားဆွဲဆောင်နိုင်သည်ဖြစ်စေ၊ ထာဝရဘုရားပြုတော်မူသည်မဟုတ်ပါချေ။ သဘာဝလွန်ကဲသော ရန်သူများရှိ၏။

ပေါလုသည်လည်း "အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရသည်မဟုတ်၊ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့် လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့် လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့် လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ကြရ၏" (ဧဖက်၊ ၆း၁၂)ဟု ဆို၏။ ဤတန်ခိုးအာဏာတို့သည် မိစ္ဆာပရောဖက်တို့အားဖြင့် လုပ်ဆောင်နေကြသည်။

အမှန်ဆိုရသော် မိစ္ဆာပရောဖက်တို့ဟူသည် အသစ်အဆန်းမဟုတ်ပါ။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကာလ မိစ္ဆာပရောဖက်တို့ကိုပင် ရည်ညွှန်းလေ့ရှိသည် (လု၊ ၆း၂၆)။ ဓမ္မသစ်ကျမ်းသည် မိစ္ဆာပရောဖက်တို့ကို "အတွင်း၌ကြမ်းတမ်းသော တောခွေး၊ သိုးရေကိုခြုံ၍" (မ၊ ၇း၁၅)ဟု ဆိုကာ "ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်" (မ၊ ၇း၁၆)ဟုဆိုသည်။ ၎င်းတို့၏အဓိကအလုပ်သည် လှည့်ဖြားခြင်းပင်ဖြစ်သည် (မ၊ ၇း၁၇-၂၀)။ ယေရှုကိုယ်တော်တိုင်သည် "မိစ္ဆာပရောဖက်အများတို့သည်ပေါ်လာ၍ လူအများတို့ကို လှည့်ဖြားကြလိမ့်မည်" (မ၊ ၂၄း၁၁)၊ "ရွေးချယ်သောသူတို့ကိုပင်" (မ၊ ၂၄း၂၄။ မာ၊ ၁၃း၂၂။ ၁ ယော၊ ၄း၁)ဟု ဆိုသည်။

ဧဖက် ၆း၁၀-၁၈ အရ ထိုလှည့်ဖြားခြင်းတစ်ခုခု၏ရန်မှ မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်နည်း။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

ယုံကြည်ခြင်းဖြင့် ရှင်သန်လျက် "ဖြောင့်မတ်ခြင်း ရင်အုပ်တန်ဆာ" ဝတ်ဆင်ကာ "သမ္မာတရား" ခါးစည်းစည်းခြင်းဖြင့် ဆုတောင်း၍ သန့်ရှင်းသော ဝိညာဉ်တော်ထံဆက်ကပ်ကာ ကိုယ်တော်၏နှုတ်ကပတ်တော်၌ အမြစ်တည်ခြင်းစသည်တို့သည် ဝိညာဉ်ရေးရာနှင့် သာသနာပစျာဆိုင်ရာ လမ်းလွဲခြင်းမှ ကာကွယ်ပေးနိုင်သောအရာများဖြစ်သည်။

လောကကြီးအား လှည့်စားနေခြင်းအားလုံးတို့မှ မိမိကိုယ်ကို သာ၍ ကာကွယ်နိုင်ရန် မည်သည့်လက်နက်များ တပ်ဆင်နိုင်မည်နည်း။

**သောကြာနေ့ အောက်တိုဘာလ ၂၃ ရက်**

**ယေရှုနှင့်သူ၏နှုတ်ကပတ်တော်ကိုဗဟိုပြုခြင်း**

သင်ခဲ့ပြီးသည့်အတိုင်း ဘုရားသည် လိုအပ်သောအချိန်တွင် အရေးကြီးသောလုပ်ငန်းအတွက် ပရောဖက်များကိုခန့်ထားသည်။ ၎င်းတို့၏အဓိကလုပ်ဆောင်ချက်သည် ဘုရားသခင်နှင့် လူသားတို့သည် သစ္စာရှိသောလူမှုဆက်ဆံရေးရှိနိုင်ရန်ဖြစ်သည်။ ဤသည်မှာ အီးဂျီဝှိုက်၏လမ်းညွှန်ခြင်းဖြင့်ဖြစ်သည်။ သူမ၏သာသနာပြုခြင်း၏အဓိကလုပ်ဆောင်ချက် နှစ်ခုသည် လူများကို ယေရှုထံသို့ခေါ်ဆောင်ခြင်းနှင့် နှုတ်ကပတ်တော်ကျမ်းစာသို့ လမ်းညွှန်ခြင်းဖြစ်သည်။ အီးဂျီဝှိုက်သည် ယေရှုအား တစ်သက်တာစိတ်အားထက်သန်မှုနှင့် ဘုရားသခင်၏မေတ္တာတော်ကို သူတစ်ပါးတို့အား မျှဝေလိုသောဆန္ဒရှိ၏။

သူမ၏နာမည်ကြီးစာအုပ် ၅ အုပ်တွဲ၊ "ခေတ်အဆက်ဆက်ပဋိပက္ခ" (The Conflict of The Ages) တွင် "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူခြင်း"သည် နိဒါန်းနှင့် နိဂုံးပင်ဖြစ်သည်။ "ခရစ်တော်ထံသို့ ခြေလှမ်းများ" (Steps to Christ) သည် သူမ၏အထင်ကရစာအုပ်ဖြစ်ရာ "ကျွန်ုပ်တို့ကျေးဇူးတော်အတွင်းကြီးထွားခြင်း၊ ဝမ်းမြောက်ခြင်း၊ အသုံးဝင်ခြင်း စသည်တို့သည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ပေါင်းစည်းခြင်းအပေါ် မူတည်သည်။ ကိုယ်တော်

၌ နေ့ရက်တိုင်း၊ နာရီတိုင်း တည်နေခြင်းဖြင့် ကျေးဇူးတော်အတွင်းကြီးထွားရသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစပြုပေးသူသာမက စုံလင်စေတော်မူသောအရှင်ဖြစ်၏" (Steps to Christ, p. 69)။

၁၈၉၀ ခုနှစ် ဝန်းကျင်တွင် သူသည် The Desire of Ages အပေါ်တွင် လုပ်ဆောင်နေရာ သူမ၏နေ့စဉ်မှတ်တမ်းတွင် "ခရစ်တော်၏သက်တော်စဉ်အား ရေးသားပြုစုရာတွင် ကျွန်ုပ်လေးလေးနက်နက်စွဲလန်းနေမိသည်။ အသက်ရှူရန်ပင် မေ့နေသည့်အလားပင်ဖြစ်သည်။ ခရစ်တော်သည် လောကကြီးအတွက် ဝေဒနာခံစားရသည်ကို စဉ်းစားမိသည့်အခါတိုင်း ခံစားမှု၏ ပြင်းထန်မှုသည် မခံမရပ်နိုင်ပင်ဖြစ်သည်" (Manuscript 70, 1897. Ellen G. White loved to speak about Jesus)။

သမ္မာကျမ်းစာသည် သူမ၏ ဒုတိယဆုံချက်ပင်ဖြစ်သည်။ သူမသည် သူမ၏အရေးအသားများကို "လျော့နည်းသောအလင်း"ဟုခေါ်၍ "ပိုမိုကြီးမားသောအလင်း" သမ္မာကျမ်းစာသို့ ပို့ဆောင်သည်ဆို၏ (Selected Messages, book 3, p. 29)။ လူသားတို့သည် ဘုရားသခင့်ချစ်ခြင်းမေတ္တာ၏ ဝိသေသတော်နှင့် ကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြထားသော သမ္မာကျမ်းစာသို့သွားကြရန်တိုက်တွန်းသည်။ သူမ၏အမှုဆောင်အစောပိုင်းတွင် ပြောခဲ့သည်မှာ "စာဖတ်သူများရှင့်၊ နှုတ်ကပတ်တော်အား သင်တို့၏ယုံကြည်ခြင်းနှင့် အလေ့အကျင့်တို့၏မူဝါဒဖြစ်စေရန် ကျွန်ုပ်အကြံပြုပါသည်" ဟူ၏ (Selected Messages, Book 3, p. 30)။

နှစ်အတော်တန်ကြာသောအခါ "သင့်ကျမ်းစာကိုဖတ်ရှုရန် ကိုယ်တော်အလိုရှိသည်။ သူ့နှုတ်ကပတ်တရားတော်ကို အစားထိုးမည့် မည်သည့်တွဲဘက်အလင်းကိုမျှ မပေးပါ။ နှုတ်ကပတ်တော်အားစားသုံး၍အစာကြေပါက ဝိညာဉ်၏အသက်သွေးပင်ဖြစ်ရလေသည်။ ထိုအခါတွင် အမှောင်ကိုခွင်းသော အလင်းရောင်ကဲ့သို့ ကောင်းသောအကျင့်များကို မြင်တွေ့ရလိမ့်မည်" (Letter 130, 1901)။

အီးဂျီဝိုက်သည် ခရစ်တော်၏ပရောဖက်အခွင့်ကိုခံယူသူတိုင်း "ခရစ်တော် သွန်သင်သမျှကို သွန်သင်ရမည်"ဟု ယုံကြည်ခဲ့သည်။ ကိုယ်တော်တိုင်မိန့် ကြားခဲ့သောအရာများသာမက ဓမ္မဟောင်းကျမ်းမှ ပရောဖက်နှင့် ဆရာများ အားဖြင့် မိန့်ကြားခဲ့သောအရာများလည်း ဤတွင်ပါဝင်သည်။ လူတို့၏သွန် သင်ချက်ကိုမူ ဖယ်ရှားထားသည် (DA. p.826)။

ပိုမိုကြည့်ရှုရန် (https://whiteestate.org/absg/4.)

-၀-

## သင်ခန်းစာ (၅)

# ဗျာဒိတ်ပေးခြင်းနှင့်ဝိညာဉ်တော်မှုတ်သွင်းခြင်း

အောက်တိုဘာလ ၂၄ – အောက်တိုဘာလ ၃၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာ ၂၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဟေဗြဲ၊ ၁း၁၊၂။ ၂ တိ၊ ၃း၁၅-၁၇။ ၂ ပေ၊ ၁း၁၈-၂၁။ ထွက်၊ ၁၇း၁၄။ ဗျာ၊ ၁း၁၉။ ယေဇ၊ ၄း၁-၈။

### အလွတ်ကျမ်းချက်

**"ကာလမကြာမမြင့်မီဖြစ်ရမည် အမှုအရာများကို ယေရှုခရစ်သည် မိမိအစေခံကျွန်တို့အား ပြစေခြင်းငှာ၊ ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ ဗျာဒိတ်တော်ကိုဆိုပေအံ့။ ထိုသခင်သည် မိမိကောင်းကင်တမန်ကို စေလွှတ်၍ မိမိအစေခံကျွန် ယောဟန်အား ဗျာဒိတ်တော်အရိပ်ကို ပြတော်မူ၏။ ယောဟန်သည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်ကို မြင်သမျှအတိုင်း သက်သေခံ၏" (ဗျာ၊ ၁း၁၊၂)။**

တမန်တော်ယောဟန်သည် တမန်တော်တစ်ဆယ့်နှစ်ပါးတို့တွင် အရေးပါသောနေရာကဏ္ဍ၌ ပါဝင်ခဲ့ရသည် (လု၊ ၈း၅၁။ မ၊ ၁၇း၁။ မ၊ ၂၆း၃၆၊၃၇)။ ခရစ်တော်သည်ကောင်းကင်သို့တက်ကြွသွားပြီးသောအခါ သူသည်ယေရုရှလင်မြို့တွင် သာသနာတော်၌ဆက်လက်ပါဝင်ခဲ့သည်။ မြို့တော်မကျလေးမီတွင် အာရှမိုင်းနားရှိ ရောမနိုင်ငံ၏နယ်ပယ်များတွင် အသင်းတော်များကိုကြည့်ရှုရန် ဧဖက်မြို့သို့ပြောင်းရွှေ့ခဲ့ရသည်။ ရောမဧကရာဇ်ဘုရင် ဒိုမီရှန်လက်ထက် ခရစ်ယာန်များအား ဖိစီးနှိပ်စက်မှုကာလတွင်ပင် တမန်တော်ကြီးအား အေဂျီးယန်ပင်လယ်အတွင်းရှိ ပတ်မုကျွန်းတွင် နယ်နှင်ဒဏ်ပေးလေ၏။

ပတ်မုကျွန်းပေါ်တွင် ယောဟန်လက်ခံရရှိခဲ့သော ထူးကဲသောဗျာဒိတ်စကားများကို အာရှမိုင်းနားရှိအသင်းတော်ခုနစ်ခုသို့တင်မက ခေတ်အဆက်ဆက်ခရစ်ယာန်များထံသို့ပင် ရောက်ရှိသွားလေသည် (ဗျာ၊ ၁း၁-၃၊၉-၁၁)။ ယောဟန်အပါ ထိုဗျာဒိတ်စကားများကို ပို့ဆောင်သောကွင်းဆက်သည် ခမည်းတော်ဘုရားမှ ယေရှုခရစ်တော်၊ ထိုမှ ကောင်းကင်တမန်တော်၊ တမန်တော်ယောဟန်မှတစ်ဆင့် စာဖတ်သူ၊ ကြားနာသူများထံသို့ ရောက်ရှိလာသည်။ ဤသည်မှာ ဗျာဒိတ်ပေးခြင်းနှင့် ဝိညာဉ်တော်မှုတ်သွင်းခြင်း၏ ဂန္ထဝင်သာဓကတစ်ခုပင်ဖြစ်ရာ လူသားများနှင့်ဆက်သွယ်ရန် ဘုရားသခင်၏ လုပ်ငန်းစဉ်တွင် ပရောဖက်များကို အသုံးပြုသည့်ပုံစံဖြစ်သည်။

ယခုတစ်ပတ်သင်ခန်းစာသည် ဗျာဒိတ်ပေးခြင်းနှင့် ဝိညာဉ်တော်မှုတ်သွင်းခြင်း၊ ကောင်းကင်မှ သတင်းစကားများကို လူသားများထံသို့ ဆက်သွယ်ပို့ဆောင်ခြင်းလုပ်ငန်းစဉ်ပုံစံမျိုးစုံဖြစ်သော ဟောကြားမှု၊ ရေးသားမှုနှင့် ဇာတ်လမ်းဆန်သောနည်းလမ်းများအား အတိအကျလေ့လာခြင်းဖြစ်သည်။

**တနင်္ဂနွေနေ့ — အောက်တိုဘာလ ၂၅ ရက်**

**အထွေထွေနှင့်အထူးဗျာဒိတ်ပေးခြင်း**

ဟေဗြဲ၊ ၁း၁၊၂ ကိုဖတ်ပါ။ ထာဝရဘုရားသည် ကျွန်ုပ်တို့နှင့်ဆက်ဆံပြောဆိုရန် အဘယ်ကြောင့်အလိုရှိသနည်း။ ယေရှုနှင့် ပရောဖက်များမှတစ်ဆင့် ကျွန်ုပ်တို့ထံသို့ မည်သည်တို့ကို ပြောဆိုနေသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

စကြဝဠာ၏ဖန်ဆင်းရှင်သည် ကျွန်ုပ်တို့အား မည်သည်ကိုပြောပြရန်လိုအပ်သနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့နှင့်ဆက်သွယ်နေရသနည်း။ အကြောင်းရင်းမှာ ကျွန်ုပ်တို့လူသားသည် အပြစ်လောကထဲ၌ကျဆုံး၍ သေခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ စုံစမ်းခြင်းတို့ကိုသာ ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤနေရာတွင်နေရခြင်းအကြောင်း၊ အရာခပ်သိမ်းဆိုးယုတ်နေရခြင်းအကြောင်းနှင့် သူ၏မေတ္တာတော်သည် ကျွန်ုပ်တို့မျှော်လင့်ရာပင်ဖြစ်ကြောင်း သိစေလိုသောကြောင့် ပြောဆိုရခြင်းဖြစ်သည်။

ဤသဘာဝလောကတွင်မြင်တွေ့ရသော ဘုရားသခင်၏ အထွေထွေဗျာဒိတ်ပေးခြင်းတွင် ကိုယ်တော်သည် သူ၏အနန္တတန်ခိုးတော်နှင့် မေတ္တာတော်ကို လိမ္မာပါးနပ်စွာပြောပြခဲ့လေသည်။ ရှင်ဘုရင်ဒါဝိဒ်သည် "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကိုပြသ၏" (ဆာ၊ ၁၉း၁)ဟုဆိုသည်။ ပေါလုသည်လည်း "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိ၏။ ထိုကြောင့် သူတို့သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ" (ရောမ၊ ၁း၂၀)ဟုဆို၏။

ဤလောက၏ လျှို့ဝှက်ဆန်းကြယ်လှသော အနာငြိမ်းခြင်းလုပ်ငန်းစဉ်ကို ပြန်လည်ထူထောင်သော ဘုရားသခင်၏တန်ခိုးတော်သည်လည်း လွန်စွာအံ့ဖွယ်ကောင်း၏။ "ဘုရားသခင်၏ အနာငြိမ်းစေခြင်းတန်ခိုးတော်သည် သဘာဝတစ်ခွင်လုံးတွင် ပျံ့နှံ့တည်ရှိ၏။ သစ်တစ်ပင်ကို ခုတ်လှဲခြင်း၊ လူတစ်ဦး ဒဏ်ရာရခြင်း၊ အရိုးကျိုးခြင်းတို့တွင် သဘာဝတရားသည် ချက်ချင်းစတင်ကုစားတော့၏။ လိုအပ်ချက်မပေါ်ပေါက်မီကပင် အနာငြိမ်းစေသောစွမ်းအားတို့သည် အသင့်ရှိနေခဲ့ရာ ခန္ဓာကိုယ်တစ်ခုခု ဒဏ်ရာရသည်နှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းအတွက် စွမ်းအင်တိုင်းသည် အာရုံစိုက်လုပ်ဆောင်ကြသည်" (E.G White, Education, p. 113)။

သဘာဝလောကသည် လှပ၍ သင်ခန်းစာတွေ ပေးစွမ်းနိုင်ရာ ၎င်းသည် ဘုရားသခင်၏ တန်ခိုးတော်နှင့် မေတ္တာတော်တင်မက ဆိုးယုတ်ခြင်းရှိသည်ကိုပင် ဖော်ပြပေးသည် (က၊ ၃း၁၄-၁၉။ မ၊ ၁၃း၂၄-၃၀)။ ဤ

မရေရာသောသတင်းစကားတို့ကို ဘုရားသခင်၏ အထူးဖော်ပြခြင်းအလင်း ဦးသော စနစ်တကျနားလည်နိုင်မည်ဖြစ်သည်။ ၎င်းတို့မှာ ယေရှုခရစ်တော်နှင့် နှုတ်ကပတ်တော်၊ ဘုရားအကြောင်းသက်သေခံလျက်ရှိသော သမ္မာကျမ်းစာ စသည်တို့ပင်ဖြစ်သည် (ယော၊ ၅း၃၉)။

သမ္မာကျမ်းစာဟူသည် ဘုရားသခင်၏မှုတ်သွင်းခြင်းအရ ခေတ်အဆက်ဆက်မှတ်တမ်းတင်ထားသော ဘုရား၏သတင်းစကားများဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာကြီးဖန်ဆင်းခြင်းနှင့် ဝမ်းနည်းဖွယ်ကျဆုံးခြင်း၊ ဘုရားရှင်၏အံ့ဖွယ်ကယ်တင်ခြင်းစီမံကိန်းနှင့် ကမ္ဘာကြီးအား နောက်ဆုံးပြန်လည်ထူထောင်ခြင်းအကြောင်းကို ဖော်ပြနေသည်။ တိုတိုလေးနှင့် ရွေးချယ်ထားသော အချို့သမ္မာကျမ်းစာဆိုင်ရာဇာတ်လမ်းတို့သည် ဘုရားကိုယ်တော်တိုင် မိန့်တော်မူသောကြောင့် ယုံကြည်စိတ်ချရသည် (၂ တိ၊ ၃း၁၆။ ၂ ပေ၊ ၁း၁၉-၂၁)။

ဖန်ဆင်းရှင်၏တန်ခိုးတော်နှင့် မေတ္တာတော်ကို သဘာဝတရားမှ အမှန်ဖော်ကျူးနေသော်လည်း အဘယ်ကြောင့် ကျွန်ုပ်တို့သည် ရေးသားထားသော နှုတ်ကပတ်တော်ကို အရေးတကြီးလိုအပ်နေရသနည်း။

**တနင်္လာနေ့ အောက်တိုဘာလ ၂၆ ရက်**

**မှုတ်သွင်းခြင်း၏လုပ်ငန်းစဉ်**

ခေတ်အဆက်ဆက်တွင် သမ္မာကျမ်းစာတင်မက စာအုပ်စာပေမြောက်မြားစွာ ဆင်းသက်လာခဲ့ပြီးဖြစ်သည်။ ၎င်းတို့ကြားထဲတွင်ပင် သမ္မာကျမ်းစာကိုဘုရားရှင်၏နှုတ်ကပတ်တော်ဟု ကျွန်ုပ်တို့ယုံကြည်၏။ အခြားအရေးအသားများမှ မည်သည့်အရာသည် ထူးခြားနေစေသနည်း။

၂ တိ၊ ၃း၁၅-၁၇ နှင့် ယာ၊ ၁း၁၇ ကိုဖတ်ပါ။ ဤကျမ်းချက်မှ မည်သည့်အရေးကြီးသောအရာ ကောက်ယူနိုင်မည်နည်း။

---

---

၂ တိ၊ ၃း၁၆ ၏အကောင်းဆုံးသို့ အနက်ပြန်ခြင်းကိုပင် ဆွေးနွေးတိုင်ပင်ခြင်းရှိခဲ့သော်လည်း အနက်ပြန်ခြင်းအများစုမှာ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်ထံမှလာကြောင်း တစ်ခဲနက်ထောက်ခံကြ၏ (၂ ပေ၊ ၁း၂၀၊၂၁)။ ကျမ်းစာထုတ်လွှင့်အစီရင်ခံသူတစ်ဦးသည် "ပေါလုသည် ကျမ်းစာတစ်ခုလုံးအား ဆင်ခြင်သုံးသပ်နေပုံရှိ၍ ကျမ်းစာတစ်အုပ်လုံးသည် လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း။ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုရန်ဟု သွန်သင်ထားခြင်းဖြစ်သည်" G.W. Knight III, The Pastoral Epistles: A Commentary On The Greek Text (Grand Rapids, MI: Eerdmans, 1992), p. 445။

သို့ဖြစ်လျှင် သမ္မာကျမ်းစာအား စတင်တည်ထောင်ခဲ့သူ၏ လှုံ့ဆော်မှုတ်သွင်းခြင်းကို ကျွန်ုပ်တို့မည်သို့နားလည်ရကြမည်နည်း။ ယုံကြည်အားကိုးရသောကောင်းကင်၏ သတင်းစကားများကို မှန်ကန်သောပရောဖက်များအား သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီထောက်မခြင်းဖြင့် ဗျာဒိတ်ပေးမှုတ်သွင်းပေးသည်ဟု သတ်မှတ်ရပေသည်။ ထိုသို့ မစရာ၊ ထောက်မရာတွင် ပရောဖက်မှ လက်ခံရရှိရုံသာမဟုတ်ဘဲ ထပ်မံရရှိမည့်သူများထံမှ ရှင်းလင်းစွာပို့ဆောင်ခြင်းပြုရပေသည်။

ထာဝရဘုရား၏ သတင်းစကားတို့သည် ရူပါရုံနှင့် အိပ်မက်တို့အား ဖြင့်လာကြသည် (တော၊ ၁၂း၆။ ဟေရှာ၊ ၆း၁၈)။ ဘုရားရှင်သည် မျက်မြင်သက်သေများကိုပင်အသုံးပြုသည် (၁ ယော၊ ၁း၁-၃)၊ ဝိညာဉ်တော်မှုတ်သွင်းသောသမိုင်းဝင်သုတေသနများ (လု၊ ၁း၁-၃)၊ စိတ်နှလုံးတွင် ကောင်းကင်၏ထင်မြင်ယုံကြည်စေခြင်း (၂ ပေ၊ ၁း၂၁)တို့ပါဝင်သည်။ သန့်ရှင်းသောဝိညာဉ်အသုံးပြုသောနည်းလမ်းများသာ မဆိုဘဲနှင့်၊ ပရောဖက်များနှင့် ကျမ်းစာကလောင်ရှင်များတို့မှ မိမိတို့၏ပုဂ္ဂလဓိဋ္ဌာန်ဖြင့် မျှဝေလိုခြင်းမဟုတ်ဘဲ မှန်ကန်သောသတင်းစကားများကို ခံယူပေးအပ်ခံရခြင်းဖြစ်၏။

ဘုရားသခင်၏သတင်းစကားများကို တမန်တော်တို့မှ မိမိတို့၏ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြခြင်း၊ ဖောက်ပြန်လွဲပြောင်းခြင်း၊ ပုံဖျက်ခြင်း စသည်တို့ကို လုံး၀ (လုံး၀)မပြုရပါ။ အနာဂတ်သတင်းစကားများကို ၎င်း၏မူရင်းပရိသတ်တို့ထံသို့ နှုတ်မြွက်ခြင်းဖြင့် (၂ ပေ၊ ၁း၁၉-၂၁) လည်းကောင်း၊ စာပေဖြင့် (ယော၊ ၂၀း၃၀၊၃၁) လည်းကောင်း၊ ဇာတ်လမ်းအားဖြင့် (ယေဇ၊ ၄း၁-၈) လည်းကောင်း ဖော်ပြလေ့ရှိသည်။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာနှင့် မှတ်သွင်းလှုံ့ဆော်ခြင်း၏ အထွေထွေလုပ်ငန်းစဉ်များ မည်သို့ရေးသားပြုစုသည်တို့ကို ဂဃနဏ နားမလည်နိုင်သည့်တိုင် ဘုရားသခင်၏မှုတ်သွင်းတော်မူသော နှုတ်ကပတ်တော်ဖြစ်ကြောင်းမည်သို့ ယုံကြည်စိတ်ချနိုင်မည်နည်း။

**အင်္ဂါနေ့                                          အောက်တိုဘာလ ၂၇ ရက်**

**နှုတ်မိန့်သတင်းစကားများ**

၂ ပေ၊ ၁း၁၈-၂၁ ကိုဖတ်ပါ။ ဘုရားသခင်၏ ပရောဖက်များမှ ပေးပို့ထားသောနှုတ်မိန့်နှင့် ရေးသားထားသော သတင်းစကားများတို့သည် ယုံကြည်စိတ်ချရကြောင်း မည်သည့်အာမခံချက်ရှိသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အာဒံ၊ ဧ၀တို့ မကျဆုံးမီ (က၊ ၂း၁၆၊၁၇) နှင့် ကျဆုံးပြီးတွင် (က၊ ၃း၉-၁၉) ဘုရားသည် မျက်နှာချင်းဆိုင် စကားပြောဆိုခဲ့သည်။ ထိုနှစ်ခုလုံးတွင် သူတို့နှစ်ယောက်သည် ကိုယ်တော့်စကားကို နားလည်ကြသည်။ သိနာတောင် (ထွက်၊ ၂၀း၁-၂၀)၊ နှစ်ခြင်းမင်္ဂလာခံယူတော်မူစဉ်နှင့် ပုံသဏ္ဌာန်ပြောင်းလဲခဲ့စဉ်တွင် (မ၊ ၃း၁၇။ ၁၇း၅) ကိုယ်တော့်အသံသည် ရှင်းလင်းပြတ်သားစွာကြားသိခဲ့ရသည်။ သူတစ်ပါးတို့သည် ကျွန်ုပ်တို့အား စကားပြောဆိုသောအခါ နားလည်မှုလွဲမှားနိုင်သော်လည်း ဘုရားသည် တစ်စုံတစ်ဦးထံ

သို့ စကားပြောဆိုသောအခါ ဆက်သွယ်မှုလွဲမှားခြင်း၊ လှည့်ဖြားခြင်း စသည်များမရှိနိုင်ပါချေ။

သမ္မာကျမ်းစာမှ အသိအမှတ်ပြုထားသည်မှာ "ထာဝရဘုရားသည် မောရှေ၌ ဗျာဒိတ်ထားတော်မူသည်" (ထွက်၊ ၆း၂)ဟူ၏။ ကျမ်းစာကလောင်ရှင်များစွာတို့သည် ဘုရားသခင် သူတို့အားပြောဆိုသည်ကို နားဖြင့်ဆတ်ဆတ်ကြားသိရသည် ဆိုကြသည်။ သာဓကအားဖြင့် ဟေရှာယ (ဟေရှာ၊ ၈း၁၊၁၁)၊ ယေရမိ (ယေရမိ၊ ၁း၄၊၉၊၁၁) နှင့် ယေဇကျေလ (ယေဇ၊ ၃း၁၆။ ၆း၁)တို့ဖြစ်သည်။ ဤအရာများနှင့် အခြားသောအလားတူပြောဆိုချက်တို့ကို ငြင်းဆိုရန်ကြိုးပမ်းမှုတိုင်းသည် ပရောဖက်များ၏ ရိုးသားမှုများနှင့် သမ္မာကျမ်းစာ၏ ယုံကြည်စိတ်ချရခြင်းကိုပင် မေးခွန်းထုတ်သကဲ့သို့ ဖြစ်စေသည်။

ဘုရားသခင်သည် နားလည်နိုင်သောလူစကားဖြင့် ပရောဖက်တို့အားပြောဆိုသည်နည်းတူ ပရောဖက်တို့သည်လည်း မိမိတို့၏ပရိသတ်တို့အားထိုနည်းတူပြုကြသည်။ သာဓကတစ်ခုမှာ နောဧသည် ဘုရား၏မှန်ကန်သောပရောဖက်တစ်ပါးဖြစ်၍ "ဖြောင့်မတ်ခြင်းတရားကို ဟောပြောသူ" (၂ ပေ၊ ၂း၅)ဖြစ်သည်။ ကျမ်းစာအား တစ်ပိုင်းတစ်စမျှပင် မရေးသားသော်လည်း သူ့ခေတ်ပြိုင်လူသားများထံသို့ ဘုရား၏သတင်းစကားကို နှုတ်ဖြင့်ဟောကြားရာ သူ၏နှုတ်ထွက်စကားတို့သည် ပရောဖက်များ၏ ကျမ်းဂန်များထက် လှုံ့ဆော်မှုတ်သွင်းခြင်း မလျော့ကျပါချေ။

အခြားသော ပရောဖက်များ၊ နာသန်၊ ဧလိယ၊ ဧလိရှဲ နှင့် နှစ်ခြင်းဆရာယောဟန်တို့သည် ကျမ်းစာ၏တစ်ပိုင်းတစ်စမျှပင် မရေးသားခဲ့ဘဲ သူတို့၏သတင်းစကားများကို နှုတ်ဖြင့်မြွက်ဆိုခဲ့ကြ၏။

ယေရှုခရစ်ကိုယ်တော်တိုင်ရော မည်သို့နည်း။ ဧဝံဂေလိမှတ်တမ်းတွင် ကိုယ်တော်သည် "လက်ညှိုးတော်ဖြင့် မြေ၌ရေးသားသည်" (ယော၊ ၈း၆)။ ယေရှုရေးသားထားသော အခြားမှတ်တမ်းမှတ်ရာမရှိပါ။ သူသည်လည်း "အစိုးရသောသူနည်းတူ ဆုံးမဩဝါဒပေးတော်မူသည်" (မ၊ ၇း၂၉) ဆိုသည်။

ကိုယ်တော့် သောတရှင်အချို့သည်ပင်လျှင် "ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ" (ယော၊ ၇း၄၀၊၄၆)ဟုဆိုကြ၏။ အဓိကအားဖြင့် ယေရှုသည်ဘုရား၏သတင်းစကားကို နှုတ်မြွက်ဟောပြောသူတစ်ဦးဖြစ်သည်။ ကိုယ်တော်သည် သမ္မာကျမ်းစာတွင် တစ်ပိုင်းတစ်စမျှပင် မရေးသားခဲ့သော်လည်း ကိုယ်တော်၏သတင်းစကားတို့သည် အစိုးရနိုင်ခြင်း မလျော့နည်းပါ။

သမ္မာကျမ်းစာတွင် မည်သည်မျှပင် မရေးသားခဲ့သော ဘုရားသခင်၏ ပရောဖက်များရှိခဲ့သည်မှာ လွန်စွာစွဲမက်ရပါသည်။ ကျမ်းဂန်တွင် မပါရှိသော ပရောဖက်တို့သည် မည်ကဲ့သို့အစိုးရနိုင်ခြင်း ရှိကြသနည်း။

**ဗုဒ္ဓဟူးနေ့ အောက်တိုဘာလ ၂၈ ရက်**

**ရေးသားထားသောသတင်းစကားများ**

အချို့သောဟောပြောခြင်းတို့သည် လူသားတို့၏ဘ၀အား အကျိုးသက်ရောက်၍ ရာဇဝင်လမ်းကြောင်းကိုပင် ပြောင်းလဲပစ်နိုင်ခဲ့သည်။ ဤဟောပြောခြင်းတို့ကို မှတ်တမ်းမှတ်ရာမထားရှိပါက အချိန်ကုန်သည်နှင့်အမျှ မှေးမှိန်ပျက်ပြယ်သွားကြသည်ချည်းဖြစ်သည်။ ရေးသားပြုစုခြင်းသည် ဟောပြောထားသောအရာတို့အား တည်မြဲစေ၍ အချိန်နှင့်တစ်ပြေးညီ တည်မြဲစွာ ထုတ်လွှင့်ခြင်းပြုနိုင်သည်။

ဣသရေလသည် အဲဂုတ္တုမှထွက်လာပြီး မကြာမီ အာမလက်လူတို့အား လုပ်ကြံခဲ့ရာတွင် ဘုရားသခင်သည် မောရှေထံ ဤသို့ "ဤအမှုကို အောက်မေ့စရာဖို့ စာရေးထား၍" (ထွက်၊ ၁၇း၁၄)ဟု ညွှန်ကြားလေ၏။ သမ္မာကျမ်းစာ၏ လက်ဦးစာအုပ်ငါးပါးတို့ကို ရေးသားပြုစုခဲ့သော မောရှေမှအစ ကျမ်းဂန်၏ ၆၆ အုပ်တို့ကို ရေးသားထုတ်လုပ်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းပြဦးဆောင်လျက်ရှိသည်။

ထွက်၊ ၁၇း၁၄၊ ယော၊ ၂၀း၃၀၊၃၁။ ၁ ကော၊ ၁၀း၁၁ နှင့် ဗျာ၊ ၁း၁၉ ကိုဖတ်ပါ။ ဘုရားသခင်သည် မိမိပေးတော်မူသောသတင်းစကားများကို ရေးသားပြုစုရန် ပရောဖက်များအား ခိုင်းစေရခြင်းသည် အဘယ်ကြောင့်နည်း။

သမ္မာကျမ်းစာ၏စာအုပ်အစုံတို့သည် ကလောင်ရှင်အသီးသီးတို့၏ စာပေပုံစံများကိုပါ ဖော်ပြကြသည်။ လာမည့်အပတ်၏သင်ခန်းစာတွင် မှုတ်သွင်းခြင်းအဆင့်အတန်း မခွဲခြားသောကြောင့် ကလောင်ရှင်တိုင်းတို့သည် မိမိတို့၏သတင်းစကားတို့တွင် လူပုဂ္ဂလ၏ခံစားချက်နှင့် ပုံစံတို့ကိုဖယ်ရှားလေ့မရှိပါ။ ကျမ်းစာ၏အချို့အပိုင်းတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအပေါ် အသက်တာနှင့် ဆက်စပ်တိုက်ဆိုင်မှုပိုရှိတတ်သည်။ သို့တိုင်အောင် ကျမ်းစာတစ်ပိုင်းသည် အခြားတစ်ပိုင်းထက် မှုတ်သွင်းခြင်းသာလွန်သည်ဟူသည် မရှိပါ။

ရံဖန်ရံခါတွင် ကျမ်းစာ ကလောင်ရှင်တို့သည် မိမိတို့ကိုယ်တိုင်ကိုယ်ကျဖြစ်စေ၊ မိမိ၏ယုံကြည်ရသူ မိတ်ဆွေတစ်ဦးဖြင့် ဖြစ်စေ၊ နှုတ်မြွက်ချက်များကို မှတ်တမ်းမှတ်ရာပြုစုကြသည်။ တရားဟောရာကျမ်းတွင် မောရှေသည် မိမိမသေမီလေးတွင် ဣသရေလတို့အား နောက်ဆုံးမြွက်သမျှတို့ကို မှတ်တမ်းမှတ်ရာပြုစုသည်။ ဧဝံဂေလိစာအုပ် လေးပါးတို့သည်လည်း ယေရှု၏ လောကဓမ္မအမှုတော်ဆောင်စဉ်ခါ ဟောပြောသွန်သင်သမျှတို့အား မှတ်တမ်းပြုစုခြင်းဖြစ်သည်။

ရံဖန်ရံခါတွင် ပရောဖက်တို့သည်လည်း လှုံ့ဆော်မှုတ်သွင်းခြင်းမရှိသောအရင်းမြစ်များကို လည်းကောင်း (တ၊ ၁၇း၂၈။ ၁ ကော၊ ၁၅း၃၃။ တိတု၊ ၁း၁၂)၊ စာတန်၏စကားများကိုပင် ကိုးကားတတ်ကြ (က၊ ၃း၁-၅။ မ၊ ၄း၁-၁၁)သည်။ ပရောဖက်တို့သည် သူတစ်ပါးတို့၏ခံစားချက်နှင့် ဆန္ဒများကိုပင် မှတ်တမ်းတင်တတ်ကြရာ ၎င်းတို့၏တုံ့ပြန်မှုတွေကိုပါ ဖော်ပြတတ်ကြသည် (ဒံ၊ ၈း၂၇။ ဗျာ၊ ၂၂း၈၊၉)။ ထိုတင်မက အတုယူထိုက်သော ပုံသက်သေကောင်းမြောက်မြားစွာနှင့် ရှောင်ရှားသင့်သော ဆိုးယုတ်ခြင်းတွေလည်း သမ္မာကျမ်းစာမှ ဖော်ပြထားသည် (၁ ကော၊ ၁၀း၁-၁၁)။

ကျမ်းစာဖတ်နေချိန်တွင် ပြည့်စုံလင်သော ဘာသာစကားဖြင့် ရေးသား ပြုစုသည် မဟုတ်သည့်တိုင် စုံစမ်းရာကာလတွင် မားမားမတ်မတ်ရပ်တည် မည့် မကျဆုံးနိုင်သော သတင်းစကားကို သယ်ပိုးနေသည်ကိုမမေ့အပ်ပါ။

**ကြာသပတေးနေ့ အောက်တိုဘာလ ၂၉ ရက်**

**ဇာတ်လမ်း၊သင်္ကေတများနှင့်ပုံဆောင်ဝတ္ထုများ**

သမ္မာကျမ်းစာသည် စကားလုံးပုံရိပ်များနှင့် ဥပစာတွေ ကြွယ်ဝလှသည်။ ဥပမာအားဖြင့် ရှေးဘိုးဘေးတို့၏ ယဇ်ပလ္လင်ပေါ်ရှိ ဓမ္မဟောင်းကျမ်း၏ ယဇ်ပူဇော်ခြင်းစနစ်၊ မောရှေ၏တဲတော်နှင့် ယေရုရှလင်ရှိ ဗိမာန်တော်ကြီး တို့သည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ် အသေခံတော်မူခြင်း၊ ကောင်း ကင်ဆိုင်ရာယဇ်ပုရောဟိတ်မင်း ဖြစ်ခြင်းတို့ကို ပုံဖော်တင်ပြခြင်းပင်ဖြစ်သည် (ဟေဗြဲ၊ ၈း၁-၆)။

ဒံယေလအနာဂတ္တိကျမ်းတွင် ဘုရင်များနှင့် အာဏာစက်တို့ကို ပုံရိပ် အမျိုးမျိုးဖြင့်ပြသထားရာ ရုပ်တုကြီးအားဖြင့် (ဒံ၊ ၂း၃၁-၄၅)၊ သားရဲနှင့် ချိုအမျိုးမျိုးဖြင့် လည်းကောင်း (ဒံ၊ ၇၊၈)၊ ရှင်ဘုရင်နှစ်ပါး (ဒံ၊ ၁၁)။ အလားတူ ပုံဆောင်ခြင်းဖြင့် ဗျာဒိတ်ကျမ်း ၁၃ ၏ သားရဲများဖြင့် ပုံရိပ်ပြထားသည်။

ယေရှုသည်လည်း မိမိအကြောင်းပြောဆိုရာတွင် အသက်မုန့် (ယော၊ ၆း၃၅၊ ၄၁-၅၈)၊ လောက၏အလင်း (ယော၊ ၈း၁၂။ ၉း၅) နှင့် မှန်သောစပျစ် နွယ်ပင် (ယော၊ ၁၅း၁-၈)တို့ဖြစ်သည်။ မျိုးစေ့ကြဲသောသူ ဥပမာစကား (မ၊ ၁၃း၁-၉။ ၁၈-၂၃)နှင့် အခြားသောအရာများ (မ၊ ၁၃း၂၄-၅၂)တို့ဖြင့် ယေရှု သည်နိုင်ငံတော်တိုးပွားခြင်းကို ပုံပမာပြုလေသည်။

ယေဇ၊ ၄း၁-၈ ကိုဖတ်ပါ။ ဘုရားသခင်သည် မိမိ၏သတင်းစကားများ ကို နှုတ်ဖြင့်မြွက်ရုံမက အဘယ်ကြောင့် ဇာတ်လမ်းဖွဲ့တင်ဆက်ရသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ယေဇ၊ ၄း၁-၈ သည် ပိပြင်လှစွာဖန်တီးထားသော ပြဇာတ်တစ်ခုဖြစ်ရာ ပရောဖက်ကြီးသည် မိမိကိုယ်ကို အသေးစားယေရုရှလင်၏ပုံစံငယ်အဖြစ် မိမိခန္ဓာကိုယ် လဲလျောင်းရမည်ဖြစ်၍ ဣသရေလအမျိုးအား နိမိတ်လက္ခဏာပြ၍ လက်ဝဲနံစောင်းဖြင့် ရက်ပေါင်း ၃၉၀ အိပ်ရမည်။ ထိုနောက် လက်ယာနံစောင်းဖြင့် ရက်လေးဆယ်ပတ်လုံး အိပ်ကာ ယုဒအမျိုးအား နိမိတ်လက္ခဏာပြရမည် ဟူ၏။

နောက် အမြင်အာရုံတစ်ခုမှာ ဟောရှေသည် ဣသရေလအမျိုး၏ ဝိညာဉ်ရေးပြစ်မှားခြင်းကို နိမိတ်လက္ခဏာပြ၍ ပြည့်တန်ဆာမ ဂေါမာအား မိမိ၏မယားအဖြစ် သိမ်းပိုက်ခဲ့ရလေသည် (ဟော၊ ၁း၂-၉)။ ယေဇကျေလနှင့် ဟောရှေတို့၏ ဇာတ်လမ်းဆန်လွန်းသော အတွေ့အကြုံတို့သည် ယနေ့အတွက် ထိတ်လန့်တုန်လှုပ်စရာပင်ဖြစ်သည်။ အကြောင်းရင်းသည် ကျွန်ုပ်တို့တင်မက ထိုစဉ်အခါ လူသားတို့အတွက်ပါ ထိတ်လန့်စရာဖြစ်စေရန်ပင် ရည်ရွယ်ထားသည်။

ပရောဖက်တို့၏ သတိပေးစကားများကို ပွင့်လင်းစွာငြင်းပယ်သော ခေတ်ကာလတွင် (၆ ရာ၊ ၃၆း၁၅-၂၁)၊ ကောင်းကင်၏နောက်ဆုံးပိတ်ကရုဏာတော်သည် ဣသရေလတို့အား မိမိတို့၏အခြေအနေမှန်ကို ဇာတ်လမ်းဆန်ဆန်အသိပေးကာ စစ်မှန်သောနောင်တသို့ ပြန်လည်သွေးဆောင်နိုင်ရန်ဖြစ်သည်။ ထိုသို့ ဇာတ်လမ်းဖြင့် ဖွင့်ပြခြင်းဖြင့် ဘုရားသခင်၏သတိပေးခြင်းကို ၎င်းတို့သည် မည်မျှအလေးအနက်ထားသင့်သည်ကို ပြသခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည်လည်း လောဒိကိလူများဖြစ်နေသည်ကို မည်သည့်ဇာတ်လမ်းဖြင့် ယနေ့ပြသကာ သတိပေးနိုင်လိမ့်မည်နည်း (ဗျာ၊ ၃း၁၄-၁၈)။

**သောကြာနေ့ — အောက်တိုဘာလ ၃၀ ရက်**

**အီးဂျီဝိုက်၏ဗျာဒိတ်ရရှိခြင်းနှင့်မှတ်သွင်းခံရခြင်း**

အီးဂျီဝိုက်အား ဘုရားသခင်မှ မှုတ်သွင်းခြင်းခံရသည်ဟု သတ္တမနေ့

အသင်းတော်သည် ယုံကြည်၏။ သူမ၏အရေးအသား၊ အသက်တာနှင့် အမှုတော်ဆောင်ခြင်းတို့သည် မှန်သောပရောဖက်တစ်ပါး၏ စံနှုန်းမှတ်ကျောက်နှင့်ကိုက်ညီ၏။ သူမ၏ စာပေများကို သူကိုယ်တိုင်သည် ကျမ်းဂန်များကဲ့သို့ မခံယူခဲ့ဖူးသော်လည်း သမ္မာကျမ်းစာပရောဖက်တို့၏ လှုံ့ဆော်မှုတ်သွင်းခြင်းတို့နှင့် တန်းတူညီသောအရည်အချင်းပင် ရှိလေသည်။ အီးဂျီဝိုက်သည် သမ္မာကျမ်းစာအား အမြဲမြှင့်တင်၏။

သို့ဖြစ်ပါက ဘုရားသခင်ပေးတော်မူသော အနာဂတ်ဗျာဒိတ်စကားနှင့် လှုံ့ဆော်ခြင်းလုပ်ငန်းစဉ်ကို မည်ကဲ့သို့နားလည်နိုင်သနည်း။ ရှေးဦးစွာ၊ အီးဂျီဝိုက်သည် ကျမ်းစာကို အစိုးရသောအာဏာနှင့် အမှားအယွင်းကင်းသော ဘုရား၏ အနာဂတ္တိစကားဟု ယုံကြည်သည်။ သမ္မာကျမ်းစာသည် ကျဆုံးလူသားတို့ထံသို့ ဘုရားသခင်၏အမှန်တရားနှင့် ကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြသည်။ ထိုလုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့ ပညာသင်ယူကြရရာ ကျွန်ုပ်တို့နှင့် ဆက်သွယ်သတင်းစကားပေးပို့ရန် ပရောဖက်များကို အသုံးပြုတော်မူသည်။

ဒုတိယ၊ အီးဂျီဝိုက်သည် လှုံ့ဆော်မှုတ်သွင်းမှုဟူသည် ကောင်းကင်နှင့် လူသား တုံ့ပြန်မှုလုပ်ငန်းဖြစ်သည်ဟု ဝန်ခံ၏။ ဘုရားသခင်သည် မိမိ၏ သတင်းစကားများကို ပေးပို့ရာတွင် ပရောဖက်တို့သည်လည်း မိမိတို့၏ ဘာသာစကားဖြင့်ပို့ဆောင်ကြသည်။ အီးဂျီဝိုက်သည် "သမ္မာကျမ်းစာ၏ စကားလုံးများဖြင့် လှုံ့ဆော်သည်မဟုတ်ဘဲ လူကိုသာ လှုံ့ဆော်ရသည်။ လှုံ့ဆော်မှုတ်သွင်းခြင်းဟူသည် လူသားအား စကားလုံးအလိုက်ပေးပို့သည်မဟုတ်ဘဲ လူကိုယ်တိုင်ကို လှုံ့ဆော်ကာ သန့်ရှင်းသောဝိညာဉ်တော်၏ လွှမ်းမိုးခြင်းသည် အတွေးအခေါ်အားဖြင့် ပြည့်ဝစေသည်။ ကောင်းကင်၏ စိတ်နှလုံးနှင့် လူ့စိတ်နှလုံးနှင့်ဆန္ဒပူးပေါင်းကာ ထိုသို့ဖြင့် လူသား၏မြွက်ဆိုသမျှသည် ဘုရား၏နှုတ်ကပတ်တော်ပင် ဖြစ်ရသည်" (Selected Messages, Book 1, p. 21)။

ရှုပါရုံ၊ အနာဂတ္တိအိပ်မက်တို့နှင့်ပတ်သက်၍ အီးဂျီဝိုက်သည် "အတွေးလှုံ့ဆော်မှု"သည် ကောင်းကင်၏ဗျာဒိတ်နှင့် လူသား၏ကြုံတွေ့မှုတို့၏ ပေါင်း

စပ်ခြင်းဖြစ်သည်ကို နားလည်ထား၏။ သူသည် "ကျမ်းစာဟူသည် လူသား၏ စကားအားဖြင့် ဖော်ပြထားသော ဘုရားပေးသမ္မာတရားဖြစ်၍ ကောင်းကင်နှင့်လူသားပေါင်းစည်းခြင်းကို ဖော်ဆောင်ခြင်းဖြစ်သည်" (Selected Messages, Book 1, p.25)။ ဘုရားသခင်သည် မိမိ၏သတင်းစကားတို့ကို သံတမန်များ၏စိတ်နှလုံးတွင် နားလည်နိုင်ရန် နည်းလမ်းများစွာအသုံးပြုသည်။ ၎င်းတို့တွင် ရုပ်ပုံ၊ စကားလုံးနှင့် အတွေးအခေါ်အားဖြင့် ပရောဖက်၏အာရုံခံစားမှုများကို ဖမ်းစားခြင်းဖြစ်သည်။ အီးဂျီဝိုက်၏ အတွေ့အကြုံသည် ကျမ်းစာကလောင်ရှင်တို့နှင့် တထေရာပင်ဖြစ်သည်။

တတိယ၊ အီးဂျီဝိုက်သည် သူမ၏လူသားအတွေ့အကြုံနှင့် ဆက်ဆံမှုများသည် လွှမ်းဆော်ခံရသည်ကို သတိပြုမိသည်။ "သာမန်အရာများကိုဖော်ပြရမည့်အချိန်ရှိသည်။ သာမန်အရာတွေသည် အတွေးထဲတွင်နေရာယူမည့်အချိန်ရှိသည်။ သာမန်စာများရေးသားရသောအချိန်နှင့် သတင်းအချက်အလက်များကို အမှုတော်ဆောင်များ တစ်ဦးမှတစ်ဦးထံသို့ လက်ဆင့်ကမ်းရသောအချိန်ရှိသည်။ ထိုစကားများ၊ ထိုသတင်းအချက်အလက်များကို သန့်ရှင်းသောဝိညာဉ်တော်၏ အထူးလွှမ်းဆော်ခြင်းဖြင့် ပေးပို့သည်မဟုတ်ပါ" (Selected Messages, Book 1, p. 39)။ သူမ၏အတွေ့အကြုံများ၊ အထူးသဖြင့် သူမ၏စာပေးစာယူများနှင့် နေ့စဉ်မှတ်တမ်းများကိုဖတ်ရှုရာ နားလည်သောအခါတွင် ဤခြားနားခြင်းကို နားလည်ရန်အရေးကြီးသည်။

ထပ်မံရှာဖွေရန်။ https://whiteestate.org/absg/5.

-၀-

သင်ခန်းစာ (၆)

## ပရောဖက်ပြုချက်ဆိုင်ရာစာပေများ

အောက်တိုဘာလ ၃၁ – နိုဝင်ဘာလ ၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **အောက်တိုဘာလ ၃၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ထွက်၊ ၁၇း၁၄။ ယေရှု၊ ၁၃း၁။ ယေရမိ၊ ၃၆း၁၇၊၁၈။ ရောမ၊ ၁၆း၂၂။ လု၊ ၁း၁-၄။ ယုဒ၊ ၁၄၊၁၅။ ၂ ကော၊ ၄း၇။

**အလွတ်ကျမ်းချက်**

**"ငါတို့သည် ကျမ်းစာ၌ပါသော သည်းခံခြင်း၊ သက်သာခြင်း အကြောင်းများကို အမှီပြု၍ မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှာ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမသြဝါဒပေး၍ ရေးထားသတည်း" (ရောမ၊ ၁၅း၄)။**

ဘုရားကိုယ်တော်တိုင် စပ်ဆိုထားသောသီချင်းကို သင် မည်သို့သင်ယူသီဆိုရန် ဆန္ဒရှိသနည်း။ တရား၊ ၃၂ တွင် သီချင်းစာသားများကို ဘုရား၏ လမ်းညွှန်မှုအောက်တွင် မောရှေရေးသား စပ်ဆိုထားသည် (တရား၊ ၃၁း၁၉-၂၂)။ အနာဂတ္တိဆိုင်ရာစာပေများကို တွေးမိလေတိုင်း သီချင်းများအကြောင်း ကိုမတွေးမိကြပါ။ ဆာလံသီချင်းများတို့သည် မှတ်သွင်းသောသီချင်းများ ဖြစ်၍ သီချင်းစာသားများကိုမူ ကိုယ်တော်သည် တိုက်ရိုက်ကွပ်ကဲခြင်းမရှိပါ။ ဘုရားသခင်၏ သတင်းတော်များကို ပရောဖက်တို့မှ မျှဝေရာတွင် နည်းလမ်းကြီးသုံးခုကို ကျမ်းစာမှဖော်ပြထားသည်။ (၁) နှုတ်မြွက်ခြင်း (၂) စာရေးသားခြင်း (၃) သင်္ကေတ ဖြင့်နှင့် ဇာတ်လမ်းဖွဲ့သရုပ်ပြခြင်းတို့ ဖြစ်သည်။

ယခုတစ်ပတ်တွင် ကျမ်းစာရေးသားခြင်းကို အာရုံစိုက်ကြပါစို့။ ကျမ်းစာသည် ဘုရား၏နှုတ်ကပတ်တော်ကို သံတမန်တို့၏ စကားအတိုင်း တရားဟောချက်များ၊ စကားပြောဆိုခြင်းတို့ကို မှတ်တမ်းမှတ်ရာ ပြုစုခြင်းဖြစ်သည်။

ပရောဖက်စာပေများတွင် စာရေးသားခြင်းပုံစံအမျိုးမျိုးနှင့် အနုပညာအမျိုးအစားများကို စဉ်းစားကြည့်ပါ။ ဇာတ်လမ်း၊ ရာဇဝင်၊ ကဗျာစာပေ၊ လွမ်းဆွတ်ပူဆွေးခြင်း၊ ရေးစာများ စသည်ဖြင့်ပေါ့။ ရွေးချယ်ထားသော ကျား၊ မ လူသားများအား သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပို့ဆောင်ကာ လူသားဘာသာစကားဖြင့် မျှဝေရပါသည်။

ယခုတစ်ပတ်တွင် ၎င်းတို့၏အရေးအသားများတွင် စာပေအသုံးအနှုန်းနှင့်စိန်ခေါ်မှုများရှိသော စာပိုဒ်များကိုလေ့လာချိန်တွင် သတိပြုရမည့် အချက်များကို လေ့လာရမည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၁ ရက်**

**ရေးသားရန်ခေါ်တော်မူခြင်း**

ဘုရားသခင်သည် လူသားအားသတင်းပေးပို့သော အစောဆုံးနည်းစနစ်သည် နှုတ်မြွက်ခြင်းဖြစ်ရာ အသံ၊ အိပ်မက်နှင့် ကောင်းကင်တမန်တော်များအားဖြင့်ဖြစ်လေ့ရှိသည်။ ဘုရားသခင် နှုတ်မြွက်သမျှကို ကောင်းကင်၏ လမ်းညွှန်မှုဖြင့် စာအုပ်အဖြစ်ရေးသားပြုစုခြင်းသည် မောရှေလက်ထက်ကျမှ အရင်ဦးဆုံး ဖြစ်ခဲ့သည်။

သမ္မာကျမ်းစာတွင် ရေးသားရခြင်းကို အရင်ဦးဆုံး မည်သို့ဖော်ပြခဲ့သနည်း။ ထွက်၊ ၁၇း၁၄။

---

---

ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်တို့ကို သံတမန်တို့သည် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားထားခြင်းသာဓက မြောက်မြားစွာသည်

ဓမ္မဟောင်းကျမ်းတွင် တွေ့ရပါသည်။ မောရှေနှင့် ယေရမိတို့ထံသို့ "သင်သည် စာလိပ်ကိုယူပြီးလျှင် ယောရှိမင်းလက်ထက်၌ သင့်အား ငါပြောသောနေ့မှ စ၍ ယနေ့တိုင်အောင် ဣသရေလပြည်၊ ယုဒပြည်အစရှိသော ခပ်သိမ်းသော တိုင်းပြည်တို့ကို ငါခြိမ်းသမျှသော စကားအတိုင်းရေးထားလော့" (ယေရမိ၊ ၃၆း၂)။

အနာဂတ်စကားတို့ကို ရေးသားပြုစုရမည့်အကြောင်းပြချက်ကိုလည်း "ယုဒအမျိုး၌ပြုမည်ဟု ငါကြံစည်သမျှသော ဘေးဥပဒ်တို့ကို သူတို့သည်ကြား သောအခါ သူတို့ဒုစရိုက်အပြစ်ကို ငါလွှတ်မည်အကြောင်း အသီးအသီးလိုက် ဖူးသောအဓမ္မလမ်းတို့ကို ရှောင်ကောင်းရှောင်ကြလိမ့်မည်" (ယေရမိ၊ ၃၆း၃)။ ထိုဗျာဒိတ်စကားတို့သည် အနာဂတ်ကို စူးစမ်းသိမြင်နိုင်ခြင်းသက်သက် မဟုတ်ပါ။ လူသားတို့ကို ကယ်တင်ခြင်းသို့ရောက်စေခြင်းငှာ ပေးပို့ခြင်းဖြစ်၏။

ထာဝရဘုရား၏ သံတမန်တို့သည် အခြေအနေမျိုးစုံထဲတွင် ရေးသား ကြရသည်။ ကျမ်းစာ၏ အရင်ဦးစာအုပ်ငါးအုပ်ကိုမူ မောရှေသည် သဲကန္တာရ၌ ပင်ရေးသားခဲ့သည်။ ဒါဝိဒ်သည် ရှောလုမင်းကြီးမှ သားကောင်အလား မုဆိုး လိုက်နေချိန်ကာလတွင် ဆာလံသီချင်းအချို့တို့ကို သီကုံးစပ်ဆိုခဲ့သည် (ဆာ၊ ၅၂၊ ၅၄၊ ၅၇၊ ၅၉)။

ဒံယေလသည် ဘေဘီလုံနှင့် မီဒိုပါးရှားတွင် ကျွန်ခံနေချိန်၌ပင် သူ၏ ရူပါရုံများကို ရေးသားပြုစုခဲ့သည်။ မတူထူးကဲစွာ ပေါလုသည် ဩဝါဒစာများ၊ ဧဖက်၊ ဖိလိပ္ပိ၊ ကောလောသဲ နှင့် ဖိလေမုန်တို့ကို အကျဉ်းထောင်တွင်း၌ ရေး သားပြုစုခဲ့သည်။ ယောဟန်သည် ဗျာဒိတ်ကျမ်းကို ပတ်မုကျွန်းတွင် နယ်နှင ခံနေရကာလ၌ ရေးသားပြုစုခဲ့သည်။

ဘုရားရှင်သည် သံတမန်တို့ကို စာရေးသားစေလိုသောအခါ မည် သည့်အခြေအနေပင်ရှိစေကာမူ သန့်ရှင်းသောဝိညာဉ်တော်သည် လုပ်ပိုင် ခွင့်အာဏာပေးတော်မူသည်။ ယေရှုဟောကြားတော်မူသော အရာတို့ကိုလည်း ဘုရားရှင်ရွေးကောက်တော်မူသော သမ္မာတရားအား တန်ဖိုးထားသောသူများ

အားဖြင့် ရေးသားစေတော်မူသည်။ ဤသည်မှာ ဘုရားရှင်သည် ကောင်းကင်၏သတင်းတော်များကို စောင့်ရှောက်ထိန်းသိမ်းပေးမည့် သံတမန်များရှိသည်ကို ပြသခြင်းပင်ဖြစ်သည်။

သမ္မာကျမ်းစာ၏ မူရင်းလက်ရေးစာမူ မရှိပါသဖြင့် ကျွန်ုပ်မယုံကြည်နိုင်ပါ ဆိုသူတစ်ဦးအား သင် မည်သို့ဖြေဆိုမည်နည်း။ ၎င်းသည် အဘယ်ကြောင့်အားနည်းသော ငြင်းချက်ပင်ဖြစ်နိုင်မည်နည်း။

**တနင်္လာနေ့** **နို့ဝင်ဘာလ ၂ ရက်**

**စာပေအမျိုးအစားနှင့်ပုံစံများ**

သမ္မာကျမ်းစာတွင် ဘုရားသခင့်သံတမန်တို့၏ အရေးအသားပုံစံပေါင်းစုံပါဝင်လေသည်။ နေ့စဉ်မှတ်တမ်းကဲ့သို့ ရေးသားသောသူတို့လည်းရှိ၏ (တော၊ ၃၃း၁-၄၉)။ တစ်ဖက်တွင် ဒံယေလ၊ ဇာခရိ နှင့် ယောဟန် စာအုပ်တို့တွင် နောက်ဆုံးသောနေ့ရက်ဆိုင်ရာ သင်္ကေတများ၊ စကြဝဠာဆိုင်ရာများနှင့် ကောင်းကင်သားများအကြောင်းတို့ ပါဝင်ကြသည်။

ဟေရှာ၊ ၁၃း၁ ကိုဖတ်ပါ။ ဟေရှာယ ပေးပို့သောသတင်းစကားကို ကျမ်းစာတွင် မည်သို့ဖော်ပြထားသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

ပရောဖက်များ မြင်မက်ခဲ့သောရူပါရုံများကို “ဗျာဒိတ်တော်”ဟု ခေါ်လေ့ရှိသည်။ အနက်မှာ ဘုရားသခင်ထံမှ မျှဝေခြင်း၊ ဖော်ပြခြင်း ဖြစ်သည်။ ပိုသစ်လွင်သော ကျမ်းစာအနက်ပြန်သူတို့သည် ကဗျာဆန်၍ အလားတူမှုရှိကြသည်ဟု ဆိုကြသည်။ အလားတူမှုဟူသည်မှာ နောက်မှလာသော စာကြောင်းများသည် ရှေ့စာကြောင်းများကို ထပ်ခါတလဲလဲပြန်၍ အသုံးပြုကာ ရံဖန်ရံခါ ဆန့်ကျင်ဘက်ပင်ပြုသေးသည် ဆို၏။

သာဓကအနေဖြင့် "ထိုကာလ၌ လူသည် မိမိကိုဖန်ဆင်းတော်မူသော အရှင်ကို ရည်မှတ်၍ ဣသရေလအမျိုး၌ သန့်ရှင်းတော်မူသောဘုရားကို ဖူးမြော်ရလိမ့်မည်" (ဟေရှာ၊ ၁၇း၇)။ "ဖန်ဆင်းရှင်" နှင့် "သန့်ရှင်းသောသူ" တို့သည် အလားတူကြရာ တစ်ခုနှင့်တစ်ခု အချက်အလက်ဖြင့် ထောက်မ နိုင်ကြသည်။

ပရောဖက်တို့သည် ထောက်မသောစာသားအဖြစ် သင်္ကေတ နှင့် အမှန် ထက်ချဲ့ကားသော စာသားများကိုပင် အသုံးပြုကြသည်။ ၎င်းတို့ သတင်း စကားများကို နားလည်နိုင်ရန် ၎င်းတို့အသုံးပြုသော အမျိုးအစားကို သတိ ပြုသင့်သည်။ စာရေးသားခြင်းပုံစံတစ်မျိုးသည်လည်း ကျမ်းစာတွင် မကြာ ခဏပါလာသည်မှာ "ပဋိညာဉ်တရားစွဲမှု"ပင်ဖြစ်သည်။

သာဓကအနေဖြင့် ယေရမိ၊ ၂း၄-၉ တွင် ယေရမိသည် ကိုယ်တော့် လူမျိုးတို့၏ပဋိညာဉ်ဆိုင်ရာ ဝတ္တရားများကို ချိုးဖောက်ခြင်းကြောင့် ဘုရား၏ လူမျိုးအပေါ် ဥပဒေအရတိုင်ကြားခြင်းဖြစ်သည်။ တရားရုံး၏ပုံရိပ်ကို အသုံး ပြုကာ ကလောင်ရှင်သည် ဘုရားသခင်ကို အစိုးရရှေ့နေကဲ့သို့ သရုပ်ဖော် ဆောင်၍ ကိုယ်တော်မှ တရားစီရင်ဆုံးဖြတ်ရမည့် အကြောင်းများကို တင်ပြ လေသည်။

ကျမ်းစာတွင် အနာဂတ္တိစကားများ၊ ရာဇဝင်၊ သီချင်းနှင့် ဥပမာများ ပါရှိသည်။ ယေရမိအား ၎င်း၏သတင်းစကားများကို စာအုပ်အဖြစ် ကမ္ပည်း တင်ရန်မိန့်တော်မူခဲ့သည် (ယေရမိ၊ ၃၆း၂)။ ဓမ္မသစ်ကျမ်းမှာမူ ကိုယ်ရေးစာ များ၊ အသိုင်းအဝိုင်းသို့ ပေးစာများပါရှိသည်။ တစ်ခုသောဆက်သွယ်မှုပုံစံ၏ အခွင့်အာဏာသည် အခြားတစ်ခုထက် သာလွန်သည်ဟူသော ခြားနားမှုကို မပြုလုပ်ပါ။

ပေါလုသည် သန့်ရှင်းသောဝိညာဉ်၏ မှုတ်သွင်းလှုံ့ဆော်ခြင်းကို ခိုင်လုံ သောသက်သေပြသနိုင်သောကြောင့် ပေါလု၏ ပေးစာတို့အား ရှေးပရောဖက် များကဲ့သို့ အလေးစီးသည်ဟု ယူဆရပေမည် (၁ ကော၊ ၇း၁၀၊၁၂၊၄၀)။

ကျမ်းစာပညာရှင်တချို့တို့သည် ဘုရားသခင့်အပိုင်းကို လျှော့စဉ်းစား ပြီး ကျမ်းစာထဲရှိလူ့အပိုင်းကို အလေးပေးဖော်ပြကြသည်။ ၎င်းသည် ဝိညာဉ် ရေးယိုယွင်းမှု အဘယ်ကြောင့် ဖြစ်နိုင်မည်နည်း။

**အင်္ဂါနေ့** **နိဒါန်းဘာလ ၃ ရက်**

**စာပေဆိုင်ရာအကူအညီများ**

ယေရမိ၊ ၃၆း၁၇၊၁၈ နှင့် ရောမ၊ ၁၆း၂၂ ကိုဖတ်ပါ။ ဤကျမ်းပိုဒ် တို့သည် ကျမ်းစာကလောင်ရှင်တို့အသုံးပြုသော စာပေဆိုင်ရာ မည်သည့် အကူအညီများကို ဖော်ပြသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

ဖြစ်တန်ရာသည်မှာ ယေရမိသည် သူ့သတင်းစကားများကို မိမိကိုယ် တိုင်မရေးဘဲ ယုံကြည်ရသော စာကူးသမားတစ်ဦးကို အားကိုးကာ၊ အနာဂတ္တိ စကားများကို ကူးရေးစေ၍ နိုင်ငံရေးအကြီးအကဲတို့သို့ မျှဝေပေးရသည်။ ပရောဖက်များတွင် ကောင်းကင်၏သတင်းစကားကို စာပေအထောက်အမ အားဖြင့် မျှဝေပေးသူသည် ယေရမိတစ်ပါးတည်းသာ မဟုတ်ပါ။

ဓမ္မသစ်ကျမ်းတွင် တေရတိသည် ရောမဩဝါဒစာကို "ကျွန်ုပ်ရေးသား သည်" (ရောမ၊ ၁၆း၂၂)ဟု ဆိုသည်။ ရောမဩဝါဒစာ အစမှ အဆုံးတိုင် အောင် ပေါလု၏အလိုကျ တေရတိရေးသားခဲ့ရသည်မှာ သိသာထင်ရှားသည်။ တေရတိသည် ပေါလု၏စာရေးတော်၊ ပေါလု၏စကားများကို စာဖြင့်ကူးရေးသူ စာရေးကြီးဖြစ်သည်။ ဤသို့ပြုရသည်မှာ ပေါလုအတွက် အထူးအဆန်း မဟုတ်ပါ။ ကောလောသဲနှင့် သက်သာလောနိတ်လူတို့အား ဩဝါဒစာ၏ နိဂုံးတွင် ပေါလုသည် နှုတ်ခွန်းဆက်စကားကို "ကိုယ်လက်ဖြင့်" (ကော၊ ၄း၁၈။ ၂ သက်၊ ၃း၁၇) ရေးသည်ဆို၏။ ထိုသို့လုပ်ရသည်မှာ မိမိ၏ ဩဝါဒစာ တစ်ခုလုံးကို စိစစ်တည်းဖြတ်သည့်သဘောပင်ဖြစ်သည်။

MS-6

ဤသည်ကိုကြည့်ခြင်းဖြင့် ပေါလုသည် မိမိစာအတွက် ကလောင်ရှင် တစ်စုံတစ်ဦးကို အားကိုးခဲ့ပုံရှိသည်။ ဤဖြစ်ရပ်တွေကြောင့် ထိုစာတွင် ပေါလု ကိုမှန်ကန်စွာဖော်ပြခြင်း ရှိ၊ မရှိကို လည်းကောင်း၊ သာ၍ဆိုးသည်မှာ ထိုစာ သည် ပေါလုထံမှ လုံး၀ ဟုတ်၊ မဟုတ် သံသယဖြစ်စေနိုင်သောကြောင့် ပေါလု သည် မိမိလက်ဖြင့် ရေးသားမှတ်စုကို စာ၏အဆုံးတွင် ထည့်သွင်းပေး ခဲ့သည်။ သို့မှသာ သူ၏စာစစ်မှန်ကြောင်း သံသယကင်းစင်နိုင်မည်ဖြစ်သည်။

ဝေဖန်သုံးသပ်သူ အများအပြားသည် ပေါလု၏စာများတွင် တွေ့ရသော စာပေဟန်ပန်ကွဲပြားမှုများသည် သူ၏စာပေအကူများကြောင့် ဟု သတ်မှတ် ကြသည်။ အလားတူ၊ ပေတရု၏ ဩဝါဒစာနှစ်စောင်သည်လည်း သံသယဝင် ထားရာ "ရှင်ပေတရုဩဝါဒစာ ဒုတိယစာစောင်၏ စာပေဟန်သည် ၁ ပေတရု နှင့် ကွဲပြားနေသည်မှာ ပေတရုသည် ဂရိဘာသာဖြင့် စာရေးသောအခါ စာရေး အကူအသုံးပြုခဲ့ဖွယ်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ဤကွဲပြားမှုကို ကျိုးကြောင်းဆီလျော်စွာ ရှင်းပြနိုင်သည်။ ဂရိဘာသာကို ကျွမ်းကျင်သူ ပေါလု ပင်လျှင် စာရေးအကူများကိုအသုံးပြုကြောင်း ထင်ရှားနေချိန်တွင် မိခင်ဘာသာ အာရမိတ်စကားကျွမ်းကျင်သူ ပေတရုသည်လည်း ထိုသို့ပြုခဲ့ဖွယ်ရှိ၍ ထိုစာရေး များက သူ၏ဂရိဘာသာဖြင့် ရေးသားသောစာများတွင် ဝေါဟာရရွေးချယ်မှု အပေါ် သိသိသာသာ သက်ရောက်မှုရှိသည်ဟု ယူဆရန်ပိုမိုယုတ္တိရှိသည်" (The SDA Bible Commentary, vol. 5, p. 186)။

ဤအချက်အားဖြင့် တမန်တော်များ၏ တွေးမြင်ခြင်းနှင့် ဆိုလိုရင်း အပေါ် သစ္စာရှိစွာထိန်းသိမ်းသော်လည်း ဝေါဟာရနှင့် ဝါကျဖွဲ့စည်းပုံတို့သည် ၎င်းတို့ငှားရမ်းထားသောအကူများ၏ စာပေစွမ်းရည်အပေါ် ထင်ဟပ်ဖော်ပြ နိုင်သည်ဟု အကြံပြုသည်။ မှုတ်သွင်းခံရသည်မှာ အတွေးအမြင်သာဖြစ်၍ ထိုမှုတ်သွင်းခံအတွေးအမြင်များကို ဖော်ပြရန် တိကျသောစကားလုံးများ မပေး ပါ။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၄ ရက်**

**စာပေရင်းမြစ်များ**

“ဓမ္မဒေသနာဆရာသည် ပညာရှိသည်အတိုင်း ပရိသတ်တို့အား ပညာအတတ်ကိုသွန်သင်လေ့ရှိ၏။ လုံ့လဝီရိယပြုလျက် များစွာသောသုတ္တံစကားတို့ကိုရှာဖွေ၍စီရင်၏။ ဓမ္မဒေသနာဆရာသည် နားထောင်ဖွယ်သော စကားကိုရှာ၍ ရေးထားချက်စကားသည် ဖြောင့်မတ်သောစကား၊ သမ္မာစကားဖြစ်၏” (ဒေ၊ ၁၂း၉၊၁၀)။

ဤကျမ်းချက်ကိုဖတ်ရှုရာတွင် ရှောလမုန်သည် မိမိမှတ်တမ်းပြုစုခဲ့သော သုတ္တံပေါင်းချုပ်တို့ကို သီကုန်းခဲ့သည်မဟုတ်ကြောင်း ဖတ်ရှုရသည်။ ထာဝရဘုရား၏မှုတ်သွင်းခြင်းအောက်တွင် သူသည် “နားထောင်ဖွယ်ကောင်းသော” စကားပုံမြောက်များစွာကို “ရှာဖွေ”သည်ဆို၏။ သုတ္တံကျမ်း ၃၁ တွင် မကြာခဏကိုးကားဖော်ပြထားသော သီလရှိသောမိန်းမ ဟူသည်မှာ ရှောလမုန်၏မယ်တော်မဟုတ်ဘဲ ရှင်ဘုရင် လေမွေလမင်းကြီး၏ မယ်တော် (သု၊ ၃၁း၁) ဖြစ်သည်။

သုတ္တံကျမ်းအပေါ်တွင် အီဂျစ်စာပေ၏လွှမ်းမိုးမှုရှိကြောင်း အထောက်အထားသည်ညွှန်ပြ၏။ အလားတူစွာ ဘုရားသခင့်လူတို့အကြောင်းကို သစ္စာရှိစွာမှတ်တမ်းတင်နိုင်ရန် ဓမ္မဟောင်းကျမ်းမှ လှုံ့ဆော်ခံရသော ရာဇဝင်ဆရာတို့သည် မော်ကွန်းတိုက်နှင့် အခြားရှေးဟောင်းမှတ်တမ်းများကို ကိုးကားခဲ့သည်ကိုပြသသည်။

၃ ရာ၊ ၁၁း၄၁။ လု၊ ၁း၁-၄ နှင့် ယု၊ ၁၄၊၁၅ ကိုဖတ်ပါ။ မှုတ်သွင်းခံရသော ကလောင်ရှင်တို့သည် ကျမ်းစာအရင်းအမြစ်ကို မသုံးသောအချိန်ရှိသည်ကို ဤကျမ်းချက်တို့သည် မည်သို့ဖော်ပြသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

ဧဇရ နှင့် နေဟမိတို့သည်လည်း သမိုင်းရာဇဝင်မှတ်တမ်းမှတ်ရာတို့ကို အားကိုးကာ မိမိတို့၏စာရင်းဇယားကို ပြုစုကြသော သာဓကရှိခဲ့သည်။ ဧဇရ သည် တော်ဝင်အစိုးရ၏ ယေရုရှလင်နှင့် ပါးရှားအကြားပေးစာနှင့် အမိန့်စာများ၏ မိတ္တူများကိုပင် ထည့်သွင်းရေးသား၍ (ဧဇ၊ ၄-၇)၊ မျိုးရိုးဗီဇမှတ်ပုံတင်ထားခြင်းစာရင်းကိုပါ မိမိ၏ကိုယ်ပိုင်ဇာတ်ကြောင်းဖြင့် ထည့်သွင်းရေးသားထားသည် (နေဟ၊ ၇း၅-၇၂)။

"ဤဥပဒေသသည်ပင် ဓမ္မသစ်တွင် ပြန်ပေါ်လာပါသည်။ လုကာ၏အတွေ့အကြုံအရ သန့်ရှင်းသောဝိညာဉ်၏ မှုတ်သွင်းခြင်းသည် သဘာဝကျသောစိတ်၏ သဘာဝလုပ်ဆောင်မှုများကို ဖယ်မထားဘဲ ၎င်းတို့နှင့် ညီညွတ်မှုရှိကြောင်း ထင်ရှားသည်။ ဤတွင် သန့်ရှင်းသောဝိညာဉ်၏ ပို့ဆောင်ခြင်းဖြင့် မှုတ်သွင်းခံ ကလောင်ရှင်တစ်ဦးသည် ခရစ်တော်၏ အသက်တာဆိုင်ရာများကို နှုတ်ဖြင့် လည်းကောင်း၊ စာဖြင့် လည်းကောင်း၊ မှတ်တမ်းအရင်းအမြစ်များကို ဝီရိယရှိစွာ လေ့လာခဲ့ပြီး ၎င်းအချက်အလက်များကို ဆက်စပ်သော ဇာတ်ကြောင်းတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခဲ့သည်" (The SDA Bible Commentary, vol. 5, p. 669)။

ဂျူးလူတို့၏လုပ်ငန်းစဉ်အကြောင်းတစ်ခုကို ယုဒသည် ကျမ်းဂန်တို့တွင် မပါဝင်လာသော ၁ ဧနောက် ၁း၉ မှ ကောက်နုတ်ထားပုံပင်ရှိခဲ့သည်။ ပေါလုသည်လည်း ဂရိလူ ဒဿနပညာရှင်များကို နာမည်မဖော်ပြဘဲ ကောက်နုတ်ကိုးကားခဲ့သေးသည် (တ၊ ၁၇း၂၈။ တိတု၊ ၁း၁၂)။

ကျမ်းစာကလောင်ရှင်များအား ရူပါရုံနှင့် အိပ်မက်များကို ကောင်းကင်မှတိုက်ရိုက်ကွပ်ကဲ၍ပေးသည်ဖြစ်ရာ ၎င်းတို့၏စာသားအရင်းအမြစ်ကိုကားထိုသံတမန်များသည် မိမိတို့ဖာသာရှာဖွေရွေးချယ်ကြသည်ကို သန့်ရှင်းသောဝိညာဉ်တော်မှ မကန့်သတ်ထားပါ။ ဤအချက်အား မှတ်မိမှတ်သားရန် အဘယ်ကြောင့် အရေးကြီးနိုင်သနည်း။

**ကြာသပတေးနေ့** **နိုဝင်ဘာလ ၅ ရက်**

**ကောင်းကင်၏သတင်းစကားနှင့်လူ့ချို့ယွင်းချက်များ**

၂ ကော၊ ၄း၇ တွင် ပေါလုသည် ဘုရားသခင်၏ဘဏ္ဍာကို မည်သို့ ဆိုသနည်း။

------------------------------------------------------------------------------------

------------------------------------------------------------------------------------

ပေါလုသည် ဘုရားသခင်၏ဘဏ္ဍာကို မြေအိုး၌ထည့်ထားရသည်မှာ ကျွန်ုပ်တို့၏အားနည်းခြင်းနှင့် ယှဉ်က ဘုရားသခင့်တန်ခိုးတော်၏ ဂုဏ်သရေအလင်းကို ထွန်းလင်းစေတော်မူသည် ဆို၏။ ဘုရား၏သံတမန်တို့သည်လည်း မိမိတို့၏ပုဂ္ဂလအသက်တာတွင် အမှားကင်းစင်သော သဘာဝလွန်သူ လူသားများမဟုတ်ကြောင်း (မောရှေ၊ ဧလိယ၊ ဒါဝိဒ်၊ ယောန နှင့် ပေတရု) ကျမ်းစာက ဖော်ပြထားသည်။ ထိုနည်းတူ ၎င်းတို့၏အရေးအသားတို့သည်လည်း လူသား၏သိကျွမ်းနားလည်မှု မစုံလင်ခြင်းတို့မှ မကင်းလွတ်ကြပါချေ။

"ကောင်းကင်နှင့် လူသားပေါင်းစည်းခြင်းသည် ခရစ်တော်၌ထင်ရှားကာကျမ်းစာ၌ပင်ပါဝင်လေ၏။ ဖော်ပြထားသော သမ္မာတရားတို့သည် ဘုရားရှင်မှုတ်သွင်းသည်ဖြစ်သော်လည်း လူသား၏လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ လူ့ဘာသာဖြင့်သာ ဖော်ပြထားသည်" (E.G White, Testimonies for The Church, vol. 5, p. 747)။

၂ ကော၊ ၄း၇ တွင် ပေါလု ရေးသားခဲ့သည့်အတိုင်း သမ္မာတရားဘဏ္ဍာကိုမျှဝေရမည့် ဘုရားသခင့်သံတမန်များအား ကောင်းကင်မှခေါ်တော်မူသောအခါ ၎င်းတို့၏ လူသားဇာတိကိုမူ ကောင်းကင်မှပျက်ပြယ်သွားစေခြင်းမပြုပါ။ ကျွန်ုပ်တို့သဘောတူညီမှုရရန်နှင့် ရှင်းလင်းဖော်ပြရန် ခက်ခဲသောအချက်၊ စကားလုံးများ၊ အရေးအသား၊ အပြောအဆိုများအား သန့်ရှင်းသောဝိညာဉ်တော်မှ တားဆီးရန်သင့်လျော်သည်ဟု မယူဆပေ။ ထိုသို့သောကျမ်းပိုဒ်တို့

သည် နည်းငြားသော်လည်း ကျဉ်းမြောင်းသောစိတ်ထားရှိသူတို့သည် အဆီး အတားတစ်ခုအဖြစ် မြင်တတ်ကြသည်။

ကျမ်းစာကိုယုံကြည်သောခရစ်ယာန်တို့သည် ဘုရား၏နှုတ်ကပတ်တော်ကို မိမိတို့နားလည်နိုင်သလောက်ဖြင့် ဘုရားသခင်ထံ ဆက်ကပ်အပ်နှံရပါမည်။ ကွဲလွဲချက်အချို့တို့သည် နောင်လာနောက်သားမိတ္တူကူးသူများ၏ အရေးမပါသော အမှားများကြောင့် သို့မဟုတ် မှတ်သွင်းခံကလောင်ရှင်များအားကိုးခဲ့သော သဘောထားကွဲလွဲနေသည့်ရင်းမြစ်ကြောင့် ဖြစ်နိုင်သည်။ ပြဿနာရှိသောကျမ်းပိုဒ်များကို သုံးသပ်ရာတွင် ကလောင်ရှင်၏ စကားလုံးများ၏အဓိပ္ပာယ်ကို အပြည့်အဝနားလည်၊ မလည်၊ နောက်ထပ်လေ့လာမှုသည် အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်မည်လောဟု မိမိကိုယ်ကို မေးမြန်းရန်လိုအပ်ပါသည်။

အမှားများနှင့် ကွဲလွဲမှုများကို မဖြေရှင်းနိုင်သည်တိုင် တင်ပြထားသော သတင်းစကား၏အနှစ်သာရနှင့် မသက်ဆိုင်ကြောင်း တွေ့ရှိရသည်။ ဘုရား၏ သံတမန်တို့သည် စုံလင်ခြင်းမရှိသည်တိုင် ကောင်းကင်၏သမ္မာတရားကို သစ္စာတရားဖြင့် ဖော်ပြသည်ဟု ယုံကြည်စိတ်ချရသည်။

အပြစ်ကင်းစင်သော ကောင်းကင်တမန်တော်တို့အား သံတမန်များအဖြစ် မရွေးချယ်ဘဲ မှားယွင်းနိုင်သော လူသားများကိုသာ အဘယ်ကြောင့် ဘုရား ရွေးချယ်တော်မူသနည်း။

**သောကြာနေ့** **နိုဝင်ဘာလ ၆ ရက်**

**အီးဂျီဝိုက်၏စာပေများ**

အီးဂျီဝိုက်၏အတွေ့အကြုံနှင့် အရေးအသားတို့သည် ယခုတစ်ပတ်လုံး လေ့လာခဲ့ရသော သမ္မာကျမ်းစာ၏ သံတမန်တော်တို့နှင့် တူညီမှုများစွာရှိ၏။ သူမအား ဖော်ပြထားသောအရာများကို ရေးသားပြုစုရန် တာဝန်ဝတ္တရားပင် ရှိလေသည်။ ၁၉၀၉ ခုနှစ်တွင် အီးဂျီဝိုက်သည် --

"ကျွန်ုပ်အသက်ပင်စွန့်လွှတ်ရခါနီးဖြစ်ခဲ့သော မတော်တဆမှုကြောင့် ကျွန်ုပ်သည်အားချည့်နဲ့ကာ စာပင် မရေးနိုင်ခဲ့ပါ။ တစ်ညတွင် ကိုယ်တော့် ကောင်းကင်တမန်တော်တစ်ပါး ကျွန်ုပ်အိပ်ရာဘေးသို့ရောက်လာကာ "ငါပေးသောအရာအားလုံးကို သင်ရေးသားပြုစုရမည်"ဟူ၏။ "စာမရေးနိုင်ပါ"ဟု ကျွန်ုပ်ဆိုသည်။ အမိန့်တော်သည် လာပြန်၏။ "ငါပေးသောအရာများကို ရေးသားလော့"ဟူ၏။ ကျွန်ုပ်ကြိုးစားရမည်ဟု စဉ်းစားမိသည်။ သစ်သားသင်ပုန်းတစ်ခုကောက်ယူကာ စာရေးကြည့်လိုက်ရာ စာလုံးများကို လွယ်ကူစွာရေးသားပြုစုနိုင်သည်ကို ကျွန်ုပ်သိရှိရသည် (General Conference Bulletin, May 31, 1909)။

မှတ်သွင်းခံရသော ကျမ်းစာကလောင်ရှင်များနည်းတူ အီးဂျီဝိုက်သည်ပင် စာပေဆိုင်ရာအကူအညီယူခဲ့၏။ စာတည်းဖြတ်သူများ ပြုရမည့်အလုပ်ကို သူ့စာရေးမတို့မှပြုရကာ ကလောင်ရှင်အား သတင်းစကားများကို ရှင်းလင်းစွာဖော်ပြပေးသော်လည်း မိမိတို့၏ ကိုယ်ပိုင်အတွေးအမြင်များကို ထည့်သွင်းခြင်းမပြုကြပါ။ သူတို့သည် တွဲဘက်ကလောင်ရှင်များ မဟုတ်ကြပါ။ သူတို့၏လုပ်ငန်းသည် လက်ရေးဖြင့် လည်းကောင်း၊ နှုတ်မိန့်ဖြင့် လည်းကောင်း အီးဂျီဝိုက်ထုတ်နုတ်ထားသော အချက်အလက်များကိုသာ မှီငြမ်းထားသည်။ အီးဂျီဝိုက်သည် သူမ၏ သတင်းစကားများကို တင်ဆက်နိုင်ရန် အခြားသောစာပေများမှ ကိုးကားခြင်း၊ လိုက်လျောညီထွေစေခြင်း ကိုပြုလေ့ရှိသည်။

"သူမကိုယ်တိုင်အသုံးပြုခဲ့သော စာအုပ်များနှင့်ပတ်သက်၍ သူမ၏ စာဖတ်သူများကို အကြံပြုထောက်ခံရာတွင် သူမသည် ထိုစာရေးဆရာများကို လှည့်ဖြားရန်နှင့် မတရားပြုရန် ရည်ရွယ်ခြင်းမရှိကြောင်း၊ သူမ ပြောပြလိုသော အမှန်တရားကို ဖော်ပြနိုင်ရန် သူတို့၏ဘာသာစကားအသုံးအနှုန်းများကို ရရှိနိုင်သည်ဆို၏။ ကွဲပြားခြားနားရေးနောက် မညီခြင်းနှင့် တိကျသောအချက်များကား မည်သို့နည်း။ မမှားနိုင်ခြင်းနှင့်ပတ်သက်၍ သူမသည် ကျွန်ုပ်

မည်သည့်အခါမျှ အခိုင်အမာ မဆိုခဲ့ဖူးပါ။ ထာ၀ရဘုရားသည်သာ အမှားကင်းခြင်းရှိသည်” (Selected Messages, Book 1, p. 37)ဟု ဆို၏။

နားလည်ရခက်ခဲ၍ သူများနှင့် လိုက်လျောညီထွေမှုမရှိသော အချက်အလက်များကို နဖူးတွေ့ဒူးတွေ့ တွေ့ရပါလိမ့်မည်။ အီးဂျီဝိုက်၏ လူသားဇာတိကို ကောင်းကင်၏ ခေါ်တော်မူခြင်းမှ မပျက်ပြယ်စေပါ။ ကျွန်ုပ်တို့အားလုံးကဲ့သို့ အီးဂျီဝိုက်သည် ကြီးထွားလာကာ ရင့်ကျက်လာသကဲ့သို့ သူမ၏ အရေးအသားတို့သည်လည်း ကြီးထွား၍ရင့်ကျက်လာလေသည်။ အထက်ဆိုခဲ့သည်နည်းတူ ထပ်ဆိုရမည်မှာ သူမ ရေးသားသော စကားလုံးတိုင်းတို့သည် ကောင်းကင်မှတိုက်ရိုက်ညွှန်ကြားသည်ဟု ယုံကြည်သူတို့ကို သူမကိုယ်တိုင် ပြုပြင်ပေးလေ့ရှိသည်။

သာမန်အရာများကို ဖော်ပြရမည့်အချိန်ရှိသည်။ သာမန်အရာတွေသည် အတွေးထဲတွင် နေရာယူမည့်အချိန်ရှိသည်။ သာမန်စာများ ရေးသားရသောအချိန်နှင့် သတင်းအချက်အလက်များကို အမှုတော်ဆောင်များ တစ်ဦးမှတစ်ဦးထံသို့ လက်ဆင့်ကမ်းရသောအချိန်ရှိသည်။ ထိုစကားများ၊ ထိုသတင်းအချက်အလက်များကို သန့်ရှင်းသောဝိညာဉ်တော်၏ အထူးလှုံ့ဆော်ခြင်းဖြင့် ပေးပို့သည်မဟုတ်ပါ” (Selected Messages, Book 3, p. 58)။

ပိုမိုဖတ်ရှုရန်။ https://whiteestate.org/absg/6.

-၀-

သင်ခန်းစာ (၇)

# ယခုနားထောင်ကြလော့

နိုဝင်ဘာလ ၇ – နိုဝင်ဘာလ ၁၃

## ဥပုသ်နေ့မွန်းလွဲပိုင်း နိုဝင်ဘာလ ၇ ရက်

**ဖတ်ရန်ကျမ်းချက်များ။** တော၊ ၁၃း၂၆-၃၀။ ယေရမိ၊ ၃၆း၂၀-၂၆။ ၆ ရာ၊ ၃၆း၁၅၊၁၆။ မ၊ ၂၃း၃၀-၃၅။ ၁ ကော၊ ၁၀း၆-၁၃။

## အလွတ်ကျမ်းချက်

**"ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှာ ထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း" (၁ ကော၊ ၁၀း၁၁)။**

လူအချို့တို့သည် ၎င်းတို့မှန်သည်ထင်သောအရာ၊ ၎င်း၏အတွေ့အကြုံ၊ ၎င်းတို့အကြံ၊ အတွေးအခေါ်၊ လိုအပ်ချက်၊ ပိုင်နက်နှင့် ယုံကြည်ခြင်း၊ မည်သည်ပင်ဖြစ်စေ ပြောရဲဆိုရဲကြသည်။ အမှန်တရားဟူသည် တရားဝင်ဖြစ်သည်။ တိတ်ဆိတ်နေရန်မဟုတ်ဟု ဆိုကြသည်။ ထိုသို့ မိမိတို့မှ အမှန်တရားဟုခိုင်မြဲစွာ စွဲကိုင်သောအရာသည် သမ္မာတရားဖြစ်သော ယေရှုခရစ်တော်၊ ကိုယ်တော့်နှုတ်ကပတ်တော်နှင့် ဆန့်ကျင်နေသောအခါ မည်သို့ဖြစ်မည်နည်း။

အချို့တို့သည် ကျမ်းစာ၏သမ္မာတရားကို လက်ခံလိုက်သောအခါ မိမိအမှားများမှ လှည့်ပြန်လာကြသော်လည်း အခြားသူတို့သည် မိမိတို့၏ မိစ္ဆာဝါဒီကိုပင် စွဲမြဲစွာကိုင်တွယ်၏။ သမ္မာတရားအား တုံ့ပြန်ကာ မိမိတို့၏ စာရိတ္တကို ပြောင်းလဲသူတွေရှိ၍ ပုန်ကန်ရန်ပြုသူတွေလည်း ရှိသည်။ ဤသည် မှာလူသားတို့၏ ရာဇဝင်သမိုင်းပင်ဖြစ်လေ၏။

ကျမ်းစာပရောဖက်တို့သည်လည်း လူသားတို့မှ မကြားလိုသော သတင်းစကားများကို မျှဝေရန်ခေါ်တော်မူခြင်းခံရကြသည်။ ရလဒ်မှာတော့ အပြစ်ရှာခြင်း၊ ကြဉ်ထားခြင်း၊ အသက်အန္တရာယ်ဖြင့် ခြိမ်းခြောက်ခံရခြင်းနှင့် အမှန်ပင်အသေသတ်ခံခဲ့ရကြသည် (ဟေဗြဲ၊ ၁၁း၃၂-၃၈)။

ဤအရာအားလုံးကိုပင် လျစ်လျူရှုကာ သစ္စာရှိသောဘုရား၏ ပရောဖက်တို့သည် ကောင်းကင်၏လမ်းညွှန်မှုအတိုင်း ကြွေးကြော်ကြလေသည်။ ဤသည်မှာ ဘုရား၏လူတို့အတွက် အသက်ကယ်သော လမ်းညွှန်မှုပင်ဖြစ်လေသည်။ ပရောဖက်တို့သည် ကိုယ်ရေးကိုယ်တာ ဆုံးရှုံးမှုမည်မျှပင် ကြီးနေပါစေ၊ ထိုသတင်းစကားများကို ပို့ဆောင်ရမည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၈ ရက်**

**ဘုရား၏တမန်တော်အပေါ် အမျက်ဒေါသ**

မောရှေသည် ဘုရားသခင်ရွေးကောက်တော်မူသော ခေါင်းဆောင်ကြီးဖြစ်၍ ကတိပြည်တော်ကိုရှာဖွေရာ သဲကန္တာရလမ်းခရီးတွင် ရောန္နောနေသော လူအုပ်ကြီးကို ဦးဆောင်မှုပြုနေသူဖြစ်သည်။

တော၊ ၁၄း၄-၁၁ ကိုဖတ်ပါ။ မည်သည်များ ဖြစ်ပျက်နေသနည်း။ လူပရိသတ်တို့သည် မောရှေနှင့် အာရုန်တို့အပေါ် အဘယ်ကြောင့် ဒေါသထွက်နေကြသနည်း။

---

---

ဤကျမ်းချက်တို့ကို အနီးကပ်ဖတ်ရှုရာတွင် ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကို မယုံကြည်သောကြောင့် ဒေါသထွက်နေကြသည်ဆို၏။ ထာဝရဘုရား၏ လူသားကိုယ်စားလှယ်တော်ကြီးများဖြစ်သော မောရှေနှင့် အာရုန်တို့အပေါ် လူမျိုးတို့၏ဒေါသအတွက် လွယ်ကူသောပစ်မှတ်များ ဖြစ်နေကြသည်။ ကိုယ်ကာယဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုသည် လူသား

တိုင်းတွင်ရှိသော အဓိကစိတ်အားထက်သန်မှုဖြစ်သည်။ ၎င်းတို့ နှစ်ခုလုံးတို့အား ခြိမ်းခြောက်ခံရသောအခါသော် လည်းကောင်း၊ ကိုယ်ကာယဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခြင်းရှိလာသောအခါ ကျွန်ုပ်တို့သည် ဒေါသထွက်ခြင်း သို့မဟုတ် အဓိပ္ပာယ်မရှိသကဲ့သို့ ခံစားနိုင်ပါသည်။

တော၊ ၁၃း၂၆-၃၀ ကိုဖတ်ပါ။ ဣသရေလတို့သည် အဘယ်ကြောင့် စိုးရိမ်နေကြသနည်း။ ကာလက် သည် မည်သည့်ခွန်အားပေးစကားကို ၎င်းတို့အား မျှဝေခဲ့သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ကတိတော်ပြည်ကို ပိုင်ဆိုင်နိုင်ရန် ဣသရေလတို့သည် ၎င်းတို့အရှေ့၌တရားဝင်စိုးရိမ်မှုများ ထားရှိခဲ့ကြသည်။ "လူတို့သည် မိမိတို့၏နှလုံးကို မယုံကြည်ခြင်းသို့ ဆက်ကပ်သောအခါ ၎င်းတို့သည် မိမိတို့ကိုယ်ကို စာတန်၏ထိန်းချုပ်မှုအောက်တွင် ဝင်ရောက်နေခြင်းဖြစ်၍ စာတန်သည် မည်သည့်တိုင်အောင်ဦးဆောင်သွားမည်ကို မည်သူမျှမပြောနိုင်ပါ" (E.G White, Patriarchs and Prophets, p. 389)။

ဤအခါသမယတွင် မောရှေသည်ကျော်လွှား၍မရသော ခေါင်းဆောင်မှု၏စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။ လူထု၏စိုးရိမ်ခြင်းတို့သည် မောရှေနှင့် အာရုန်တို့အပေါ်တွင် ဒေါသပေါက်ကွဲခြင်းနှင့် ထာဝရဘုရားကိုပင် ပုန်ကန်ခြင်းသို့ရောက်ရှိသွားသည်။ ဘုရားသခင်ကိုယ်တော်တိုင် ရွေးကောက်တင်မြှောက်သောပရောဖက်နှင့် ခေါင်းဆောင်ကြီးကို အစားထိုးမည့် ခေါင်းဆောင်သစ်များရှာဖွေသောအခါ ယောရှုနှင့် ကာလက်တို့သည် မိမိတို့၏အဝတ်များကို ဆုတ်ဖြဲကြကာ (တရား၊ ၃၄း၁၀-၁၂။ တော၊ ၁၄း၄)၊ လူမျိုးတို့အား မစိုးရိမ်ရန်နှင့် ဘုရားသခင်ကိုယုံကြည်ရန် တိုက်တွန်းကြသည်။

"ဘုရားသခင်သည် ငါတို့ကိုနှစ်သက်လျှင် နို့နှင့်ပျားရည်စီးသော ထိုပြည်သို့ ငါတို့ကိုဆောင်သွင်း၍ အပိုင်ပေးတော်မူလိမ့်မည်။ ထာဝရဘုရားကို

မပုန်ကန်ကြပါနှင့်။ ထိုပြည်သားတို့ကို မကြောက်ပါနှင့်” (တော၊ ၁၄း၈၊၉) ဟု ဆို၏။

အစစအရာရာ အဆင်ပြေနေသောအခါ ဘုရားကိုယုံကြည်ရန် လွယ်ကူလှသည် မဟုတ်လော။ ဘေးဒဏ်ကျရောက်သောအခါ အဘယ်သို့နည်း။ ထာဝရဘုရားအား ယုံကြည်နေချိန်တွင် စိတ်မချမ်းမသာ၊ ကသိကအောက်ဖြစ်ပါသလား။ သင် မည်သို့ပြုသနည်း။

**တနင်္လာနေ့** **နိုဝင်ဘာလ ၉ ရက်**

**သတင်းစကားကိုဖျက်ဆီးခြင်း အပိုင်း-၁**

ယေရမိ၊ ၃၆း၂၀-၂၆ ကိုဖတ်ပါ။ နန်းတော်အတွင်း မည်သည်များဖြစ်ပျက်၍ အကြီးအကဲတို့သည် ပရောဖက်၏ သတိပေးစကားကို မည်သို့တုံ့ပြန်သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ယုဒအပေါ် ပျက်စီးခြင်းရောက်လုဆဲဆဲတွင် ယေရမိသည် ဘုရားရှင်၏ပရောဖက်အနာဂတ်စကားသံ ဖြစ်ခဲ့သည်။ ယုဒအပေါ် ထာဝရဘုရား၏ မကျေမနပ်ဖြစ်ခြင်းကြောင့် ဘေဘီလုန်သည် ၎င်းတို့အား အောင်နိုင်၍ သုံ့ပန်းအဖြစ်ဖမ်းဆီးမည်ဖြစ်ကြောင်း (ယေရမိ၊ ၆း၈-၁၉။ ၂၆) ယေရမိအားဖြင့် ဘုရားသခင်သည် နှစ်ပေါင်းများစွာဆက်တိုက် သတိပေးခဲ့သည်။ ကိုယ်တော်သည် ကယ်တင်ရန်လမ်းဖွင့်ပေးနေရာ ၎င်းတို့သည် နားထောင်ကြရပေမည်။

ယုဒ၏အပြစ်သည် များပြားခြင်း၊ အပေါ်တင်ဖြစ်ခြင်းနှင့် မပြောင်းလဲခြင်းတို့နှင့် ပြည့်ဝသည်။ ရုပ်တုကိုးကွယ်ခြင်း၊ ဖောက်ပြန်ခြင်းနှင့် နိုင်လိုမင်းထက်ပြုခြင်းတို့သည် ယေရမိ၏ကာလတွင် စံတင်ခဲ့ရာ ပရောဖက်၏သတိပေးခြင်းကိုပင် အရေးမစိုက်ကြပါ။ ယေရမိ၏ ပရောဖက်ပြုချိန်ကုန်ဆုံးလုတွင်

လမ်းလွဲနေသော မိမိ၏သားသမီးများတို့သည် ပိုဆိုးရွားလာကြရာ ဘုရားသခင်သည် ကယ်တင်ရန်အလို့ငှာ ကြိုးစားနေလေသည်။

ယေရမိ၊ ၃၂ တွင် ပုံစံနမူနာဖြစ်စေရန် ယေရမိသည် မြေတစ်ကွက်ကိုဝယ်၍ အမှုကိုကိုင်စွဲထားရန် မိန့်တော်မူ၏။ "ဤပြည်၌ အိမ်၊ လယ်ယာ၊ စပျစ်ဥယျာဉ်တို့ကို ပိုင်ရကြလေဦးမည်" (ယေရမိ၊ ၃၂း၁၅)။ နောင်တနှင့်ပြုပြင်ပြောင်းလဲရန် ယေရမိ၏နောက်ဆုံးအဆင့် ပေးစာသည်လည်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ထိုသတင်းစကားနှင့် သံတမန်အား ယောယကိမ်၏ တုံ့ပြန်မှုသည် ဘုရားရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။

ယေရမိ၊ ၃၆း၂၇-၃၁ ကိုဖတ်ပါ။ ယောယကိမ်၏ ပမာမခန့်ပြုမူခြင်းကို ဘုရားသခင်သည် မည်သို့တုံ့ပြန်သနည်း။

----------------------------------------------------------------------------------------

----------------------------------------------------------------------------------------

ဘုရားသခင်၏ သတင်းစကားများနှင့် သံတမန်များကို လျစ်လျူရှုလိုက်ပါက ၎င်းသတင်းသည်ပင်ပျက်စီးသွားသည်ဟု ခံယူချက်ပင်ရှိတတ်ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂရုမစိုက်လိုသောစိတ်ထားသည် ကျွန်ုပ်တို့အတွက်ဖြစ်သော ထိုသတင်းစကားကို ပျက်ပြယ်မသွားစေနိုင်ပါ။ ကျွန်ုပ်တို့၏ စက်ဆုပ်ရွံရှာဖွယ်ရှိခြင်းသည်ကသာ ကျွန်ုပ်တို့အပါ မိသားစုတို့၏ ပုန်ကန်လိုသောစိတ်ထားကြောင့် ကျရောက်လာမည့်ဘေးဒဏ်ကိုပင်ပြင်းထန်စေပါလိမ့်မည်။

ရှင်ဘုရင်ယောယကိမ်အား ယေရမိ၏ဗျာဒိတ်စကားသည် လူသားတို့အား အသက်အန္တရာယ်ရှိမှ သတိပေးနေခြင်းဖြစ်သည် (ယေရမိ၊ ၃၆း၃၀၊၃၁)။ ထာဝရဘုရား၏ သတိပေးစကားများအား လျစ်လျူရှုခြင်းသည် မိမိတို့အပေါ်အန္တရာယ်ကျရောက်စေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်အပြစ်နှင့် ဒုစရိုက်များ၏အကျိုးဆက်ကိုကာ ကျွန်ုပ်တို့သည် ရိတ်သိမ်းရကြမည်ဖြစ်သည်။

လူသားတို့သည် ပမာမခန့်ပြုနေသော်လည်း မိမိလူတို့ကို လက်လွှမ်း မီနိုင်ရန် တည်မြဲသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အကြောင်း မည်သို့ဆိုထားသနည်း။

**အင်္ဂါနေ့ နိဝင်ဘာလ ၁၀ ရက်**

**သတင်းစကားကိုဖျက်ဆီးခြင်း အပိုင်း-၂**

ပရောဖက်ဆုကျေးဇူးအား လူသားတို့၏တုံ့ပြန်ခြင်းသည် နည်းမျိုးစုံ ရှိနိုင်သည်။ မောရှေအမှုတွင် ကတိတော်ပြည်သို့ဝင်ရန် ကြိုးစားနေကြစဉ် ရင်ဆိုင်ခဲ့ရသော ရန်သူများအား ကြောက်ရွံ့သဖြင့် ဣသရေလတို့သည် မောရှေနှင့် အာရုန်တို့အား ပြောင်ပြောင်တင်းတင်းပုန်ကန်ကြတော့သည်။

နှစ်အတန်ကြာပြီးနောက် ဘုရင်ယောယကိမ်သည် ဘုရားသခင်၏ အနာဂတ္တိစကားကို ဖျက်ဆီးခြင်းအလို့ငှာ ဘုရားသခင်၏ သတင်းစကား စာလိပ်ကို မီးတင်ရှို့ဖျက်ဆီးပစ်လိုက်သည်။ ဤအဖြစ်အပျက်သည် သီးခြား ဖြစ်ပျက်ခဲ့သည်မဟုတ်ပါ။ ဣသရေလလူနှင့် ယုဒ လူတို့၏ရှေးရာဇဝင်သည် ရှားပါးသောခြွင်းချက်ဖြစ်သော ပရောဖက်များအား ငြင်းပယ်ခြင်းပင်ဖြစ် သည်။

၆ ရာ၊ ၃၆း၁၅၊၁၆ ကိုဖတ်ပါ။ ဘုရားသခင်သည် မိမိ၏ပရောဖက် များမှတစ်ဆင့် ဆင့်ဆိုသော သတင်းစကားများကို ယုဒလူတို့သည် မည်သို့ တုံ့ပြန်ကြသနည်း။

ယုဒလူတို့၏ အပြုအမူအား ဘုရားသည်လည်း နောက်ဆုံးမည်သို့ တုံ့ပြန်သနည်း။

---

---

ယေရမိ၏ ပရောဖက်ပြုခြင်း ဓမ္မအမှုတော်ကာလသည် ယောရှိ ယော ခတ်၊ ယောယကိမ်၊ ခေါနိနှင့် ဇေဒကိမင်းတို့၏ စိုးစံချိန်ဖြစ်သည်။ ဘေဘီလုန်

နိုင်ငံကို နေဗုခဒ်နေဇာမှ ဦးဆောင်ကာ ဣသရေလ၏တံခါးသို့ ချဉ်းကပ်နေပြီဖြစ်သည်။ ၂၁ နှစ်အရွယ်သာရှိသော ဇေဒကိသည် ထီးနန်းသို့ရောက်လာခဲ့စဉ်ကာလတွင် ယေရမိ၏အနာဂတ္တိစကားတို့သည် ပြည့်စုံလာလေတော့သည် (၆ ရာ၊ ၃၆း၁၁)။ ကျမ်းစာ၌ "ထိုမင်းသည် မိမိဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ပြု၏။ ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုသော ပရောဖက်ယေရမိရှေ့မှာ ကိုယ်ကိုမနှိမ့်ချ" (၆ ရာ၊ ၃၆း၁၂)ဟူ၏။

ယေရမိ၏ ပရောဖက်ဆုကျေးဇူးအားဖော်ပြပုံကို သတိပြုပါ။ သူသည် ထာဝရဘုရားကိုယ်တော်တိုင်၏ နှုတ်တော်ဖြင့်မိန့်မြွက်သည့်နှုယ် ဖြစ်သည်။ သို့တိုင်အောင် ဇေဒကိသည် ပရောဖက်ရှေ့တွင် ကိုယ်ကိုမနှိမ့်ချပါ။ ယေရမိဟူသည် လူသားမျှသာ၊ မိမိတို့ကဲ့သို့အပြစ်သားပင်ဖြစ်သူသည် သူဆင့်ဆိုရသောလူတို့အပေါ် ထာဝရဘုရား၏ ကိုယ်စားပင်ဖြစ်လေသည်။ ယေရမိသည် ထိုသို့သော အခန်းကဏ္ဍများမှ တစ်ဦးပင်ဖြစ်သည်။

ထာဝရဘုရားသည် သူ့လူတို့ထံသို့ ပရောဖက်များ စေလွှတ်သည်မှာ ရာစုနှစ်များစွာချီခဲ့လေပြီ (ထွက်၊ ၃း၁၅။ ဆာ၊ ၁၀၅း၂၆၊ မာလခိ၊ ၃း၁။ ဟောရှာ၊ ၆း၈။ ယေရမိ၊ ၂၅း၄။ မ၊ ၁၁း၁၃။ လု၊ ၁၁း၄၉)။ "ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည်နောင်တရစေခြင်းငှာ အလိုတော်ရှိ၏" (၂ ပေ၊ ၃း၉)။ ဣသရေလလူနှင့် ယုဒလူတို့၏ ရှေးရာဇဝင်သည် ဖောက်ပြန်သောသူများ နောင်တရသောအခါ ကယ်တင်ခြင်းပေးရန် ထာဝရဘုရား၏ မရပ်မနားကြိုးစည်အားထုတ်ခြင်းအကြောင်းပင် ဖြစ်တော့သည်။

ယုဒလူတို့၏ ရာဇဝင်နောက်ပိုင်းတွင် ဘုရားသခင်သည် မိမိကျေးဇူးတော်ကို ယေရမိ၏ ဗျာဒိတ်တော်အသံဖြင့် လမ်းပြနှစ်သိမ့်မှုတွေပြုခဲ့ရာတွင် နှိမ့်ချခြင်း၊ ယုံကြည်ခြင်းနှင့် နောင်တတရားဖြင့် မဟုတ်၊ ရယ်မောခြင်း၊ ပျက်ရယ်ပြုခြင်းနှင့် လှောင်ပြောင်ခြင်းတို့ဖြင့်သာ တုံ့ပြန်ခံလိုက်ရ၏။

ထာဝရဘုရား၏ သံတမန်များအား ပျက်ရယ်ပြုကြ၊ ဘုရား၏ နှုတ်ကပတ်တော်တို့အား လျစ်လျူရှုကြ၊ ပရောဖက်များအား သရော်ခဲ့ကြ၏။ ယနေ့ ကျွန်ုပ်တို့သည် ထိုသို့မပြုအပ်သနည်း၊ ပြုအပ်သနည်း။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၁၁ ရက်**

**သူတော်ကောင်းယောင်ဆောင်ခြင်း**

သူတစ်ပါးပြုခဲ့သောအမှုများကိုကြည့်ကာ ငါသာဆို သူတို့ပြုသလိုမပြုနိုင်ဘူးဟု တွေးမိဖူးသလား။ မိမိတို့သည် ရိုးဖြောင့်သူများဖြစ်ခဲ့သော် သူများပြုခဲ့သည့်အတိုင်း ပြုမည်မဟုတ်သော်လည်း မျက်လုံးစုံမှိတ်ကာ မိမိတို့ပြုမြဲအမှားများကိုပင် ထပ်ခါထပ်ခါ ပြုလုပ်သောအခါ သူတစ်ပါးတို့နှင့် အလားတူကြရပြန်သည်။

ယေရှုကိုယ်တော်တိုင် မိန့်ကြားခဲ့သောအခြေခံမှုမှာ "လျှို့ဝှက်သောသူ၊ ကိုယ်မျက်စိ၌ရှိသော တံကျင်ကိုရှေးဦးစွာ ထုတ်ပစ်လော့။ နောက်မှ ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို ထုတ်ပစ်ခြင်းငှာ ရှင်းလင်းစွာမြင်ရလိမ့်မည်" (မ၊ ၇း၅)။

မဿဲ၊ ၂၃း၃၀-၃၅ ကိုဖတ်ပါ။ နာကျင်စေနိုင်သော်လည်း မည်သည့်အရေးကြီးအချက်ကို ယေရှုမိန့်တော်မူသနည်း။ ယေရှု၏နှုတ်ကပတ်တော်မှ မည်သည့်သတိပေးချက် ရယူနိုင်မည်နည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ဤကျမ်းချက်တို့တွင် ယေရှုမုန်းတီးသော ဖာရိရှဲတို့၏စရိုက်သည် ၎င်းတို့၏ သူတော်ကောင်းယောင်ဆောင်ခြင်းဖြစ်သည်။ ၎င်းတို့၏ ပြောင်းလဲရန်ငြင်းဆန်ခြင်းသည် သာ၍ဆိုးသည်။ ဖာရိရှဲတို့၏ ကိုးကွယ်ခြင်းသည် ယေရှုအတွက် သည်းခံစရာမရှိတော့ပါ။ ဝတ်လုံဖြူဝတ်ဆင်ကာ ဝိညာဉ်ရေးရာအထက်တန်းလွှာမှာနေထိုင်သောသူတို့သည် အတွင်း၌လူသေအရိုးသာရှိသောအဖြူသုတ်သော သင်္ချိုင်းတွင်းနှင့်တူခြင်းကို ယေရှုသည် ငြီးငွေ့လှ၏ (မ၊ ၂၃း၂၇၊၂၈)။

၎င်းတို့၏အပြစ်များကို ဝန်မချ၊ စွန့်မပစ်ဘဲ ၎င်းတို့၏အပြစ်များကို ဖော်ထုတ်ကာ ယေရှုသည် နောင်တရ၍ ကယ်တင်ခြင်းသို့ရောက်ရန် ထပ်

ခါတလဲလဲအခွင့်အခါပေးခဲ့သည်။ ဤသူတို့နှင့်ဆက်ဆံရာတွင် "လျှို့ဝှက်သောသူ"ဟု သမုတ်ရသည်လည်း အထူးအဆန်းမဟုတ်ပါ။ စာကြောင်းအမှန်မှာ "လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏" (မ၊ ၂၃း၁၄၊၁၅၊၂၃၊၂၅၊၂၇)။

၎င်းတို့၏အသက်တာသည် တစ်ခုခုကိုပြောပြီး အခြားတစ်ခုကို လုပ်နေခြင်းလက္ခဏာရပ်ပြသခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် ပရောဖက်တို့၏ဂူသင်္ချိုင်းကိုအလှဆင်ပေးကာ မိမိတို့၏ယုံကြည်ခြင်းကို ဂုဏ်ပြုကြသော်လည်း ပရောဖက်တို့၏ဆင့်ဆိုသောစကား၌ နောင်တရခြင်းကိုမူ ငြင်းဆိုကြလေသည်။ ပရောဖက်တို့၏ ဂုဏ်အရှိန်နှင့် ကရုဏာကာရသတို့တွင် နှီးနွယ်လိုကြသော်လည်း သူတို့၏သတင်းစကားနှင့် မပတ်သက်လိုကြပါ။

ဘုရားသခင့်ကျွန်များ၏ သင်္ချိုင်းဂူတို့ကို အရောင်တက်စေကြကာ ဘုရားသခင့်သံတမန်များ၏ အသွေးကိုမူ မသွန်းခဲ့စဖူးသည့်နှယ် နေထိုင်ကြသည်။ ထိုကာလ၌ပင် ပရောဖက်တစ်ပါးထက်ပင် ကြီးမားသော မေရှိယကိုယ်တော်ကိုပင် သတ်ဖြတ်နိုင်ရန် စီမံကိန်းများဆွဲနေကြသည်။

အပြင်လက်တွေ့တွင်မူ ဘာသာရေးသမားကြီးဖြစ်ကာ အတွင်း၌ ပုန်ကန်ခြင်း၊ လောဘမောဟနှင့် အမုန်းတရားများမဖြစ်ရန် မည်သို့လုပ်ရမည်နည်း။

**ကြာသပတေးနေ့** **နိုဝင်ဘာလ ၁၂ ရက်**

**ငါတို့အဖို့ပုံသက်သေ**

ဓမ္မဟောင်းကျမ်း၏အဖြစ်အပျက်တို့သည် ယုတ်ညံ့ဝမ်းနည်းဖွယ်ဖြစ်ခဲ့သော်လည်း ကျွန်ုပ်တို့၏ကောင်းချီးအတွက်ဖြစ်၍ ဘုရားသခင်ကို ဆန့်ကျင်ကာပုန်ကန်ခြင်းဖြင့် ဖြစ်လာနိုင်သော သင်ခန်းစာများရရှိနိုင်သည်။

၁ ကော၊ ၁၀း၆-၁၂ ကိုဖတ်ပါ။ ပေါလု၏အဆိုပြုချက်အရ ပရောဖက်တို့သည် ကျမ်းစာရေးသားသောအခါ ဘုရားရှင်သည် အဘယ်ကြောင့် လှုံ့ဆော်မှုတ်သွင်းရသနည်း။

---

---

ဤကျမ်းပိုဒ်တို့တွင် ပေါလုသည် အတိတ်နှင့် ပစ္စုပ္ပန်၊ ရှေးဣသရေလနှင့်ယခုခေတ်အသင်းတော်တို့အား ဆက်သွယ်တန်းပေးသော၊ ထိုစဉ်ခါတွင် ယေရှုကို ကယ်တင်ရှင်သခင်အဖြစ် လက်ခံသည်နည်းတူ ယခုလည်း လက်ခံနေသည်ကို ဖော်ပြသည့် မျဉ်းဖြောင့်တစ်ကြောင်းကို ဆွဲလိုက်ခြင်းဖြစ်သည် (ဂလာ၊ ၆း၁၄-၁၆)။ ပေါလုအဆိုအရ လူတို့၏အတိတ်က ဘုရားနှင့်တွေ့ဆုံခဲ့ခြင်းသည် ကောင်းသည်၊ ဆိုးသည်ကို သတိမမူလျစ်လျူရှုရန် မဟုတ်ကြောင်း ဖော်ပြသည်။

ဘုရားသခင်သည် အလေးအနက်ထားသောကြောင့် ဥပဒေကိုပင် ပြဋ္ဌာန်းခဲ့ရရာ "ထိုသူတို့သည် မကောင်းသောအရာတို့ကို တပ်မက်သကဲ့သို့ ငါတို့သည် မတပ်မက်စေခြင်းငှာ ထိုအကြောင်းအရာတို့သည် ငါတို့အဖို့ ပုံသက်သေဖြစ်ကြ၏" (၁ ကော၊ ၁၀း၆)။ တစ်နည်းဆိုရသော် အတိတ်သည် အနာဂတ်၏ နိဒါန်းဖြစ်သည်ဟု ဆိုရပေမည်။ အတိတ်သည် လက်ရှိဖြစ်ပျက်နေသည့်အရာနှင့် အနာဂတ်တွင်ဖြစ်ပျက်မည့်အရာများအတွက် အခြေအနေများကို သတ်မှတ်ပေးသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား ရှေးလူကြီးတို့၏အမှားများကို ထပ်မံကျူးလွန်ရန် ကံကြမ္မာသတ်မှတ်ထားခြင်းမရှိကြောင်း၊ သမ္မာကျမ်းစာ၏ သတိပေးချက်နှင့် ကိုယ်တော်စေလွှတ်သော ပရောဖက်များမှတစ်ဆင့် ကျွန်ုပ် တို့ထံ ဆင့်ဆိုသော ပရောဖက်ပြုစကားများကို လိုက်နာရုံဖြင့် ယင်းအမှားများမှ လွတ်မြောက်နိုင်သည်ဟု မိန့်ဆိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့မှ နားထောင်၊ သင်ယူ၊ လိုက်နာပါက ကျွန်ုပ်တို့၏အသက်တာ တည်ကြည်၍ အောင်မြင်လိမ့်မည် (၆ ရာ၊ ၂၀း၂၀)။

အချို့တို့သည် ဝိညာဉ်ရေးကြွယ်ဝချမ်းသာမှုတွင် အိမ်ကောင်းများ၊ ကားများ၊ အဝတ်အစားနှင့် ဥစ္စာပစ္စည်းတို့ကိုပင် ထည့်သွင်းကြသည်။ ဘုရား

သခင်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဂရုပြုရန်ကတိပေးသည်နည်းတူ အခြားမည်သည့်နည်းလမ်းနှင့်မဆို ကျွန်ုပ်ကိုအောင်မြင်စေလိုသည် (၃ ယော၊ ၂)။ ခရစ်ယာန်အသက်တာ၏ မှန်ကန်တည်မြဲသော ဝိညာဉ်ရေးကြွယ်ဝခြင်းသည် ဘုရားသခင်၏ သတင်းစကားများအား လိုက်နာခြင်းကိုပင် တောင်းဆို၏။

ဘုရားသခင်သည် စကားလုံးများကို မဖြုန်းတီးပါ။ မြွက်ဆိုသောအခါ နှုတ်ကပတ်တော်သည် ထာဝရတည်၏။ နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏ (ဟေရှာ၊ ၄၀း၈)။ ၎င်းတို့သည် ကျွန်ုပ်တို့အားသတိပေးခြင်း "ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကို ဆုံးမစရာဖို့" (၁ ကော၊ ၁၀း၁၁) ဟု ဆို၏။ ထိုအရာတို့သည် ထိုအချိန်တွင် မှန်ကန်ခဲ့သည်ဆိုပါက ယနေ့ခေတ်မှာကျွန်ုပ်တို့အတွက် ထိုစကားတို့သည် မည်မျှပင် ပိုမိုသက်ဆိုင်နေသင့်သနည်း။

ကျမ်းစာတွင် ပုန်ကန်ခြင်းနှင့် မယုံကြည်ခြင်းတို့ကို သင်ဖတ်ရှုသောအခါ ထိုသို့ အလားတူသောအရာများပြုခြင်းကို ရှောင်ကြဉ်နိုင်ရန် မည်သည့် သင်ခန်းစာရယူနိုင်မည်နည်း။

## သောကြာနေ့ နိုဝင်ဘာလ ၁၃ ရက်

## သူမ၏သတင်းစကားများရယူခြင်းနှင့်မျှဝေခြင်း

အီးဂျီဝိုက်၏မြေး အာသာဝိုက်သည် အီးဂျီဝိုက်၏စာပေများ စီမံကွပ်ကဲရေးအဖွဲ့၏ ညွှန်ကြားရေးမှူးဖြစ်ခဲ့သူက သူ့အဖွားအသက်တာတွင် ရာချီသော ရူပါရုံနှင့် ပရောဖက်အိပ်မက်များ မြင်မက်ခဲ့သည်ဆိုသည်။ ၎င်းရူပါရုံတို့သည် မိနစ်အနည်းငယ်မှအစ နာရီပိုင်းအထိကြာခဲ့ရာ လူသူမြောက်မြားစွာမှ သက်သေခံခဲ့ကြသည်။ သူမကို မယုံကြည်သောသူတို့က သူမကို လူတောသူတောတွင်ပင် စစ်လား ဆေးလား လုပ်ကြပါသေးသည်။

သမ္မာကျမ်းစာပရောဖက်များကဲ့သို့ အီးဂျီဝိုက်သည် ရူပါရုံကာလတွင် သဘာဝလွန်ဖြစ်ရပ်များပင် ကြုံတွေ့ခဲ့ရသည်။ ၁၈၆၈ ခုနှစ်တွင် ဂျိမ်းဝှိုက်သည် ရူပါရုံရနေသည့်ကာလတွင် ဖြစ်ပျက်သည်များကို အသေးစိတ်ဖော်ပြထားသည်။ "သူမအနီးတစ်ဝိုက်တွင် ဖြစ်ပျက်နေသောအရာအားလုံးကို လုံးဝသတိမထားမိပါ"၊ အသက်မရှူပါ။ ကြွက်သားများသည်လည်း တောင့်တင်းလာကာ အဆစ်များလည်း တောင့်ခဲနေသည်။ သူမ၏လှုပ်ရှားမှုနှင့် ဟန်အမူအရာတို့သည် "လွတ်လပ်ပြီး ကျက်သရေရှိ၍" မျက်စိများလည်း ပွင့်လျက်ရှိသည်။ ရူပါရုံမှထွက်လာသောအခါ ခဏတာမျှပင် မျက်စိအမြင် ပျောက်သွားသော်လည်း အာရုံပျက်စီးယိုယွင်းခြင်းမရှိပါ။ ရူပါရုံကာလသည် မည်မျှရှည်မည်ကို မည်သူကမျှ မထိန်းချုပ်နိုင်ဘဲ အီးဂျီဝိုက်ကိုယ်တိုင်၏ မမျှော်လင့်သောကာလတွင်ပင် ရူပါရုံရလေ့ရှိ၏ (James White, LIfe Incidents, pp. 271-274)။

သမ္မာကျမ်းစာကာလက ကဲ့သို့ပင် လူတို့၏တုံ့ပြန်ခြင်းသည် မျိုးစုံလှသည်။ ဘုရား၏အကြံပြုချက်ကို လက်ခံသူ ငြင်းပယ်သူတို့ ရှိကြသည်။ သူ၏လူမျိုးကို ဆုံးမသူအဖြစ် ဘုရားသည် ကျွန်ုပ်ကိုခန့်ထားတော်မူပြီး လေးသောဝန်ကိုပင် တင်တော်မူပြီ။ ဤသတင်းစကားကို ပေးပို့ခံရသောသူတို့သည် မိမိတို့၏တုံ့ပြန်မှုကို တာဝန်ရှိစေသည်။ မသာယာလှသော ဤလုပ်ငန်းကို မိမိကိုယ်အတွက် မရွေးချယ်ခဲ့ပါ။ လူသားတို့၏ ချီးမွမ်းမျက်နှာသာရစေသောအလုပ်လည်း မဟုတ်ပါ။ ကျွန်ုပ်၏ ကယ်တင်ရှင်နာမတော်နှင့် ခွန်အားဖြင့်သာ မိမိပြုနိုင်သည်ကိုသာပြုပါမည်။ လူသားတို့သည် ကြားသည်ဖြစ်စေ၊ ရှောင်ကြဉ်သည်ဖြစ်စေ၊ သတိပေးခြင်း၊ ဆုံးမခြင်းနှင့် အားပေးတိုက်တွန်းခြင်း တို့ကို ဘုရား၏ဝိညာဉ်တော် လွှမ်းမိုးသည့်အတိုင်းပြုပါမည်။ ကျွန်ုပ်တာဝန်သည် မိမိ ပျော်ရွှင်ရန်မဟုတ်၊ ကျွန်ုပ်အားစေလွှတ်သော ကောင်းကင်ခမည်းတော်၏ အလိုတော်ကိုပြုရန်သာဖြစ်သည် (Testimonies for The Church, vol. 4, pp. 231, 232)။

စိတ်ဝင်စားဖွယ်မှာ အဲလင်ဂျီဝှိုက်ကို ငြင်းပယ်သောသူအများစုတို့သည် ပရောဖက်ဆိုင်ရာ သတင်းစကားများကို တစ်သီးပုဂ္ဂလ မယုံကြည်သော ကြောင့်မဟုတ်ဘဲ ဘာသာရေးဆိုင်ရာအခြေခံဖြင့် ငြင်းလေ့ရှိကြသည်။ အဲလင်ဂျီဝှိုက်သည် မိမိ၏ပရောဖက်ဆုကျေးဇူးကို သံသယဝင်သူတို့အပေါ် လွန်စွာကျေးဇူးပြုတတ်သည်။ ဤသူတို့အား “၎င်းတို့ တည်ကြည်ခြင်းနှင့် တိုက်ခိုက်ခြင်းတွင် မိမိတို့နေရာကို ရှင်းလင်းစွာသိရှိသည့်တိုင် စိတ်ရှည်သည်းခံခြင်း၊ ညီအစ်ကိုခြင်း ချစ်ခြင်းဖြင့် ဆက်ဆံရမည်ဆိုသည်” (Testimonies for The Church, vol. 1, p. 328)။

အဲလင်ဂျီဝှိုက်သည် မိမိ၏သက်သေပြချက်သည် သူမ၏သတင်းစကားများမှာ ဘုရားကိုယ်တော်တိုင်မှ ပေးပို့သည် ဖြစ်ခြင်းပင်ဖြစ်သည်။ လူသားတို့သည် အမှန်တရားကိုရှာဖွေပါက သူမ၏သတင်းစကားများသည် စစ်မှန်သည်ကိုမြင်ကြလိမ့်မည်။ သာ၍နားလည်လိုသောသူများအတွက် ဘုရားရှင် လမ်းပြနေသည်ဟု ယုံကြည်သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အမှန်တရားဘက်တွင်ဟန်ချက်ညီစေရန် ဘုရားရှင်သည် လုံလောက်သောသက်သေများ ပေးခဲ့ပြီးဖြစ်သည်ဟု ရေးသားသည် (Testimonies for The Church, vol. 4, p. 231)။

ပိုမိုဖတ်ရှုရန်။ https://whiteestate.org/absg/7.

-ဝ-

သင်ခန်းစာ (၈)

## ပရောဖက်ပြုချက်ဆိုင်ရာစာပေများကို အနက်ပြန်ခြင်း

နိဝင်ဘာလ ၁၄ – နိဝင်ဘာလ ၂၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိဝင်ဘာလ ၁၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** မ၊ ၅း၁၇-၄၈။ ၁ ကော၊ ၁၆း၂၀။ မ၊ ၄း၁-၁၁။ လု၊ ၁၀း၂၅-၂၈။ လု၊ ၂၄း၂၅-၂၇၊ ၄၄-၄၉။

**အလွတ်ကျမ်းချက်**

**"ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဖော်ပြတော်မူ၏" (လု၊ ၂၄း၂၇)။**

ယေရှု၏ ကပ်တိုင်တင်ခြင်းနှင့် ထမြောက်ခြင်းအပြီးတွင် ခရစ်တော်သည် ဝမ်းနည်းအားငယ်နေသော တပည့်တော်နှစ်ဦးထံတွင် ပေါ်လာရာ ၎င်းတို့သည် "ထိုသူသည် ဣသရေလအမျိုးကို ရွေးနုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည် အထက်ကမျှော်လင့်ကြပြီ" (လု၊ ၂၄း၂၁)။ တပည့်တော်တို့သည် မေရှိယဟူသည် ဂျူးလူတို့အား ရောမ၏အုပ်ချုပ်မှုအောက်မှ ကယ်ထုတ်မည့်သူဟု မျှော်လင့်ခဲ့ကြသည်။ မှားယွင်းသော ဤမျှော်လင့်ခြင်းနှင့် ၎င်း၏အကျိုးဆက် စိတ်ပျက်လက်ပျက်ဖြစ်ခြင်း၏ ရင်းမြစ်သည် ဓမ္မဟောင်းကျမ်း၏ မေရှိယအနာဂတ္တိစကားကို ဘက်လိုက်ခြင်းဖြင့် တစ်ဖက်သတ်အနက်ပြန်ခြင်းကြောင့်ဖြစ်သည်။

ဤတပည့်တော်နှစ်ပါးတို့၏ နားလည်မှုလွဲမှားခြင်းကို ခရစ်တော်သည် ကျမ်းစကားအားဖြင့် သာ၍ကျယ်ပြန့်သော မြင်ကွင်းတစ်ခုဖြင့် ရှင်းပြခဲ့သည်

(လု၊ ၂၄း၂၅-၂၇)။ ခရစ်တော်သည် ကျမ်းစကားအားဖြင့် အနက်ဖွင့်ပေးခြင်းဖြင့် ၎င်းတို့သည် မျက်စိပွင့်လာကာ သူတို့စိတ်နှလုံးသည်လည်း ယိုဖိတ်မတတ်ဖြစ်ခဲ့ကြ၏ (လု၊ ၂၄း၃၁၊၃၂)။ ထိုနောက်မှ ယေရှုသည် ယေရုရှလင်၌ရှိသော သာ၍များသော တပည့်တော်အဖွဲ့ထံတွင်ပေါ်လာခဲ့ရာ "ကျမ်းစာကို နားလည်စေခြင်းငှာ တပည့်တော်တို့၏ ဉာဏ်ကိုဖွင့်တော်မူသည်" (လု၊ ၂၄း၂၅၊၃၃၊၃၆၊၄၄-၄၉)။

ဤအတွေ့အကြုံသည် ပရောဖက်စာပေများအား မှန်ကန်စွာ နားလည်သဘောပေါက်ခြင်း၏ အပြုသဘောဆောင်သောရလဒ်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ပရောဖက်စာပေများအား မှားယွင်းစွာ နားလည်သဘောပေါက်ခြင်းသည် ဝိညာဉ်ရေးဘေးဥပဒ်ကိုပင် ကျရောက်စေနိုင်သည်။

**တနင်္ဂနွေနေ့ — နိုဝင်ဘာလ ၁၅ ရက်**

**သမ္မာကျမ်းစာ၊၎င်း၏ကိုယ်ပိုင်အနက်ဖွင့်ခြင်း**

ကျွန်ုပ်တို့၏ ကျမ်းစာအနက်ပြန်ခြင်းသည် ကျွန်ုပ်တို့၏ခံယူချက်များမှ မြောက်မြားစွာလွှမ်းမိုး၏။ ကျမ်းစာကို ရှေးဟောင်းစာရွက်စာတမ်းများ စုစည်းမှုသက်သက်အဖြစ်သာ ခံယူသောသူတို့သည် ပါဝင်သောစာအုပ်အမျိုးမျိုး၏ တစ်လုံးတစ်ဝရှိခြင်းကိုမူ နားလည်မည်မဟုတ်ပါ။ "ထိုကျမ်းစာရှိသမျှတို့သည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်" (၂ တိ၊ ၃း၁၆)သည့် အခြေခံမှုကို စိတ်သိုမှီးထားပါက ကျွန်ုပ်တို့သည် ၎င်း၏အခြေခံစည်းလုံးမှုကို တန်ဖိုးထားနိုင်ပြီး သမ္မာကျမ်းစာသည် ကိုယ့်ကိုယ်ကိုယ် အနက်ဖွင့်ဆိုကြောင်း လက်ခံနိုင်မည်ဖြစ်သည်။

မ၊ ၅း၁၇-၄၈ ကိုဖတ်ပါ။ ဤကျမ်းချက်တွင်ပါရှိသော ဓမ္မဟောင်း၏ သွန်သင်ချက်ကို ယေရှုသည် မည်သို့ရှင်းလင်းတင်ပြသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

မ၊ ၅း၁၇-၄၈ ကို အပေါ်ယံသာဖတ်ရှုခြင်းဖြင့် ဓမ္မဟောင်းသွန်သင်မှုကို ယေရှုသည် သူ၏ကိုယ်ပိုင်အသစ်သွန်သင်ခြင်းနှင့် အစားထိုးနေသည့်နှယ်ဖြစ်သည်။ သို့ဖြစ်လင့်ကစား စေ့စပ်သေချာစွာ ဖတ်ရှုသောအခါ သာ၍နက်နဲသော ဓမ္မဟောင်း၏ဝိညာဉ်ရေးရာများကို ယေရှုသည် ဖွင့်ဟနေခြင်းဖြစ်သည်ကို သိရှိရသည်။ ဤသဘောအရ သူသည် ယေရမိ၊ ၃၁း၃၁-၃၃ ရှိ ပဋိညာဉ်သစ်တွင် ဘုရားသခင်၏ ပညတ်တော်ကို လူသားတို့၏စိတ်ဝိညာဉ်တွင်သွင်းမည်။ သူတို့နှလုံးပေါ်တွင် ရေးသားမည် (ဟေဗြဲ၊ ၈း၈-၁၀။ ၁၀း၁၆)။

ရံဖန်ရံခါတွင် ပေးထားသောကျမ်းပိုဒ်၏ အနက်ပြန်ခြင်းသည် ထိုကျမ်းပိုဒ်ရှိသော စာအုပ်ထဲ၌ပင်ရှိတတ်သည်။ ဥပမာ၊ ဒံယေလ ၂၊ ရှင်ဘုရင်နေဗုခဒ်နေဇာ၏ အံ့ဖွယ်အိပ်မက်ကြီး (ဒံ၊ ၂း၃၁-၃၅)၏ အဓိပ္ပာယ်ဖော်ခြင်းသည် (ဒံ၊ ၂း၃၆-၄၅)တွင် လိုက်လာလေသည်။ အလားတူ မ၊ ၁၃ တွင် မျိုးစေ့ကြဲသူ ဥပမာ (မ၊ ၁၃း၁-၉)၏ အဓိပ္ပာယ်သည် (မ၊ ၁၃း၁၈-၂၃)တွင် လိုက်လာသည်။

ရံဖန်ရံခါတွင်လည်း သတင်းစကားတစ်ခုခု၏ အနက်ပြန်ခြင်းသည် နောက်မှပေါ်လာသော ပရောဖက်တစ်ပါးမှသာလျှင် ဖော်ပြပေးသည်။ သာဓကအနေဖြင့် ယေရမိ၊ ၂၅း၁၁၊၁၂ နှင့် ယေရမိ၊ ၂၉း၁၀ တို့တွင် ဗျာဒိတ်ထားသော နှစ်ပေါင်း ၇၀ အကြောင်းကို ၆ ရာ၊ ၃၆း၂၂၊၂၃ သည်ပြည့်စုံကြောင်း ဖော်ပြသွားသည်။ ဓမ္မဟောင်း၏ ပုံဆောင်ခြင်းများစွာတို့နှင့် ၎င်း၏ကျမ်းပိုဒ်များစွာတို့သည် ဓမ္မသစ်ထဲ၌ အနက်ပြန်ထားသည်လည်းရှိ၏။

"ဓမ္မဟောင်းကျမ်းသည် ကိန်းဂဏန်းများနှင့် သင်္ကေတများအားဖြင့် ဖော်ပြထားသော ဧဝံဂေလိတရားတော်ပင်ဖြစ်၏။ ဓမ္မသစ်ကျမ်းသည်လည်း ၎င်း၏အနှစ်သာရပင်ဖြစ်သည်။ တစ်ခုသည် နောက်တစ်ခုနည်းတူ အရေးပါသည်" (E.G White, Selected Messages, Book 2, p. 104)။

မှန်ပါသည်။ ဓမ္မသစ်သည် ဓမ္မဟောင်း၏ လှုံ့ဆော်မှုတ်သွင်းခြင်းခံရသောအနက်ပြန်သူဖြစ်သည်။

ကျမ်းစာလေ့လာရာတွင် မိမိတို့၏ယူဆချက်မျှလောက်သည် လွန်စွာ သတိထားရန် အဘယ်ကြောင့် အရေးပါသနည်း။ ကျွန်ုပ်တို့၏အရေးကြီးဆုံး ယူဆချက်က သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ယုံကြည်ရမည်။ ၎င်းနှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို စီရင်မည်ဖြစ်သည်။ ကျွန်တော်တို့က နှုတ်ကပတ်တော်ကို စီရင်ရမည်မဟုတ်ပါ။

**တနင်္လာနေ့** **နိုဝင်ဘာလ ၁၆ ရက်**

**သမိုင်းဝင်ယဉ်ကျေးမှုဆိုင်ရာအခြေအနေ**

ဟေရှာ၊ ၆၅း၁၇-၂၀ ကိုဖတ်ပါ။ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် "အသက်တစ်ရာရှိလျက် သေသောသူကို သူငယ်ဟု မှတ်ရ၏"ဟူသည် မည်သည့်အနက်ရှိသနည်း (ဟေရှာ၊ ၆၅း၂၀)။

---

---

ဟေရှာ၊ ၆၅း၂၀ ကို ၎င်း၏ သမိုင်းနောက်ခံကိုမထည့်တွက်လျှင် ကောင်းကင်သစ်များနှင့် မြေကြီးသစ်တွင် သေခြင်းနှင့် အပြစ်သားတို့ရှိနေဦး မည်ဟု ယုံရလွယ်လိမ့်မည်။ သို့သော် ၎င်း၏အတွေးသည် ယေရှာ၊ ၂၆း၁၉ ရှိ ဖြောင့်မတ်သော သေလွန်သူတို့သည် ထမြောက်ကြလိမ့်မည်။ သေခြင်း နှင့်ဝမ်းနည်းခြင်းလည်း ရှိတော့မည်မဟုတ် (ဟေရှာ၊ ၂၅း၈။ ၆၅း၁၉)ဟူသည် တို့နှင့်လည်း ဆန့်ကျင်နေတော့၏။

သို့ဖြစ်၍ ဟေရှာ၊ ၆၅း၂၀ သည် သင်္ကေတစကားလုံးသာဖြစ်သည်မှာ သိသိသာသာဖြစ်သည်။ မည်သည့်ကလေးသည် နှစ် ၁၀၀ ပင်ရှိရသနည်း။ ဟေရှာ၊ ၆၅း၁၇-၂၀ ကို ၎င်း၏ သမိုင်းနောက်ခံအတိုင်း ဖတ်ရှုသောအခါ ဣသရေလသည် ပဋိညာဉ်ပြဋ္ဌာန်းချက်အတိုင်း သစ္စာတည်ကြည်ခဲ့ပါက ၎င်း ၏ခံစားရရှိမည့် ကောင်းချီးမင်္ဂလာများကို ကဗျာဆန်ဆန်ဖော်ပြခြင်းသာ ဖြစ် သည်မှာ ထင်ရှားသည် (တရား၊ ၂၈ ယှဉ်ဖတ်)။ ယေရှုသည် မ၊ ၂၄ တွင်

နီးကပ်စွာဖြစ်လာမည့်အရာများကို နောက်မှဖြစ်လာမည့်အရာများနှင် ချိတ်ဆက်သည်နည်းတူ ဟေရှာယသည်လည်း အလားတူပြုထားရာ ယခုဖြစ်ပျက်နေသောအရာတို့သည် ကောင်းကင်သစ်များနှင့် မြေကြီးသစ်တို့အား ရှေ့ပြေးနိမိတ်အဖြစ်ပြသခြင်းဖြစ်သည်။

ဟေရှာယတွင် အသစ်သော ဖန်ဆင်းခြင်းအားလုံးသည် အနာဂတ်ကိစ္စဖြစ်သည်ဟုမဆိုလိုပါ။ လက်ရှိအချိန်မှာပင် ဘုရားသခင်၏ကြီးမြတ်သော ကယ်တင်ခြင်းနှင့် အပြစ်လွှတ်ခြင်းတို့ကြောင့် ယခုပင်ဖြစ်နိုင်သည်။ ဤကျမ်းချက်သည် ဣသရေလ၏ ထိုခါလက်ရှိအခြေအနေတွင်ပင် ဘုရားသည် သေခြင်းအား အောင်နိုင်ခဲ့ပြီးဖြစ်သည်ဟု ထုတ်ပြန်သည်ဆိုရပေမည်။ ဤထင်မြင်ယူဆချက်များကို အသက်ရှည်ခြင်းနှင့် ကလေးငယ်သေဆုံးမှု ပပျောက်ရေးကတိတော်များ (ဟေရှာ၊ ၆၅း၂၀)မှတစ်ဆင့် ဖော်ပြထားသည်။ နောက်ဆုံးတွင်ဖြစ်လာမည့်အရာတို့ကို ဤအရာအားလုံးသည် ကြိုတင်မြင်ယောင်စေသည်။

၁ ကော၊ ၁၆း၂၀ ကိုဖတ်ပါ။ ဤအချက်အလက်တို့ကို ယခုခေတ်ယဉ်ကျေးမှုမှာ မည်သို့အသုံးပြုရမည်နည်း။

---

---

ဓမ္မသစ်ခေတ် ဂရိယဉ်ကျေးမှုတွင် ဆွေမျိုးများနှင့် ရင်းနှီးသောမိတ်ဆွေများ ဆုံတွေ့သောအခါ နမ်းရှုပ်ခြင်းပင်ပြုကြသည်။ နွေးထွေး၍ ချစ်ခင်ကြင်နာသော ဤနှုတ်ဆက်ခြင်းသည် ယုံကြည်သူခရစ်ယာန်များ အသုံးပြုနိုင်ရန် ရှင်ပေါလုညွှန်ကြားထားသည် (ရောမ၊ ၁၆း၁၆။ ၁ ကော၊ ၁၆း၂၀။ ၂ ကော၊ ၁၃း၁၂။ ၁ သက် ၅း၂၆)။

ဤအချက်အလက်တို့မှ ယုံကြည်သူများ ဆုံတွေ့သောအခါ ဘုရားမိသားစုဝင်များအဖြစ် နွေးထွေးစွာခံစားရမည့်အချက်ကို ဆွဲထုတ်ယူနိုင်သည်။ အချို့ယဉ်ကျေးမှုတို့တွင် နမ်းရှုပ်ခြင်းဟူသည် မလျောက်ပတ်သောအရာပင်

ဖြစ်ရာ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပိုက်ဖက်ခြင်း၊ ခေါင်းငုံ့ပေးခြင်းတို့သည် ပိုမို ယဉ်ကျေးခြင်းအဖြစ် လက်ခံနိုင်ဖွယ်ရှိ၏။ မည်သည့် ယဉ်ကျေးမှုမဆို ထည့်သွင်းစဉ်းစား၍ ပေါလုသည် အသင်းတော်အတွင်း အသိုင်းအဝိုင်းတွင် လူသူတို့၏လက်ခံခြင်းနှင့် ချစ်ခြင်းခံစားရစေရန် တိုက်တွန်းထားသည်။

**အင်္ဂါနေ့** **နိဝင်ဘာလ ၁၇ ရက်**

**စာပေဆိုင်ရာအခြေအနေ**

တရားဟောဆရာတစ်ဦး၏ ကိုယ်တွေ့အကြောင်းအရာတစ်ခုတွင် လူတစ်ဦးသည် ပြင်းထန်သောပြဿနာတစ်ခုကြုံရရာတွင် သူ့အတွက် ဘုရား၏အလိုတော်ကို သိလိုသည်ဆို၏။ သူ၏ကျမ်းစာအုပ်ကိုဖွင့်ကာ ကျပန်းနည်းဖြင့် လက်ညှိုးထိုးလိုက်ရာတွင် မ၊ ၂၇း၅ ကိုထိုးမိသည်။ "သူ (ယုဒ)သည် ထိုငွေကို ဗိမာန်တော်၌ပစ်ချခဲ့၍ အခြားသို့သွားပြီးလျှင် လည်ကြိုးတပ်၍ သေလေ၏"ဟူ၏။ ကျမ်းပိုဒ်ကြောင့် အံ့အားသင့်သွားရာ နောက်တစ်ကြိမ်ပို၍အားတက်ဖွယ်ကောင်းသောသတင်းများ တွေ့လေမလားဟူ၍ လက်ညှိုးထိုးပြန်ရာ လု၊ ၁၀း၃၇ "သင်သည်သွား၍ ထိုနည်းတူပြုလော့"ဟူပြန်၏။ နှစ်ခုလုံးသည် ကျမ်းပိုဒ်မှန်ကန်သည်ဖြစ်သော်လည်း ၎င်းတို့ကို နောက်ခံအခြေအနေအရ နားလည်ရန်လိုအပ်သည်။

အမှန်မှာ သမ္မာကျမ်းစာပါ သတင်းတရားများ လွဲမှားစွာအနက်ဖွင့်ဆိုခြင်းများစွာသည် ကျမ်းပိုဒ်များကို ၎င်းတို့၏စာပေဆိုင်ရာအကြောင်းအရာမှ သီးခြားခွဲထုတ်ဖတ်ရှုလေ့ကျင့်မှုမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤသို့ချဉ်းကပ်ပုံသည် သမ္မာကျမ်းစာကို အတုအယောင်အနက်ဖွင့်ဆိုချက်မျိုးစုံအတွက် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

က၊ ၃း၁-၅ နှင့် မ၊ ၄း၁-၁၁ ကိုဖတ်ပါ။ စာတန်သည် ဘုရားသခင်၏ နှုတ်ကပတ်တရားများကို အကြောင်းအရာနှင့် မကိုက်ညီစွာအသုံးပြုခြင်းဖြင့် မည်သို့ပုံပျက်စေသနည်း။

---

---

အချို့သောသူတို့သည် ဗဟုသုတနည်းပါးခြင်းကြောင့် ကျမ်းစာ၏ သတင်းစကားကို ရိုးသားစွာဖြင့် လွဲမှားစွာအနက်ဖွင့်ကြသည်။ အချို့ကမူ ထိုကျမ်းချက်များကို စာတန်ကဲ့သို့ရည်ရွယ်ချက်ရှိရှိ လွဲမှားစေသည်။ စေ့ဆော်မှုမည်မျှရှိပါစေ ရလဒ်မှာ အမြဲဆိုးကျိုးပင်ဖြစ်ပေသည်။

ဧဒင်ဥယျာဉ်တွင် (က၊ ၃း၁-၅။ ဗျာ ၁၂း၉) စာတန်သည် ၈၀ ထံသို့ လူစကားပြောတတ်သော မြွေလိမ္မာကဲ့သို့ပေါ်လာခဲ့သည်။ ဘုရား၏ နှုတ်ကပတ်တော်ကို မူရင်းအကြောင်းအရာမှ လိမ်လည်လှည့်ဖြားထုတ်ယူပြီး စာတန်သည် ၎င်းတို့ကိုဦးစွာ အထွေထွေတရားအဖြစ် ယေဘုယျပြုလိုက်ကာ ထို့နောက် မိမိ၏လှည့်ဖြားသောအနက်ဖွင့်ဆိုချက်ကို တင်ပြလေသည်။ ယေရှုကို ဝိညာဉ်တော်မှ ကန္တာရသို့ခေါ်ဆောင်သွားသောအခါ (မ၊ ၄း၁-၁၁။ လု၊ ၄း၁-၁၃) "သွေးဆောင်ရာရပ်ကန္တာရတွင် ယေရှုကိုလှည့်ဖြားရန် စာတန်သည် အလင်း၏ကောင်းကင်တမန်တော်ကဲ့သို့ ရောက်လာခဲ့သည်" (E.G White, In The Advent Review and Sabbath Herald, December 18, 1888)။

ခရစ်တော်နှင့်ပြောဆိုရာတွင် စာတန်သည် ဆာ၊ ၉၁း၁၁၊၁၂ ကို လွဲမှားစွာကောက်နုတ်ကာ မိမိကိုယ်ကိုပင် အန္တရာယ်ပြုမည့်သူများကိုပင် ဘုရားသခင်သည် ကွယ်ကာစောင့်မမည်ဟု စောင်းပါးရိပ်ခြည်ပြောဆိုသည်။

ဧဒင်ဥယျာဉ်နှင့် ကန္တာရ၏ သွေးဆောင်ခြင်းအတွေ့အကြုံတို့သည် မဟာတိုက်လှန်ပွဲကြီး အမှန်တကယ်ရှိခြင်း၏ သာဓကပင်ဖြစ်ရာ ဘုရားသခင် မိန့်မြွက်တော်မူ၍ ရေးသားထားသည်များအား အနက်ပြန်ခြင်းတို့ပါဝင်လာသည်။ သမ္မာကျမ်းစာပိုဒ်နှင့် အချက်အလက်တို့အား နားလည်သဘောပေါက်ခြင်းသည် လွန်စွာအရေးပါကြောင်း သတိရစေသည်။

အမှန်တရားသည် ၎င်းကိုဖော်ထုတ်ရန် လှည့်ဖြားခြင်းကို မလိုအပ်ပါ။ မိမိတို့၏ အချက်အလက်သည် မည်မျှမှန်ကန်ပါလေစေ၊ မှန်ကန်ကြောင်း

ပြသရန် ကျမ်းစာကို ၎င်း၏နောက်ခံအခြေအနေမှ ဆွဲထုတ်ခြင်း အဘယ်ကြောင့်ရှောင်ရှားသင့်သနည်း။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၁၈ ရက်**

**စာသား၏အဓိပ္ပာယ်**

ခရစ်ယာန်အားလုံးတို့သည် မိမိတို့ကိုယ်ပိုင်အတွက် ကျမ်းစာနားလည်သင့်၏။ ကျမ်းစာဟူသည် ကယ်တင်ခြင်းလမ်းစဉ်ကို နားလည်ရန် လူအားလုံးတွက် လုံလောက်ပေသော်လည်း အတောက်ပဆုံးသောစိတ်ကို အဆက်မပြတ်စိန်ခေါ်နိုင်ရန် ခက်ခဲရှုပ်ထွေးလှ၏။ သမ္မာကျမ်းစာဟူသည် မည်သည့်အခါမှ အပြည့်အဝမကုန်ဆုံးနိုင်သောပညာများကို သိမ်းဆည်းရာ အဆုံးမဲ့သောဘဏ္ဍာဖြစ်သည်။

လု၊ ၁၀း၂၅-၂၈ ကိုဖတ်ပါ။ ကျမ်းစာဟူသည် အနက်ပြန်ရန်မလိုအပ်ကြောင်းဆိုသောသူလည်း ရှိကြသည်။ ထိုသို့ဆိုပါက ယေရှုသည် ကျမ်းတတ်ဆရာအား "ပညတ္တိကျမ်း၌ အဘယ်သို့လာသနည်း။ သင်သည် အဘယ်သို့ဖတ်သနည်း"ဟု အဘယ်ကြောင့် မေးရခြင်းဖြစ်နိုင်သနည်း (လု၊ ၁၀း၂၆)။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

စာသားတစ်ခု၏အနက်ကို နားလည်နိုင်ရန် သုံးနှုန်းထားသောစာသားကို အရင်ဦးနားလည်သည့်နောက် ဆက်စပ်စာပေနယ်ပယ်အတွင်း အသုံးပြုပုံနှင့် ယေဘုယျအားဖြင့် သမ္မာကျမ်းစာဆိုင်ရာ အကြောင်းအရာ၊ သမိုင်းဝင်ယဉ်ကျေးမှုဆိုင်ရာနေရာများကို မိမိတို့ တတ်နိုင်သမျှနားလည်သင့်သည်။ နောက်ပိတ်ဆုံး နိဂုံးချုပ်သည် သမ္မာကျမ်းစာ၏ သွန်သင်ချက်များနှင့် ပြည့်ဝစွာဆီလျော်မှုရှိရပါမည်။ ဆင်တူသောကျမ်းပိုဒ်များကို နှိုင်းယှဉ်ရာတွင် ဇဝ်ဂေလိစာအုပ်များ၌ပြသည်အတိုင်း မိမိတို့၏နားလည်မှုကို တိုးတက်စေနိုင်ပါသည်။

မ၊ ၅း၄၃-၄၈ နှင့် လု၊ ၆း၂၇-၃၆ တို့ကို နှိုင်းယှဉ်ပါ။ မ၊ ၅း၄၃-၄၈ ၏စကားစပ်နှင့် ဆင်တူသော လု၊ ၆း၃၆ သည် မ၊ ၅း၄၈ ၏ "စုံလင်ခြင်း" ကို မည်ကဲ့သို့နားလည်ရန် ထောက်မနိုင်သနည်း။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

ကျမ်းစာကို သစ္စာရှိရှိအနက်ဖွင့်ဆိုသူတစ်ဦး၏ အရေးကြီးဆုံး လက္ခဏာများတို့မှတစ်ခုသည် စေ့စပ်သေချာမှုနှင့် နှိမ့်ချမှုတို့၏ ပေါင်းစပ်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ မည်သူမျှ ကိုယ်ပိုင်သမ္မာတရားမရှိကြပါ။ ကြည့်မှန်၌ သာမှေးမှိန်စွာကြည့်ရှုရ၏။

ကျွန်ုပ်တို့သည် မှန်ကန်သောယုံကြည်ခြင်းအတွက် ပြင်းထန်စွာ ရုန်းကန်ရပါမည် (၂ တိ၊ ၄း၁-၅)။ ကျွန်ုပ်တို့ နားလည်သောအရာ၊ ရှင်းလင်းသောအရာ၊ ၎င်းကိုတည်ဆောက်ရန် အများစုတို့သည် အချိန်ကြာလာသည်နှင့် အမျှ ယခုမှေးမှိန်နေသောအရာများတို့အား နားလည်နိုင်ရန် ထောက်မပါလိမ့်မည်။ ထာဝရကာလတွင်မူ အဖြေမရသေးသော မေးခွန်းများသည် အမြဲရှိပါလိမ့်ဦးမည်။

သင် စိတ်ကသိကအောက်ဖြစ်ရလောက်အောင် နားမလည်နိုင်သောအရာ၊ နောက်နောင်မှ ရှင်းလင်းချက်ရရှိသောအချိန်အခါကို ပြန်တွေးဆကြည့်ပါ။ ယခု နားမလည်နိုင်သေးသောအရာများအတွက် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်ကို ယုံကြည်စိတ်ချနိုင်ရန် မည်ကဲ့သို့ကြုံတွေ့စေသနည်း။

**ကြာသပတေးနေ့ နိုဝင်ဘာလ ၁၉ ရက်**

**သမ္မာကျမ်းစာရှင်းလင်းချက်**

ကျွန်ုပ်တို့သည် ကျမ်းစာလေ့လာရာတွင် ရည်ရွယ်ချက် နှစ်ခုအပေါ်တွင်အာရုံစိုက်ရပါမည်။ ကိုယ်ပိုင်ဝိညာဉ်ရေးရာကြီးထားမှုနှင့် ယေရှုကယ်တင်တော်မူခြင်း၌ မိတ်သဟာယဖွဲ့ခြင်းသို့ သူတစ်ပါးကို လမ်းပြခြင်းတို့ ဖြစ်

သည်။ စစ်မှန်သောခရစ်ယာန်ဟူသည် "သမ္မာတရားအကြွင်းမဲ့"သို့ သန့်ရှင်းသောဝိညာဉ်တော်၏ပို့ဆောင်နေသောသူ ဖြစ်သည်ဟု ခရစ်တော် အနက်ဖွင့်ခဲ့သည် (ယော၊ ၁၆း၁၃)၊ "ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်" (မ၊ ၄း၄)၊ နှင့် "သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို" သွန်သင်သောသူ (မ၊ ၂၈း၂၀)ဟု ဆိုသည်။

လု၊ ၄း၁၆-၃၀ နှင့် လု၊ ၂၄း၂၅-၂၇၊ ၄၄-၄၉ ကိုဖတ်ပါ။ ဤနေရာတွင်ကျမ်းစာကို ခရစ်တော်၏ရှင်းပြချက်၌ မည်သည့်သင်ခန်းစာ ရယူနိုင်သနည်း။

---

---

ယေရှုခရစ်တော် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်သည် (ယော၊ ၁၄း၆)။ သူ၏ သွန်သင်ချက်တို့ကိုလည်း ကျမ်းစာတွင် ခိုင်မာစွာချည်နှောင်ထားသည်။ သာဓကအနေဖြင့် မာကု၊ ၁း၁၄၊၁၅ သည် "ယောဟန်သည် ထောင်ထဲ၌ရောက်သည်နောက် ယေရှုသည်ဂါလိလဲပြည်သို့ကြွတော်မူလျှင် အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ"ဟူ၍ ဧဝံဂေလိတရားကို ဟောပြော၏။

ဒံ၊ ၉း၂၄-၂၇ တွင် အချိန်ကိုအတိအကျ ညွှန်ပြထားသည်။ တောင်ပေါ်ဒေသနာ (မ၊ ၅-၇)တွင် ယေရှုသည် ထွက်၊ ၂၀း၁၃၊၁၄ (မ၊ ၅း၂၁၊၂၇) ကိုရည်ညွှန်းထားသည်။ လု၊ ၄ တွင်လည်း ဟေရှာ၊ ၆၁း၁၊၂ ကို ကိုးကားထားသည်။ ယေရှုသည်လည်း သမ္မာကျမ်းစာဟောပြောသူဖြစ်သည်။

အခြားနမူနာတစ်ခု၊ တ၊ ၈ တွင် အဲသယောပိအမတ်ကြီးသည် "ကိုးကွယ်ခြင်းငှာ ယေရုရှလင်မြို့သို့သွားသည်" (တ၊ ၈း၂၇)ဆိုသည်မှာ ထိုသူသည် ဂျူးဘာသာနှင့် အနည်းဆုံး ပွဲအချို့နှင့်ကျွမ်းဝင်သူဖြစ်သည်မှာ ထင်ရှားသည်။ သူသည် ဟေရှာယ၏စာအုပ်ကိုပင် ပိုင်ဆိုင်ထား၍ အိမ်အပြန်ခရီးတွင်ဖတ်ရှုနေသော်လည်း အပြစ်ကိုသယ်ဆောင်သောကျွန် ဆိုသည်ကို နားမလည်သဖြင့် ရှင်းပြပေးမည့်လူတစ်ဦးကိုပင် လိုက်ရှာ၏။

ဤအတွေ့အကြုံသည် အရေးကြီးသော သင်ခန်းစာအနည်းငယ်ကို သွန်သင်သည်။ ရှေးဦးစွာ ကျမ်းစာတစ်ပိုဒ်ဖတ်ရုံဖြင့် ထိုကျမ်းစာ စာပိုဒ်ကို နားမလည်စေနိုင်ပါ။ ဒုတိယအနေဖြင့် ကျမ်းစာဖတ်ခြင်းဟူသည် တစ်ဦးထံမှ တစ်ဦး သင်ယူခြင်းပြုသင့်သည်။ တတိယအနေဖြင့် မှန်ကန်သောကျမ်းစာ သတင်းစကားများကိုမျှဝေရန် ကိုယ်ရေးကိုယ်တာ တာဝန်ပင်ရှိ၏။

ဟေရှာယကျမ်းစာကို ဖိလိပ္ပု၏ အသေးစိတ်ရှင်းလင်းတင်ပြခြင်းဖြင့် အမတ်ကြီးသည် နှစ်ခြင်းမင်္ဂလာကိုပင် ခံယူခဲ့ရသည် (တ၊ ၈း၃၅-၃၉။ ဆာ၊ ၅၁း၁၂)။ ကျွန်ုပ်တို့၏ အသေးစိတ် ရှင်းလင်းတင်ပြခြင်းသည်လည်း ထို ရည်ရွယ်ချက်နှင့် တူညီသင့်ပေသည် (ယော၊ ၁၇း၁၇)။ စာပေများကို နား လည်ရန် အကူအညီလိုအပ်သောအခါ ကျွန်ုပ်တို့သည် အဘယ်ကြောင့် မိမိ အထင်အမြင်ကို မခိုင်မာစေသင့်သနည်း။

**သောကြာနေ့ နိုဝင်ဘာလ ၂၀ ရက်**

**အီးဂျီဝိုက်ကိုဖတ်ရှုခြင်း**

ကျွန်ုပ်တို့သည် အီးဂျီဝိုက်ကို မည်သို့ဖတ်ရှုမည်နည်း။ အီးဂျီဝိုက်စာပေ များကို မှန်ကန်စွာနားလည်နိုင်ရန် လမ်းညွှန်ချက်အနည်းငယ်ပင် ပေးထား သည်။

ရှေးဦးစွာ ဆုတောင်းခြင်း၊ အပြုဆောင်သောသဘောနှင့် သံသယစိတ် အစား စိတ်နှလုံးပွင့်လင်းခြင်းတို့ဖြင့် ဖတ်ပါ။ ကျွန်ုပ်တို့၏ စိတ်နေစိတ်ထား သည် ကျွန်ုပ်တို့ ကြားခြင်း၊ ဖတ်ခြင်းနှင့် မြင်ခြင်းတို့ကို အရောင်ချယ်ပေး သောမှန်ဘီလူးပင်ဖြစ်သည်။ မိမိတို့၏တွေးခေါ်မှုသည် ဝိညာဉ်တော်၏ လမ်း ပြခြင်းလိုအပ်သည်။ အီးဂျီဝိုက်ကိုယ်တိုင်သည် “ကိုယ့်အမြင်ကို သက်သေ ထူနိုင်ရန်မျှဖြင့် ကျမ်းစာဖတ်ရှုသောသူသည် အမှန်တရားကို လက်လှမ်းမီ နိုင်မည်မဟုတ်ပါ။ ကိုယ်တော်မိန့်တော်မူသောအရာများကိုသာ ဖွေရှာပါ” (Christ's Object Lessons, p. 112)။

ဒုတိယ၊ သင်ဖတ်ရှုနေသော စကားနှင့်ဆက်စပ်အခြေအနေများကို ပြန်စဉ်းစားပါ။ လူတို့သည် အီးဂျီဝိုက်စာပေများအား မူရင်းသမိုင်းဆိုင်ရာ သို့မဟုတ် ဆက်စပ်အခြေအနေအရေးအသားများကို ဖယ်ရှားပြီး သီးခြား ထုတ်ပြန်ချက်တစ်ခု သို့မဟုတ် သူ့စာပေ၏အပိုင်းအစတစ်ခုပေါ် အခြေခံပြီး အသုံးပြုလေ့ရှိကြသည်။ အီးဂျီဝိုက်သည် "အချိန်နှင့်နေရာကို စဉ်းစားသင့်သည်" (Selected Messages, Book 1, p. 57) ဟု ရေးသားထားသည်။ ဤ အခြေအနေကိုလျစ်လျူရှုသော ဝမ်းနည်းဖွယ်အလေ့အထသည် ယုံကြည်သူ အချို့အတွက် မဆုံးနိုင်သောဒုက္ခများကို အမြဲဖြစ်စေသည်။

တတိယ၊ အခြေခံသဘောတရားကို အာရုံစိုက်ပါ။ အီးဂျီဝိုက်သည် မိမိ၏စာပိုဒ်တွင် အလေးအထားဆုံးသည် မည်သည်နည်း။ ဥပမာ၊ ၁၈၉၄ ခုနှစ်တွင် အီးဂျီဝိုက်သည် Battle Creek, Michigan ရှိ အသင်းသားထံသို့ ရေးလိုက်သောစာတွင် စက်ဘီးဝယ်ယူခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည် (Testimonies for The Church vol. 8, pp. 50-53)။ အီးဂျီဝိုက်သည် ဘုရားအပ်နှံထားသောအရင်းအမြစ်များကို အထူးသဖြင့် ငွေကို သင့်လျော်စွာ စီမံခန့်ခွဲခြင်းရှိရန်အားပေးတိုက်တွန်းခြင်းဖြစ်သည် (ထိုခေတ်တွင် စက်ဘီး အလွန်ဈေးကြီးသည်)။

စတုတ္ထ၊ အီးဂျီဝိုက်စာပေတွင် ခေါင်းစဉ်တစ်ခုအောက်မှ အားလုံး ဖတ်ရှုပါ။ သူမ၏သွန်သင်ချက်နှင့်ပတ်သက်၍ အခြေအနေနှင့်ပတ်သက်သော ဖော်ပြချက်များတွင် မရှင်းမလင်းသည်များကို စိစစ်ပါ။ သူမ အသက်ထင်ရှားနေစဉ်တွင် သူ့စာပေများအား အလွဲမှားသုံးနေသည်ကို "မမဝိုက်ထံမှ သတင်းစကားဟု ဆိုကြသည်များစွာသည် မမဝိုက်ကို အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ပြီး သူမ၏ဆန္ဒဆုံးဖြတ်ချက်နှင့် မညီညွတ်သောအရာများကို ထောက်ခံသူအဖြစ် သူမအား သက်သေခံစေရန် လုပ်ဆောင်သည်" (E.G White, Selected Messages, Book 1, p. 44)ဟု ဝမ်းနည်းစွာ ရင်ဖွင့်ခဲ့သည်။

နောက်ဆုံးတွင် အီးဂျီဝှိုက်ဆိုခဲ့သည်ကို သေချာစေပါ။ အီးဂျီဝှိုက်အား မှားယွင်းစွာ စွပ်စွဲထားသောဖော်ပြချက်များစွာပင် ရှိခဲ့သည်။ အီးဂျီဝှိုက်စာပေမှ ဖတ်ရှုရသောအရာကို သေချာစေရန် အလုံခြုံဆုံးနည်းလမ်းသည် ၎င်း၏ အရင်းမြစ်ကို ကိုးကားရန်ရှာဖွေပါ။ တွေ့ရှိသောနေရာကို သေချာစေပြီးသည့်နောက်တွင် နိယာမမှန်ကန်စွာအသုံးပြုခြင်းကို စစ်ဆေးကြည့်ရှုနိုင်ပါသည်။

အီးဂျီဝှိုက်၏ပရောဖက်စာပေ၌ အံ့ဖွယ်ဆုလာဘ်ကို ပေးထားပြီးဖြစ်သည်။ လူသန်းပေါင်းများစွာတို့အတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် ထိုစာပေများ တိကျမှန်ကန်စွာဖတ်ရှုရန် အရေးကြီးသည်။ ၎င်းတို့ကို မှားယွင်းစွာအသုံးပြုခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်သည်။

ပိုမိုဖတ်ရှုရန်။ https://whiteestate.org/absg/8。

-ဝ-

## သင်ခန်းစာ (၉)
# ပရောဖက်များကို စမ်းသပ်ခြင်း
နိဝင်ဘာလ ၂၁ – နိဝင်ဘာလ ၂၇

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၂၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဒံ၊ ၁၀း၇-၁၉။ တရား၊ ၁၃း၁-၅။ ဟေရှာ၊ ၈း၂၀။ ယော၊ ၁၁း၂၅။ တ၊ ၁၅း၃၆-၃၉။ ယေရမိ၊ ၂၈း၉၊ ၁၅-၁၇)

**အလွတ်ကျမ်းချက်**

**"ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့ သွားကြပြီ" (၁ ယော၊ ၄း၁)။**

စိန်စစ်စစ်သည် ကမ္ဘာပေါ်တွင် တန်ဖိုးအရှိဆုံး ကျောက်မျက်ရတနာများထဲမှတစ်ခုဖြစ်သည်။ အခြားအရာများစွာကို စိန်နှင့် ဆင်တူယိုးမှားဖြစ်အောင် ပြုလုပ်နိုင်သော်လည်း ၎င်းတို့မှာ တန်ဖိုးမရှိကြပေ။ ထို့ကြောင့် စိန်တစ်လုံးသည် အစစ်ဟုတ်မဟုတ်ကို မည်သို့သိရှိနိုင်မည်နည်း။ အကောင်းဆုံးနည်းလမ်းမှာ ၎င်းကိုစစ်ဆေးခြင်းပင်ဖြစ်သည်။ အချို့သောစစ်ဆေးမှုများကို ရိုးရှင်းသောကိရိယာအနည်းငယ်ဖြင့် အိမ်တွင်ပင်ပြုလုပ်နိုင်သည်။ အခြားစစ်ဆေးမှုများမှာမူ ပညာရှင်တို့၏ ကျွမ်းကျင်မှုလိုအပ်သည်။ စစ်ဆေးမှုအများစုသည် တစ်ခုတည်းနှင့် အဖြေမထွက်နိုင်သော်လည်း စိန်တစ်လုံးသည် စစ်ဆေးမှုအမျိုးမျိုးကို ဖြတ်သန်းနိုင်ပါက ၎င်းမှာ စိန်အစစ်ဖြစ်ကြောင်း ယုံကြည်စိတ်ချနိုင်ပါသည်။

စိန်သည် ကမ္ဘာပေါ်ရှိအမာကျောဆုံး ဒြပ်ပစ္စည်းများထဲမှ တစ်ခုဖြစ်သည်။ စိန်၏ကြံ့ခိုင်မှုအပိုင်းတွင် အလွန်မြင့်မားသောအပူချိန်နှင့် အပူချိန်ပြောင်းလဲမှုများကို ခံနိုင်ရည်ရှိခြင်းမှာ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စိန်တစ်လုံးကိုစစ်ဆေးရန်အတွက် မီးခြစ် သို့မဟုတ် မီးတောက်ဖြင့် အပူပေးပြီးနောက် အေးသောရေထဲသို့ထည့်ကြည့်နိုင်သည်။ စိန်အစစ်သည် ပျက်စီးမည်မဟုတ်သော်လည်း စိန်အတုမှာမူ အပိုင်းပိုင်းကွဲသွားနိုင်ဖွယ်ရှိသည်။

ပရောဖက်ပြုခြင်းဆုကျေးဇူးသည် မည်သည့်စိန်ထက်မဆို ပို၍တန်ဖိုးရှိသော်လည်း ဤဆုကျေးဇူးကိုရရှိထားသည်ဟု ဆိုသူတိုင်းကို ရိုးရိုးရှင်းရှင်းဖြင့်အတည်ယူ၍မရပေ။ ထိုပြောဆိုချက်ကို စစ်ဆေးရန်လိုအပ်သည်။ ဤအပတ်တွင် ကျွန်ုပ်တို့သည် ကျမ်းစာပါ ပရောဖက်များကို လေ့လာသွားမည်ဖြစ်ပြီး ၎င်းတို့၏စစ်မှန်မှုကို စစ်ဆေးရာတွင် အသုံးပြုသောကျမ်းစာ၏ အခြေခံမှုများကို ဖော်ထုတ်သွားမည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၂၂ ရက်**

**အံ့ဖွယ်တန်ခိုး၏အခန်းကဏ္ဍ**

ထွက်မြောက်ရာကာလအတွင်း ထာဝရဘုရားသခင်သည် မိမိလူတို့ကြား၌ရှိသော ပရောဖက်ပြုခြင်းဆုကျေးဇူးအကြောင်းကို မိန့်ကြားခဲ့ရာတွင် "ငါ့စကားကို နားထောင်ကြလော့။ သင်တို့တွင် ပရောဖက်ရှိလျှင် ငါ ထာဝရဘုရားသည် ထိုသူ၌ထူးဆန်းသောရူပါရုံအားဖြင့် ကိုယ်ကိုပြမည်။ သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်" (တော၊ ၁၂း၆)ဟု မိန့်တော်မူခဲ့သည်။

ပရောဖက်ပြုခြင်းသတင်းစကားနှင့် ခေါ်တော်မူခြင်းတွင် အံ့ဖွယ်တန်ခိုးပါဝင်လေ့ရှိသည်။ ၎င်းမှာ လူတစ်ဦးတစ်ယောက်၏ အတွေးအမြင် သို့မဟုတ် စိတ်ကူးသက်သက်ထက် ပိုမိုမြင့်မားသောအရာဖြစ်သည်။ ပရောဖက်တစ်ဦးသည် ဘုရားသခင်ထံမှ တိုက်ရိုက်ဆက်သွယ်မှုကို ရရှိလေ့ရှိပြီး မကြာခဏဆိုသလို ပရောဖက်ပြုခြင်းဆိုင်ရာ အိပ်မက်များ သို့မဟုတ် ရူပါရုံများ

(ဒံ၊ ၈း၁။ ဟေရှာ၊ ၁း၁။ တ၊ ၉း၁၀ စသည်)အားဖြင့် ရရှိတတ်ကာ ထိုအချိန်တွင် ထူးခြားသောရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်များလည်း ပူးတွဲဖြစ်ပေါ်လေ့ရှိသည်။

ပရောဖက်ဒံယေလသည် ရူပါရုံမြင်ချိန်တွင် ကြုံတွေ့ခဲ့ရသော ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်အချို့ကို ဖော်ပြပါ။ ဒံ၊ ၁၀း၇-၁၉ ကိုကြည့်ပါ။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဒံယေလသည် ရူပါရုံမြင်သည့်အခါ သူ၏ခွန်အားများ ဆုတ်ယုတ်သွားသည်။ ထိုအတွေ့အကြုံတည်ရှိနေချိန်တွင် သူသည် ဘုရားသခင်အပေါ်၌သာ အမှီပြုနေခဲ့ရသည်။ သူနှင့်အတူရှိနေသူများသည် ရူပါရုံကို မမြင်ကြသော်လည်း ဘုရားသခင်၏မျက်မှောက်တော်မှာ အလွန်ပြင်းထန်လှသောကြောင့်ၡင်းတို့သည် ထိတ်လန့်တကြားထွက်ပြေးပုန်းအောင်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်သည် ပရောဖက်ပြုချက်သတင်းစကားကို အလေးထားရန်အတွက် ပရောဖက်တစ်ဦးအပေါ် အာရုံစိုက်လာစေရန် ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်များကို အသုံးပြုတော်မူသည်။

တရား၊ ၁၃း၁-၅ က ပရောဖက်ပြုခြင်းဆုကျေးဇူးနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို အဘယ်အရာသင်ကြားပေးသနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

မြင်သာသောဖြစ်စဉ်များသည် အံ့ဖွယ်တန်ခိုးတစ်ခုလုပ်ဆောင်နေကြောင်းပြသသော်လည်း ယင်းမှာ ဖြစ်စဉ်ကိုကြုံတွေ့နေရသူသည် ဘုရားသခင်၏မှုတ်သွင်းခြင်းကိုခံရသည်ဟု အလိုအလျောက်သတ်မှတ်၍ မရပေ။ စာတန်သည်လည်း အံ့ဖွယ်တန်ခိုးများကို ပြသနိုင်သည်။ ပရောဖက်ပြုခြင်းလုပ်ငန်းတစ်ခုကို အတည်ပြုရန်အတွက် သက်သေတစ်ခုတည်းဖြင့်မလုံလောက်ပါ။ ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်များအပြင် ပရောဖက်များကို စစ်ဆေးရန်လိုအပ်သည်။ အံ့ဖွယ်တန်ခိုးလက္ခဏာများသည် စစ်မှန်သောပရောဖက်ပြုခြင်းဆုကျေးဇူး

ကိုစစ်ဆေးသည့် စံနှုန်းများမဟုတ်ပေ။ တစ်ဦးတစ်ယောက်ကို ဘုရားသခင်၏စေတမန်အဖြစ် အတည်ပြုရန်အတွက် ပရောဖက်များနှင့်ပတ်သက်သော ကျမ်းစာပါစစ်ဆေးချက်အားလုံးနှင့် ကိုက်ညီရန်လိုအပ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ သမိုင်းကြောင်းတစ်လျှောက်တွင် ပရောဖက်အတုအယောင်များဖြင့် ပြည့်နှက်နေခဲ့သည် (မ၊ ၇း၁၅ ကိုကြည့်ပါ)။

အချို့သောယဉ်ကျေးမှုများတွင် အံ့ဖွယ်ဖြစ်စဉ်များသည် အခြားနေရာများထက်ပို၍ ဖြစ်လေ့ရှိသည်။ သို့သော်လည်း အံ့ဖွယ်ဖြစ်စဉ်တစ်ခုသည် ဘုရားသခင်ထံမှ လာခြင်းဟုတ်မဟုတ် သိရှိရန် ကြိုးစားသောအခါ ကျွန်ုပ်တို့သည် အဘယ်ကြောင့် အလွန်သတိထားရန်လိုအပ်သနည်း။

**တနင်္လာနေ့** **နိုဝင်ဘာလ ၂၃ ရက်**

**ကျမ်းစာနှင့်ကိုက်ညီခြင်း**

ကျွန်ုပ်တို့လူသားများသည် မိမိကိုယ်ကိုမကြာခဏ ဆန့်ကျင်ပြောဆိုတတ်ပြီး လှည့်စားတတ်ကြသော်လည်း ဘုရားသခင်မူကား မုသားမသုံးတတ်ပါ (တော၊ ၂၃း၁၉ ကိုကြည့်ပါ)။ ကိုယ်တော်သည် ပရောဖက်များမှတစ်ဆင့် ပေးအပ်သောပရောဖက်ပြုချက် သတင်းစကားများသည်လည်း ဤညီညွတ်မှုကိုဖော်ပြပါလိမ့်မည်။ ကိုယ်တော်၏မပြောင်းလဲနိုင်သော သစ္စာတရားကို ကိုယ်တော်ပေးအပ်သည့်ပရောဖက်ပြုချက်များတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ဟေရှာ၊ ၈း၂၀ ကိုဖတ်ပါ။ ဘုရားသခင်သည် မည်သည့် အဓိကအချက်ကို မိန့်တော်မူသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

မှုတ်သွင်းခြင်းခံရသည်ဟု ဆိုသောအရာအားလုံးအတွက် ကျမ်းစာသည် စံနှုန်းဖြစ်မြဲဖြစ်သည်။ ပရောဖက်များကို စစ်ဆေးရာတွင် သူတို့၏ပြောဆိုချက်များကို ကျမ်းစာနှင့် နှိုင်းယှဉ်၍စစ်ဆေးရမည်ဖြစ်သည်။ ပရောဖက်စစ်သည်

ကျမ်းစာ၏အမှန်တရားကို ဘယ်သောအခါမျှ ဆန့်ကျင်မည်မဟုတ်၊ လျှော့ပေါ့ပြောဆိုမည်မဟုတ်၊ သို့မဟုတ် အာရုံလွှဲပြောင်းစေမည်မဟုတ်ပေ။ ထို့ကြောင့် သခင်ဘုရား၏ နောက်တော်သို့လိုက်လိုပြီး အတုအယောင်သွန်သင်သူများ သို့မဟုတ် ပရောဖက်အတုများ၏ လှည့်စားခြင်းကို မခံလိုသူများအတွက် ကျမ်းစာကို သိရှိနားလည်ခြင်းသည် အလွန်အရေးကြီးလှသည်။

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများရှိ ပရောဖက်အဆက်ဆက်တို့သည် မိမိတို့၏ ပရောဖက်ပြုခြင်းလုပ်ငန်း၏ စံနှုန်းအဖြစ် ယခင်ကရေးသားခဲ့သော ပရောဖက်ပြုချက်များကို အမြဲတမ်းညွှန်းဆိုလေ့ရှိကြသည်။ နောက်ပိုင်းပေါ်လာသောကျမ်းစာပါ ပရောဖက်များသည် ဘုရားသခင်၏ အကြံအစည်တော်များနှင့် ကယ်တင်ခြင်းလမ်းစဉ်အကြောင်း နောက်ထပ်ထိုးထွင်းသိမြင်မှုများကို ဖော်ပြကြသော်လည်း ဘုရားသခင်ပေးအပ်ထားပြီးဖြစ်သော အခြေခံမှုများနှင့် သဘောတရားများကို ဘယ်သောအခါမှ မဆန့်ကျင်ကြပေ။

၂ ပေ၊ ၁း၁၉-၂၁။ ရောမ၊ ၁၅း၄ နှင့် ယာကုပ်၊ ၁း၁၇ တို့က ဘုရားသခင်အကြောင်းနှင့် ရာစုနှစ်များတစ်လျှောက် ကိုယ်တော်ပေးအပ်ခဲ့သော ပရောဖက်ပြုချက်များအကြောင်း ကျွန်ုပ်တို့ကို အဘယ်သို့သင်ကြားပေးသနည်း။

---

---

ကယ်တင်ခြင်းအကြံအစည်တော်ကို နားလည်ရန်အတွက် ဓမ္မဟောင်းကျမ်း၏ အခြေခံအုတ်မြစ်ကို က၊ ၃း၁၅ တွင် ဘုရားသခင်ကိုယ်တော်တိုင်ပေးအပ်ခဲ့သော ပထမဆုံးပရောဖက်ပြုချက်ဖြင့် ချမှတ်ခဲ့သည်။ ယဇ်ပူဇော်ခြင်းစနစ်သည် ဤအကြံအစည်တော်ကို ပုံဆောင်ပြသသော်လည်း ဘုရားသခင်၏သိုးသငယ်ဖြစ်သော ယေရှုခရစ်တော်သည် လူသားတို့အတွက် မည်သို့ကြွလာမည်၊ မည်သို့အသက်ရှင်မည်၊ မည်သို့အသေခံမည်ဟူသော အသေးစိတ်အချက်အလက်များကို နောက်ပိုင်း ပရောဖက်ပြုချက်များတွင် အဆင့်ဆင့်

ရှင်းလင်းဖော်ပြခဲ့သည်။ ကျမ်းစာမှတ်တမ်းအရ ဘုရားသခင်၏ လူမျိုးတော်တို့နားလည်နိုင်မည့်အချိန်တွင် ဘုရားသခင်သည် အမှန်တရားကို တဖြည်းဖြည်းချင်းဖွင့်ပြတော်မူကြောင်း ပြသထားသည်။ ဤသည်မှာ မျိုးဆက်သစ်တိုင်းနှင့်အတူ အမှန်တရားကို ပိုမိုနက်ရှိုင်းစွာနားလည်လာစေရန် ခွင့်ပြုပေးခြင်းဖြစ်သည်။ ဤသည်ကို "ဖွင့်ပြခြင်းခံရသော အမှန်တရား" သို့မဟုတ် "တိုးတက်ပြောင်းလဲနေသော အမှန်တရား"ဟု ဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နောက်မျိုးဆက်များသည် ရှေးမျိုးဆက်များထက် ဘုရားသခင်၏ အမှန်တရားကို ပိုမိုနက်ရှိုင်းစွာ နားလည်လာလေ့ရှိသည်။

သို့သော်လည်း အလွန်အရေးကြီးသော အချက်တစ်ချက်ရှိပါသည်။ အမှန်တရား၏ ထပ်မံဖွင့်ပြချက်အသစ်များသည် ဘုရားသခင် ယခင်က ပေးအပ်ထားပြီးသော အမှန်တရားကို ဘယ်သောအခါမျှ ဆန့်ကျင်လိမ့်မည် မဟုတ်ပါ။

**အင်္ဂါနေ့** **နိုဝင်ဘာလ ၂၄ ရက်**

**ခရစ်တော်လူ့ဇာတိခံယူခြင်း**

၁ ယော၊ ၄း၁-၃ အရ ယေရှုခရစ်တော် လူ့ဇာတိခံယူခြင်းကို ယုံကြည်ခြင်းသည် အခြားသောကမ္ဘာ့ဘာသာတရားကြီးများမှ မိမိကိုယ်ကို ပရောဖက်ဟုဆိုသူများ သို့မဟုတ် နတ်ဝိညာဉ်ကိုးကွယ်သူဟု ဆိုနေသူများကို အလွယ်တကူငြင်းပယ်နိုင်သည့် စံနှုန်းတစ်ခုဖြစ်သည်။ အကယ်၍လူတစ်ဦးက "ယေရှုခရစ်သည် လူ့ဇာတိအဖြစ် ကြွလာခြင်းကိုဝန်မခံ"လျှင် ထိုသူသည် "ဘုရားသခင်နှင့်မဆိုင်" (၁ ယော၊ ၄း၃)ဟု ဖော်ပြထားသည်။

ယောဟန်သည် ဤကျမ်းပိုဒ်များကို ရေးသားချိန်တွင် ယေရှုသည် လူသားမဟုတ်ဘဲ လူသားကဲ့သို့ဟန်ဆောင်နေသူသာဖြစ်သည်ဟု သွန်သင်နေသောပရောဖက်အတုအယောင်များကို ရည်ရွယ်ပြောဆိုခဲ့သည်။ သို့သော်လည်း ဤစစ်ဆေးချက်သည် ထိုထက်ပိုမိုနက်ရှိုင်းသည်။ ပရောဖက်တစ်ဦးက

ယေရှုသည် ကမ္ဘာမြေပေါ်တွင်အသက်ရှင်ခဲ့သော ပုဂ္ဂိုလ်စစ်တစ်ဦးဖြစ်ကြောင်း သဘောတူရုံမျှဖြင့် လုံလောက်သည်ဟုမဆိုလိုပေ။ ခရစ်ယာန်အများစုသည် ယေရှုအကြောင်းကို ထိုသို့ပင်ယုံကြည်ကြသည်။ ယောဟန်သည် ထိုအချိန်က သီးခြားပြဿနာတစ်ခုကို ကိုင်တွယ်ဖြေရှင်းနေခြင်းဖြစ်သော်လည်း ယောဟန်၏ ပရောဖက်ပြုချက်စကားများသည် သီးခြားအခြေအနေတစ်ခုအတွက် လိုအပ်ရုံသာမက နောက်မျိုးဆက်များအတွက်လည်း အရေးကြီးသော အမှန်တရားများကို ထည့်သွင်းဖော်ပြထားပါသည်။

အောက်ပါကျမ်းပိုဒ်များသည် ယေရှုအကြောင်း ကျွန်ုပ်တို့ကို အဘယ်သို့ပြောပြသနည်း။ ယော၊ ၃း၁၆။ ၂ ကော၊ ၅း၂၁။ ယော၊ ၁၁း၂၅။ ဟေဗြဲ၊ ၄း၁၄၊၁၅။ ယော၊ ၁၄း၁-၃။

---

---

စစ်မှန်သောပရောဖက်များအနေဖြင့် ယေရှုသည် ဘုရားသခင်အဖြစ်လူ့ဇာတိခံယူသူဖြစ်သကဲ့သို့ စစ်မှန်သောလူသားတစ်ဦးလည်းဖြစ်ကြောင်း ယုံကြည်ရမည်ဖြစ်သည်။ သူတို့သည် ယေရှုအကြောင်း စစ်မှန်သောအမှန်တရားများဖြစ်သည့် -- ကိုယ်တော်၏ တာဝန်၊ အပြစ်မရှိသော အသက်တာ၊ အပြစ်ဖြေခြင်းအတွက် အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်ဘုံ၌ယဇ်ပုရောဟိတ်မင်းအဖြစ် အမှုတော်ထမ်းဆောင်ခြင်းနှင့် ဒုတိယအကြိမ်ကြွလာတော်မူခြင်းတို့ကိုလည်း လက်ခံရမည်ဖြစ်သည်။ ဤသည်မှာ ယေရှုသည် ကမ္ဘာမြေပေါ်၌အသက်ရှင်ခဲ့သည်ဟု အသိဉာဏ်ဖြင့် သဘောတူခြင်းထက်ပိုမိုမြင့်မားပါသည်။ ယေရှုသည် ပရောဖက်တစ်ဦး၏ သွန်သင်ချက်များတွင် အဓိကဗဟိုချက်ဖြစ်ရမည်ဖြစ်ပြီး အပိုဆောင်းအကြောင်းအရာ တစ်ခုမျှသာ မဖြစ်သင့်ပေ။ ပရောဖက်စစ်စစ်တို့၏ သတင်းစကားများသည် လူတို့ကို ယေရှု၏ကယ်တင်ခြင်းဆီသို့ ပို့ဆောင်ပေးရမည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ မှုတ်သွင်းခြင်းခံရသော ပရောဖက်ပြု ချက်စကားသည် ဘုရားသခင်၏ မီးမောင်းထိုးပြခြင်းဖြစ်သည်။ မိုးသောက် ကြယ်ဖြစ်သော ယေရှုသည် ကျွန်ုပ်တို့၏နှလုံးသားထဲတွင် ပေါ်ထွန်းလာသည် အထိ အတွင်းစိတ်ရှိအမှောင်ထုကို ဖယ်ရှားပေးပြီး ပရောဖက်ပြုခြင်းဆုကျေး ဇူးသည် ကျွန်ုပ်တို့အား ခရစ်တော်နှင့်ပေါင်းစည်းစေကာ ကိုယ်တော်ထံသို့ အမြဲညွှန်ပြနေသည်။

ယေရှုကို ချီးမြှောက်သောပရောဖက်များသည် မိမိတို့အတွက် နောက် လိုက်များဖန်တီးရန် သို့မဟုတ် မိမိကိုယ်ကို မြှောက်စားရန်ကြိုးစားမည် မဟုတ်ပေ (တ၊ ၄း၁၂)။ သူတို့သည် အမှုတော်ထမ်းဆောင်ရန် အဆင်သင့် ရှိကြမည်ဖြစ်ပြီး စေလွှတ်ခြင်းခံရသောနေရာတွင်ရှိသောသူတို့၏ အကျိုးကို အလွဲသုံးစားလုပ်မည်မဟုတ်ပေ။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ ပရောဖက်များသည် လူသားများသာဖြစ်ကြပြီး ကျွန်ုပ်တို့ကဲ့သို့ပင် ဧဝံဂေလိ တရားကို လိုအပ်သောအပြစ်သားများသာ ဖြစ်ကြသည်။

ယေရှုသည် ဘုရားသခင်အစစ်ဖြစ်လျက်နှင့် ကျွန်ုပ်တို့၏အစား အပြစ် ဒဏ်ကိုခံ၍ အသေခံတော်မူခြင်းကို နားလည်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည် ခြင်းတွင် အဘယ်ကြောင့် အရေးအကြီးဆုံးဖြစ်သနည်း။ ထိုသွန်သင်ချက်ကို လက်လွှတ်ဆုံးရှုံးသွားပါက ကျွန်ုပ်တို့သည် အဘယ်အရာကို ဆုံးရှုံးမည်နည်း။

**ဗုဒ္ဓဟူးနေ့** **နိုဝင်ဘာလ ၂၅ ရက်**

**အပြုသဘောဆောင်သောအသီးများ**

တောင်ပေါ်ဒေသနာ (မ၊ ၅-၇)တွင် ယေရှုခရစ်တော်သည် ခရစ်ယာန် အသင်းတော်၏အခြေခံမူများကို ချမှတ်ပေးခဲ့သည်။ ပရောဖက်ပြုခြင်းဆိုင်ရာ အမှုတော်သည် ထိုအခြေခံအုတ်မြစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပုံရသည်။ အဆုံးစွန်အားဖြင့် ယေရှုသည် ပရောဖက်အတုအယောင်များအား သတိပေး ရာ၌ "ထိုပရောဖက်တို့၏အကျင့်ကိုထောက်သော် သူတို့၏သဘောကို သိရ ကြလိမ့်မည်" (မ၊ ၇း၂၀)ဟု မိန့်တော်မူခဲ့သည်။

အသီးတစ်လုံး၏အရည်အသွေးကို အချိန်ကာလတစ်ခုကြာမှသာ ဆုံးဖြတ်နိုင်သည်။ ပရောဖက်တစ်ဦး၏ စရိုက်လက္ခဏာကို ကြည့်ခြင်းနှင့် သူတို့၏သတင်းစကားများမှ မည်သည့်ရလဒ်များထွက်ပေါ်လာသည်ကို စောင့်ကြည့်ခြင်းအားဖြင့် ထိုပရောဖက်သည် သူတစ်ပါးတို့ကို ဘုရားသခင်ထံသို့ ပို့ဆောင်နေသလော၊ သို့မဟုတ် ဘုရားသခင်ထံမှဝေးကွာအောင် ပို့ဆောင်နေသလောဆိုသည်ကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။

ယောန၊ ၁း၁-၃၊ တ၊ ၁၅း၃၆-၃၉၊ နှင့် ဂလာ ၂း၁၁-၁၄ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်များသည် ပရောဖက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုအဘယ်သို့ သင်ကြားပေးသနည်း။

ပရောဖက်တစ်ဦးဖြစ်လာခြင်းက ထိုသူကို အပြစ်ကင်းစင်ခြင်း သို့မဟုတ် ကိုယ်ပိုင်အမှားမရှိသူဖြစ်စေခြင်း မဟုတ်ပေ။ ယောန၊ ပေါလုနှင့် ပေတရုတို့၏ ကျမ်းစာပါနမူနာများတွင် အမှားများ သို့မဟုတ် စရိုက်လက္ခဏာပိုင်းဆိုင်ရာ အားနည်းချက်များကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဘုရားသခင် တစ်ပါးတည်းသာအပြစ်အနာအဆာကင်းစင်တော်မူပြီး ကိုယ်တော်၏ စေတမန်တော်များသည် မည်သည့်အခါမျှ အပြစ်အနာအဆာကင်းစင်သူများ မဟုတ်ကြပါ။ ပရောဖက်များသည် ကျွန်ုပ်တို့အားလုံးကဲ့သို့ပင် အားနည်းချက်များရှိကြသော်လည်း သူတို့၏အသက်တာ ဦးတည်ချက်သည် ဘုရားသခင်ဆီသို့ ရှင်းလင်းစွာရောက်ရှိနေရမည်ဖြစ်ပြီး သူတို့ဝေမျှသော သတင်းစကားနှင့် ဆန့်ကျင်သောအသက်ရှင်မှုပုံစံဖြင့် မိမိတို့၏အမှုတော်ကို ပျက်ပြားစေ၍ မရပေ။

မည်သည့်ပရောဖက်မျှ ယေရှု၏ပုံသက်သေအတိုင်း အပြည့်အဝ တုပနိုင်မည်မဟုတ်သော်လည်း စစ်မှန်သောပရောဖက်တစ်ဦးသည် ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ မူဝါဒများနှင့် အသက်ရှင်မှုပုံစံတို့၌ မြဲမြံစွာခံယူထားသူဖြစ်သည် (မ၊ ၇း၁၆-၂၀)။ ဘုရားသခင်၏ စေတမန်တော်ဟု ဆိုလျက်နှင့် သူကိုယ်တိုင်ဆောင်ယူလာသော သတင်းစကားနှင့် ထင်ရှားစွာဆန့်ကျင်

သည့် အသက်ရှင်မှုမျိုးရှိသူ မည်သူမဆိုကို သံသယဖြင့် စောင့်ကြည့်ရမည်ဖြစ်သည်။

ပရောဖက်ပြုခြင်းဆိုင်ရာ ခေါ်တော်မူခြင်းမှာ ခက်ခဲသော်လည်း ပရောဖက်များစွာတို့သည် မိမိတို့အမှုတော်ကာလအတွင်း "အသီးကောင်းများ"ကို ပြသခဲ့ကြသည်။ ဥပမာအားဖြင့် မောရှေသည် ဣသရေလအမျိုးသားတို့ကို တောကန္တာရတွင် အောင်မြင်စွာဦးဆောင်ခဲ့သည် (တရား၊ ၃၄း၁၀-၁၂)။ ဟဂ္ဂဲ၏ သစ္စာရှိမှုသည် ၁၉ နှစ်တိုင်တိုင်ရပ်တန့်နေခဲ့သော ဒုတိယဗိမာန်တော် ပြန်လည်တည်ဆောက်ခြင်းကို စတင်ရန် ယုဒပြည်သားတို့ကို အားပေးခဲ့သည် (ဟဂ္ဂဲ၊ ၁း၁၂)။ ဟေရှာယ၏ မယိမ်းယိုင်သောအမှုတော်သည် ယုဒရှင်ဘုရင်လေးပါးကို အမှုထမ်းခဲ့ပြီး ဂယက်ထနေသောကာလတစ်ခုတွင် လမ်းညွှန်ပေးကာ မေရှိယဘုရားသခင်ဆီသို့ ညွှန်ပြခဲ့သည် (ဟေရှာ၊ ၃၉း၅၊၆။ ဟေရှာ၊ ၅၃း၄-၆)။ ဒံယေလ၏စစ်မှန်သော ဝန်ခံခြင်း (ဒံ၊ ၉း၁၅) သို့မဟုတ် ယေရမိ၏မျက်ရည်ကျလျက် အပ်နှံခြင်း (ယေရမိ၊ ၉း၁)တို့ကို ကျွန်ုပ်တို့မေ့မရနိုင်ပါ။ သူတို့သည် မကြာခဏညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားပြုကျင့်ခြင်း ခံခဲ့ရသော်လည်း ဘုရားသခင်၏ပရောဖက်များသည် ဘုရားသခင်နှင့် ကိုယ်တော်၏လူမျိုးတော်အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာကို အမြဲပြသခဲ့ကြသည်။ ဤသည်မှာ အသီးသီးသောအမှုတော်၏ အမှတ်အသားပင်ဖြစ်သည်။

ဘုရားသခင်၏ အမျိုးသား/အမျိုးသမီးများသည် သူတို့၏လုပ်ရပ်များ သို့မဟုတ် စရိုက်လက္ခဏာ အားနည်းချက်များဖြင့် သင့်ကို ဘယ်နှစ်ကြိမ်အထိ စိတ်ပျက်စေခဲ့ဖူးသနည်း။ ထိုအတွေ့အကြုံမှ သင်ရရှိနိုင်သော အရေးကြီးသည့်သင်ခန်းစာမှာ အဘယ်နည်း။

**ကြာသပတေးနေ့** **နိုဝင်ဘာလ ၂၆ ရက်**

**ပြည့်စုံလာသောပရောဖက်ပြုချက်များ**

လူတို့သည် ပရောဖက်ဆိုသည်မှာ အနာဂတ်ကိုဟောကိန်းထုတ်သူဟုသာ

အများအားဖြင့် သိလေ့ရှိကြသည်။ သို့သော်လည်း ဤသည်မှာ ပရောဖက်တစ်ဦး၏လုပ်ငန်းတာဝန် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်သည်။ ပရောဖက်တို့၏အမှုတော်သည် ထိုထက်ပို၍ကျယ်ပြန့်သည်။ ပရောဖက်များသည် လူတို့အားဘုရားသခင်၏နှုတ်ကပတ်တော်ဆီသို့ ပြန်လည်လမ်းပြပေးကြပြီး အကြံဉာဏ်ပေးခြင်း၊ သတိပေးခြင်းနှင့် အားပေးခြင်းတို့ကို ပြုလုပ်ကြသည်။

လူတို့အား အနာဂတ်ဖြစ်ရပ်များကို သိရှိစေခြင်းနှင့် ပြင်ဆင်စေခြင်းအပြင် ပရောဖက်တို့သည် အဘယ်ကြောင့် အနာဂတ်ကိုဟောကိန်း ထုတ်ကြသနည်း။ ယေရမိ၊ ၂၈း၉၊၁၅-၁၇ ကိုကြည့်ပါ။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ပြည့်စုံလာသော ဟောကိန်းများသည် ပရောဖက်တစ်ဦးကို စစ်ဆေးသည့်နောက်ထပ်နည်းလမ်းတစ်ခုဖြစ်သည်။ ပရောဖက်စစ်တစ်ဦး၏ဟောကိန်းများသည် ပရောဖက်ပြုထားသည့်အတိုင်းဖြစ်ပျက်ရမည်ဖြစ်သည်။ "ပရောဖက်သည်ထာဝရဘုရား၏အခွင့်ကိုဆောင်၍ ဟောပြောသည်အတိုင်း အမှုမဖြစ်၊ ဟောပြောသောစကား မပြည့်စုံလျှင် ထိုစကားကို ထာဝရဘုရားမိန့်တော်မမူ၊ ပရောဖက်သည် ရဲရင့်စွာဟောပြောပြီ။ သူ့ကို မကြောက်ရ" (တရား၊ ၁၈း၂၂)။ အချို့သောပရောဖက်ပြုချက်များသည် "အခြေအနေပေါ်မူတည်၍" ဖြစ်ပေါ်လာမည်ဖြစ်သောကြောင့် ဤစစ်ဆေးနည်းကိုအသုံးပြုရန် ခက်ခဲနိုင်ပါသည်။ ဆိုလိုသည်မှာ အခြေအနေများပြည့်စုံမှုမရှိပါက ပရောဖက်ဟောကိန်းထုတ်ထားသည့်အတိုင်း ဖြစ်မလာနိုင်ပေ။

ဤမူဝါဒကို ယောနနှင့် သူ၏နိနေဝေမြို့အား သတိပေးချက်တွင်ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ယောန၏ တရားတော်သည် တိုတောင်း၍ထိရောက်ပုံရသည် - "လေးဆယ်ရက်ကြာပြီးမှ နိနေဝေမြို့ပျက်စီးလိမ့်မည်" (ယောန၊ ၃း၄)။ သို့သော် သူဟောကိန်းထုတ်ထားသည့်အတိုင်း ဖြစ်မလာခဲ့ပေ။ အဘယ်ကြောင့်နည်း။

ယေရမိ၊ ၁၈း၇-၁၀ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်က "အခြေအနေပေါ် မူတည်သော ပရောဖက်ပြုချက်များ" (Conditional Prophecy) နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို အဘယ်သို့သင်ကြားပေးသနည်း။

အခြေအနေပေါ်မူတည်သော ပရောဖက်ပြုချက်များဆိုသည်မှာ လူတို့သည် ဘုရားသခင်၏သတင်းစကားအပေါ် မည်သို့ တုံ့ပြန်ကြသည်ဆိုသည့်အချက်အပေါ်တွင်မူတည်နေသော ဟောကိန်းများဖြစ်သည်။ အကယ်၍ လူတို့သည် သူတို့၏သဘောထားနှင့် အပြုအမူကိုပြောင်းလဲလိုက်ပါက ဟောကိန်းထုတ်ထားသောဖြစ်ရပ်သည် ဖြစ်မလာနိုင်ပေ။ နိနေဝေမြို့သားတို့သည် ယောန၏ဟောကိန်းကို နှလုံးသွင်းပြီး သူတို့၏လမ်းစဉ်ကို ပြောင်းလဲလိုက်ကြသဖြင့် ဘုရားသခင်သည် သူတို့ကိုမဖျက်ဆီးခဲ့ပေ (ယောန၊ ၃း၁၀)။ နောက်မျိုးဆက်များက ဤပရောဖက်ပြုချက် သတိပေးချက်ကိုမေ့လျော့သွားပြီး နိနေဝေမြို့သည် မကောင်းမှုနှင့် ရက်စက်ကြမ်းကြုတ်သည့်နေရာတစ်ခု ဖြစ်လာသည့်အခါကျမှ ဘုရားသခင်သည် ထိုမြို့ကိုဖျက်ဆီးတော်မူခဲ့သည်။ ဘုရားသခင်သည် အနာဂတ်ကိုသိတော်မူသော်လည်း ကျွန်ုပ်တို့မှ မသိနိုင်ကြပါ။ ကျွန်ုပ်တို့၏ရွေးချယ်မှုများသည် ကျွန်ုပ်တို့၏အနာဂတ်ဖြစ်ရပ်မှန်များကို အကြီးအကျယ်ဆုံးဖြတ်ပေးနေပါသည်။

"အခြေအနေပေါ်မူတည်သော ပရောဖက်ပြုချက်"ဆိုသည့် သဘောတရားကို နားလည်ထားခြင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။ ဤနားလည်မှုသည် ကျမ်းစာပါ အမှန်တရားကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် ကျွန်ုပ်တို့ကို အဘယ်သို့များစွာ အထောက်အကူပြုနိုင်မည်နည်း။

**သောကြာနေ့** **နိုဝင်ဘာလ ၂၇ ရက်**

**"မြည်းစမ်း၍သိမှတ်ကြလော့"**

အယ်လင်ဂျီဝိုက်၏ ပရောဖက်ပြုခြင်းဆုကျေးဇူးကို သတ္တမနေ့မျှော်လင့်ခြင်းအသင်းတော်မှ လက်ခံခဲ့သည်မှာ အသင်းတော်အစပြုချိန်မှ ယနေ့

တိုင်ဖြစ်ပြီး ကျမ်းစာပါပရောဖက်များစွာ ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများနှင့် ဆင်တူသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ၁၈၄၄ ခုနှစ်၊ ဒီဇင်ဘာလ တွင် အယ်လင်ဂျီဝိုက်၏ ပထမဆုံးရူပါရုံကို မြင်တွေ့ခဲ့ပြီးနောက် အချို့သော သူများသည် သူမ၏ ပရောဖက်ပြုခြင်းဆိုင်ရာပြောဆိုချက်များကို သံသယ ဝင်ခဲ့ကြသည်။ ဤအချက်က ဥပုသ်နေ့ကိုစောင့်ထိန်းသော အက်ဗင်တစ် (နောက်ပိုင်းတွင် သတ္တမနေ့ အက်ဗင်တစ်အသင်းတော်)တို့က အယ်လင်ဂျီ ဝိုက်၏ပရောဖက်ပြုခြင်းဆုကျေးဇူးကို ထောက်ခံကာကွယ်သည့် ထုတ်ပြန် ချက်များ စုစည်းရေးသားခဲ့ကြသည်။

ပထမဦးစွာ သူတို့သည် ပရောဖက်ပြုခြင်းဆုကျေးဇူးသည် ကာလ အဆုံးတိုင်အောင် တည်မြဲနေမည်ဖြစ်ကြောင်း ဓမ္မပညာအထောက်အထား များဖြင့် (Theological Justification) ရှင်းပြခဲ့ကြသည်။ ကျမ်းစာအရ ခေတ် ကာလနှင့်အညီ ပရောဖက်ပြုခြင်းဆုကျေးဇူး ပြန်လည်ပေါ်ပေါက်လာမည် ကိုထောက်ခံကြောင်း သူတို့ကဆိုသည်။ ယောလ ၂၊ ဗျာ၊ ၁၂း၁၇ နှင့် အခြား သောကျမ်းချက်များကို အခြေခံ၍ ပရောဖက်ပြုခြင်းဆုကျေးဇူးသည် "နောက် ဆုံးသောကာလ"၌ ထင်ရှားပေါ်ပေါက်လာမည်ဖြစ်ပြီး ဘုရားသခင်၏ နောက် ဆုံးအချိန်ကာလ လူမျိုးတော်၏ "အမှတ်အသား"တစ်ခု ဖြစ်လာလိမ့်မည်ဟု ဆိုကြသည်။ (Gerhard Pfandl ၏ "The Gift of Prophecy and God's Remnant Church," The Gift of Prophecy, အခန်း ၄ ကိုကြည့်ပါ။)

ဒုတိယအချက်မှာ ရှေးဦးအက်ဗင်တစ်များသည် အယ်လင်ဂျီဝိုက်၏ ဆုကျေးဇူးသည် ယုံကြည်သူများအပေါ် အပြုသဘောဆောင်သော သြဇာ လွှမ်းမိုးမှုရှိခဲ့ကြောင်း မှတ်သားခဲ့ကြသည်။ ဥပမာအားဖြင့် သူမ၏ ပရောဖက် ပြုခြင်းဆိုင်ရာထိုးထွင်းသိမြင်မှုများသည် ၁၈၄၀ ပြည့်နှစ်များနောက်ပိုင်း ဥပုသ်နေ့ညီလာခံများတွင် ကျမ်းစာဆိုင်ရာအယူဝါဒများ၌ သဘောထားကွဲ လွဲနေကြသော ယုံကြည်သူများကိုစုစည်းပေးရန် ကူညီပေးခဲ့သည်။ သူမ၏ ဆုကျေးဇူးသည် ဆယ်စုနှစ်များစွာတိုင် "အသီးကောင်းများ"ကို သီးပွင့်စေ

ခဲ့ပြီး သူမ၏စာပေများသည် သတ္တမနေ့ အက်ဗင်တစ် ယုံကြည်သူများအကြား ယနေ့တိုင် ဩဇာညောင်းနေဆဲဖြစ်သည်။

အယ်လင်ဂျီဝိုက်ကို ကာကွယ်ရန် တတိယမြောက် အကြောင်းပြချက်မှာ သူမ၏ရူပါရုံဆိုင်ရာ အတွေ့အကြုံများ၏ အံ့ဖွယ်သဘာဝများဖြစ်သည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း ရူပါရုံမြင်ချိန်တွင် အယ်လင်ဂျီဝိုက်သည် အံ့ဖွယ်တန်ခိုးလက္ခဏာများကို ပြသခဲ့သည် -- သူမ မသိရှိသောအချက်အလက်များနှင့် အခြေအနေများကို ပြောပြခြင်း၊ အနာဂတ်ဖြစ်ရပ်များကို ဖော်ထုတ်ခြင်း၊ သာမန်လူတို့ထက် ပိုမိုမြင့်မားသောခွန်အားကို ပြသခြင်းနှင့် သူမ၏ရူပါရုံဖြစ်ပေါ်ချိန်ကို သူမကိုယ်တိုင် ထိန်းချုပ်ခြင်း သို့မဟုတ် လွှမ်းမိုးခြင်း မပြုနိုင်ခြင်း စသည်တို့ပါဝင်သည်။

သတ္တမနေ့ အက်ဗင်တစ်တို့သည် ယနေ့တိုင် အယ်လင်ဂျီဝိုက်၏ ဆုကျေးဇူးမှန်ကန်ကြောင်းအတွက် ဤအထောက်အထားများကို မီးမောင်းထိုးပြနေကြဆဲဖြစ်သည်။ ဤအကြောင်းပြချက်များသည် ခိုင်လုံသော်လည်း အယ်လင်ဂျီဝိုက်၏ဆုကျေးဇူးအတွက် အစွမ်းထက်ဆုံးသော "သက်သေ"မှာ သူမ၏စာပေများကို ကိုယ်တိုင်ဖတ်ရှုခြင်းမှရရှိသည့် အတွေ့အကြုံပင်ဖြစ်သည်။ ဆာလံဆရာ ဒါဝိဒ် တိုက်တွန်းသကဲ့သို့ - "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍သိမှတ်ကြလော့" (ဆာ၊ ၃၄း၈)။ ကျွန်ုပ်တို့သည် အယ်လင်ဂျီဝိုက်၏ စာပေများကို ဆုတောင်းခြင်းနှင့်တကွ ဖတ်ရှုမှသာလျှင် သူမ၏ပရောဖက်ပြုချက်ဆိုင်ရာ ပြောဆိုချက်များကို မှန်ကန်စွာအကဲဖြတ်နိုင်မည်ဖြစ်သည်။

စတင်ဖတ်ရှုရန်အတွက် သူမ၏ စာအုပ်ငယ်ဖြစ်သော်လည်း လူကြိုက်အများဆုံးသော သုခချမ်းသာလမ်း (Steps To Christ) မှ စတင်နိုင်ပါသည်။ ထို့နောက် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိဖြစ်ပျက်ခဲ့သော ကြီးမားသည့်ပဋိပက္ခကို ဖော်ပြထားသည့် အတွဲငါးတွဲပါ Conflict of The Ages စီးရီးကို ဆက်လက်ဖတ်ရှုပါ။ သူမ၏စာပေများကို စာအုပ်မူရင်းနှင့် အီလက်ထရောနစ်

ဗားရှင်းများဖြင့် (EGWWritings.org) တွင်အလွယ်တကူရရှိနိုင်ပြီး ဘာသာစကားအမျိုးမျိုးသို့လည်း ပြန်ဆိုထားပြီးဖြစ်သည်။

ပိုမိုသိရှိလိုပါက https://whiteestate.org/absg/9 သို့ဝင်ရောက်ကြည့်ရှုပါ။

-ဝ-

## သင်ခန်းစာ (၁၀)
# ပရောဖက်တို့၏အာဏာနှင့် သက်ဆိုင်မှု
နိုဝင်ဘာလ ၂၈ – ဒီဇင်ဘာလ ၄

**ဥပုသ်နေ့မွန်းလွဲပိုင်း** **နိုဝင်ဘာလ ၂၈ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ထွက်၊ ၄း၁၀-၁၆။ လု၊ ၈း၂၂-၂၅။ ယော၊ ၃း၁-၁၀။ တ၊ ၁၆း၂၅-၃၄။ ၁ ကော၊ ၅း၁-၅။ လု၊ ၇း၂၈။

**အလွတ်ကျမ်းချက်**

**“ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကို လည်းကောင်း၊ အရိုးအဆစ်နှင့် ခြင်ဆီကို လည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏” (ဟေဗြ၊ ၄း၁၂)။**

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ကွန်မြူနစ်အုပ်ချုပ်သော အရှေ့ဂျာမနီနိုင်ငံ၌ ဝွန်တာရှာဘော့စကီး (Günter Schabowski) ၏ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြောကြားချက်သည် ဘာလင်တံတိုင်းပြိုကျခြင်းကိုစတင်လှုံ့ဆော်ပေးခဲ့သည်။ အရှေ့ဂျာမနီ၏ သတင်းထုတ်ပြန်ရေး ပြောရေးဆိုခွင့်ရှိသူအဖြစ် ရှာဘော့စကီးသည် ရုပ်မြင်သံကြားသတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်ကို မှားယွင်းစွာပြောဆိုမိခဲ့သည်။ အမှန်တကယ်တွင် သင့်လျော်သောဗီဇာများ ရရှိရန်အတွက် ကြာရှည်ပြီးခက်ခဲသော လုပ်ငန်းစဉ်များပြီးဆုံးမှသာ အရှေ့ဂျာမန်တို့သည် အနောက်ဥရောပသို့ အလည်အပတ်သွားရောက်ခွင့်ရမည်ဖြစ်ကြောင်း ကြေညာရမည့်အစား အရှေ့ဂျာမန်တို့

သည် အနောက်ဥရောပသို့ သွားရောက်လည်ပတ်ခွင့် ရှိသည် ဟု ရိုးရှင်းစွာပြောဆိုမိခဲ့သည်။ သတင်းထောက်တစ်ဦးက ဤမူဝါဒအပြောင်းအလဲသည် မည်သည့်အချိန်မှ စတင်သက်ရောက်မည်နည်း ဟု မေးမြန်းသောအခါ ရှာဘော့စကီးက “ကျွန်တော်သိသလောက်တော့ ဤမူဝါဒသည် . . . ချက်ချင်း၊ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စတင်သက်ရောက်သည်” ဟု ပြန်လည်ဖြေကြားခဲ့သည်။ မိနစ်ပိုင်းအတွင်းမှာပင် ပြည်သူလူထုသည် အစိုးရကြေညာချက်အတိုင်း နယ်စပ်ဂိတ်များဆီသို့ စီးဝင်လာကြပြီး ဖြတ်သန်းခွင့်တောင်းဆိုခဲ့ကြသည်။

လူတို့သည် ကုမ္ပဏီတစ်ခု သို့မဟုတ် နိုင်ငံတစ်ခုအတွက် ကိုယ်စားပြုပြောဆိုခွင့်ရရှိရန် အခွင့်အာဏာလွှဲအပ်ခံရလေ့ရှိသည်။ သို့သော် ဘုရားသခင်ကိုယ်စားပြောဆိုသူများအတွက်မူ အဘယ်သို့နည်း။ ဤအပတ်တွင် ကျမ်းစာပါပရောဖက်တို့သည် မည်သည့်အခွင့်အာဏာကို ပိုင်ဆိုင်သနည်းဟူသည်ကို ကျွန်ုပ်တို့လေ့လာသွားမည်ဖြစ်ပြီး ပရောဖက် နာသန်၊ ဗတ္တိဇံဆရာယောဟန် နှင့် အယ်လင်ဂျီဝှိုက်ကဲ့သို့သော ကျမ်းစာတစ်အုပ်ကိုမျှ ရေးသားခဲ့ခြင်းမရှိသည့် ပရောဖက်များသည် အဘယ်ကဲ့သို့သော အခွင့်အာဏာမျိုးကို ပိုင်ဆိုင်သနည်းဟူသည်ကို ဆန်းစစ်သွားမည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **နိုဝင်ဘာလ ၂၉ ရက်**

**ဘုရားသခင်၏အခွင့်အာဏာကိုကြားခံဆောင်ရွက်ခြင်း**

သင့်ကိုယ်စားပြောဆိုပေးရန် လူတစ်ဦးကို ခွင့်ပြုချက်မပေးမီ သင်ယုံကြည်စိတ်ချရသောသူကို ရွေးချယ်မည်မဟုတ်သလော။ သူ သို့မဟုတ် သူမသည် သင်၏သဘောထားကိုသိရှိပြီး သင်ပြောလိုသည်ကို သစ္စာရှိစွာဖော်ပြနိုင်ရန် အလွန်အရေးကြီးပေသည်။

ထွက်၊ ၂း၁၁-၁၅ နှင့် ထွက်၊ ၃း၁-၃၊၁၀-၁၃ ကိုဖတ်ပါ။ မောရှေသည် သိုးထိန်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသောအချိန်ကာလသည် ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူဖြစ်လာရန် သူ့ကိုမည်သို့ ပြင်ဆင်ပေးခဲ့သနည်း။

---

---

မောရှေသည် သူ၏အသက်တာပထမနှစ် ၄၀ ကို အီဂျစ်နိုင်ငံမှ ပေးနိုင်သမျှအကောင်းဆုံးသော ပညာရေးဖြင့် ကုန်ဆုံးခဲ့သည်။ သို့သော် ဤပညာရေးသည် သူ့ကို ဘုရားသခင်၏ စေတမန်တော်ဖြစ်လာစေရန် မပြင်ဆင်ပေးနိုင်ခဲ့ပေ။ သူသည် နောက်ထပ်နှစ် ၄၀ ကို လောကီအာရုံများကင်းဝေးရာ တောကန္တာရထဲတွင် သိုးထိန်းအဖြစ်ကုန်ဆုံးခဲ့ရသည်။ နန်းတော်သားတစ်ဦးအဖြစ် သင်ယူခဲ့ရသည့်အရာ အများအပြားကို သူသည် တစ်နည်းအားဖြင့် ပြန်လည်စွန့်ပယ်ရမည်ဖြစ်သည်။ ဣသရေလအမျိုးသားတို့ကို လွတ်မြောက်စေရန် ပူးပေါင်းဆောင်ရွက်ခြင်းမပြုမီ မောရှေသည် ကိုယ်စားပြုပြောဆိုပေးရမည့် ဘုရားသခင်ကို ဦးစွာသိကျွမ်းရန် လိုအပ်ခဲ့သည်။

ထွက်၊ ၄း၁၀-၁၆ ကိုဖတ်ပါ။ ပရောဖက်များကို မည်သို့ခေါ်တော်မူသနည်း။ သူတို့သည် မည်သို့အမှုဆောင်ရွက်သနည်းဟူသော ဘုရားသခင်နှင့် မောရှေတို့၏ဆွေးနွေးမှုမှ မည်သည်တို့ သင်ယူရရှိနိုင်သနည်း။

---

---

မောရှေသည် ဘုရားသခင်၏ အခန်းကဏ္ဍတွင်ပါဝင်ရန် တောင်းဆိုခြင်းခံခဲ့ရပြီး အာရုန်သည် မောရှေ၏နှုတ်ကိုယ်စား ဆောင်ရွက်ရန်ဖြစ်သည် (ထွက်၊ ၄း၁၆။ ထွက်၊ ၇း၁ ကိုလည်းကြည့်ပါ)။ ဘုရားသခင်သည် မောရှေနှင့် အာရုန်တို့အား ကူညီပေးခဲ့သကဲ့သို့ပင် မိမိ၏ပရောဖက်များအား ပေးအပ်သောသတင်းစကားကို အကောင်းဆုံးနည်းလမ်းဖြင့် ပေးပို့နိုင်စေရန် ကူညီပေးတော်မူသည်။

မောရှေသည် ယခင်က မအောင်မြင်ခဲ့ဖူးကြောင်း သိရှိထားသည်။ သူ့၏အခွင့်အာဏာကို မေးခွန်းထုတ်ခံခဲ့ရသည့် (ထွက်၊ ၂း၁၄) သူ၏ အမျိုးသားချင်း ဣသရေလအမျိုးသားများနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် အဖြစ်အပျက်

ကိုသူမှတ်မိနေသည်။ ဘုရားသခင်သည် မောရှေ၏စိုးရိမ်ပူပန်မှုကို နားလည်တော်မူသည်။ ကိုယ်တော်သည် သူ၏ကြောက်ရွံ့မှုကို သည်းခံခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။ ဆင်ခြေပေးစရာ အကြောင်းပြချက်များအားလုံးကို ဖယ်ရှားပေးခဲ့သော်လည်း မောရှေသည် ထိုခေါ်တော်မူခြင်းကို ဆက်လက်ငြင်းဆန်နေခဲ့သည်။ သူ၏ကြောက်ရွံ့မှုသည် မယုံကြည်ခြင်းသို့ ရောက်ရှိသွားခဲ့သည်။ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဘုရားသခင်၏အသုံးပြုနိုင်မှုကို မေးခွန်းထုတ်ခဲ့သည်။ ထိုအခါ ဘုရားသခင်သည် တွန့်ဆုတ်နေသော ပရောဖက်ကို စတင်လှုပ်ရှားစေရန်အတွက် ပြတ်သားသောအမိန့်တော်ကို ပေးတော်မူခဲ့သည် (ထွက်၊ ၃း၁၄-၁၇)။

သင်သည် ပရောဖက်တစ်ဦးမဟုတ်နိုင်သော်လည်း သင်၏အသက်တာတစ်လျှောက် ဘုရားသခင်သည် သင့်အားအမှုဆောင်ရန် မည်သို့ခေါ်တော်မူသနည်း။ ဤခေါ်တော်မူခြင်းအတွက် သင့်ကိုယ်သင် ပြင်ဆင်ရန် အကောင်းဆုံးနည်းလမ်းမှာ အဘယ်နည်း။

**တနင်္လာနေ့** **နိဝင်ဘာလ ၃၀ ရက်**

**ယေရှုခရစ်တော်၏အခွင့်အာဏာ**

ယေရှုခရစ်တော်၏ အခွင့်အာဏာသည် မည်သည့်အရာကိုအခြေခံသနည်း။ ဤအခွင့်အာဏာ၏ သက်သေအထောက်အထားကား အဘယ်နည်း။ မ၊ ၂၁း၂၃-၂၇ နှင့် ယော၊ ၁၇း၂ ကိုကြည့်ပါ။

---

---

ယေရှုခရစ်တော် သွန်သင်နေစဉ်အတွင်း ယဇ်ပုရောဟိတ်များသည် ကိုယ်တော်ထံချဉ်းကပ်လာပြီး ဤအမှုတော်ကိုထမ်းဆောင်ရန် မည်သူကအခွင့်အာဏာပေးအပ်ခဲ့သနည်းဟု မေးမြန်းခဲ့ကြသည်။ အမှန်စင်စစ် ယေရှုသည် ဒေသတွင်းရှိ မည်သည့်ကျောင်းမှ ဘွဲ့ရခဲ့သူမဟုတ်သလို ရဗ္ဗိဆရာ

တို့၏ရိုးရာကျောင်းများတွင်လည်း သင်တန်းတက်ရောက်ခဲ့သူ မဟုတ်ပေ။ ယေရှုသည် သူတို့၏မေးခွန်းကို တိုက်ရိုက်မဖြေဆိုဘဲ ဗတ္တိဇံဆရာယောဟန်ပြသခဲ့သော မငြင်းသာသည့်အခွင့်အာဏာအကြောင်းကို သူတို့အား ပြန်လည်မေးမြန်းခြင်းဖြင့် အဖြေကိုညွှန်ပြခဲ့သည်။ သူတို့သည် ပြန်လည်ဖြေဆိုရန်ငြင်းဆန်ခြင်းအားဖြင့် ယောဟန်၏အမှုတော်ကို ဂုဏ်ပြုပေးသော ဘုရားသခင်၏ တန်ခိုးတော်ကို ပယ်ချလိုက်ကြပြီး ယောဟန်နည်းတူ ဘုရားသခင်စေလွှတ်တော်မူသော ယေရှုခရစ်တော်၏အခွင့်အာဏာကိုလည်း ပယ်ချလိုက်ကြသည်။

အောက်ပါကျမ်းပိုဒ်များသည် ယေရှု၏ အခွင့်အာဏာနှင့်ပတ်သက်၍ ကွဲနိုပ်တို့ကို အဘယ်သို့ပြောပြသနည်း။ မ၊ ၇း၂၈၊၂၉။ မာကု၊ ၁း၂၁-၂၇။ လု၊ ၈း၂၂-၂၅။ လု၊ ၉း၁။ ယော၊ ၅း၂၅-၂၇ နှင့် ယော၊ ၇း၃၈။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

အခွင့်အာဏာအလုံးစုံသည် ဖန်ဆင်းရှင် (ယော၊ ၁း၃) နှင့် ကယ်တင်ရှင် (ရောမ၊ ၃း၂၄)ဖြစ်သော ယေရှုခရစ်တော်၌ရှိသည်။ ကိုယ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်တော်မူ၏။ ယေရှုသည် သူ၏လောကအသက်တာနှင့် အမှုတော်ဆောင်ရွက်သည့်ကာလတွင် ပိုင်ဆိုင်ခဲ့သော ဘုရားဇာတိအခွင့်အာဏာကို မည်သူမျှတုပ၍ မရနိုင်သလို ဖန်တီးယူ၍လည်း မရနိုင်ပေ။ ယေရှု၏သွန်သင်ချက်များသည် နားထောင်သူတို့အား အံ့အားသင့်စေခဲ့သည်။ အကြောင်းမူကား ကိုယ်တော်သည် အခွင့်အာဏာရှိသူတစ်ဦးကဲ့သို့ သွန်သင်ခဲ့သောကြောင့်ဖြစ်သည် (မ၊ ၇း၂၉)။

ဧဝံဂေလိကျမ်းအားလုံးတွင် လောကီအာဏာကို ကျော်လွန်သော ယေရှု၏ ပရောဖက်ပြုခြင်းဆိုင်ရာ အခွင့်အာဏာကို မှတ်တမ်းတင်ထားသည်။ ယေရှုသည် အပြစ်များကို လွှတ်တော်မူ၏ (မာကု၊ ၂း၁၀၊၁၁)၊ နတ်ဆိုးများကိုနှင်ထုတ်တော်မူ၏ (မာကု၊ ၃း၁၅)၊ လူတို့၏ အတွေးအကြံကို သိတော်မူ

၏ (ယော၊ ၂း၂၄၊၂၅)။ ကိုယ်တော်သည် သေလွန်သူတို့ကို ရှင်ပြန်ထမြောက်စေခဲ့ပြီး ထာဝရအသက်ကို ပေးသနားတော်မူခဲ့သည် (ယော၊ ၁၀း၂၈)။ ကျွန်ုပ်တို့၏ ရွေးနုတ်ရှင်အဖြစ် မြေကြီးပေါ်တွင်ရှိနေစဉ် ယေရှုသည် ခမည်းတော်ဘုရားသခင်ထံမှရရှိသော အခွင့်အာဏာကို ကျင့်သုံးတော်မူခဲ့ပြီး (ယော၊ ၁၇း၂)၊ အချိန်တိုင်းတွင် ခမည်းတော်အပေါ်မှီခိုလျက် ပူးပေါင်းဆောင်ရွက်တော်မူခဲ့သည် (ယော၊ ၅း၁၉)။ ကိုယ်တော်သည် မိမိအကြောင်းကိုသက်သေခံသော ကျမ်းစာကို အမြဲတမ်းညွှန်းဆိုလေ့ရှိသည်။ ယေရှုသည် အကြွင်းမဲ့အခွင့်အာဏာကို ပိုင်ဆိုင်တော်မူပြီး ထိုအခွင့်အာဏာကိုမိမိတပည့်တော်တို့အား လွှဲအပ်ပေးနိုင်သော တန်ခိုးရှိသည် (မာကု၊ ၆း၇)။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့်အားလျော်စွာ သူ၏သက်သေခံချက်သည် သူနှင့်စကားပြောဆိုသော ပရောဖက်များထံသို့လည်း ရောက်ရှိခဲ့သည် (ဗျာဒိတ် ၁၉း၁၀)။

ယေရှုပြသခဲ့သော သက်သေအထောက်အထားများအားလုံး ရှိပါသော်လည်း အချို့တို့သည် ကိုယ်တော်ကို ဆက်လက်ပယ်နေကြဆဲ ဖြစ်သည်။ ယုံကြည်ရန် အကြောင်းပြချက်များစွာ ရှိနေသည့်တိုင် ကျွန်ုပ်တို့သည်လည်း ထိုသူတို့ကဲ့သို့ပင် မယုံကြည်ခြင်း ကျော့ကွင်းထဲသို့ မကျရောက်စေရန် မည်သို့သတိပြုနိုင်မည်နည်း။

## **အင်္ဂါနေ့** **ဒီဇင်ဘာလ ၁ ရက်**

## **ကျမ်းစာ၏အခွင့်အာဏာ**

သမ္မာကျမ်းစာသည် ဘုရားသခင်ထံမှ ပရောဖက်ပြုချက်ဆိုင်ရာ မှုတ်သွင်းခြင်း၏ရလဒ်ဖြစ်သည်။ ၎င်းသည် ဘဝ၏ကြီးမားသော မေးခွန်းများကို ဖြေဆိုပေးပြီး လူသားမျိုးနွယ်တို့ထံသို့ မိမိကိုယ်ကိုဖော်ပြသည့် ဘုရားသခင်၏ ထူးခြားသောနည်းလမ်းဖြစ်သည်။ ကျမ်းစာမှတစ်ဆင့် လူသားတို့၏ဖြစ်တည်မှုအဓိပ္ပာယ်၊ ဘုရားသခင်၏ စရိုက်လက္ခဏာနှင့် အလိုတော်၊ ကျွန်ုပ်တို့၏

အသက်တာအတွက် ဘုရားသခင်၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့သင်ယူကြသည်။ ကျမ်းစာသည် သမ္မာတရား၏စံနှုန်းဖြစ်ပြီး ၎င်း၏အခွင့်အာဏာဖြင့် ကျွန်ုပ်တို့၏ ဘဝရွေးချယ်မှုများကို ပြုလုပ်ရမည်။ ၎င်းသည် ခရစ်ယာန်တို့၏ဘဝရှုမြင်ပုံကို တည်ဆောက်ပေးသည့် အခြေခံအုတ်မြစ်ဖြစ်ပြီး ဖော်ပြခြင်းခံရသော သမ္မာတရားအားလုံး၏ အခြေခံဖြစ်သည်။ ၎င်းသည် ခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့် ကျင့်စဉ်တို့အတွက် စည်းမျဉ်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံခြင်း သို့မဟုတ် ပယ်ချခြင်းပြုလုပ်နိုင်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပယ်ချရာတွင် ယောယကိမ်မင်းကြီး ပြုလုပ်ခဲ့သကဲ့သို့ ကျမ်းစာကို မီးရှို့သည့်အစွန်းရောက်သည့် အပြုအမူမျိုးအထိ လုပ်ဆောင်ရန်မလိုပေ (ယေရမိ၊ ၃၆း၂၂-၂၇ ကိုကြည့်ပါ)။ ယုံကြည်သည်ဟု ဝန်ခံလျက်နှင့်ပင် ကျမ်းစာကို လျစ်လျူရှုခြင်းသည်လည်း အလားတူပင်ပြဿနာရှိပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရှာဖွေတွေ့ရှိပြီး လက်ခံသောအခါ ယောရှိမင်းကြီးကဲ့သို့ပင် ကျွန်ုပ်တို့၏အသက်တာသည် အသွင်ပြောင်းလဲခြင်းကို ခံရနိုင်ပြီး သူတစ်ပါးတို့ကို ဘုရားသခင်ဆီသို့ ပို့ဆောင်ပေးနိုင်မည် (၄ ရာ၊ ၂၂း၁၀-၁၃ ကိုကြည့်ပါ)။

ယနေ့ခေတ်လူတို့သည် ကျမ်းစာ၏အမှားများကို ရှာဖွေခြင်း သို့မဟုတ် ၎င်းကို ကဲ့ရဲ့ခြင်းများဖြင့် ချဉ်းကပ်လေ့ရှိကြသည်။ အချို့သူများသည် ကျမ်းစာကိုခေတ်ကာလ၏ အလေ့အထများနှင့် မကိုက်ညီဟု ရှုမြင်ကြသည်။ များစွာသောသူတို့သည် "သိပ္ပံနည်းကျ" သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ခေတ်ရေစီးကြောင်းများနှင့် ဆန့်ကျင်နေသောကြောင့် ကျမ်းစာကို အထင်သေးကြသည်။

ခရစ်ယာန်ဘာသာတွင် ကျမ်းစာကို တစ်ဦးချင်းစီ၏ ဝိညာဉ်ရေးရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုအတွက် အသုံးပြုရန်ထက် အယူဝါဒဆိုင်ရာ ရပ်တည်ချက်တစ်ခုကို ထောက်ခံရန်အတွက်သာ အသုံးပြုခြင်းမျိုး မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ အချို့သူတို့သည် ကျမ်းစာကို ကျွန်ုပ်တို့၏

နေ့စဉ်ဘဝအပေါ် လက်တွေ့ကျသောအခွင့်အာဏာ မည်သို့မျှမရှိစေရန် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ကျမ်းစာ၏အခွင့်အာဏာကိုပယ်ချရန် အလွယ်ဆုံးနှင့် အဖြစ်အများဆုံးနည်းလမ်းတစ်ခုမှာ ကျမ်းစာကို လျစ်လျူရှုခြင်းနှင့် ဖတ်ရှုရန် အချိန်မပေးဘဲကျွန်ုပ်တို့၏ အသက်တာတွင် လက်တွေ့မကျင့်သုံးခြင်းဖြစ်သည်။

အောက်ပါအခြေအနေများတွင် ဘုရားသခင်၏နှုတ်ကပတ်တော် (နှုတ်ဖြင့်ဟောပြောခြင်း) သည် မည်သည့်သက်ရောက်မှု ရှိခဲ့သနည်း။ ယေရမိ၊ ၃၈း၁-၄။ ယော၊ ၃း၁-၁၀ နှင့် တ၊ ၁၆း၂၅-၃၄ ကိုကြည့်ပါ။

---

---

ရှေးခေတ်ကာလတွင် စာရေးရာတွင်အသုံးပြုသောပစ္စည်းများသည် ရှားပါးပြီး ဈေးကြီးလှသည်။ ထို့ပြင် လူအများစုသည် စာမတတ်ကြသည့်အတွက် ပရောဖက်များမှတစ်ဆင့် နှုတ်ဖြင့်ဟောပြောသော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မရှိမဖြစ် လိုအပ်လှပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အောက်တွင် နှုတ်ဖြင့်ပြောဆိုသည်ဖြစ်စေ၊ စာဖြင့်ရေးသားထားသည်ဖြစ်စေ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အပြစ်ကို ဖော်ထုတ်ရန်နှင့် ပြုပြင်ပြောင်းလဲခြင်း၊ ပြန်လည်တည်ဆောက်ခြင်းကို ဖြစ်ပေါ်စေရန်အတွက် နှလုံးသားကို ထိုးဖောက်နိုင်သည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား နောင်တရခြင်းနှင့် နားထောင်ခြင်းသို့ခေါ်တော်မူသည် (တ၊ ၅း၂၉။ ဟေဗြဲ၊ ၄း၁၂ ကိုလည်းကြည့်ပါ)။ များစွာသောသူတို့သည် ထိုအမှန်တရားကို သိရှိသင့်သော်လည်း ပယ်ချရခြင်း၏ အကြောင်းရင်းမှာ ၎င်းတို့၏အသက်တာအပေါ် ဘုရားသခင်၏ တောင်းဆိုချက်များကို သူတို့မနှစ်သက်သောကြောင့်ပင် ဖြစ်သည်။

**အဖွဲ့အစည်းဆိုင်ရာအခွင့်အာဏာ**

ဟော ၁၂း၁၃ တွင် "ထာဝရဘုရားသည် ပရောဖက်အားဖြင့် ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှကယ်နုတ်၍ ပရောဖက်အားဖြင့်လည်း စောင့်မတော်မူ၏"ဟု ရှင်းလင်းစွာဖော်ပြထားသည်။ ဘုရားသခင်၏လူမျိုးတော်ကို ကာကွယ်ခြင်းနှင့် လမ်းပြခြင်းမှာ ကျမ်းစာပါပရောဖက်တို့၏ အမှုတော်၌ အခြေခံကျပြီး မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

သူကြီး ၄း၄-၈။ ၆ ရာ၊ ၂၀း၁၄-၁၇။ ထွက်၊ ၁၂း၁-၃။ နှင့် တရား၊ ၁း၉-၁၆ ကဲ့သို့သော ကျမ်းချက်များကိုဖတ်ရှုမည်ဆိုပါက ဘုရားသခင်လူမျိုးတော်အတွက် ကိုယ်တော်၏ဦးဆောင်မှုဗျူဟာကိုဖော်ပြရာတွင် ပရောဖက်တို့သည် အလွန်အရေးပါကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ စစ်မက်ဖြစ်ပွားချိန်နှင့် အကျပ်အတည်းကာလများတွင် ပရောဖက်များသည် ဘုရားသခင်က ကိုယ်တော်၏လူမျိုးတော်နှင့် ခေါင်းဆောင်များထံ လမ်းညွှန်မှု၊ အားပေးမှုနှင့် မျှော်လင့်ချက်ကိုပေးအပ်ရာတွင် အသုံးပြုသောကြားခံလမ်းကြောင်းများဖြစ်ခဲ့ကြသည် (ယဟာဇေလနှင့် ဒေဗောရ တို့မှတစ်ဆင့် ပြုလုပ်ခဲ့သကဲ့သို့)။ ပရောဖက်များသည် ပွဲတော်များနှင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ပေးအပ်ခဲ့ကြသည် (ထွက်၊ ၁၂း၁-၃)။ အခြားအချိန်များတွင် ဘုရားသခင်သည် နိုင်ငံကိုအုပ်ချုပ်ခြင်းနှင့် ပတ်သက်၍ ပရောဖက်များထံသို့ စကားပြောတော်မူခဲ့သည်။ အနှစ်ချုပ်ရသော် ဣသရေလတို့၏အသက်တာတွင် မည်သည့်နယ်ပယ်မျှ ဘုရားသခင်ရွေးချယ်ထားသော စေတမန်တော်များမှတစ်ဆင့် ပေးအပ်သည့်လမ်းညွှန်မှုနှင့် အကြံဉာဏ်များ၏အပြင်ဘက်တွင်မရှိခဲ့ပေ။

ခေတ်ဦးခရစ်ယာန်အသင်းတော်၏ ဖွဲ့စည်းခြင်းနှင့် ခေါင်းဆောင်မှုတွင် ပရောဖက်ပြုခြင်းဆုကျေးဇူးက မည်သို့အထောက်အကူ ပြုခဲ့သနည်း။ တ၊ ၆း၁-၇။ ၁ ကော၊ ၅း၁-၅။ ၁ ကော၊ ၇း၁၀-၁၆။ တိတု၊ ၁း၅။

---------------------------------------------------------------------------------------------
---------------------------------------------------------------------------------------------

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်စွဲစာအုပ် မရှိဘဲ၊ မြင်သာသော ခေါင်းဆောင် မရှိဘဲ အဖွဲ့အစည်းအသစ်တစ်ခုကို စတင်သည်ဟု စိတ်ကူးကြည့်ပါ။ ထိုသို့သောအဖွဲ့အစည်းသည် ပြင်းထန်သောစိန်ခေါ်မှုများကို ကြုံတွေ့ရမည်မှာ သေချာပါသည်။ တစ်နည်းအားဖြင့် ဤအခြေအနေသည် ခေတ်ဦးခရစ်ယာန်အသင်းတော်တွင် ရှိနေသည့်အခြေအနေမျိုးဖြစ်သည်။ ယေရှုသည် ကောင်းကင်ဘုံသို့တက်ကြွသွားပြီးဖြစ်၍ တပည့်တော်တို့နှင့်အတူ မရှိတော့ပေ။ တပည့်တော်တို့သည် ကိုယ်တော်ထံမှ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလတရားကိုဟောကြလော့" (မာကု၊ ၁၆း၁၅၊ NKJV)ဟူသော ရှင်းလင်းသည့် ညွှန်ကြားချက်ကို ရရှိထားသည်။ တမန်တော် ၁၂ ပါးကို ရွေးချယ်ထားသော်လည်း လုပ်ငန်းစတင်ရန်ကူညီပေးမည့် ရှင်းလင်းသောအဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံ မရှိသေးပေ။

ခေတ်ဦးအသင်းတော်သည် အသင်းတော်စည်းရုံးရေး၊ လုပ်ငန်းတာဝန်ဆိုင်ရာတည်ဆောက်ပုံ၊ အသင်းတော်အတွင်းရှိ အယူမှားမှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ်ပြီး အရေးယူရန်လိုအပ်မှု စသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသည်။ စင်စစ်အားဖြင့် ခေတ်ဦးအသင်းတော်တွင် လုပ်ဆောင်နေသော ပရောဖက်ပြုခြင်းဆုကျေးဇူးသည် အသင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည် (တ၊ ၁၃း၁၊၂)။ ခေတ်ဦးအသင်းတော်ကို စတင်ဖွဲ့စည်းခြင်းနှင့် သာသနာတိုးတက်ရန်လုပ်ဆောင်ရာတွင် ပရောဖက်ပြုခြင်းဆုကျေးဇူး၏ အကူအညီမပါဘဲ မည်သို့စတင်နိုင်မည်ကို စဉ်းစားရန်ခက်ခဲလှသည်။

အချို့သူများသည် "စနစ်တကျဖွဲ့စည်းသော ဘာသာရေး" (Organized Religion) ကို သံသယဝင်ကြပုံရသည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ

အသင်းတော်တည်ထောင်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခြင်း၏ အကျိုးကျေးဇူးများကား အဘယ်နည်း။ သင့်ထက် ပိုမိုကြီးမားသောအရာ တစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခြင်းမှတစ်ဆင့် သင်သည် အဘယ်အရာ ကိုပေးဆပ်နိုင်ပြီး၊ အဘယ်အရာကို ရရှိနိုင်မည်နည်း။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၃ ရက်**

**ကျမ်းစာပရောဖက်များနှင့်ကျမ်းစာတွင်မပါဝင်သောပရောက်ဖက်များ**

၅ ရာ၊ ၂၉း၂၉ နှင့် ၆ ရာ၊ ၉း၂၉ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်နှစ်ခုတွင် ဖော်ပြထားသော ပရောဖက်အချို့နှင့်ပတ်သက်၍ သင် ဘာကိုသတိပြုမိသ နည်း။

-------------------------------------------------------------------------------------

-------------------------------------------------------------------------------------

နာသန်၊ ဂဒ်၊ အဟိယနှင့် ဣဒ္ဒေါ တို့ကဲ့သို့သော ပရောဖက်အများအ ပြားရှိခဲ့ပြီး သူတို့သည် ပရောဖက်အဖြစ် အသိအမှတ်ပြုခံရသော်လည်း သူ တို့၏ ကျမ်းစာအုပ်များသည် သမ္မာကျမ်းစာတွင် ပါဝင်ခြင်းမရှိခဲ့ပေ။

၅ ရာ၊ ၁၁း၂၉-၃၉ နှင့် လု၊ ၇း၂၈ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်များသည် ကျမ်းစာတွင်မပါဝင်သော ပရောဖက်များ၏ အခွင့်အာဏာနှင့်ပတ်သက်၍ အဘယ်သို့ သင်ကြားပေးသနည်း။

-------------------------------------------------------------------------------------

-------------------------------------------------------------------------------------

ပရောဖက်အချို့၏ သတင်းစကားများကို ဘုရားသခင်က သမ္မာ ကျမ်းစာတွင်ထည့်သွင်းစေပြီး အချို့ကိုမူ ချန်လှပ်ထားခဲ့ခြင်း၏ အကြောင်း ရင်းကို ကျွန်ုပ်တို့ အတိအကျမသိရှိရသော်လည်း ကျမ်းစာတွင်မပါဝင်သော ပရောဖက်များလည်း ဘုရားသခင်၏မှတ်သွင်းခြင်းကို အညီအမျှခံရသူများ ဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ပရောဖက်ပြုခြင်းဆုကျေးဇူးအပါအဝင်

ဝိညာဉ်ရေးရာဆုကျေးဇူးများသည် နောက်ဆုံးသောကာလတိုင်အောင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ကျမ်းစာကသွန်သင်ထားသည်။ "ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့ လည်းကောင်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့ လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူတို့၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် . . . " (ဧဖက်၊ ၄း၁၂၊၁၃)၊ "ထာဝရဘုရား၏ ကြောက်မက်ဖွယ်သော နေ့ကြီးမတိုင်မီ" (ယောလ၊ ၂း၃၁) ကာလတွင်လည်း ကျမ်းစာပြီး နောက်ပိုင်းပေါ်လာမည့်ကျမ်းစာတွင် မပါဝင်သောပရောဖက်များ ရှိနေမည်ဖြစ်ကြောင်း ကျမ်းစာက ဟောကိန်းထုတ်ထားသည်။

ဒါဝိဒ်မင်းကြီးသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် လူသတ်ခြင်းပြုလုပ်ပြီးနောက် ဘုရားသခင်သည် နာသန်ပရောဖက်ကိုစေလွှတ်၍ သူ့ကိုဆုံးမစေခဲ့သည် (၂ ရာ၊ ၁၂း၇-၁၄)။ နာသန်သည် သမ္မာကျမ်းစာတွင်ပါဝင်သောကျမ်းတစ်စောင်ကိုမျှ ရေးသားခဲ့ခြင်းမရှိသော်လည်း ဒါဝိဒ်သည် နာသန်၏အခွင့်အာဏာကို မေးခွန်းမထုတ်ခဲ့ပေ။ အကြောင်းမှာ ပရောဖက်တို့၏အခွင့်အာဏာနှင့် သူတို့၏စာပေများသည်သမ္မာကျမ်းစာ၏ အစိတ်အပိုင်းဖြစ်သည်၊ မဖြစ်သည်ဟူသောအချက်ပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ သူတို့ရရှိထားသော မှုတ်သွင်းခြင်းပေါ်တွင်သာ အခြေခံသောကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျမ်းစာခေတ်နောက်ပိုင်း ပရောဖက်စစ်အားလုံး၊ အထူးသဖြင့် အယ်လင်ဂျီဝိုက်ကဲ့သို့သော ခေတ်သစ်ပရောဖက်များသည် မိမိတို့ကိုယ်ကို ကျမ်းစာ၏အခွင့်အာဏာအောက်တွင်ရှိသည်ဟု ခံယူကြသည်။ သူတို့၏သတင်းစကားများကို ကျမ်းစာဖြင့် စစ်ဆေးရမည်ဖြစ်ပြီး ယုံကြည်ခြင်းနှင့် အယူဝါဒများအတွက် ကျမ်းစာနေရာတွင် အစားထိုးနိုင်မည်မဟုတ်ပေ။

အယ်လင်ဂျီဝိုက်က "သခင်ဘုရားသည် သင်တို့၏ကျမ်းစာကို လေ့လာစေလိုသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်နေရာတွင် အစားထိုးရန်အတွက်

ထပ်ဆင့်အလင်းကိုပေးတော်မမူ။ ဤအလင်းသည် ရှုပ်ထွေးနေသောစိတ်များကို ကိုယ်တော်၏ နှုတ်ကပတ်တော်ဆီသို့ ပို့ဆောင်ရန်ဖြစ်ပြီး ၎င်းကို နှလုံးသွင်းပါက စိတ်ဝိညာဉ်၏အသက်သွေးကြောဖြစ်လာလိမ့်မည်"ဟု ရေးသားခဲ့သည် (Selected Messages, Book. 3, p. 29)။ ကျွန်ုပ်တို့သည် အသင်းတော်တစ်ခုအနေဖြင့် သူမ၏ ဤစကားများကို မည်မျှအထိလိုက်နာကျင့်သုံးနေကြသနည်း။

**သောကြာနေ့** **ဒီဇင်ဘာလ ၄ ရက်**

**အခွင့်အာဏာဖြင့်ပြောကြားခြင်း**

ပရောဖက်များသည် ဘုရားသခင်၏စေတမန်တော်များအဖြစ် ရွေးချယ်ခံရသူများဖြစ်သည့်အတွက် ကျွန်ုပ်တို့ထံသို့ အခွင့်အာဏာနှင့် ကိုက်ညီမှုရှိစွာဖြင့် ပြောဆိုကြသည်။ ကျမ်းစာတွင်ပါဝင်သော ပရောဖက်များ (သူတို့၏ရေးသားချက်များသည် သမ္မာကျမ်းစာ၏ အစိတ်အပိုင်းဖြစ်လာသူများ)၊ ကျမ်းစာတွင်မပါဝင်သော ပရောဖက်များ (ကျမ်းစာတွင်ပါဝင်သော စာအုပ်ကိုမရေးသားခဲ့သူများ)နှင့် ကျမ်းစာခေတ်လွန် ပရောဖက်များ (ဓမ္မသစ်ကျမ်းကာလနောက်ပိုင်းတွင်ပေါ်လာသော ပရောဖက်များ)ဟူ၍ရှိကြသည်။ သူတို့အားလုံးသည် တူညီသောမှုတ်သွင်းခြင်းကိုခံရသူများဖြစ်ပြီး သူတို့၏ သတင်းစကားများသည် ဘုရားသခင်၏အခွင့်အာဏာတံဆိပ်ခတ်နှိပ်ခြင်းကို ခံထားရသည်။

အယ်လင်ဂျီဝှိုက်သည် ကျမ်းစာခေတ်လွန်၊ ကျမ်းစာတွင်မပါဝင်သော ပရောဖက်များအုပ်စုထဲတွင်ပါဝင်သည်။ သို့သော်လည်း သတ္တမနေ့ အက်ဗင်တစ်အသင်းသားများသည် သူမ၏စာပေများကို သမ္မာကျမ်းစာ၏ အပိုဆောင်းအဖြစ် လည်းကောင်း၊ သမ္မာကျမ်းစာနှင့်တန်းတူအဖြစ် လည်းကောင်း မသတ်မှတ်ကြပေ။ သို့သော်လည်း သူမ၏စာပေများသည် လတ်တလောအရေးပါလျက်ရှိပြီး အခွင့်အာဏာနှင့် ပြောဆိုလျက်ရှိကြောင်း အယ်လင်ဂျီဝှိုက်ကိုယ်တိုင်က ဤသို့ဖော်ပြခဲ့သည် -

"ဤပေးစာများ၊ ကျွန်ုပ်သက်သေခံသည့် သက်သေခံချက်များတွင် သခင်ဘုရားက ကျွန်ုပ်အား ပြသပေးသောအရာများကို သင်တို့အား တင်ပြနေခြင်းဖြစ်သည်။ ကျွန်ုပ်သည် ကိုယ်ပိုင်အယူအဆများကိုသာ ဖော်ပြသည့် ဆောင်းပါးတစ်ပုဒ်ကိုမျှ မရေးသားပါ။ ၎င်းတို့မှာ ဘုရားသခင်က ရူပါရုံ အားဖြင့်ကျွန်ုပ်ရှေ့တွင် ဖွင့်ပြခဲ့သောအရာများဖြစ်ပြီး ဘုရားသခင်၏ ပလ္လင်တော်မှထွက်လာသောတန်ဖိုးရှိသည့် အလင်းတန်းများပင်ဖြစ်သည်" -- Selected Messages, Book. 1, p. 29။

သမ္မာကျမ်းစာနှင့် တစ်သမတ်တည်းဖြစ်သည့်အတိုင်း အယ်လင်ဂျီဝှိုက်သည် အပြစ်၏အရှိတရားကို လည်းကောင်း၊ ထာဝရအသက်၏ တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည့် ယေရှုခရစ်တော်ကို ကျွန်ုပ်တို့လိုအပ်ကြောင်းကို လည်းကောင်း ထောက်ပြထားသည်။ ယင်းသည် ယုံကြည်ခြင်းအားဖြင့် မိမိတို့အတွက်ဟု ရယူသူတိုင်းအား ကျေးဇူးတော်ဖြင့် ပေးအပ်ခြင်းဖြစ်ပြီး သူမ၏ သတင်းစကားများတွင်ပါဝင်သော အစွမ်းထက်သည့် အဓိကအကြောင်းအရာတစ်ခုဖြစ်သည်။

သူမ၏သတင်းစကားများ (သို့မဟုတ် သူမမှတစ်ဆင့် ဘုရားသခင်၏ သတင်းစကားများ) မှတစ်ဆင့် ကောင်းကင်ဘုံ၌ လူစီဖာကျဆုံးခြင်းမှစ၍ စတင်ခဲ့သော အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကို ကျွန်ုပ်တို့မြင်တွေ့ရပြီး အဆုံးသတ်တွင် အပြစ်နှင့် ဆိုးယုတ်မှုတို့သည် စာတန်၊ ကျဆုံးသော ကောင်းကင်တမန်များနှင့်အတူ ထာဝရပျက်သုဉ်းသွားမည့် အချိန်တိုင်အောင်ဖြစ်သည်။ အယ်လင်ဂျီဝှိုက်၏ စာပေများသည် နောက်ဆုံးကာလအခြေအနေများနှင့် ပတ်သက်၍ ကျမ်းစာမူဝါဒများအပေါ် ထိုးထွင်းသိမြင်မှုကို ပေးစွမ်းသည်။ ဥပမာအားဖြင့် သူမသည် အသင်းတော်နှင့် အစိုးရတို့ ပူးပေါင်းခြင်း၏ အန္တရာယ်နှင့် ဘာသာရေးလွတ်လပ်ခွင့်၏အရေးပါပုံကို ပြောဆိုထားသည်။ ကိုယ်ကျင့်တရားယိုယွင်းမှုအကြောင်း သတိပေးထားသည်။ ဘုရားသခင်၏ပညတ်တော် နှင့် ၎င်း၏ အရေးပါမှုကို ချီးမြှောက်ထားသည်။ ကျွန်ုပ်

တို့၏ "သားရဲ၏တံဆိပ်" အကြောင်းနားလည်မှုသည် သူမ၏စာပေများပေါ်တွင် အခြေခံထားခြင်း မဟုတ်သော်လည်း သူမ၏စကားများသည် နောက်ဆုံးဖြစ်ရပ်များနှင့် ပတ်သက်၍ အံ့သြဖွယ်ကောင်းသော ထိုးထွင်းသိမြင်မှုများကို ပေးစွမ်းသည်။

သူမသည် ခရစ်ယာန်အသက်တာကို လက်တွေ့ကျင့်သုံးခြင်းကိုလည်း အလေးပေးဖော်ပြသည်။ ဝိညာဉ်ရေးရာ၊ ကျန်းမာရေး၊ ပညာရေး၊ မိသားစုဆက်ဆံရေး၊ မိဘဖြစ်ခြင်း၊ ကိုယ်ကျင့်တရားဆိုင်ရာအသက်တာနှင့် အခြားသတင်းစကားများသည် လူများစွာတို့၏ အသက်ရှင်မှုပုံစံကို ပြောင်းလဲစေခဲ့ပြီး ပိုမိုကောင်းမွန်သောအသက်တာကို ခံစားရရှိစေခဲ့သည်။

အယ်လင်ဂျီဝိုက်၏ စာပေများသည် သမ္မာကျမ်းစာတွင် မပါဝင်သော်လည်း ကမ္ဘာ့သမိုင်း၏နောက်ဆုံးကာလတွင် အသက်ရှင်နေသော ယုံကြည်သူများကိုလမ်းပြရန်အတွက် ဘုရားသခင်သည် သူမကိုအသုံးပြုတော်မူခဲ့သည်။ သူမ၏စာပေများသည် ပရောဖက်ပြုခြင်းဆိုင်ရာ အခွင့်အာဏာနှင့် ယနေ့အတွက် ဆက်စပ်မှုတို့ဖြင့် ဟောကြားလျက်ရှိသည်။

ပိုမိုသိရှိလိုပါက https://whiteestate.org/absg/10 သို့ဝင်ရောက်ကြည့်ရှုပါ။

-၀-

သင်ခန်းစာ (၁၁)

# အရေးကြီးချိန်တွင် ပရောဖက်ပြုချက်ပေါ်ထွန်းခြင်း

ဒီဇင်ဘာလ ၅ – ဒီဇင်ဘာလ ၁၁

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာလ ၅ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၂ ပေ၊ ၂း၅။ သူကြီး ၄း၄-၁၆။ ၃ ရာ၊ ၁၈း၂၁၊၃၈၊၃၉။ ဟေရှာ၊ ၅၉း၁-၄။ နေဟ၊ ၉း၃၀။ ဗျာ၊ ၁း၁-၃။

**အလွတ်ကျမ်းချက်**

**"အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဖော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ" (အာမုတ်၊ ၃း၇)။**

လူသားတို့သည် အပြစ်သို့ကျရောက်ပြီးနောက် ယေရှုခရစ်တော်၌ ထာဝရအသက်ရရှိခြင်းထက် ခေတ္တမျှသာခံစားရမည့် အပြစ်၌မွေ့လျော်ခြင်းကို ရွေးချယ်တတ်သည့်သဘောရှိကြသည်။ ဘုရားသခင်သည် ဤစိတ်မကောင်းစရာအမှန်တရားကို သိတော်မူသော်လည်း ကျွန်ုပ်တို့ကိုချစ်သောကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဆက်လက်လုပ်ဆောင်ပေးသည်။

ထို့ကြောင့် သမိုင်းခရီးကြောင်း၏ အရေးကြီးသည့်အခိုက်အတန့်များတွင် ဘုရားသခင်သည် ပရောဖက်များအားဖြင့် လုပ်ဆောင်ပေးခဲ့သည်။ သို့သော်လည်း ကိုယ်တော်၏လုပ်ဆောင်ပေးမှုများကို လူတို့က အကြိမ်ကြိမ်ငြင်းပယ်ခဲ့ကြသောအခါ စီရင်ခြင်းခံရမည့်အကြောင်းကိုလည်း သတိပေးခဲ့သည်။

ဘုရားသခင်သည် မိမိ၏ပရောဖက်များမှတစ်ဆင့် လုပ်ဆောင်မည့်အမှုများကို အမြဲကြိုတင်ပြောဆိုလေ့ရှိသည် (အာမုတ် ၃း၇)။ လူတို့သည် နောင်တရကြပါက ချက်ချင်းပင်ခွင့်လွှတ်တတ်ပေသည်။

ယနေ့ခေတ်တွင်လည်း ကိုယ်တော်သည် ဤနည်းလမ်းအတိုင်းပင် ကျွန်ုပ်တို့နှင့် ဆက်လက်ပြောဆိုနေဆဲဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နောက်ဆုံးနေ့ရက်များတွင် ဘုရားသခင်သည် လွန်ခဲ့သောရာစုနှစ်များစွာက မိမိ၏လူတို့အား မိန့်မြွက်တော်မူခဲ့သကဲ့သို့ ယခုနောက်ဆုံးကာလရှိ လူတို့အား စကားပြောမည်ဆိုခြင်းသည် အလွန်ပင်ကျိုးကြောင်းဆီလျော်လှသည်။

ဤတစ်ပတ်သင်ခန်းစာသည် ကယ်တင်ခြင်းသမိုင်းကြောင်းတွင် ဘုရားသခင်သည် မိမိ၏လူတို့နှင့် လူသားအားလုံးအား မိမိ၏အလိုတော်ကို ရှင်းလင်းစွာသိစေရန် ပရောဖက်များကို အသုံးပြုခဲ့သည့်အရေးကြီးသော အချိန်ကာလများကို ပြန်လည်လေ့လာသွားမည်ဖြစ်သည်။ ထို့အတူ ခရစ်တော် ဒုတိယအကြိမ်ကြွလာမည်ဟူသောလှုပ်ရှားမှုကြီး ကြီးထွားလာသည့် အလွန်အရေးကြီးသည့်အချိန်ကာလများတွင် အယ်လင်ဂျီဝိုက် (Ellen G. White) ရရှိခဲ့သော ဘုရားသခင်၏မှုတ်သွင်းခြင်းဆိုင်ရာ အမှုတော်အခန်းကဏ္ဍကိုလည်း ဆက်လက်လေ့လာသွားမည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **ဒီဇင်ဘာလ ၆ ရက်**

**ဘေးအန္တရာယ်အတွက်သတိပေးချက်**

ဘုရားသခင်သည် လူသားတို့ကိုကယ်တင်လို၏။ လူသားတို့ ကျဆုံးပြီးနောက်၌ပင် ကိုယ်တော်သည် အာဒံ၊ ဧဝတို့နှင့် ပေါင်းသင်းဆက်ဆံနိုင်ရေးကိုရှာဖွေခဲ့ပြီး “ထိုကာလ၌ လူတို့သည် ထာဝရဘုရား၏နာမတော်ကို စတင်၍ခေါ်ဆိုပတ္ထနာပြုကြ၏” (က၊ ၄း၂၆)။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လွန်သွားသည်နှင့်အမျှ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသူတို့၏ အရေအတွက်မှာ လျော့နည်းလာခဲ့သည်။ ဘုရားသခင်နောက်သို့ ဆက်လက်လိုက်လျှောက်ကြသူတို့သည် ကိုယ်တော်၏ကောင်းမြတ်ခြင်းကို သက်သေခံကြပြီး မိမိတို့ပတ်ဝန်းကျင်၌ရှိသောသူတို့၏ အပြစ်များကိုဆုံးမကာ ၎င်းတို့၏ အပြုအမူများကြောင့် ဖြစ်လာမည့်အကျိုးဆက်များကို သတိပေးခဲ့ကြသည်။

သို့သော်လည်း နောဧ၏ခေတ်သို့ ရောက်သည့်အခါ မြေကြီးပေါ်တွင် နေထိုင်သူတို့သည် အလွန်ပင်ဆိုးသွမ်းကြသဖြင့် ဘုရားသခင်သည် ၎င်းတို့ကိုဖျက်ဆီးရန် ရွေးချယ်တော်မူခဲ့သည် (က၊ ၆း၅-၇)။ ဖြောင့်မတ်ခြင်းတရားကို ဟောပြောသောသူဖြစ်သည့် နောဧသည် (၂ ပေ၊ ၂း၅)။ နားထောင်မည့်သူမှန်သမျှအား ဖျက်ဆီးခြင်းသည် အမှန်တကယ်ဖြစ်လာမည့်အကြောင်း သတိပေးခဲ့ပေမည်။ ဘုရားသခင်သည် သတိပေးချက်များကိုနားထောင်၍ နောင်တရမည့်သူတို့၏ ကယ်တင်ခြင်းအတွက် သင်္ဘောဆောက်ရန် နောဧအား ညွှန်ကြားခဲ့သည်။

ဟေဗြ၊ ၁၁း၇။ ၂ ပေ၊ ၂း၅ နှင့် က၊ ၆း၉ ကိုဖတ်ပါ။ နောဧသည် မည်သည့်နည်းလမ်းများဖြင့် "ဖြောင့်မတ်ခြင်းတရားကို ဟောပြောသူ"ဖြစ်ခဲ့သနည်း။

---

---

ရေလွှမ်းမိုးခြင်းသည် လူ့သမိုင်းတွင် အရေးပါသော အခိုက်အတန့်တစ်ခုဖြစ်ပြီး ထိုမှတ်တမ်းသည် လူသားတို့၏ ကိုယ်ကျင့်တရားယိုယွင်းမှုအနက်ရှိုင်းဆုံးနှင့် ဘုရားသခင်၏ အံ့သြဖွယ်ကောင်းသော ကျေးဇူးတော်၏အမြင့်မားဆုံး ဥပမာတစ်ခုအနေဖြင့် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများတစ်လျှောက်တွင်ထပ်ခါတလဲလဲရေးသားထားသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် အပြစ်သားတို့အပေါ် ကိုယ်တော်၏တရားစီရင်ခြင်းနှင့် ကယ်တင်ခြင်းကို လက်ခံလိုသူအားလုံး၏ ကယ်တင်ခြင်းတွင် ထင်ရှားသည်။

"ပျံ့နှံ့နေသော အကျင့်ပျက်ခြစားမှုများကြားတွင် မသုရှလ၊ နောဧနှင့် အခြားသောသူများစွာတို့သည် စစ်မှန်သောဘုရားသခင်ကိုသိကျွမ်းခြင်း မပျောက်ပျက်စေရန်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဆိုးသွမ်းမှုလှိုင်းတံပိုးကို တားဆီးရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ရေလွှမ်းမိုးခြင်းမဖြစ်ပွားမီ တစ်ရာ့နှစ်ဆယ်နှစ်

အလိုတွင် ထာဝရဘုရားသည် သန့်ရှင်းသောကောင်းကင် တမန်တစ်ပါးမှ တစ်ဆင့် နောဧအား ကိုယ်တော်၏ရည်ရွယ်ချက်ကိုဖော်ပြခဲ့ပြီး သင်္ဘောတစ်စင်းတည်ဆောက်ရန် ညွှန်ကြားခဲ့သည်။ သင်္ဘောကို တည် ဆောက်နေစဉ်တွင်လည်း ဘုရားသခင်သည် လူဆိုးများကိုဖျက်ဆီးရန် ရေလွှမ်းမိုးစေမည့် အကြောင်းကို ဟောပြောရမည်ဖြစ်သည်။ ထိုသတင်းစကား ကိုယုံကြည်ပြီး နောင်တရ၍ပြုပြင်ပြောင်းလဲသောသူတို့သည် ခွင့်လွှတ်ခြင်းကိုရရှိကြမည် ဖြစ်ပြီး ထိုဘေးအန္တရာယ်မှလည်း လွတ်မြောက်ကြမည်ဖြစ်သည်” -- အယ်လင်ဂျီဝှိုက် (Ellen G. White), Patriarchs and Prophets, p. 92)။

ဘုရားသခင်သည် နောဧအား ရေလွှမ်းမိုးခြင်းအကြောင်းပြောပြီး သင်္ဘောပေါ်ရှိလူများကို ကယ်တင်ခဲ့ရုံသာမက ရေဖြင့် ကမ္ဘာမြေကြီးကို နောက်တစ်ကြိမ်ထပ်မံဖျက်ဆီးမည်မဟုတ်ကြောင်း ကတိပြုလျက် နောဧနှင့် ဖန်ဆင်းခံသတ္တဝါအားလုံးနှင့်အတူ ပဋိညာဉ်ကိုပြုလုပ်ခဲ့သည် (က၊ ၉း၈-၁၇)။ သက်တံတိုင်းတွင် ရွေးနုတ်ခြင်းဆိုင်ရာ ကတိတော်နှင့် မျှော်လင့်ချက်တို့ ပါဝင်နေပေသည်။

နောက်တစ်ကြိမ် သက်တံကို သင်တွေ့မြင်ရသောအခါ ထိုနေရာတွင် တွေ့ရှိရသည့်ကတိတော်အကြောင်းကို စဉ်းစားပါ။ ဘုရားသခင်သည် မိမိ၏ ကတိတော်များကို စောင့်ထိန်းတော်မူကြောင်း သိရှိရခြင်းက သင့်အား အဘယ်ကြောင့် နှစ်သိမ့်မှုပေးသင့်သနည်း။

**တနင်္လာနေ့** **ဒီဇင်ဘာလ ၇ ရက်**

**ဣသရေလအမျိုး၏မိခင်တစ်ဦး**

ဣသရေလလူတို့ကို အီဂျစ်ကျွန်ဘဝမှ ကယ်နုတ်တော်မူပြီးနောက် ဘုရားသခင်သည် ၎င်းတို့အား ခါနာန်ပြည်ကိုပေးခဲ့သည်။ ကိုယ်တော်၏ တရားဥပဒေများနှင့် ပညတ်ချက်များကို လိုက်နာမည်ဆိုပါက များစွာ ကောင်းချီးခံစားရမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ သို့သော် ကိုယ်တော်နှင့်ပြုထားသော

ပဋိညာဉ်ကို ဖျက်ဆီးပါက ဆင်းရဲဒုက္ခနှင့် ဖျက်ဆီးခြင်းခံရမည် ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့သည် (တရား၊ ၂၇-၃၀)။ ယောရှုသေဆုံးပြီးနောက် ဣသရေလလူတို့သည် ပဋိညာဉ်ကို ဆက်လက်မစောင့်ထိန်းသောကြောင့် အိမ်နီးချင်းတို့၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ထို့နောက် ဘုရားသခင်ထံသို့ အော်ဟစ်အကူအညီတောင်းခံခဲ့ကြသည်။ "ထို့နောက်မှ ထာဝရဘုရားသည် တိုက်ခိုက်လုယက်သောသူတို့လက်မှ သူတို့ကိုကယ်တင်ပေးမည့် တရားသူကြီးများကို ပေါ်ထွန်းစေတော်မူ၏" (သူကြီး၊ ၂း၁၆)။ ဘုရားသခင်သည် ဣသရေလလူတို့အား မိမိနှင့်ပြုထားသော ပဋိညာဉ်ကို အသစ်ပြုပြင်ရန်နှင့် ညှဉ်းပန်းနှိပ်စက်သူတို့ကို ရင်ဆိုင်ရာတွင် ခွန်အားပေးရန် ပရောဖက်များကို စေလွှတ်ခဲ့သည်။

သူကြီး၊ ၄း၄-၁၆ နှင့် သူကြီး ၅း၁-၅ ကိုဖတ်ပါ။ ဒေဗောရ (Deborah) သည် ဣသရေလလူတို့အတွက် အဘယ်အရာကို လုပ်ဆောင်ပေးခဲ့သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဒေဗောရသည် ဘုရားသခင်၏သတင်းစကားကို ဣသရေလလူတို့နှင့် တိုင်းပြည်၏စစ်သေနာပတိ ဗာရက်တို့ထံ ဆက်လက်ပေးပို့ရာတွင် ပရောဖက်ဆိုင်ရာအရေးပါသည့် အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး စစ်သည်များကို စည်းရုံးလှုံ့ဆော်ပေးခဲ့သည်။ ဗာရက်အား စစ်တိုက်ရန်အချက်ပြပေးခဲ့သူမှာ ဒေဗောရပင်ဖြစ်ပြီး "ထမြောက်လော့။ အကြောင်းမူကား၊ ထာဝရဘုရားသည် သိသေရကို သင့်လက်သို့အပ်တော်မူသောနေ့ပေတည်း။ ထာဝရဘုရားသည် သင့်ရှေ့၌ကြွတော်မူသည် မဟုတ်လော"ဟု ပြောဆိုခဲ့သည် (သူကြီး၊ ၄း၁၄)။

ဣသရေလအမျိုး၏ တရားသူကြီးတစ်ဦးအနေဖြင့် ဒေဗောရသည် အလွန်အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။ သူမ၏ဦးဆောင်မှုနှင့် ဘုရားသခင်၏အောင်မြင်မည့်ကတိတော်အပေါ် ယုံကြည်ခြင်းတို့က ဣသရေလလူတို့အား ရန်သူများနှင့် တိုက်ခိုက်ရာတွင် အားဖြည့်ပေးခဲ့သည်။ ဗာရက်၏

စစ်ရေးစွမ်းရည်နှင့် ဣသရေလစစ်တပ်ကို ဦးဆောင်ရန် ဝန်လေးသော်လည်း၊ နောက်ဆုံးတွင် ဦးဆောင်ဝံ့ခဲ့ခြင်းတို့သည်လည်း၊ အရေးပါသော်လည်း စစ်ပွဲကိုအနိုင်ရရှိစေခဲ့သည်မှာ ၎င်းတို့ကြောင့်မဟုတ်ပေ။

ဤအချက်သည် ပရောဖက်ဒေဗောရနှင့် စစ်သားဗာရက်တို့၏ဖြစ်ရပ်မှရရှိနိုင်သော အရေးအကြီးဆုံးသတင်းစကားဖြစ်ပေမည်။ အဲ့မခန်းအောင်မြင်မှုကိုဆင်နွှဲနေကြစဉ်အတွင်း ဣသရေလအမျိုး၏ အာဇာအရှိဆုံးပုဂ္ဂိုလ်များဖြစ်ကြသော တရားသူကြီးတစ်ဦးနှင့် အောင်ပွဲခံစစ်သေနာပတိတို့က လူတို့ကို ဘုရားသခင်အားချီးမွမ်းကိုးကွယ်ရန် ဦးဆောင်ခဲ့ကြသည်။ ဤအရာသည် စစ်မှန်သောဝိညာဉ်ရေးရာဦးအောင်မှု၏ သဘောသဘာဝပင်ဖြစ်ပေသည်။

ဒေဗောရ၏ပရောဖက်ဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်းသည် ဆင်းရဲခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသည့် အချိန်ကာလများတွင် ဘုရားသခင်၏သစ္စာရှိခြင်းကို သက်သေခံနေပေသည်။ ဘုရားသခင်သည် ဗာရက်အတွက်သတင်းစကားကို ပေးအပ်သောအခါ လုံလောက်သောစစ်သည်များကို စုဝေးနိုင်စွမ်းရှိမရှိ သူမ သံသယမဝင်ခဲ့သလို ဣသရေလလူတို့သည် အောင်ပွဲခံရန်အားနည်းလွန်းသည်ဟုလည်း ငြင်းခုံခြင်းမရှိခဲ့ပေ။

ယင်းအစား သူမ၏သတင်းစကားကို ခိုင်မာသောယုံကြည်မှုဖြင့် ပေးပို့ခဲ့ပြီး ဗာရက်အား သူ၏သံသယများကို ဖယ်ရှားကာ ဘုရားသခင်၏ စီမံဖန်တီးပေးမှုကို ယုံကြည်ရန်အားပေးတိုက်တွန်းခဲ့သည်။

ယခုလက်ရှိ အချိန်ကာလတွင် အရာရာသည် မျှော်လင့်စရာ မရှိသကဲ့သို့ဖြစ်နေချိန်၌ ဘုရားသခင်ကို ယုံကြည်စိတ်ချတတ်ရန် ကျွန်ုပ်တို့ မည်သို့သင်ယူနိုင်ကြမည်နည်း။

**အင်္ဂါနေ့** **ဒီဇင်ဘာလ ၈ ရက်**

**နောင်တရရန်ခေါ်ဆိုခြင်း**

သူကြီး ၂း၁၆-၁၉ ကိုဖတ်ပါ။ ဤနေရာတွင် မည်သည့်ပုံစံ သို့မဟုတ် အခြင်းအရာကို တွေ့မြင်ရသနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဣသရေလလူတို့က ဘုရင်တစ်ပါးကို တောင်းဆိုလာခြင်းကြောင့် (၁ ရာ၊ ၈) ဘုရင်စနစ်သို့ ကူးပြောင်းမှုနှင့်အတူ တရားသူကြီးများ၏အချိန်ကာလ ပြီးဆုံးသွားခဲ့သည်။ သို့သော် တိုင်းပြည်၏ခေါင်းဆောင် ဘုရင်နှင့်လူတို့ကို အကြံဉာဏ်ပေးရန်၊ ပြုပြင်ရန်နှင့် ဆုံးမသြဝါဒပေးရန် ပရောဖက်များ၏ လိုအပ်မှုကို ပိုမိုကြီးမားလာစေခဲ့သည်။

အာဟပ်ဘုရင် စိုးစံစဉ်ကာလတွင် ဘုရားသခင်သည် ဧလိယကို တရားစီရင်ခြင်းသတင်းစကားဖြင့် စေလွှတ်ခဲ့သည်။ "အစ္စရေးလူမျိုးကို ဒုက္ခပေးသူမှာ ငါမဟုတ်။ ထာဝရဘုရား၏ ပညတ်ချက်တို့ကို စွန့်ပယ်ပြီး ဗာလဘုရားနောက်သို့လိုက်သော သင်နှင့် သင့်ဘိုးဘေးတို့၏ အမျိုးအနွယ်များပင်ဖြစ်၏" (၃ ရာ၊ ၁၈း၁၈)။ ထို့ကြောင့် မိုးမရွာတော့ပေ။ နောင်တရမည့်အစား အာဟပ်သည် ဧလိယကို လိုက်လံရှာဖွေပြီး သတ်ပစ်ရန်ကြိုးပမ်းခဲ့၏။ သို့သော်လည်း ဘုရားသခင်က သူ့ကိုစောင့်ရှောက်ခဲ့သည် (၃ ရာ၊ ၁၈း၁၀-၁၂)။ အငတ်ဘေး၏သုံးနှစ်မြောက်တွင် ဧလိယသည် ဘုရင်ထံသို့ရောက်ရှိလာသောအခါ အာဟပ်သည် မိုးမရွာခြင်းအတွက် ဧလိယကို အပြစ်တင်ခဲ့သည် (၃ ရာ၊ ၁၈း၁၇)။

ထို့နောက် ဧလိယသည် ဘုရားသခင်နှင့် ဗာလဘုရား၏ ပရောဖက်များအကြား နောက်ဆုံးအဆုံးအဖြတ်ပေးမည့် ရင်ဆိုင်ပွဲအတွက် ဣသရေလလူအားလုံးကို စုဝေးစေခဲ့သည် (၃ ရာ၊ ၁၈း၁၉)။

၃ ရာ၊ ၁၈း၂၁၊၃၈၊၃၉ တွင်ဖော်ပြထားသော ဣသရေလလူတို့ထံသို့ ဧလိယ၏ကြွေးကြော်ချက်နှင့် ၎င်းတို့၏တုံ့ပြန်မှုကို ဖတ်ပါ။ မည်သည့်အရာ ဖြစ်ပျက်ခဲ့သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ကောင်းကင်မှမီးကျလာသည့် ဘုရားသခင်၏တန်ခိုးနှင့် ဧလိယ၏ ပရောဖက်ဆိုင်ရာ သတင်းစကားတို့သည် ဘုရားသခင်၏လူမျိုးတော်အပေါ် ကြီးမားသောသက်ရောက်မှုရှိခဲ့ပြီး ၎င်းတို့ကိုနောင်တရစေခဲ့သည်။ ဣသရေလ လူတို့သည် ဘုရားသခင်ထံသို့ အပြည့်အဝသစ္စာစောင့်သိရန် ဝန်လေးခဲ့ကြ သကဲ့သို့ ကျွန်ုပ်တို့လည်း ဘုရားသခင်အား ဖန်ဆင်းရှင်နှင့် ရွေးနုတ်ရှင် အဖြစ် အသိအမှတ်မပြုသောလူများကြားတွင် အသက်ရှင်နေကြရသည်။ အခြားသူများအား ကိုယ်တော်အပေါ်သစ္စာစောင့်သိရန် တိုက်တွန်းသည့် ဘုရားသခင်၏ သက်သေများအဖြစ် တာဝန်ထမ်းဆောင်မည့်အစား ဣသရေလလူတို့ ပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့၏ဆန္ဒများကိုလိုက်ခြင်းဖြင့် ကျွန်ုပ် တို့၏ တာဝန်ဝတ္တရားကို မကြာခဏရှောင်လွှဲတတ်ကြသည်။

ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန္ဒများနောက်သို့လိုက်ခြင်းသည် ပျက်စီးခြင်း၊ ဝမ်းနည်းပူဆွေးခြင်းနှင့် နောက်ဆုံးတွင် သေခြင်းသို့ရောက်ရှိစေမည်ဖြစ် ကြောင်း ဘုရားသခင်သတိပေးထားသည်။ သို့သော် ကိုယ်တော်၏စကားသံ ကိုနားထောင်မည်ဆိုပါက “ထာဝရဘုရားသည် သင့်ကိုအစဉ်ပဲ့ပြင်တော်မူ မည်။ အစာခေါင်းပါးသည်ကာလ၌ ဝစွာကျွေး၍ သင်၏အရိုးတို့ကို ခိုင်ခံ့စေ တော်မူမည်။ သင်သည် ရေလောင်းသောဥယျာဉ်ကဲ့သို့ လည်းကောင်း၊ ရေ မပြတ်နိုင်သော စမ်းရေတွင်းကဲ့သို့ လည်းကောင်း ဖြစ်လိမ့်မည်” (ဟေရှာ၊ ၅၈း၁၁)။

ကျွန်ုပ်တို့၏ လူ့ဇာတိသဘာဝသည် ဘုရားသခင်ကို ဆန့်ကျင်ရန်၊ မသိစိတ်ကပင်လျှင် တွန်းအားပေးနေတတ်သည်။ ထိုဇာတိသဘာဝ၏ လွှမ်း

မိုးခြင်းကိုမခံရစေရန် ကျွန်ုပ်တို့သည် မည်သည့်ရွေးချယ်မှုများကို ပြုလုပ်ရန် လိုအပ်သနည်း။

**ဗုဒ္ဓဟူးနေ့** **ဒီဇင်ဘာလ ၉ ရက်**

**ကျွန်ဘဝမှမျှော်လင့်ချက်**

"ဘိုးဘေးတို့၏ဘုရားသခင် ထာဝရဘုရားသည် မိမိလူမျိုးတော်နှင့် ကိန်းဝပ်တော်မူရာအရပ်ကို ညှာတာထောက်ထားလျက် သူတို့ထံသို့ တမန်များကို အကြိမ်ကြိမ်စေလွှတ်တော်မူခဲ့၏" (၆ ရာ၊ ၃၆း၁၅)။

ဘုရားသခင်သည် ဧလိယနောက်ပိုင်းတွင် လူမျိုးတော်အား နှစ်သိမ့်ပေးရန်၊ သတိပေးရန်နှင့် ညွှန်ကြားရန်အတွက် ပရောဖက်များစွာကို စေလွှတ်ခဲ့သော်လည်း ဣသရေလနှင့် ယုဒနိုင်ငံတို့သည် အလွန်အကျင့်ပျက်လာကြသဖြင့် ဘုရားသခင်က ၎င်းတို့ကို သောဒုံနှင့် ဂေါမောရမြို့များနှင့်နှိုင်းယှဉ်ခဲ့သည် (ဟေရှာ၊ ၁း၉၊၁၀)။ ဘုရားသခင်၏လူမျိုးတော်သည် မာနကြီးခြင်း၊ လောဘကြီးခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းတို့ဖြင့် ပြည့်နှက်လာခဲ့ကြသည်။ ၎င်းတို့သည် အလုပ်သမားများ၊ မုဆိုးမများ၊ မိဘမဲ့များနှင့် အကူအညီတောင်းခံလာကြသော တိုင်းတစ်ပါးသားများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည် (ဣသရေလလူတို့၏ အမှားများကို ဘုရားသခင် တုံ့ပြန်ပုံနှင့်ပတ်သက်၍ ဟေရှာ၊ ၅၈ ကိုဖတ်ပါ။) နောက်ဆုံးတွင် ဘုရားသခင်၏တရားစီရင်မှုကြောင့် ဣသရေလလူတို့သည် အာရှုရိနိုင်ငံ၏ ဖမ်းဆီးသိမ်းပိုက်ခြင်းကို ခံခဲ့ကြရပြီး (၄ ရာ၊ ၁၇း၁-၆) ယုဒလူတို့လည်း ဗာဗုလုန်ပြည်သို့ သိမ်းသွားခြင်းခံခဲ့ကြရသည် (၄ ရာ၊ ၂၄၊၂၅)။

ဘုရားသခင်သည် မိမိ၏လူမျိုးတော်ကို ဆုံးမဒဏ်ခတ်ခဲ့သော်လည်း ၎င်းတို့ကို ဖမ်းဆီးသိမ်းပိုက်ခံ ကျွန်ဘဝတွင် စွန့်ပစ်ထားခဲ့ခြင်းမရှိပေ။ ၎င်းတို့အား အနာဂတ်အတွက် မျှော်လင့်ချက်ပေးရန် ယေဇကျေလနှင့် ဒံယေလကဲ့သို့သော ပရောဖက်များကို စေလွှတ်ပေးဆဲဖြစ်သည်။

ဟောရှာ၊ ၅၉း၁-၄ နှင့် နေဟ၊ ၉း၃၀ ကိုဖတ်ပါ။ ခေတ်အဆက်ဆက် အကျုံးဝင်နေမည့် မည်သည့်အရာကို ဤနေရာတွင် ဖော်ပြထားသနည်း။

--------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------

ဣသရေလနှင့် ယုဒနိုင်ငံတို့သည် သမိုင်းတစ်လျှောက်လုံးတွင် အပြစ်၏အကျိုးဆက်များကို ခံစားခဲ့ကြရသည်။ ဘုရားသခင်ထံမှ သွေဖည်ခြင်းအားဖြင့် ၎င်းတို့သည် ကိုယ်တော်၏ကာကွယ်စောင့်ရှောက်မှုကို စွန့်လွှတ်ခဲ့ကြပြီး တရားစီရင်မှုကိုဆွဲယူခဲ့ကြသည်။ ဘုရားသခင်သည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရုပ်တုကိုးကွယ်ခြင်းတို့ကို သည်းခံတော်မမူသော်လည်း ၎င်းတို့အပြစ်ပြုမိသည့် ပထမဆုံးအကြိမ်မှာပင် တိုင်းတစ်ပါးသို့ နှင်ထုတ်ခဲ့ခြင်း မရှိပေ။ ဘုရားသခင်သည် မိမိ၏လူ ပရောဖက်များမှတစ်ဆင့် နောင်တရကာ ကိုယ်တော်ထံသို့ ပြန်လာကြရန် အားထုတ်ခဲ့သည်။ လူတို့က နားထောင်ရန် ငြင်းဆန်ခဲ့ကြသည်။ ထာဝရဘုရားသည် မိမိ၏လူမျိုးတော်အား ၎င်းတို့၏အပြစ်များမှ လှည့်ထွက်လာစေရန် မည်မျှကြာအောင် ကြိုးစားခဲ့သည်မှာ အလွန်ပင်အံ့သြစရာကောင်းသည်။ ဘုရားသခင်သည် ရာစုနှစ်များစွာ ပရောဖက်တစ်ပါးပြီးတစ်ပါး စေလွှတ်လျက် သတိပေးကာ ၎င်းတို့ထံသို့ရောက်ရှိရန်ကြိုးပမ်းခဲ့သည်။

ယေရှုကိုယ်တော်တိုင် ဤသို့ အတိအကျ မိန့်ဆိုခဲ့သည် -- "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့စေလွှတ်သောသူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ" (မ၊ ၂၃း၃၇)။

သို့သော်လည်း ၎င်းတို့သည် တိုင်းတစ်ပါးတွင်ရှိနေစဉ်၌ပင် ဘုရားသခင်သည် မိမိ၏လူမျိုးတော်အား မျှော်လင့်ချက်ကင်းမဲ့သွားစေရန် ဘယ်သောအခါမျှ စွန့်ပစ်ခဲ့ခြင်းမရှိပေ။ ၎င်းတို့သည် အမြဲတမ်းကျရှုံးနေခဲ့ကြသော်

လည်း ဘုရားသခင်က "ရွေးနုတ်သောသခင်သည် ဇိအုန်တောင်ပေါ်သို့ကြွ၍ မတရားသောအမှုမှ လွှဲသော ယာကုပ်အမျိုးသားတို့ရှိရာသို့ ရောက်လတ္တံ့" ဟု ကတိပြုခဲ့သည် (ဟေရှာ၊ ၅၉း၂၀)။

ဣသရေလလူတို့ ကိုယ်တော်ထံမှလမ်းလွဲခဲ့ကြသည့်တိုင် ဘုရားသခင်၏သစ္စာရှိခြင်းကို စဉ်းစားပါ။ ဘုရားသခင်၏ မေတ္တာကရုဏာအပြည့်ရှိခြင်းကို သင်၏ကိုယ်ပိုင်အသက်တာတွင် မည်သို့တွေ့ကြုံခဲ့ရသနည်း။ ကိုယ်တော်သာ စိတ်ရှည်ပြီး မေတ္တာကြီးမားခဲ့ခြင်းမရှိပါက သင်သည် ယခု အဘယ်မှာ ရှိနေမည်နည်း။

**ကြာသပတေးနေ့ ဒီဇင်ဘာလ ၁၀ ရက်**

**စောင့်ဆိုင်းရမည့်အချိန်ကာလအတွက်ပရောဖက်တစ်ဦး**

ဗျာ၊ ၁း၁-၃ ကိုဖတ်ပါ။ ယောဟန်သည် မည်သည့်အတွက် ခေါ်တော်မူခြင်းခံခဲ့ရသနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ရှေးဦးခရစ်ယာန်များမှာ ကတိထားတော်မူသော ယေရှုခရစ်တော်၏ ပြန်ကြွလာခြင်းကို မျှော်လင့်စောင့်ဆိုင်းလျက် အသက်ရှင်ခဲ့ကြသည်။ တမန်တော်ယောဟန်သည် ခရစ်တော် တိမ်တိုက်ပေါ်သို့ဆောင်ယူခြင်း ခံရသည်ကိုတွေ့မြင်ခဲ့ရပြီး ထိုနည်းအတိုင်း ကိုယ်တော်သည် ပြန်လည်ကြွလာမည်ဖြစ်ကြောင်း ကောင်းကင်တမန် ရှင်းပြသည်ကိုလည်း ကြားခဲ့ရသည် (တ၊ ၁း၁၀၊၁၁)။ ယခုအခါ ရှေးဦးခရစ်ယာန်အသင်းတော်သည် မရေရာ မသေချာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ မှန်ပါသည်။ ယေရှုက ပြန်ကြွလာမည်ဟုမိန့်ဆိုခဲ့သည်။ သို့သော် မည်သည့်အချိန်တွင် ဖြစ်မည်နည်း။

ရှင်ယောဟန်သည် ပတ်မုကျွန်းတွင် တိမ်းရှောင်နေစဉ်အတွင်း ဘုရားသခင်သည် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာ ကတိတော်နှင့်

စပ်လျဉ်း၍ သူ့အား မိန့်မြွက်တော်မူခဲ့သည် - "ကြည့်ရှုလော့။ မိုးတိမ်နှင့် တကွကြွလာတော်မူသည်ဖြစ်၍ ကိုယ်တော်ကို ထိုးဖောက်သောသူတို့နှင့် ရှိသမျှသောသူတို့သည် ကိုယ်တော်ကို ရှုမြင်ရကြလိမ့်မည်" (ဗျာ၊ ၁း၇)။ ယောဟန်သည် ကမ္ဘာမြေ၏အဆုံးကို ညွှန်ပြသည့်အဖြစ်အပျက်များနှင့် ပတ်သက်သော ကျယ်ပြန့်သည့်ဗျာဒိတ်တော်ကိုလည်း ရရှိခဲ့သည်။ အသင်းတော်ခုနစ်ပါးအတွက် အားပေးစကားနှင့် ဆုံးမသြဝါ၏ပေးခြင်းတို့အပြင် (ဗျာ၊ ၂၊၃)၊ တရားစီရင်ခြင်းဆိုင်ရာ ဗျာဒိတ်ရူပါရုံများ (ဗျာ၊ ၁၄း၆-၁၂)၊ ကမ္ဘာမြေ၏အဆုံးသတ်ခြင်းဆိုင်ရာ ဗျာဒိတ်ကျမ်း (ဗျာ၊ ၂၀)၊ ခရစ်တော်၏ ဒုတိယအကြိမ် ကြွလာခြင်းဆိုင်ရာ ဗျာဒိတ်များ (ဗျာ၊ ၁၄း၁၄-၁၆) နှင့် ကမ္ဘာမြေကို အသစ်ဖန်ဆင်းခြင်းဆိုင်ရာ ဗျာဒိတ်များ (ဗျာ၊ ၂၁၊၂၂) တို့ပါဝင်ခဲ့သည်။

ရှင်ယောဟန်သည် သူ့ကိုယ်သူ "ယေရှုခရစ်၏ ဆင်းရဲခြင်းဒုက္ခမှစ၍ နိုင်ငံတော်ကို လည်းကောင်း၊ သည်းခံတော်မူခြင်းကို လည်းကောင်း၊ သင်တို့နှင့်အတူဆက်ဆံသော အဖော်အဖက်"ဟု ဖော်ပြခဲ့သည် (ဗျာ၊ ၁း၉)။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဟောပြောခြင်းနှင့် ယေရှုခရစ်၏သက်သေခံချက်ကို ခံယူခြင်းတို့ကြောင့် ရောက်လာသောညှဉ်းပန်းနှိပ်စက်မှုများသာမက စောင့်ဆိုင်းရခြင်း၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဒုက္ခများကိုပါ ကိုယ်တိုင်ခံစားသိရှိခဲ့သူဖြစ်သည်။

ဗျာဒိတ်ကျမ်းတစ်လျှောက်လုံးတွင် ရှင်ယောဟန်သည် မြင်တွေ့ခဲ့ရသမျှကိုကြည့်ရှုရန် ဖိတ်ခေါ်ခြင်းခံခဲ့ရပြီး မြင်တွေ့သမျှကိုရေးသားရန်လည်း အမိန့်ပေးခံခဲ့ရသည်။ နောက်ဆုံးအခန်းတွင် "ငါယောဟန်သည် ဤအရာများကို မြင်၍ကြား၏"ဟု ရေးသားခဲ့သည် (ဗျာ၊ ၂၂း၈)။ ယောဟန်သည် နောက်ဆုံးရက်များ၏အဖြစ်အပျက်များနှင့် ပတ်သက်၍ ပရောဖက်ဆိုင်ရာသက်သေတစ်ဦးဖြစ်ပြီး ရူပါရုံတွင် သူ့အား ပြသခဲ့သမျှကို မိမိခေတ်ကာလရှိ အသင်းတော်များနှင့်မျှဝေရန် တာဝန်ပေးအပ်ခြင်းခံခဲ့ရသူဖြစ်သည် (ဗျာ၊ ၂၂း၁၆)။ သူသည် ကမ္ဘာ့သမိုင်း၏အရေးကြီးသော အချိန်အခါတစ်ခုတွင် ယေရှုခရစ်

၏ပထမအကြိမ်ကြွလာခြင်းကို ကြိုတင်ကြေညာခဲ့သော နှစ်ခြင်းဆရာ ယောဟန်ကို ပြန်လည်အမှတ်ရစေသည် (ယော၊ ၁း၆-၈)။

ကျွန်ုပ်တို့လည်း ယောဟန်ကဲ့သို့ သက်သေခံရန်ခေါ်တော်မူခြင်း ခံထားရကြသည်။ ကျွန်ုပ်တို့လည်း ယေရှု၏သက်သေခံချက်ကို စောင့်ထိန်းကြရမည်ဖြစ်သည် (ဗျာ၊ ၁၉း၁၀)။ ထိုသက်သေခံချက်မှာ ပရောဖက်များမှတစ်ဆင့် ကိုယ်တော်အကြောင်း မိမိကိုယ်တိုင်မိန့်ဆိုခဲ့သော သက်သေခံချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယောဟန်ကဲ့သို့ ရူပါရုံများကို ရရှိမည်မဟုတ်သော်လည်း ကျွန်ုပ်တို့သည် ကိုယ်တော့်အတွက် သက်သေခံလျက် ခရစ်တော်၏ ပြန်ကြွလာခြင်းကို သည်းခံလျက် စောင့်ဆိုင်းနိုင်ကြပါသည်။

ကျွန်ုပ်တို့ရရှိထားခဲ့ပြီးသော အလင်းတရားအားလုံးကို စဉ်းစားပါ။ ကျွန်ုပ်တို့အား များပြားစွာပေးအပ်ထားပြီးဖြစ်သောကြောင့် အဘယ်ကဲ့သို့ တာဝန်ဝတ္တရားများသည် ကျွန်ုပ်တို့အပေါ်တွင် ကျရောက်နေသနည်း။

**သောကြာနေ့** **ဒီဇင်ဘာလ ၁၁ ရက်**

**ပရောဖက်စကားသံ**

ဘုရားသခင်သည် မိမိ၏ပရောဖက်များမှတစ်ဆင့် လူသားတို့နှင့် အမြဲတမ်းဆက်သွယ်ပြောဆိုခဲ့သည်။ ဤအချက်သည် သမိုင်း၏အရေးကြီးသော အချိန်အခါများတွင် ပို၍ပင်ထင်ရှားခဲ့သည်။ သို့ဖြစ်ပါက ဘုရားသခင်သည် ကမ္ဘာမြေ၏အဆုံးကာလတွင် မိမိလူမျိုးတော်အား စကားပြောမည်ဟု မျှော်လင့်ခြင်းသည် အလွန်ပင်ကျိုးကြောင်းဆီလျော်သည် မဟုတ်လော။

Millerite Adventists တို့သည် ၁၈၄၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် "ကြီးစွာသောမျှော်လင့်ချက် ပျက်ပြားခြင်း" (The Great Disappointment) ကို ကြုံတွေ့ခဲ့ကြရစဉ်အခါက ဘုရားသခင်သည် အယ်လင်ဟာမွန် (ဝှိုက်)အား ပရောဖက်ဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်းအတွက် ခေါ်တော်မူခဲ့ပြီး မျှော်လင့်ချက်ကင်းမဲ့နေကြသော ယုံကြည်သူများအတွက်

သတင်းစကားကို ပေးအပ်ခဲ့သည်။ သူမ၏ ပထမဆုံး ဗျာဒိတ်ရူပါရုံသည် ၎င်းတို့၏ စိတ်ပျက်အားငယ်မှုတွင် နှစ်သိမ့်မှုပေးရန် ဖြစ်ခဲ့သည်။

နောက်ထပ်အရေးကြီးသော အချိန်အခါတစ်ခုမှာ စာပေများစတင်ထုတ်ဝေခြင်းနှင့် သတ္တမနေ့ဥပုသ်စောင့်ထိန်းသောယုံကြည်သူများကို တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းခြင်းတို့ပင်ဖြစ်သည်။ ၁၈၆၀ ပြည့်လွန်နှစ်များအရောက်တွင် ဤဥပုသ်စောင့်ထိန်းသူများသည် ၎င်းတို့၏ စာပေထုတ်ဝေမှုများနှင့် သာသနာပြုလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်သောင်းဂဏန်းအထိ ကြီးထွားလာခဲ့ကြသည်။ ကောင်းကင်တမန်သုံးပါး၏ သတင်းစကားများ (ဗျာ၊ ၁၄း၆-၁၂)ကို ပိုမိုထိရောက်စွာကြေညာနိုင်ရန်အတွက် ၎င်းတို့သည် အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းရန်လိုအပ်လာခဲ့သည်။ အချို့သူများက အဖွဲ့အစည်းဖွဲ့စည်းမည့် အကြံအစည်ကို ကန့်ကွက်ခဲ့ကြသော်လည်း ဘုရားသခင်သည် ဤခြေလှမ်းကို အားပေးတိုက်တွန်းရန် အယ်လင်ဂျီဝှိုက် (Ellen G. White)ကို အသုံးပြုခဲ့သည်။ ၁၈၆၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော် (Seventh-day Adventist Church) သည် တရားဝင်ပေါ်ထွန်းလာခဲ့သည်။

ထိုနှစ်တွင်ပင် ဘုရားသခင်သည် ယုံကြည်သူများအကြား ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကို အားပေးရန်အတွက် ပရောဖက်ပြုခြင်းဆုကျေးဇူးကိုအသုံးပြုခဲ့သည်။ ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းသားအများစုသည် ကောင်းမွန်သောကျန်းမာရေး မရှိကြပါ သို့မဟုတ် ကျန်းမာရေးနှင့်အညီ အသက်မရှင်ကြသေးပါ။ အယ်လင်ဂျီဝှိုက်၏ ၁၈၆၃ ခုနှစ်နှင့် ၁၈၆၅ ခုနှစ်များပါဝင်သော ကျန်းမာရေးဆိုင်ရာပြည့်စုံသည့် ဗျာဒိတ်ရူပါရုံနှစ်ခုမှတစ်ဆင့် ဤလမ်းကြောင်းသည် ပြောင်းလဲသွားခဲ့သည်။ ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့ အသင်းသူ/သားများသည် ကျန်းမာရေးနှင့်အညီ အသက်ရှင်ခြင်းကို မြှင့်တင်ပေးသူများဖြစ်လာခဲ့ကြသည်။

၁၈၇၀ ပြည့်လွန်နှစ်များမှ ၁၈၉၀ ပြည့်လွန်နှစ်များအထိ အယ်လင်ဂျီဝှိုက်သည် ပညာရေးစနစ်ကို တည်ထောင်ဖွံ့ဖြိုးစေရာတွင် အဓိကကျသော

အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြန်သည်။ သူမ၏ ဘက်စုံပညာရေးဆိုင်ရာ အတွေးအခေါ် (သင်ကြားရေး၊ လက်တွေ့နှင့် ဝိညာဉ်ရေး)ကို တဖြည်းဖြည်း လက်ခံကျင့်သုံးလာခဲ့ကြသည်။ သူမက ဤသို့ထောက်ပြခဲ့သည် - "စစ်မှန်သော ပညာရေးဆိုသည်မှာ သီးသန့်လေ့လာမှုသင်တန်းတစ်ခုကို လိုက်စားခြင်းထက် ပိုမိုအဓိပ္ပာယ်ရှိသည်။ ယခုလက်ရှိ အသက်တာအတွက် ပြင်ဆင်ခြင်းထက် လည်းသာလွန်သည်။ ၎င်းသည် လူသားတစ်ဦး၏ တစ်ကိုယ်လုံးနှင့် ဖြစ်တည်နိုင်သမျှသောဘဝကာလ အပိုင်းအခြားအားလုံးနှင့် သက်ဆိုင်နေပေသည်။ ၎င်းသည် ကိုယ်ခန္ဓာ၊ စိတ်ဓာတ်နှင့် ဝိညာဉ်ရေးရာစွမ်းအားများ၏ သဟဇာ-တဖြစ်သော ကြီးထွားဖွံ့ဖြိုးမှုပင် ဖြစ်ပေသည်"-- Education, p. 13။

၁၈၈၀ ပြည့်လွန်နှစ်များတွင် သူမသည် ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော်၏ ကယ်တင်ခြင်းဆိုင်ရာခံယူချက် တည်ဆောက်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပညတ်တော်ကို အထူးအာရုံပြုတတ်သောနေရာတွင် ဘုရားသခင်၏ကျေးဇူးတော်နှင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားတို့၏ ဗဟိုချက်ကို သူမက အလေးပေးဖော်ပြခဲ့သည်။ ၁၉၀၁ ခုနှစ်မှ ၁၉၀၃ ခုနှစ်အထိ သူမသည် ကမ္ဘာပေါ်ရှိ အသင်းတော်၏သာသနာပြုလုပ်ငန်းကို ပိုမိုကောင်းမွန်စွာပြီးမြောက်စေရန် အတွက် အသင်းတော်၏ဖွဲ့စည်းပုံအဆောက်အအုံကို ပြန်လည်ဖွဲ့စည်းရာတွင် ကူညီပေးခဲ့သည်။

အတိုချုပ်ပြောရလျှင် ယနေ့ကျွန်ုပ်တို့သိရှိနေကြသည့် ခရစ်တော်ကို မျှော်လင့်သောသတ္တမနေ့အသင်းတော် (Seventh-day Adventist Denomination) သည် အယ်လင်ဂျီဝိုက်၏ အမှုတော်လုပ်ငန်းမရှိခဲ့ပါက ပေါ်ထွန်းလာမည် မဟုတ်ပေ။ သူမသည် အရေးကြီးသော အချိန်အခါများတွင် ဘုရားသခင်၏သတင်းစကားပေးပို့သူ ဖြစ်ခဲ့သည်။

ပိုမိုသိရှိလိုပါက https://whiteestate.org/absg/11 သို့ ဝင်ရောက်ကြည့်ရှုပါ။

-ဝ-

## သင်ခန်းစာ (၁၂)
## နောက်ဆုံးကာလ ပရောဖက်ပြုခြင်းဆိုင်ရာဗျာဒိတ်တော်များ
ဒီဇင်ဘာလ ၁၂ – ဒီဇင်ဘာလ ၁၈

### ဥပုသ်နေ့မွန်းလွဲပိုင်း ဒီဇင်ဘာလ ၁၂ ရက်

**ဖတ်ရန်ကျမ်းချက်များ။** ယောလ၊ ၂း၂၈-၃၂။ တ၊ ၂း၁-၂၁။ ဗေဖက်၊ ၄း၁၁-၁၄။ ဗျာ၊ ၁၂း၁၇။ ဗျာ၊ ၁၉း၁၀။ တ၊ ၂း၃၆-၄၂။

### အလွတ်ကျမ်းချက်

**"ထိုနောက်မှ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကိုမြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သော ယောကျ်ား မိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍ သူတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်" (ယောလ၊ ၂း၂၈၊၂၉)။**

အချို့သော အစိုးရဥပဒေပြုမှုများတွင် "နေဝင်ချိန် ပြဋ္ဌာန်းချက်" (Sunset Provision)ဟူ၍ ရှိတတ်သည်။ ဤဥပဒေရေးရာဝေါဟာရသည် နေဝင်ခြင်းနှင့် မည်သို့မျှမသက်ဆိုင်ပေ။ ၎င်းသည် သတ်မှတ်ထားသောနေ့စွဲ တစ်ခုတွင် ဥပဒေ၏သက်တမ်း အလိုအလျောက် ကုန်ဆုံးသွားမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့်အပိုဒ်တစ်ခု ဖြစ်သည်။ အစိုးရများသည် အမျိုးမျိုးသော အကြောင်းပြချက်များကြောင့် ထိုကဲ့သို့သောအပိုဒ်များကို ဥပဒေများတွင် ထည့်သွင်းလေ့ရှိကြသည်။ ဥပဒေပြုသူများသည် နိုင်ငံတော်အန္တရာယ်ကျ

ရောက်သည့် အချိန်ကာလများတွင် နိုင်ငံသားတို့၏အခွင့်အရေးများကို ကန့်သတ်ထားသော ဥပဒေအချို့ကို ပြဌာန်းတတ်ကြသည်။ အစိုးရများသည် ယာယီရုပ်သိမ်းထားသော အခွင့်အရေးများကို နိုင်ငံသားများထံသို့ ပြန်လည်ပေးအပ်ရန်အတွက် သတ်မှတ်ထားသောနေ့စွဲတစ်ခုတွင် ဤဥပဒေများကို ပယ်ဖျက်ရန် ဤနေဝင်ချိန်ပြဌာန်းချက်များကို တစ်ခါတစ်ရံ ထည့်သွင်းလေ့ရှိကြသည်။

ရှေးခေတ်ကာလများက သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးကို ပေးအပ်တော်မူစဉ်က ဘုရားသခင်သည် ထိုကဲ့သို့သော နေဝင်ချိန်ပြဌာန်းချက်မျိုးကို ထည့်သွင်းခဲ့ပါသလော။ ယေရှုခရစ်တော် ပြန်လည်မကြွလာမီ ဤဆုကျေးဇူးရပ်စဲသွားမည့် အချိန်ကာလတစ်ခု ရှိပါသလော။ လွန်ခဲ့သောတစ်ပတ်က ဘုရားသခင်သည် အရေးကြီးသောအချိန်အခါများတွင် ပရောဖက်များမှတစ်ဆင့် မိမိ၏လူမျိုးတော်အား စကားပြောခဲ့ကြောင်း သင်ယူခဲ့ကြသည်။ ဤတစ်ပတ်တွင် ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း နီးကပ်လာသည်နှင့်အမျှ နောက်ဆုံးကာလရှိ ပရောဖက်ပြုခြင်းဆုကျေးဇူး၏ အထူးလုပ်ဆောင်ချက်နှင့် အစဉ်တည်တံ့ခိုင်မြဲမှုတို့အပြင် အယ်လင်ဂျီဝှိုက် (Ellen G. White)၏ ပရောဖက်ဆိုင်ရာအမှုတော်လုပ်ငန်း၏အခန်းကဏ္ဍကိုပါ ဆက်လက်ဆန်းစစ်သွားမည်ဖြစ်သည်။

**တနင်္ဂနွေနေ့ ဒီဇင်ဘာလ ၁၃ ရက်**

**ယောလ၏ကတိတော်**

ယောလ၊ ၂း၂၈-၃၂ ကိုဖတ်ပါ။ နောက်ဆုံးနေ့ရက်များတွင် ဘုရားသခင်သည် မည်သည့်အရာကိုလုပ်ဆောင်မည်ဟု ကတိပြုသနည်း။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

ဘီစီ (၇)ရာစုက ပရောဖက်တစ်ဦးဖြစ်သော ယောလသည် အနာဂတ်

တွင်ဖြစ်ပျက်မည့်အရာများနှင့် ပတ်သက်၍ အရေးကြီးသောအရာများကို ဖော်ပြပေးခဲ့သည်။ ဤကျမ်းပိုဒ်ကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ သူသည် ရှေးခေတ်ကာလအကြောင်းကို ပြောဆိုနေခြင်းလော သို့မဟုတ် အဝေးဆုံး အနာဂတ်အကြောင်းကို ပြောဆိုနေခြင်းလောဟု တွေးတောမိတတ်ကြသည်။

ဘာသာရေးပညာရှင်များသည် ပရောဖက်ပြုခြင်းပုံစံ နှစ်မျိုး - ဂန္ထဝင် ပရောဖက်ပြုခြင်း (Classical Prophecy)နှင့် ကမ္ဘာ့အဆုံးကာလဆိုင်ရာ ရူပါရုံ ပရောဖက်ပြုခြင်း (Apocalyptic Prophecy)ဟူ၍ ခွဲခြားတတ်ကြသည်။ ဂန္ထဝင် ပရောဖက်ပြုခြင်းသည် အမှန်တကယ်ရှိနေသော လူမျိုးများကိုပြောဆိုပြီး စစ်မှန်သောကိန်းဂဏန်းများနှင့် အမည်များကို အသုံးပြုသည် (ဥပမာ - ယေရမိ၊ ၂၅း၁-၁၁ ကိုကြည့်ပါ)။ အခြားတစ်ဖက်တွင် ကမ္ဘာ့အဆုံးကာလ ဆိုင်ရာရူပါရုံပရောဖက်ပြုခြင်းသည် အလွန်အမင်းသင်္ကေတဆန်သော ဘာသာစကားကိုအသုံးပြု၍ အချိန်ကာလများအတွက် သင်္ကေတဂဏန်းများကို အသုံးချကာ စကြဝဠာဆိုင်ရာ နိမိတ်လက္ခဏာများကို မကြာခဏဖော်ပြလေ့ ရှိသည် (ဒံ၊ ၇ ကိုကြည့်ပါ)။ တစ်ခါတစ်ရံတွင် ဤပရောဖက်ပြုခြင်းအမျိုး အစားနှစ်မျိုး ထပ်နေသည်ကို ကျွန်ုပ်တို့တွေ့ရှိရတတ်သည် (ဥပမာ - မ၊ ၂၄ ကိုကြည့်ပါ)။

ယောလ၊ ၂း၂၈-၃၁ သည် မည်သို့နည်း။ ဤကျမ်းပိုဒ်သည် ဒုတိယ အမျိုးအစားထဲ ပါဝင်နေပုံရသည်။ ဆိုလိုသည်မှာ ပရောဖက်အသက်ရှင်စဉ် အတွင်း၌ဖြစ်စေ၊ သူ၏အမှုတော်လုပ်ငန်းပြီးဆုံးပြီးနောက် ချက်ချင်းပြည့်စုံ လာမည်ဟု ကျွန်ုပ်တို့ မမျှော်လင့်သင့်ပေ။ ဆန့်ကျင်ဘက်အနေဖြင့် ဤ ပရောဖက်ပြုခြင်း၏ပြည့်စုံမှုကို အနာဂတ်တွင် ကျွန်ုပ်တို့စောင့်မျှော်သင့်သည်။ ဘုရားသခင်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးကို ပေးအပ်မည့်ဆက်စပ် အခြေအနေနှင့်အချိန်ကာလကို သတိပြုပါ - “ထာဝရဘုရား၏ ကြောက်မက် ဖွယ်သောနေ့ကြီးမတိုင်မီ” (ယောလ၊ ၂း၃၁) ဖြစ်သည်။ ထိုနေ့သည် မည် သည့်နေ့နည်း။ ယေရှု၏ ပထမအကြိမ်ကြွလာခြင်းလော။ သို့တည်းမဟုတ် ဒုတိယအကြိမ်လော။ သို့မဟုတ် နှစ်ခုစလုံးလော။

ယောလ၏ ပရောဖက်ပြုချက်တွင် နေနှင့် လ၌ နိမိတ်လက္ခဏာများ ပါရှိကြောင်းကို ကျွန်ုပ်တို့စဉ်းစားသောအခါ အခြားသောကျမ်းပိုဒ်များစွာတွင် လည်းတွေ့ရှိနိုင်ကြောင်း ကျွန်ုပ်တို့ချက်ချင်း သတိရနိုင်သည်။ ယေရှု၏ နောက်ဆုံးသောကာလ ဟောပြောချက်တွင် တပည့်တော်များအား နေ၊ လနှင့် ကြယ်တို့၌ နိမိတ်လက္ခဏာများရှိမည့်အကြောင်း မိန့်ဆိုခဲ့သည် (မ၊ ၂၄း၂၉)။ ထိုနည်းတူစွာ ဗျာဒိတ်ကျမ်းကိုရေးသားသူ ယောဟန်လည်း ထိုနိမိတ်လက္ခဏာများကိုပင် ဖော်ပြထားသည် (ဗျာ၊ ၆း၁၂၊၁၃)။ ယေရှုနှင့် ယောဟန် နှစ်ဦးစလုံးသည် ကျွန်ုပ်တို့၏အရှင်သခင် ဒုတိယအကြိမ်ကြွလာတော်မမူမီ ဖြစ်ပေါ်မည့် စကြဝဠာဆိုင်ရာ နောက်ဆုံးနိမိတ်လက္ခဏာများကို တိုက်ရိုက်ရည်ညွှန်းနေကြသည်။

ထို့ကြောင့် အလားတူ နိမိတ်လက္ခဏာများကို ညွှန်ပြနေသော ယောလ၏ ပရောဖက်ပြုချက်သည် နောက်ဆုံးသောကာလအတွက် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယူဆနိုင်သည် - "မိုးကောင်းကင်၌ လည်းကောင်း၊ မြေကြီးပေါ်၌ လည်းကောင်း အံ့ဖွယ်သောအရာတည်းဟူသော သွေး၊ မီးလျှံ၊ မီးခိုးတိုင်တို့ကို ငါပြမည်။ ထာဝရဘုရား၏ ကြောက်မက်ဖွယ်သောနေ့ကြီး မတိုင်မီ နေသည် မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်း သွေးဖြစ်လိမ့်မည်" (ယောလ၊ ၂း၃၀၊၃၁)။

အတိတ်က ပြီးမြောက်ခဲ့ပြီးသော ပရောဖက်ပြုချက်အားလုံးကို စဉ်းစားပါ။ ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းကဲ့သို့သော နောင်လာမည့် အနာဂတ်ပရောဖက်ပြုချက်များအပေါ် ဘုရားသခင်ကို ယုံကြည်စိတ်ချရန် ဤအချက်က ကျွန်ုပ်တို့အား အဘယ်ကြောင့် အထောက်အကူဖြစ်စေသင့်သနည်း။

**တနင်္လာနေ့** **ဒီဇင်ဘာလ ၁၄ ရက်**

**ပင်တေကုတ္တေပွဲတော်**

တ၊ ၂း၁-၂၁ ကိုဖတ်ပါ။ ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၏ ဆက်စပ်အခြေအနေတွင် ပေတရုသည် ယောလ၏ကျမ်းပိုဒ်ကို အဘယ်

ကြောင့်ကိုးကားခဲ့သနည်း။ ဤကျမ်းပိုဒ်တွင် ပရောဖက်ပြုခြင်းသည် မည်သည့်အခန်းကဏ္ဍမှ ပါဝင်သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဤဓမ္မသစ်ကျမ်းပိုဒ်များတွင် ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းမှ အရှည်ဆုံးကိုးကားချက်များထဲမှ တစ်ခုကိုတွေ့ရှိရသည်။ ပေတရု၏ ဆင်ခြင်သုံးသပ်ချက်ကို ဖတ်ရှုသောအခါ "ပေတရု၊ နိမိတ်လက္ခဏာတွေရော ဘယ်လိုလဲ။ သင့်ရဲ့အခြေအနေမှာ အဲဒီအရာတွေကို ကျွန်ုပ်တို့မမြင်ရပါဘူး"ဟု ကျွန်ုပ်တို့မေးခွန်းထုတ်မိပေမည်။ ပေတရုက နိမိတ်လက္ခဏာများ ပြည့်စုံခဲ့ပြီဖြစ်ကြောင်းကို "လွန်ခဲ့သော ရက်အနည်းငယ်က ယေရှုသည် လက်ဝါးကပ်တိုင်တွင် အသေခံတော်မူစဉ်အတွင်း နေသည် သုံးနာရီတိုင်တိုင်မှောင်မိုက်နေခဲ့သည် (မာကု၊ ၁၅း၃၃)ဟု ဖြေဆိုမည်ဖြစ်သည်။

ပေတရုအတွက် ခိုင်လုံသောငြင်းခုံချက်ဖြစ်ခဲ့သည့်အရာသည် ယနေ့ကျွန်ုပ်တို့အတွက်မူ အနည်းငယ်သက်ရောက်မှု အားနည်းပုံရပေသည်။ ကျွန်ုပ်တို့သည် ယောလ၏ပရောဖက်ပြုချက် ပိုမိုပြည့်စုံလာမည်ကို ဆက်လက်မျှော်လင့်ဆဲဖြစ်သည်။ ဖြေရှင်းချက်၏ သော့ချက်သည် ယောလကျမ်းထဲတွင်တည်ရှိနေသည်။ ယောလ၊ ၂း၂၃ တွင် ယောလသည် အရင်မိုးနှင့် နောက်မိုးအကြောင်း ဖော်ပြထားသည်။ တ၊ ၂ သည် ဤပရောဖက်ပြုခြင်း၏ ပထမပြည့်စုံမှုဖြစ်သော အရင်မိုးပင်ဖြစ်သည်။ နောက်ဆုံးပြည့်စုံမှုမှာ အဆုံးကာလမတိုင်မီ နောက်မိုးအားဖြင့် ဝိညာဉ်တော်သွန်းလောင်းခြင်းပင် ဖြစ်လိမ့်မည်။

လူတို့သည် ပရောဖက်ပြုခြင်းကို "အနာဂတ်ကို ကြိုတင်ဟောပြောခြင်း"ဟု မကြာခဏအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဤအရာသည် မှားယွင်းသည်တော့မဟုတ်ပါ။ သို့သော်လည်း ကျမ်းစာ ပရောဖက်များသည် လူတို့ကို နောင်တရရန်လည်း ခေါ်ဝေါ်ခဲ့ကြသည်။ အမှန်စင်စစ် နောက်ပိုင်းတွင်

ပေတရုပြောဆိုနေစဉ်အတွင်း လူအုပ်ထဲမှ အချို့သူများသည် အပြစ်သား ဖြစ်ကြောင်း သိရှိလာကြသည်မှာထင်ရှားသည်။

"ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍ ညီအစ်ကိုတို့ အဘယ်သို့ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသောတမန်တော်တို့အား မေးမြန်းကြ၏" (တ၊ ၂း၃၇)။

ထိုအခါ ပေတရုသည် မည်သို့ဖြေကြားခဲ့သနည်း။

"ပေတရုကလည်း သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။ အကြောင်းမူကား၊ ကတိတော်သည် သင်တို့နှင့် လည်းကောင်း၊ သင်တို့၏သားသမီးတို့နှင့် လည်းကောင်း၊ ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင်ထာဝရဘုရားခေါ်တော်မူသမျှသော သူတို့နှင့် လည်းကောင်း ဆိုင်သည်ဟုဟော၏" (တ၊ ၂း၃၈၊၃၉)။

နှစ်ခြင်းဆရာယောဟန်သည် အခြားသောအလွန်ကောင်းသည့် ဥပမာတစ်ခုဖြစ်သည်။ ယေရှု၏ ပထမအကြိမ်ကြွလာခြင်းကို ကြေညာနေသော်လည်း သူသည် ၎င်းတို့၏အပြစ်များအတွက် နောင်တရရန် ဟောပြောခဲ့သည် - "နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီဟု ဟောပြော၏" (မ၊ ၃း၂)။

ထို့ကြောင့် ယောလ၊ ၂ သည် အနာဂတ်တွင် ပြည့်စုံလာလိမ့်မည်။ ယောလနှင့် ပေတရုတို့ပြုခဲ့ကြသကဲ့သို့ပင် အဆုံးကာလ၏ပရောဖက်များသည် နောင်တရရန် ခေါ်ဝေါ်ကြလိမ့်မည်။ ယေရှုကို ညွှန်ပြကြလိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏အဆုံးကာလ အသင်းတော်အတွက် လမ်းညွှန်မှုကို ပေးဆောင်ကြလိမ့်မည်။

ဤဆန်းကျယ်သောအဖြစ်အပျက်ကို မြင်တွေ့ရသောအခါ လူအုပ်ကြီးသည် ၎င်းတို့ကို ပုံမှန်အဖြစ်အပျက်တစ်ခုခုဟု အစပိုင်းတွင် ထင်မှတ်ခဲ့ကြ

သည်။ ၎င်းတို့က ဤသူများသည် အရက်မူးနေကြသည်ဟု ထင်ခဲ့ကြသည် (အရက်မူးနေသူများက နိုင်ငံခြားဘာသာစကားများဖြင့် ရုတ်တရက်ပြောဆိုနေကြခြင်းလော)။ ၎င်းတို့၏ တုံ့ပြန်မှုသည် မည်မျှပင်ကျိုးကြောင်းဆီလျော်မှုမရှိစေကာမူ အလွန်အမင်းဆန်းကြယ်သော အဖြစ်အပျက်များနှင့် ရင်ဆိုင်ရသည့်အခါ လူတို့သည် သဘာဝကျသောရှင်းလင်းချက်တစ်ခုကို ရှာဖွေရန်-ကြိုးစားတတ်ကြခြင်းသည် မည်သည့်သဘောသဘာဝကြောင့် ဖြစ်သနည်း။

**အင်္ဂါနေ့** **ဒီဇင်ဘာလ ၁၅ ရက်**

**ဝိညာဉ်တော်၏ဆုကျေးဇူးများ**

ခရစ်တော်၏အသင်းတော် ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် ဘုရားသခင်သည် ဆုကျေးဇူးများကို ပေးသနားတော်မူခဲ့သည်။ ဓမ္မသစ်ကျမ်းတွင် ဝိညာဉ်ရေးရာဆုကျေးဇူးစာရင်းများစွာကို ကျွန်ုပ်တို့တွေ့ရှိရပြီး အားလုံးသည် ဆင်တူကြသော်လည်း အသေးစိတ်အချက်အလက်များတွင် ကွဲပြားကြသည်။ ဤဆုကျေးဇူးများသည် တစ်ခုနှစ်တစ်ခု အပြန်အလှန်အားဖြည့်ပေးကြသည်။

ဧဖက်၊ ၄း၁၁-၁၄ ကိုဖတ်ပါ။ ဘုရားသခင်သည် ဤဆုကျေးဇူးများကို မိမိ၏ အသင်းတော်အား အဘယ်ကြောင့် ပေးသနားတော်မူသနည်း။ ပရောဖက်ပြုခြင်းဆုကျေးဇူးသည် အသင်းတော်အတွက် ဘုရားသခင်၏ ရည်မှန်းချက်များကို ပြီးမြောက်စေရန် မည်သို့အထောက်အကူပြုသနည်း။

---

---

ဝိညာဉ်တော်ဆုကျေးဇူးအားလုံး၏ ရည်ရွယ်ချက်မှာ ဧဝံဂေလိတရားကိုဟောပြောရန်ဖြစ်သကဲ့သို့ အသင်းတော်ကို ပြုစုပျိုးထောင်ရန်နှင့် တည်ဆောက်ရန်လည်းဖြစ်သည်။ တမန်တော်ရှင်ပေါလုသည် ပရောဖက်ပြုခြင်း

| ရောမ၊ ၁၂း၆-၈ | ၁ ကော၊ ၁၂း၈-၁၀ | ၁ ကော၊ ၁၂း၂၈ | ဧဖက် ၄း၁၁ |
|---|---|---|---|
| ပရောဖက်ပြုခြင်း | ပညာတရား | တမန်တော် | တမန်တော် |
| ဓမ္မဆရာ၏အမှုပြုခြင်း | ထိုးထွင်းခြင်းတရား | ပရောဖက် | ပရောဖက် |
| ဆုံးမသြဝါဒပေးခြင်း | ယုံကြည်ခြင်း | ဆရာ | သာသနာပြုဆရာ |
| နှိုးဆော်သွေးဆောင်ခြင်း | အနာရောဂါငြိမ်းစေခြင်း | တန်ခိုးပြသောသူ | သင်းအုပ်ဆရာ |
| စွန့်ကြဲခြင်း | အံ့ဖွယ်တန်ခိုးပြနိုင်ခြင်း | အနာငြိမ်းစေနိုင်သူ | ကျောင်းဆရာ |
| အုပ်ချုပ်ခြင်း | ပရောဖက်ပြုခြင်း | သင်းထောက် | |
| မစ သနားခြင်း | စိတ်ပိုင်းခြားနိုင်ခြင်း | စီရင်အုပ်စိုးသောသူ | |
| | ဘာသာအမျိုးမျိုးပြောခြင်း | အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောသူ | |
| | ဘာသာစကား၏အနက်ကိုဖော်ပြနိုင်ခြင်း | | |

ဆုကျေးဇူးကို စာရင်းလေးခုစလုံးတွင် ထည့်သွင်းခဲ့သည်။ အခြားသော ဆုကျေးဇူးများမှာ တစ်ကြိမ်သာပါရှိကြသည်။ ဤသို့ပါဝင်သည် အကြိမ်ရေကို

ကြည့်ခြင်းအားဖြင့် ပရောဖက်ပြုခြင်းသည် အရေးအကြီးဆုံးဝိညာဉ်တော်၏ဆုကျေးဇူးများထဲမှ တစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့ကောက်ချက်ချနိုင်သည်။

ပရောဖက်များနှင့် စပ်လျဉ်းသည့် ယေဘုယျလက္ခဏာအချို့ကို သုံးသပ်ကြည့်ကြပါစို့ -

၁။ ပရောဖက်များကို ဘုရားသခင်ကခေါ်တော်မူသည် (၃ ရာ၊ ၁၉း၁၆၊၁၉-၂၁ နှင့် ဟေရှာ၊ ၆ ကိုကြည့်ပါ)။ ၎င်းတို့သည် မိမိတို့ကိုယ်ကို မထိုက်တန်ဟု ခံစားရလေ့ရှိကြပြီး တာဝန်ယူရန် ဝန်လေးတတ်ကြသော်လည်း နာခံကြသည်။

၂။ ဘုရားသခင်သည် ရူပါရုံများ၊ အိပ်မက်များ သို့မဟုတ် ကြားနိုင်သောစကားသံများဖြင့် ပရောဖက်များနှင့် စကားပြောသည်။ တစ်ခါတစ်ရံ ဘုရားသခင်သည် အနာဂတ်အဖြစ်အပျက်များကို ဖော်ပြပေးသည်။ အခြားသောအချိန်များတွင်မူ တိုင်းနိုင်ငံများ သို့မဟုတ် လူတို့၏လက်ရှိအရေးကိစ္စများနှင့်ပတ်သက်၍ ၎င်းတို့အား အသိပေးတတ်သည် (ဒံ၊ ၂)။

၃။ ကျမ်းစာများတွင် ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်များကို ဖော်ပြထားသည် - ပရောဖက်များသည် ရုပ်ပိုင်းဆိုင်ရာ ခွန်အားဆုံးရှုံးသွားခြင်း သို့မဟုတ် အသက်ရှူရပ်သွားခြင်းပင် ဖြစ်နိုင်သော်လည်း ၎င်းတို့သည် အသစ်သောတန်ခိုးဖြင့်လည်း ပြည့်ဝလာနိုင်သည် (ဒံ၊ ၁၀း၈-၁၀၊၁၈၊၁၉)။

၄။ ပရောဖက်များသည် ၎င်းတို့၏သတင်းစကားများကို နည်းလမ်းအမျိုးမျိုးဖြင့်ဆက်သွယ်ပြောဆိုကြသည် - နှုတ်ဖြင့် (တ၊ ၂၁း၁-၁၂)၊ သရုပ်ဆောင်ပြခြင်းဖြင့် (ယေဇ၊ ၄) သို့မဟုတ် စာများဖြင့် (ဗျာ၊ ၂၃) ဖြစ်သည်။ ယေရမိကိုကူညီခဲ့သော ဗာရုခ်၏ ဖြစ်ရပ်တွင်ကဲ့သို့ အချို့သောပရောဖက်များသည် စာပေရေးရာလက်ထောက်များကို အသုံးပြုခဲ့ကြသည် (ယေရမိ၊ ၃၆း၁-၄)။

၅။ ဘုရားသခင်သည် မိမိကိုယ်ကို ဆန့်ကျင်ပြောဆိုခြင်း မရှိသောကြောင့် ပရောဖက်တစ်ဦး၏ သတင်းစကားသည် ရှေ့ပရောဖက်များနှင့် ကိုက်ညီရမည် (ဟေရှာ၊ ၈း၂၀)။

၆။ ပရောဖက်တစ်ဦး၏သတင်းစကား အကြောင်းအရာအပြင် ပရောဖက်၏ ကိုယ်ရေးကိုယ်တာအသက်တာ၏ သက်ရောက်မှုတို့ကလည်း ၎င်း၏ ဘုရားသခင်ထံမှဆင်းသက်လာကြောင်းကို သက်သေခံလိမ့်မည် (မ၊ ၇း၁၅-၂၀)။

၇။ စာတန်သည် ဘုရားသခင်၏အမှုအရာများကို အမြဲအတုခိုးရန် ကြိုးပမ်းတတ်သည်။ ဤအချက်သည် ပရောဖက်ပြုခြင်းဆုကျေးဇူးနှင့်လည်း သက်ဆိုင်နေသည်။ အဆုံးကာလတွင် မိစ္ဆာပရောဖက်များ ပေါ်ထွန်းလာလိမ့်မည် (မ၊ ၂၄း၂၄။ ၂ ပေ၊ ၂း၁)။

**မုဒ္ဒဟူးနေ့** **ဒီဇင်ဘာလ ၁၆ ရက်**

**နောက်ဆုံးသောကာလ၌ကျန်ကြွင်းသောသူများ**

ဗျာဒိတ်ကျမ်း အခန်းကြီး ၁၂ တွင် ကောင်းကင်ဘုံမှစ၍ နောက်ဆုံးသောနေ့ရက်များအထိ မဟာတိုက်လှန်ပွဲ၏ သမိုင်းကြောင်းကို ဖော်ပြထားသည်။

ဗျာ၊ ၁၂း၁၇ ကိုဖတ်ပါ။ "ယေရှု၏သက်သေခံချက်" ဆိုသည်မှာ အဘယ်နည်း။ ဗျာ၊ ၁၉း၁၀ နှင့် ဗျာ၊ ၂၂း၈၊၉ တို့ကို နှိုင်းယှဉ်ပါ။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဗျာ၊ ၁၂း၁၇ တွင် နောက်ဆုံးသောကာလအသင်းတော်၏ ထင်ရှားသောလက္ခဏာရပ်နှစ်ပါးကို ဖော်ပြထားသည်။ အသင်းတော်သည် ပညတ်တော်ဆယ်ပါးကို စောင့်ထိန်းသည် (ဥပုသ်စောင့်ထိန်းခြင်း ပညတ်တော်အပါအဝင်)ဖြစ်ပြီး "ယေရှု၏သက်သေခံချက်"ကိုလည်း ရရှိထားသည်။ ဤသက်သေခံချက်ဆိုသည်မှာ အဘယ်နည်း။

အချို့သော ကျမ်းစာဘာသာပြန်ဆိုချက်များတွင် "ယေရှု၏သက်သေခံချက်"ဆိုသည်မှာ ကျွန်ုပ်တို့ ယုံကြည်သူများသည် ယေရှုကိုဝန်ခံကြပြီး

ကျွန်ုပ်တို့၏သာသနာပြုလုပ်ငန်းနှင့် ဧဝံဂေလိဟောပြောခြင်းတို့မှတစ်ဆင့် ကိုယ်တော်ကိုလူသိရှင်ကြားဖြစ်စေသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ "ယေရှု၏ သက်သေခံတော်မူချက်ကိုဆောင်သော. . " (ဗျာ၊ ၁၉း၁၀)--ယေရှုသည် ခရစ်ယာန်သက်သေခံခြင်း၏ ရည်မှန်းချက်ပစ်မှတ်ဖြစ်သည်။ အခြားဘာသာပြန်ခြင်းတွင်မူ ယေရှုကိုယ်တော်တိုင်က မိမိ၏အသင်းတော်အား သက်သေခံချက်ကိုပေးအပ်သည်ဟု အဓိပ္ပာယ်ကိုပေးကြသည်။ "ယေရှုဖော်ပြတော်မူသော သစ္စာတရား" --- ယေရှုသည် သက်သေခံချက်ကို ဆောင်ယူလာသူ ပုဂ္ဂိုလ်ဖြစ်သည်။ မူရင်းဂရိကျမ်းစာကို နည်းလမ်းနှစ်မျိုးစလုံး ဖြင့်ဘာသာပြန်ဆိုနိုင်သည်။ သို့ဖြစ်လျှင် ယောဟန်သည် မည်သည့်အရာကို ဆိုလိုခဲ့သနည်း။

နောက်ဆုံးသောကာလ၌ရှိသော အသင်းတော်၏ ထင်ရှားသောလက္ခဏာရပ်နှစ်ပါးကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၎င်းတို့၏ရေးသားပုံများသည်အလွန်ဆင်တူကြောင်းကို တွေ့ရှိရသည်။ "ဘုရားသခင်၏ ပညတ်တော်များ"သည် ဘုရားသခင်ထံမှလာသည်မှာ ထင်ရှားသကဲ့သို့ "ယေရှု၏သက်သေခံချက်"လည်း ယေရှုထံမှပေါက်ဖွားလာသည်။ ထို့ကြောင့် သက်သေခံသူမှာ ယေရှုပင်ဖြစ်သည်။ ကိုယ်တော်သည် စစ်မှန်သောအသင်းတော်ကို ဖော်ပြပေးသည်။ ကိုယ်တော်သည် ဤအရာကို မည်သို့လုပ်ဆောင်သနည်း။ ပရောဖက်ပြုခြင်းဆုကျေးဇူးမှတစ်ဆင့် ဤအရာကို လုပ်ဆောင်ပေးသည်။

အဖြေကို ဗျာ၊ ၁၉း၁၀ နှင့် ဗျာ၊ ၂၂း၉ တို့တွင်တွေ့ရှိရသည်။ "ယေရှု၏သက်သေခံချက်"သည် "ပရောဖက်ဟောသောစကားချက်" နှင့် တစ်သားတည်းဖြစ်နေကြောင်း ဤနေရာတွင်ရှင်းလင်းစွာဖော်ပြထားသည်။ ယောဟန်ကိုယ်တိုင်သည် ပရောဖက်တစ်ဦးဖြစ်ပြီး "ယေရှု၏သက်သေခံချက်"ကို မိမိ၏ကိုယ်စားပြုမှုဖြင့် ကိုယ်စားပြုနေသည်။ ပရောဖက်ဆိုသည်မှာ လူတို့ကိုတိုက်တွန်းရန်နှင့် နောင်တရစေရန်၊ အားပေးရန် သို့မဟုတ် အနာဂတ်ကိုဖော်ပြရန်အတွက် ဘုရားသခင်၏ လူမျိုးတော်ထံသို့ စေလွှတ်သော သတင်းစကားပေးပို့သူအဖြစ် အထူးခေါ်ဝေါ်ခြင်းခံရသူတစ်ဦးဖြစ်သည်။

ဗျာ၊ ၁၂း၁၇ က ယေရှုသည် ဤပရောဖက်ပြုခြင်းဆုကျေးဇူးမှတစ်ဆင့် မိမိ၏အသင်းတော်ကို အသိအမှတ်ပြုနိုင်စေရန် ပြုလုပ်ပေးကြောင်းပြသနေသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ရှေးခေတ် ဣသရေလနှင့် ယုဒလူမျိုးတော်ထံသို့ ပရောဖက်များကို လည်းကောင်း၊ ရှေးဦးခရစ်ယာန်အသင်းတော်ထံသို့ တမန်တော်ယောဟန်ကို လည်းကောင်း စေလွှတ်ခဲ့သကဲ့သို့ပင် ကမ္ဘာ့သမိုင်း၏ အဆုံးကာလများတွင်လည်း ပရောဖက်များပေါ်ထွန်းလာလိမ့်မည်ဖြစ်သည်။

"ပရောဖက်ဟောသော စကားချက်" (ဗျာ၊ ၁၉း၁၀)၏ ဉပမာတစ်ခုအဖြစ် အယ်လင်ဂျီဝှိုက်၏ ဝိညာဉ်စာပေများကို သတ်မှတ်နိုင်ကြောင်း မည်သည့်အထောက်အထားကို သင်တွေ့မြင်ခဲ့ရသနည်း။

**ကြာသပတေးနေ့ ဒီဇင်ဘာလ ၁၇ ရက်**

**ခေတ်သစ်၌ပရောဖက်ပြုချက်ပေါ်ထွန်းခြင်း**

ယနေ့ခေတ် ယုံကြည်သူအများစုသည် ရှေးခေတ်ကျမ်းစာပရောဖက်များ၏တရားဝင်မှုကို လက်ခံနိုင်သော်လည်း ကျွန်ုပ်တို့ခေတ်တွင်လည်း အလားတူဖြစ်နိုင်သည်ဟု ယုံကြည်ကြပါသလား။ ယောလ၊ ၂း၂၈-၃၁ တွင် ပါရှိသော ပရောဖက်ပြုခြင်းဆုကျေးဇူး နောက်ဆုံးအချိန်တွင် ထင်ရှားမည်ဟူသော ကတိတော်ကို ယုံကြည်ရမည်ဆိုလျှင် ၎င်းသည် မည်သို့ဖြစ်မည်နည်း။

တ၊ ၂း၃၆-၄၂ ကိုဖတ်ပါ။ ပင်တေကုတ္တေပွဲတော်တွင် ဟောပြောခဲ့သော ပေတရု တရားဒေသနာ၏အဓိကသတင်းစကားမှာ အဘယ်နည်း။ ပေတရု၏ ပရိသတ်တို့သည် မည်သို့တုံ့ပြန်ခဲ့ကြသနည်း။

--------------------------------------------------------------------------------------

--------------------------------------------------------------------------------------

ခရစ်သက္ကရာဇ် ၃၁ ခုနှစ် ပင်တေကုတ္တေပွဲတော်တွင် သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခြင်းသည် နောက်ဆုံးသောကာလ၌ သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းမည့်အရာ၏ (ပမာဏအားဖြင့် အဆပေါင်းများ စွာ ကြီးမားသော်လည်း) အကောင်းဆုံးသောပုံရိပ်တစ်ခုဖြစ်သည်။ ပင်တေကုတ္တေ ဖြစ်ရပ်သည် ယေရှုကိုမြှင့်တင်ခြင်း၊ လူအများအား နောင်တရစေခြင်းနှင့် ဘုရားသခင်၏သာသနာလုပ်ငန်းလုပ်ဆောင်ရန်အတွက် အသင့်ဖြစ်စေခြင်း များဖြစ်ကြောင်း သိရှိနိုင်သည်။ ပေတရု၏ ခရစ်တော်ကိုဗဟိုပြုသော သတင်း စကားသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် အစွမ်းထက်မြက်ခဲ့ပြီး ဤအရာက ဝိညာဉ်ပေါင်း ၃၀၀၀ အား နောင်တရစေကာ ဗတ္တိဇံခံယူစေရန် လမ်းပြပေးခဲ့သည်။ ဤသန့်ရှင်းသောဝိညာဉ်တော် "အရင်မိုး" ရရှိမှုသည် ယေရှုခရစ်တော်၏ မေတ္တာတော်ကိုသက်သေခံကာ မျှဝေစေပြီး ကိုယ်တော်၏ ပြန်ကြွလာခြင်းကိုလည်း ဟောကြားစေသည်။ ထို့ပြင် စည်းလုံးညီညွတ်သော ယုံကြည်သူများကို မျိုးစေ့ဖြစ်သောအသင်းတော်အဖြစ် တည်ထောင်ပေးခဲ့ သည်။ အရင်မိုးသည် "တန်ဖိုးရှိသောမျိုးစေ့အပင်ပေါက်လာစေ"သကဲ့သို့ "နောက်မိုး"သည် ရိတ်သိမ်းရန်အတွက်ရင့်မှည့်လာစေရန် နောက်ဆုံးသောကာလ တွင် ပေးအပ်လိမ့်မည်။ (Ellen G. White, The Great Controversy, p.611)။ တစ်နည်းအားဖြင့်ဆိုရသော် နောက်မိုးဖြစ်သော ခေတ်သစ်ပရောဖက်ပြုခြင်း ဆုကျေးဇူးပေါ်ထွန်းမှုသည် ပင်တေကုတ္တေနေ့၏အရင်မိုးနှင့် အလွန်ပင်ဆင်တူ နေလိမ့်မည်။

ယောလ၊ ၂း၂၈-၃၁ တွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း နောက်ဆုံး သောကာလ၏ ပရောဖက်ပြုခြင်းဆုကျေးဇူးသည် လူငယ်နှင့် လူအို၊ ကျားနှင့် မ မရွေး လူတိုင်းအတွက်ဖြစ်နေလိမ့်မည်။ ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်ရွေးချယ်သောသူများမှတစ်ဆင့် စကားပြောတော်မူမည်။ နောက် ဆုံးသောကာလအတွက် သန့်ရှင်းသောဝိညာဉ်တော် ရွေးချယ်သည့်သတင်း

စကားပေးပို့သူတိုင်းအတွက် သူ သို့မဟုတ် သူမ၏သတင်းစကားသည် ယေရှု ကိုမြင့်တင်ပေးမည်၊ လူတို့ကို နောင်တရရန် ဟောပြောမည်၊ ဘုရားသခင်၏ သာသနာလုပ်ငန်းကို ပြီးမြောက်စေရန် လူတို့ကို ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤလက္ခဏာသုံးပါးသည် အယ်လင်ဂျင်ဝှိုက်၏ပရောဖက်ဆိုင်ရာ အမှုတော် လုပ်ငန်း၏ အဓိကမှတ်တိုင်များ ဖြစ်ကြသည်။ သူမ၏ အသက်တာ တစ်လျှောက်လုံးတွင် သူမသည် ဟောပြောခြင်းနှင့် ရေးသားခြင်းတို့တွင် ယေရှုနှင့် ကျမ်းစာတော်မြတ်ကို မြင့်တင်ခဲ့သည်။ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော်၏ အသင်းသားများနှင့် အခြားသူများကို စိတ်နှလုံး အကြွင်းမဲ့ နောင်တရရန်ဖိတ်ခေါ်ဟောပြောခဲ့ပြီး လူတိုင်းအား ပျောက်ဆုံး နေသောသူများအတွက် ဘုရားသခင်၏ သာသနာပြုလုပ်ငန်းတွင် ပါဝင်ကြ ရန်တိုက်တွန်းခဲ့သည်။

အယ်လင်ဂျီဝှိုက်၏ ဝိညာဉ်စာပေများမှတစ်ဆင့် အကျိုးကျေးဇူး မည် မျှခံစားရရှိခဲ့ပြီနည်း။

**သောကြာနေ့** **ဒီဇင်ဘာလ ၁၈ ရက်**

**သာသနာပြုလုပ်ငန်းအားလုံး**

ဧဖက်၊ ၄ တွင် တမန်တော်ရှင်ပေါလုက ဝိညာဉ်တော်ဆုကျေးဇူးများ၏ အဓိကရည်ရွယ်ချက်မှာ ယုံကြည်သူများအား ဘုရားသခင်၏သာသနာပြု လုပ်ငန်းကိုရှေ့သို့တိုးမြှင့်လုပ်ဆောင်စေရန်ဖြစ်ကြောင်း ညွှန်ပြထားသည်။ အယ်လင်ဂျီဝှိုက်၏ ပရောဖက်ဆိုင်ရာအမှုတော်ဆောင်လုပ်ငန်းသည် တူညီ သောရည်ရွယ်ချက်ကို ထားရှိခဲ့သည်။ သူမ၏ ဘုရားသခင်မှုတ်သွင်းခြင်းခံရ သော သတင်းစကားများသည် ယုံကြည်သူများအား ဘုရားသခင်နှင့် ပိုမိုနက် ရှိုင်းသောဆက်ဆံရေးကို တည်ဆောက်ရန် ကူညီပေးခဲ့ပြီး ထိုမေတ္တာတော် ကို အခြားသူများထံမျှဝေရန်လည်း တိုက်တွန်းနှိုးဆော်ခဲ့သည်။

သူမက ဤသို့ရေးသားခဲ့သည် - "ခရစ်ယာန်ဖြစ်သည်ဟု ဝန်ခံကြသူအားလုံးတို့တွင် ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော်၏ အသင်းသားများသည် ကမ္ဘာ့ရှေ့မှောက်တွင် ခရစ်တော်ကို မြှင့်တင်ရာတွင် ရှေ့ဆုံးမှရှိကြရမည်။ ကောင်းကင်တမန်သုံးပါး၏ သတင်းစကားကို ကြေညာခြင်းသည် ဥပုသ်နေ့အမှန်တရားကို တင်ပြစေရန်ဖြစ်သည်။ ဤသတင်းစကားနှင့်တကွ ပါဝင်သောအခြားတရားများကိုလည်း ကြေညာရမည်ဖြစ်သော်လည်း အဓိကဗဟိုချက်ဖြစ်သော ခရစ်တော်ယေရှုကို ချန်လှပ်ထား၍မဖြစ်ပေ။ ခရစ်တော်၏လက်ဝါးကပ်တိုင်တော်တွင် ကရုဏာနှင့် သစ္စာတရားတို့သည် တွေ့ဆုံကြပြီး ဖြောင့်မတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့သည် အပြန်အလှန်နမ်းရှုံကြသည်။ အပြစ်သားကို ကရာနီသို့မျက်နှာမူရန် လမ်းပြရမည်ဖြစ်ပြီး သူငယ်တို့၏ရိုးသားသော ယုံကြည်ခြင်းမျိုးဖြင့် ကယ်တင်ရှင်ကို ယုံကြည်အားကိုးရမည်ဖြစ်သည်။ ကိုယ်တော်၏ ကျေးဇူးတော်ကိုလက်ခံကာ ကရုဏာတော်ကို ယုံကြည်ရမည်ဖြစ်သည်" -- Gospel Workers, pp. 156, 157။

ထို့အပြင် ယုံကြည်သူတိုင်းသည် ဘုရားသခင် သာသနာလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာရန် ခေါ်ဝေါ်ခြင်းခံထားရကြောင်း သူမက အထူးတလည်အလေးပေးဖော်ပြခဲ့သည်။ "ကျွန်ုပ်တို့၏ အသင်းသားများအနေဖြင့် ပိုမိုကြီးမားသော ကိုယ်ပိုင်ကြိုးပမ်းအားထုတ်မှုများကို ပြုလုပ်ကြရန် ထာဝရဘုရားတောင်းဆိုတော်မူ၏" -- Evangelism, p. 113။

"ထာဝရဘုရား၏ အမှုတော်ဆောင်ရာတွင် ပျင်းရိနေသူများမရှိရပါ။ လူအမျိုးမျိုးတို့သည် လူကိုဖမ်းသောတံငါများကဲ့သို့ လုပ်ငန်းခွင်တွင် စုစည်းကြပါစေ။ လောက၏ အကျင့်ပျက်ခြစားမှုထဲမှ ဝိညာဉ်များကို ခရစ်တော်၏ စင်ကြယ်ခြင်းဆီသို့ သိမ်းသွင်းရန်ကြိုးပမ်းကြပါစေ" -- Evangelism, p. 115။ အယ်လင်ဂျီဝိုက်ကိုယ်တိုင်သည် ၁၈၈၀ ပြည့်လွန်နှစ်များတွင် ဥရောပနိုင်ငံ

များသို့ လည်းကောင်း၊ ၁၈၉၀ ပြည့်လွန်နှစ်များတွင် ဩစတြေးလျနိုင်ငံသို့ လည်းကောင်း သာသနာပြုတစ်ဦးအနေဖြင့် ကြွရောက်ခဲ့သည်။

စာတန်သည် အဘယ်ကြောင့် နောက်ဆုံးသောကာလ၊ ဘုရားသခင်၏ လူတို့အပေါ် ဤမျှလောက် "အမျက်ထွက်" (ဗျာ၊ ၁၂း၁၇) နေရသနည်းဟူမူကား၊ ၎င်းတို့၏သစ္စာစောင့်သိမှုနှင့် ပရောဖက်ပြုခြင်းအမှုတော်လုပ်ငန်းကြောင့်ပင်ဖြစ်သည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏ပတ်လည်တွင်ရှိနေသော အန္တရာယ်များကို ဖော်ပြတော်မူခဲ့ပြီ။ ပရောဖက်ပြုခြင်းဆုကျေးဇူးမှတစ်ဆင့် ကိုယ်တော်သည် လောကကို သုံ့ပန်းအဖြစ်ဖမ်းဆီးမည့် လှည့်စားမှုများကို ဖော်ထုတ်ပေးခဲ့သည်။ မိမိ၏လူမျိုးတော်အား ဤသို့မိန့်မြွက်တော်မူခဲ့သည် - "သင်သည် လက်ယာဘက်၊ လက်ဝဲဘက်သို့ လမ်းလွဲလျှင် ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ပြောသောစကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်" (ဟေရှာ၊ ၃၀း၂၁)။ The Great Controversy စာအုပ်သည် စာတန်၏လှည့်စားမှုများကို ဖော်ထုတ်ပြသနေ-သည်" -- Ellen G. White, Manuscript 31, 1890။

လူတို့သည် မိမိတို့၏အသက်တာကို ယေရှုထံသို့အပ်နှံကြသည့်အခါ စာတန်သည် အလွန်အမင်းဒေါသထွက်လေ့ရှိပြီး ဘုရားသခင်၏ပရောဖက်ဆိုင်ရာ အသံတော်ကို အထင်အမြင်သေးစေရန် သို့မဟုတ် ယုံကြည်ကိုးစားမှုကင်းမဲ့စေရန်အတွက် အရာရာတိုင်းကို လုပ်ဆောင်တတ်သည်။ ၎င်း၏နည်းလမ်းအချို့မှာ အယ်လင်ဂျီဝိုက်၏ ပရောဖက်ပြုခြင်းဆုကျေးဇူးကို "ယခုခေတ်နှင့် မသက်ဆိုင်တော့ပါ"ဟု အထင်သေးစေရန် ရည်ရွယ်သည်။ အဘယ်ကြောင့်ဆိုသော် သူမသည် ကျွန်ုပ်တို့၏ ခေတ်ကာလနှင့် အလွန်ကွာခြားသောကာလတစ်ခုတွင် ရေးသားခဲ့သောကြောင့် ဖြစ်သည်။ နောက်ထပ် ကြိုးပမ်းမှုတစ်ခုမှ သူမ၏ပရောဖက်ဆိုင်ရာ တောင်းဆိုချက်များကို မေးခွန်းထုတ်ခြင်းဖြင့် သံသယဝင်လာစေရန်ဖြစ်ပြီး သူမအား မိစ္ဆာပရောဖက်တစ်ဦးအဖြစ်

ညွှန်ပြကြခြင်းဖြစ်သည်။ သို့သော် အယ်လင်ဂျီဝှိုက်၏ လုပ်ငန်းများကို အသုံးမဝင်တော့သကဲ့သို့ဖြစ်စေရန်အတွက် အထိရောက်ဆုံးသောနည်းလမ်းမှာ လက်ရှိမျိုးဆက်သစ်များ သူမ၏စာအုပ်စာစောင်များကို ကိုယ်တိုင်ဖတ်ရှုခြင်းမှ ကင်းကွာသွားစေရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။

ပိုမိုသိရှိလိုပါက http://whiteestate.org/absg/12 သို့ဝင်ရောက်ကြည့်ရှုပါ။

-ဝ-

**သင်ခန်းစာ (၁၃)**

## ပရောဖက်ပြုချက်စကားမှ ကောင်းချီးမင်္ဂလာများ

ဒီဇင်ဘာလ ၁၉ – ဒီဇင်ဘာလ ၂၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာလ ၁၉ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ၁ ကော၊ ၂း၂။ ယော၊ ၁း၁-၅။ ၂ တိ။ ၃း၁၆၊၁၇။ ၂ တိ၊ ၄း၁-၅။ ဟေရှာ၊ ၄၀း၁-၅။ ယော၊ ၁၇း၂၀-၂၃။ ၁ ကော၊ ၁း၁၀-၁၃။

**အလွတ်ကျမ်းချက်**

**“ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏” (၂ တိ၊ ၃း၁၆-၁၇)။**

ဘုရားသခင်သည် ကျွန်ုပ်တို့အား မျက်စိစုံမှိတ်ကာ သူ့ကိုယုံကြည်ကြရန် ဘယ်သောအခါမှ မိန့်တော်မမူပါ။ ဆန့်ကျင်ဘက်အနေဖြင့် ကိုယ်တော်တည်ရှိတော်မူကြောင်း သက်သေအထောက်အထားများမှာ အလွန်တရာကြီးမားလှပေသည်။ အပြစ်ဒုစရိုက်ဒဏ်ကို နှစ်ပေါင်း ၆၀၀၀ တိုင်တိုင် ခံစားခဲ့ရပြီးနောက်၌ပင် သဘာဝတရားက အံ့ဖွယ်ဖန်ဆင်းရှင်ဘုရားသခင်ဖြစ်နေရုံမက မေတ္တာရှင်ဘုရားသခင်ဖြစ်ကြောင်းကိုလည်း သက်သေခံလျက်ရှိသည်။

သို့သော်လည်း ဤမျှနှင့် မပြီးသေးပါ။ “ကောင်းကင်က ရောက်လာသောထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရားနှင့်အတူရှိသောအခါ ကြားရကြ၏။ ထိုမှတစ်ပါး၊ သာ၍မြဲမြံသောအနာဂတ္တိ

စကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌ အရုဏ်တက်၍ ကြယ်နီ ပေါ်ထွက်သည်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက် အရပ်၌ ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍ သင်တို့သည် အမှီပြုသင့်ကြ၏" (၂ ပေ၊ ၁း၁၈-၁၉)။ ပေတရုကဲ့သို့ ဘုရားသခင်၏အသံတော်ကို ကျွန်ုပ်တို့ တိုက်ရိုက်မကြားရသော်လည်း ကျွန်ုပ်တို့၌လည်း "ပို၍တည်ကြည်သော ပရောဖက်ပြုချက်စကားတော်" ရှိနေပါသည်။

ဘုရားသခင်သည် ကျမ်းစာရေးသူများထဲတွင်ပါဝင်သော ပရောဖက် များ (Canonical) နှင့် မပါဝင်သော ပရောဖက်များ (Non-Canonical) ဟူ၍ ပရောဖက်များမှတစ်ဆင့် ကျွန်ုပ်တို့အား စကားပြောကြားခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့အား ပေးအပ်ထားသော သက်သေအထောက်အထားများမှာ ပုံမှန် ထက်ပင်ကျော်လွန်၍ ပေါများလှပေသည်။ ကျန်ရှိနေသေးသော မေးခွန်းမှာ ဤအရာများကိုလက်ခံရန် ကျွန်ုပ်တို့အသင့်ရှိကြပါသလား ဟူသော အချက် ပင်ဖြစ်သည်။

သမိုင်းကိုကြည့်ပါက လူအများအပြားသည် လက်ခံရန်အသင့်မရှိခဲ့ ကြကြောင်း ပြသနေပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ထို ကဲ့သို့သောအမှားမျိုးကို မကျူးလွန်မိကြပါစေနှင့်။

**တနင်္ဂနွေနေ့** **ဒီဇင်ဘာလ ၂၀ ရက်**

**ပရောဖက်ပြုချက်သည်ခရစ်တော်ကိုချီးမြှောက်၏**

ပရောဖက်ပြုချက်ဆိုသည်မှာ ဘုရားသခင်မှ သူ့လူတို့ကိုပြောဆိုခြင်း နှင့် ၎င်းတို့ကို ဘုရားသခင်နှင့် ဆက်သွယ်ပေါင်းစပ်ရန် ဘုရားသခင်အသုံး ပြုသောနည်းစနစ်ဖြစ်သည်။ ထို့ကြောင့် စာတန် (နဂါး)သည် မိန်းမ (ဘုရား သခင်၏အသင်းတော်) အပေါ် အမျက်ဒေါသထွက်လျက် ထိုမိန်းမ၏ ကျန် ကြွင်းသောအမျိုးအနွယ်တို့နှင့် စစ်တိုက်ရန်သွားသည်မှာ အံ့ဩစရာမဟုတ် ပေ (ဗျာ၊ ၁၂း၁၇ ကိုကြည့်ပါ)။

ဤကျန်ကြွင်းသော မိန်းမ၏ အမျိုးအနွယ်ဝင်တို့၏ ထင်ရှားသော လက္ခဏာရပ်များမှာ အဘယ်နည်း။ ၎င်းတို့သည် ပညတ်တရားတို့ကို စောင့်ထိန်းကြပြီး ယေရှု၏သက်သေခံချက်ကို ပိုင်ဆိုင်ကြသည်။ ဗျာ၊ ၁၉း၁၀ က ဤသက်သေခံချက်သည် "ပရောဖက်ဟောသောစကားချက်"ဖြစ်ကြောင်း ကျွန်ုပ်တို့အား ဖော်ပြထားသည်။

၁ ကော ၂း၂ နှင့် ဂလာ၊ ၆း၁၄ ကိုဖတ်ပါ။ ပေါလုသည် မိမိ၏ဘဝနှင့် အမှုတော်ဆောင်ခြင်း၏ ရည်ရွယ်ချက်ကို (သူ အသက်ရှင်ရခြင်း၏ ကြီးမား သောတွန်းအားကို) မည်သို့မြင်သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

တမန်တော်များသည် မိမိတို့၏ကိုယ်ပိုင်အတွေ့အကြုံများနှင့် ရာစုနှစ်များစွာကြာမြင့်ခဲ့သော ပရောဖက်များနှင့် ဖြောင့်မတ်သောသူတို့၏ သက်သေခံချက်များအားဖြင့် ယေရှုကိုလက်ခံခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းနှစ်ရပ်စလုံးတွင် ပြည့်စုံလုံလောက်သည့် သက်သေခံချက်ရှိသည်။ ဓမ္မဟောင်းကျမ်းတွင် ကြွလာမည့်ကယ်တင်ရှင်ကိုညွှန်ပြပြီး ဓမ္မသစ်ကျမ်းတွင် ကယ်တင်ရှင်၏ အခြေအနေအားလုံး ယေရှု၌ပြည့်စုံလာခြင်းကို ဖော်ပြထားသည်။ ဤအရာအားလုံးသည် ယုံကြည်လိုစိတ်ရှိသူတို့၏ ယုံကြည်ခြင်းကို တည်ဆောက်ရန်လုံလောက်ပေသည်။ "ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူတို့အား ဘုရားသခင်နှင့် သားတော်၏တန်ခိုးတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်တို့တွင် ယုံကြည်ခြင်းကို တည်ဆောက်ရန်သင့်လျော်သော အခွင့်အလမ်းကို ချန်ထားခဲ့ရန်ဖြစ်သည်"ဟု (Ellen G. White, The Spirit of Prophecy, vol. 3, p.182) တွင် ရေးသားခဲ့သည်။

အများအားဖြင့် ဤကိစ္စရပ်သည် ဉာဏ်ပညာဆိုင်ရာကိစ္စမဟုတ်ဘဲ ကိုယ်ကျင့်တရားဆိုင်ရာကိစ္စဖြစ်သည်။ ၎င်းသည် ဦးနှောက်ပိုင်းဆိုင်ရာ ထက် စိတ်နှလုံးပိုင်းဆိုင်ရာကိစ္စဖြစ်သည်။ လူတို့သည် မိမိတို့၏ စိတ်နှလုံးကို ပိတ်

လိုက်ကြသောအခါ ဝမ်းနည်းစရာကောင်းသည်မှာ ၎င်းတို့၏ ဉာဏ်အမြင်များလည်း ပိတ်လိုက်ကြသည်။

ယော၊ ၁း၁-၅ ကိုဖတ်ပါ။ ယေရှုသည် မည်သူဖြစ်ကြောင်း မည်သို့ ဖော်ပြသနည်း။

---

---

ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ယေရှုသည် ရှေးဦးစွာတည်ရှိခဲ့ပြီး လူ့ဇာတိကိုခံယူကာ ကျွန်ုပ်တို့အထဲတွင် စံနေတော်မူခဲ့လျှင် ယေရှုသည် ဘုရားသခင်က မိမိ၏ပရောဖက်များအား ပေးအပ်သော နှုတ်ကပတ်တော်များ သို့မဟုတ် သတင်းစကားများတွင် အဓိကကျသောအစိတ်အပိုင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။ ယေရှုကို တိုက်ရိုက်မညွှန်ပြသော သတင်းစကားများကို ဆောင်ခဲ့ကြသည့် ပရောဖက်များပင်လျှင် သန့်ရှင်းသောဝိညာဉ်တော်၏ မှုတ်သွင်းခြင်းကို ခံခဲ့ကြရသည်။

စကြဝဠာသည် မည်မျှကြီးမားကြောင်း စဉ်းစားကြည့်ပါ။ ယင်းကို ဖန်ဆင်းတော်မူသော ပုဂ္ဂိုလ်ဖြစ်သည့် ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သော ပုဂ္ဂိုလ်လည်းဖြစ်သည်ဟု တွေးတောဆင်ခြင်ခြင်းက သင့်အား မည်မျှကြီးမားသော မျှော်လင့်ချက်ကိုပေးသနည်း။

**တနင်္လာနေ့** **ဒီဇင်ဘာလ ၂၁ ရက်**

**ပရောဖက်ပြုချက်သည်သမ္မာကျမ်းစာကိုအတည်ပြု၏**

သမ္မာကျမ်းစာသည် ပရောဖက်ပြုခြင်းမှ တစ်ဆင့် သန့်ရှင်းသောဝိညာဉ်တော်၏ ထွက်ကုန်ဖြစ်သည်။ ၂ ပေ၊ ၁း၂၁ တွင် ဘုရားသခင်အလုပ်လုပ်ပုံကိုဖော်ပြထားသည် - "အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏"။

၂ တိ၊ ၃း၁၆၊၁၇ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်က သမ္မာကျမ်းစာ၏ အခွင့်အာဏာနှင့် မှုတ်သွင်းခြင်း နှစ်ရပ်စလုံးကို မည်သို့အလေးပေး ဖော်ပြသနည်း။

-------------------------------------------------------------------------------------

-------------------------------------------------------------------------------------

သမ္မာကျမ်းစာသာ မရှိခဲ့ပါက လူသားများသည် အပြစ်ရှိသောလောကကြီး၏ထောင်ချောက်များကို ရှောင်ရှားရန် နည်းလမ်းမရှိဘဲ ကျန်ရစ်မည်ဖြစ်ပြီး ပျက်စီးခြင်းသို့ ဦးတည်မည်ဖြစ်သည်။ ယနေ့ခေတ်တွင် သမ္မာကျမ်းစာသည် နေရာတိုင်းတွင်ရှိနေပြီး ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်သော်လည်း ရှေးအခါကအမြဲတမ်း ဤကဲ့သို့မဟုတ်ခဲ့ပါ။ ဥပမာအားဖြင့် ယေရှု၏လက်ထက်တွင် ဓမ္မဟောင်းကျမ်းလိပ်များကိုသာ ဖတ်ရှုနိုင်ခဲ့ပြီး ပုရောဟိတ်များ သို့မဟုတ်ဆရာများကသာ ဖတ်ရှုနိုင်ခဲ့ကြသည်။ သာမန်လူထုသည် သမ္မာကျမ်းစာကို တိုက်ရိုက်ဖတ်ရှုခွင့် မရှိသလောက်ပင်ဖြစ်ခဲ့သည်။ ထိုအချိန်ကာလများတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အလွန်တရာတန်ဖိုးရှိခဲ့သည်။

လု၊ ၂၄း၂၇ ကိုဖတ်ပါ။ ရှင်ပြန်ထမြောက်တော်မူပြီးနောက် ယေရှုသည် စိတ်ဓာတ်ကျနေသော တပည့်တော်နှစ်ဦးအား မိမိ၏ထူးခြားသော ရည်ရွယ်ချက်ကိုနားလည်စေရန် မည်သည့်အရာကို အသုံးပြုခဲ့သနည်း။

-------------------------------------------------------------------------------------

-------------------------------------------------------------------------------------

ပရောဖက်အားလုံးတို့တွင် အကြီးမြတ်ဆုံးဖြစ်ပြီး နှုတ်ကပတ်တော်ဖြစ်တော်မူသော ယေရှု (ယော၊ ၁း၁-၃) သည် သမ္မာကျမ်းစာကို ချီးမြှောက်ခဲ့သည် (ယော၊ ၇း၃၈)။ ပရောဖက်ပြုခြင်းဆုကျေးဇူး၏ အဖိုးတန်ဆုံး ကောင်းချီးမင်္ဂလာများထဲတွင် သမ္မာကျမ်းစာကို အတည်ပြုပေးခြင်းလည်း ပါဝင်သည်။

“သန့်ရှင်းသောကျမ်းစာကို ဘုရားသခင်၏အသံတော်အဖြစ် ခံယူပြီး ၎င်း၏သွန်သင်ချက်များကို လိုက်နာလိုကြသောသူတို့သည် နေ့စဉ်သင်ယူနေရမည်ဖြစ်ပြီး စစ်မှန်သော ယုံကြည်သူတိုင်းအတွက် သန့်ရှင်းသောဝိညာဉ်

တော်၏ဆုကျေးဇူးအားဖြင့် စီစဉ်ပေးထားသော ဝိညာဉ်ရေးရာ စိတ်အား ထက်သန်မှုနှင့် တန်ခိုးတော်ကို နေ့စဉ်ခံယူနေရမည်ဖြစ်သည်”ဟု (Ellen G. White, Signs of The Times, March 8, 1910)တွင် ရေးသားခဲ့သည်။ စစ်မှန် သောပရောဖက်ပြုခြင်းဆုကျေးဇူးသည် သမ္မာကျမ်းစာကို အမြဲတမ်းချီးမြှောက် သည်။ ၎င်းသည် ယုံကြည်ခြင်းနှင့် ကျင့်ကြံခြင်းတို့အတွက် တစ်ခုတည်းသော စည်းမျဉ်းအဖြစ် ဘုရားသခင်၏ နှုတ်ကပတ်တော်ဆီသို့သာ အမျိုးသား၊ အမျိုးသမီးတို့ကို အမြဲတမ်းညွှန်ပြနေသည်။

ယေရှုက မိမိသည် မည်သူဖြစ်ကြောင်း မဖော်ပြမီတွင် အဘယ်ကြောင့် သမ္မာကျမ်းစာဆီသို့ ဦးစွာညွှန်ပြခဲ့သနည်း။ နှုတ်ကပတ်တော်သည် ကျွန်ုပ် တို့အတွက် မည်မျှအထိအခြေခံကျကြောင်း ၎င်းက ကျွန်ုပ်တို့အား မည်သို့ သွန်သင်သင့်သနည်း။

**အင်္ဂါနေ့** **ဒီဇင်ဘာလ ၂၂ ရက်**

**ပရောဖက်ပြုချက်သည် ဘုရားသခင်၏သစ္စာတရားကိုဖော်ထုတ်စစ်ဆေး ပေးသောကိရိယာဖြစ်သည်**

ယနေ့တွင် ခရစ်ယာန်ဂိုဏ်းဂဏပေါင်း ၄၅၀၀၀ ကျော်ရှိသည်ဟု ပညာရှင်အချို့က ခန့်မှန်းကြသည်။ ယေရှုခရစ်တော်နှင့်စတင်ခဲ့သော ယုံကြည် ခြင်းတရားသည် ဤမျှများပြားလှသော ကိုးကွယ်မှုစနစ်များအဖြစ်သို့ မည် သို့ကွဲပြားလာခဲ့သနည်း။ အချိန်ကာလကြာလာသည်နှင့်အမျှ သမ္မာကျမ်းစာ ကိုမတူညီသောနည်းလမ်းများစွာဖြင့် အနက်ဖွင့်ဆိုခဲ့ကြခြင်းကြောင့်ဖြစ်သည်။ အသင်းတော်တစ်ပါးက သင်ကြားပေးသောအရာသည် အခြားအသင်းတော် များ၏ သင်ကြားချက်နှင့်ဆန့်ကျင်နေသော ကိစ္စရပ်များစွာရှိနေသောကြောင့် ၎င်းတို့အားလုံး မှန်ကန်နေရန် မဖြစ်နိုင်ပေ။

အစအဦးကတည်းကပင် (က၊ ၂း၁၆၊၁၇ နှင့် ၃း၁-၅ ကိုကြည့်ပါ)။ လူသားများကို ဘုရားသခင်၏ သစ္စာတရားမှ လမ်းလွဲသွားစေရန် စာတန်

အသုံးပြုသောအကြီးမားဆုံး နည်းလမ်းများထဲတွင် ရှုပ်ထွေးစေခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ စာတန်သည် အာဒံနှင့် ဧဝတို့အား ပြုခဲ့ သကဲ့သို့ပင် လူတို့ကို မိမိ၏ထိန်းချုပ်မှုအောက်သို့သွတ်သွင်းရန် အမှန်တရား နှင့် အမှားကို ရောနှောတတ်သည်။ စာတန်သည် ဘုရားသခင်၏လူမျိုးတော် ကိုသမိုင်းတစ်လျှောက် လမ်းလွဲစေခဲ့သည် (၆ ရာ၊ ၃၆း၁၄-၁၆)။ သူသည် ယေရှုကိုပင် လမ်းလွဲစေရန် ကြိုးပမ်းခဲ့သော်လည်း (မ၊ ၄း၁-၁၁)၊ ယေရှုက စာတန်၏ပြောဆိုချက်များကို "ကျမ်းစာလာသည်ကား"ဟူ၍ ရှင်းလင်းပြတ် သားစွာဖြင့် ရင်ဆိုင်တုံ့ပြန်ခဲ့သည် (မ၊ ၄း၄)။

၂ တိ၊ ၄း၁-၅ ကိုဖတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် စပ် လျဉ်း၍ ပေါလုသည် တိမောသေအား အဘယ်အရေးကြီးသော အကြံဉာဏ် ကိုပေးသနည်း။ လာမည့်အရာများအတွက် တိမောသေသည် ဝိညာဉ်ရေးရာ အရ အသင့်ပြင်ဆင်ထားရှိရန် သူသည် အဘယ်ကြောင့် ဤမျှခိုင်မာစွာ တိုက်တွန်းခဲ့သနည်း။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ပေါလုသည် ပရောဖက်ဉာဏ်ဖြင့် လူတို့က ဘုရားသခင်၏နှုတ်ကပတ် တော်ကို ချစ်မြတ်နိုးခြင်းမရှိကြတော့ဘဲ နာခံမှုလည်း မရှိကြတော့မည့် အချိန် ကာလတစ်ခုကို ကြိုတင်မြင်ခဲ့သည်။ ယင်းအစား ၎င်းတို့သည် လိမ္မာပါးနပ် စွာဖန်တီးထားသော ဒဿနိကပုံပြင်များဖြင့် မိမိတို့၏စိတ်ဆန္ဒများကို ဖျော်ဖြေ ပေးရန် ဝိညာဉ်ရေးရာဆရာများကို ရှာဖွေသွားကြလိမ့်မည်။ ထိုသို့သောသူ တို့ထံသို့ ဘုရားသခင်သည် မိမိတို့ရှာဖွေနေကြသည့် လိမ်လည်လှည့်စားမှု များကို ယုံကြည်စေရန် ပြင်းထန်သောမှားယွင်းယုံကြည်မှုများကို စေလွှတ် တော်မူ၏"။ ထို့ကြောင့် သမ္မာတရားကိုမယုံဘဲ မတရားသောအမှု၌ မွေ့လျော် သောသူအပေါင်းတို့သည် တရားရှုံးခြင်းသို့ ရောက်မည်အကြောင်း မုသား

စကားကိုယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ဘုရားသခင် လွှတ်တော်မူလိမ့်မည်”ဟု ဖော်ပြထားသည် (၂ သက်၊ ၂း၁၁၊၁၂)။

သို့သော် နှလုံးသားဖွင့်ထားကြသောသူတို့အား “အမှန်တရားကို သိရှိရလိမ့်မည်”ဟု ယေရှုကတိပေးခဲ့သည် (ယော၊ ၈း၃၂)။ ပရောဖက်ပြုခြင်း ဆုကျေးဇူးသည် အမှန်တရားကို မှားယွင်းမှုမှ၊ အလင်းကို အမှောင်မှ ခွဲထုတ်ပေးသည့် ဘုရားသခင်၏ နည်းလမ်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် ဤကွဲပြားခြားနားလှသော ဂိုဏ်းဂဏအားလုံးအကြားတွင် ကျွန်ုပ်တို့သည် အမှန်တရားကို လွယ်လွယ်ကူကူပင် ရှာဖွေသိရှိနိုင်ပေသည်။ အကယ်၍ သင်သည် (သမ္မာကျမ်းစာတွင် ခိုင်မာစွာပါရှိသော) သတ္တမနေ့ဥပုသ်စောင့်ထိန်းခြင်းကို စွန့်လွှတ်မည်မဟုတ်ပါက အသင်းတော်ကြီးအများစုသည် စတုတ္ထပညတ်တော်ကို မစောင့်ထိန်းကြသောကြောင့် ရွေးချယ်စရာများထဲမှ ၉၉.၅% အထိ ပယ်ဖျက်ပြီးသား ဖြစ်သွားပေလိမ့်မည်။

အကယ်၍ သေလွန်သူများသည် ယေရှုနှင့်အတူရှိနေရန် ကောင်းကင်ဘုံသို့ချက်ချင်းရောက်သွားကြသည် သို့မဟုတ် ယခုအခါ ငရဲတွင် ထာဝရမီးလောင်ကျွမ်းနေကြသည်ဟူ၍ မယုံကြည်ဘူးဆိုလျှင် -- သင်သည် ကျန်ရှိနေသေးသော ၀.၅% ထဲမှာ ၉၉.၅% ကို ထပ်မံပယ်ထုတ်ပြီး ဖြစ်သွားပေမည်။ ထိုသို့ဆိုလျှင် ခရစ်တော်ကိုမျှော်လင့်သောသတ္တမနေ့အသင်းတော် (Seventh-day Adventist Church) မှလွဲ၍ အခြားမည်သည့်နေရာသို့ သင်သွားနိုင်မည်နည်း။

**ဗုဒ္ဓဟူးနေ့** **ဒီဇင်ဘာလ ၂၃ ရက်**

**ပရောဖက်ပြုချက်သည်ဘုရားသခင်၏လူတို့ကိုနှစ်သိမ့်မှုပေး၏**

မ၊ ၁၁း၂၈၊၂၉ ကိုဖတ်ပါ။ ယေရှုသည် ကျွန်ုပ်တို့အား မည်သို့ပြုလုပ်ရန်မိန့်ကြားသနည်း။ ကိုယ်တော်ထံသို့ လာကြသမျှသောသူတို့အား အဘယ်အရာ ကတိထားတော်မူသနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဘုရားသခင်သည် လူသားတို့၏ သုခချမ်းသာကို အမြဲတမ်းစိုးရိမ်ပူပန်ပေးတော်မူခဲ့သည်။ အာဒံနှင့် ဧဝတို့ကို မဖန်ဆင်းမီက ဘုရားသခင်သည် ၎င်းတို့အတွက် ပြီးပြည့်စုံသောနေရာထိုင်ခင်းကို ပြင်ဆင်ပေးတော်မူခဲ့သည် (က၊ ၁)။ ဘုရားသခင်သည် ၎င်းတို့၏နှစ်သိမ့်မှုအတွက် လိုအပ်သမျှသော အရာများကို စီစဉ်ပေးခဲ့သည်။ သန့်ရှင်းသောဇနီးမောင်နှံ အပြစ်ကျူးလွန်ပြီးနောက်တွင် ဘုရားသခင်သည် ၎င်းတို့အား ရှာဖွေရန်ကြွလာတော်မူခဲ့သည် (က၊ ၃း၉)။ ကယ်တင်ရှင်ကြွလာမည့်အကြောင်းကို ပရောဖက်ပြုခဲ့ကာ (က၊ ၃း၁၅)၊ ၎င်းတို့၏ကိုယ်လုံးကိုဖုံးအုပ်ရန် အဝတ်အစားများကို ဖန်တီးပေးတော်မူခဲ့သည် (က၊ ၃း၂၁)။ ဘုရားသခင်သည် မိမိဖန်ဆင်းထားသော သတ္တဝါတို့၏သုခချမ်းသာအတွက် ဆောင်ရွက်ပေးတော်မူ၏။

သမိုင်းတစ်လျှောက် လူတို့အတွက် နှစ်သိမ့်မှုနှင့် ခွန်အားဖြစ်စေရန် အရင်းအမြစ်တစ်ခုအနေဖြင့် ဘုရားသခင်လုပ်ဆောင်ပေးသည့် ပရောဖက်ပြုခြင်းဆုကျေးဇူးလောက် လျစ်လျူရှုခြင်းခံရသော အခြားကောင်းချီးမင်္ဂလာ မရှိပါ။

ဟေရှာ၊ ၄၀း၁-၅ ကိုဖတ်ပါ။ နာကျင်ခံစားနေရသော မိမိ၏လူတို့အတွက် ဘုရားသခင်သည် မိမိ၏ပရောဖက်အား မည်သည့်သတင်းစကားကိုပေးသနည်း။ ထိုမူဝါဒကို ယနေ့ခေတ် ကျွန်ုပ်တို့၏ဘဝတွင် မည်သို့ကျင့်သုံးနိုင်သနည်း။

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

ဘုရားသခင်သည် ယုဒအမျိုးတို့ကို အပြစ်ပေးရမည်ဖြစ်သော်လည်း ၎င်းတို့အား လုံးဝပစ်ပယ်မည် မဟုတ်ကြောင်း သိစေလိုတော်မူခဲ့သည်။ ကိုယ်တော်သည် စိတ်ပျက်အားငယ်နေသော မိမိ၏လူမျိုးတော်အတွက် အား

ပေးနှစ်သိမ့်သည့် သတင်းစကားကို ဟေရှာယအား ပေးရုံမျှဖြင့် မရပ်တန့်ခဲ့ပေ။ ဟေရှာယအား ထိုသတင်းစကားကို မည်ကဲ့သို့ပို့ဆောင်ရမည်ကို တိကျစွာ လမ်းညွှန်ပြသခဲ့သည်။ ထိုသတင်းစကားကို ကြီးမားသော ကြင်နာမှု၊ မေတ္တာနှင့် ဂရုစိုက်မှုတို့ဖြင့် ပို့ဆောင်ရန်လိုအပ်ပေသည်။ ဘုရားသခင်သည် ဤနှစ်သိမ့်စကားသည် မိမိ လူမျိုးတော်၏ နှလုံးသားထဲသို့ ရောက်ရှိရန်အတွက် အလွန်တရာအလေးထားတော်မူသဖြင့် မည်သည့်အရာကိုမျှ တိုက်ဆိုင်မှုအဖြစ် မထားစေပါ။ ထိုကဲ့သို့သော နှစ်သိမ့်မှုပေးသည့် သတင်းစကားများကို ဟေရှာယကျမ်းတစ်အုပ်လုံးတွင် အကြိမ်ကြိမ် ထပ်ခါတလဲလဲ ဖော်ပြခဲ့သည် (ဟေရှာ၊ ၁၂း၁။ ၄၉း၁၃၊ ၅၁း၃ စသည်ဖြင့်)။

ခရစ်တော်ယေရှု၌ အသက်ရှင်သူတို့သည် ပြင်းထန်သောညှဉ်းပန်းနှိပ်စက်မှုကို ခံရလိမ့်မည်ဟု တမန်တော်ပေါလု သတိပေးခဲ့သည် (၂ တိ၊ ၃း၁၂)။ ရှေ့လာမည့်ခက်ခဲသော အချိန်ကာလများတွင် ကျွန်ုပ်တို့သည် နှစ်သိမ့်မှုနှင့် မျှော်လင့်ချက်စကားများ လိုအပ်မည်ဖြစ်သည်။ ပရောဖက်ပြုခြင်းဆုကျေးဇူးသည် ခရစ်တော်ပြန်လည်ကြွလာတော်မမူမီတွင် ၎င်းတို့အား နှစ်သိမ့်ပေးရန်နှင့် ခွန်အားဖြည့်တင်းပေးရန် ဘုရားသခင်အသုံးပြုမည့်နည်းလမ်းဖြစ်ပေသည်။

သင့်ဘဝ၏ မည်သည့်နယ်ပယ်တွင် နှစ်သိမ့်မှုနှင့် မျှော်လင့်ချက်စကားကိုကြားနာရန် လိုအပ်နေသနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှစ်သိမ့်ပေးတော်မူပြီးနောက် မည်သည့်အရာကို လုပ်ဆောင်ရန် တန်ခိုးခွန်အားပေးသနည်း (၂ ကော၊ ၁း၃၊၄)။

**ကြာသပတေးနေ့** **ဒီဇင်ဘာလ ၂၄ ရက်**

**ပရောဖက်ပြုချက်သည်ခရစ်တော်၌ကိုယ်ခန္ဓာကိုစည်းလုံးစေ၏**

ယော၊ ၁၇း၂၀-၂၃ နှင့် ၂ ကော၊ ၁း၁၀-၁၃ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်နှစ်ချက်က အဓိကတောင်းဆိုချက်မှာ မည်သည့်အရာဖြစ်သနည်း။

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

ယေရှုသည် ကပ်တိုင်သို့ ချဉ်းကပ်လာစဉ်တွင် ကိုယ်တော်သည် ဆန္ဒတစ်ရပ်ကိုတောင့်တခဲ့သည်။ ကိုယ်တော်နှင့် ခမည်းတော်တို့သည် မေတ္တာ၊ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်တို့တွင် တစ်လုံးတစ်ဝတည်း ရှိကြသကဲ့သို့ ကိုယ်တော်၏ နောက်လိုက်များအားလုံးသည်လည်း တစ်လုံးတစ်ဝတည်းရှိကြရန် ကိုယ်တော်အလိုရှိခဲ့သည်။ ယေရှု ဆုတောင်းပေးခဲ့သော စည်းလုံးညီညွတ်မှုသည် ပျော့ပြောင်းညံ့ဖျင်းသော ပုံစံတူဖြစ်ခြင်းမျိုးမဟုတ်ပေ။ ယေရှုသည် ကိုယ်တော်ပြန်လည်မကြွလာမီတွင် ပြည့်စုံလာမည့်အစွမ်းထက်သောပရောဖက်ပြုချက်တစ်ခုအတွက် ဆုတောင်းပေးခဲ့သည် -- နောက်ခံအမျိုးမျိုး၊ လူမျိုးစုအမျိုးမျိုးနှင့် အမြင်အမျိုးမျိုးရှိကြသော လူသားတို့၏လုပစုံလင်လှသည့်ပေါင်းစပ်မှုကြီးသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ကိုယ်တော်နှင့် ခမည်းတော်၌ အားလုံးစည်းလုံးကြလိမ့်မည်။ တမန်တော်ပေါလုသည် ကောရိန်သုယုံကြည်သူတို့အား စိတ်သဘောချင်းတူညီကြရန်၊ တူညီသော အမှန်တရားကို ဟောပြောကြရန်နှင့် ကွဲပြားခြင်းများမရှိကြရန် တောင်းပန်ခဲ့စဉ်က ဤအကြောင်းအရာကို အခြေခံခဲ့သည် (၁ကော၊ ၁း၁၀)။ သို့သော် ဤကဲ့သို့သော ပရောဖက်ပြုချက်ဆိုင်ရာ စည်းလုံးညီညွတ်မှုသည် အဘယ်ကြောင့် ဤမျှအရေးကြီးသနည်း။

ယေရှုက "ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြမည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက် အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏" (ယော၊ ၁၇း၂၁)။

ဘုရားသခင်သည် အမျိုးသားနှင့် အမျိုးသမီးအားလုံး ကယ်တင်ခြင်းသို့ရောက်ကြရန် အလိုရှိတော်မူ၏။ သို့သော် ၎င်းတို့ ကယ်တင်ခြင်းသို့

မရောက်မီတွင် ယေရှုကို ယုံကြည်ရမည်ဖြစ်ပြီး လောကကို ကယ်တင်ရန် ဘုရားသခင်က ကိုယ်တော်ကိုစေလွှတ်တော်မူခဲ့ကြောင်း ယုံကြည်ရမည်ဖြစ်သည်။ မတူကွဲပြားသော လူအုပ်စုတစ်စုသည် ယေရှုကို မိမိတို့၏အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ် ခံယူကြပြီး တစ်ဦးကိုတစ်ဦး ကိုယ်ကျိုးမဖက်ဘဲ လုပ်ဆောင်ကြသောအခါမှသာလျှင် ယေရှုကို လောကီသားတို့က ယုံကြည်ကြလိမ့်မည်။ ယေရှုတောင့်တခဲ့သော စည်းလုံးညီညွတ်မှုသည် ရည်ရွယ်ချက်ရှိပြီး တန်ခိုးနှင့်ပြည့်စုံပေသည်။ ဝမ်းနည်းစရာကောင်းသည်မှာ အစအဦးကတည်းကပင် အဆိုပါ စည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်သည့် အင်အားစုများရှိခဲ့သည်။ ဥပမာအားဖြင့် တ၊ ၆း၁ ကိုကြည့်ပါ။ ထိုအချိန်မှစ၍ ခရစ်ယာန်ဘာသာသည် အခြေခံကျကျကွဲပြားခဲ့ရပေသည်။

ဤစည်းလုံးညီညွတ်မှုသည် သန့်ရှင်းသောဝိညာဉ်တော်ပေးသော ဆုကျေးဇူးများမှတစ်ဆင့် ရရှိသည်။ ဧဖက်၊ ၄း၁၁-၁၅ က ယုံကြည်သူများကို ပြင်ဆင်ပေးရန်နှင့် ခရစ်တော်၌စည်းလုံးကြရန် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးများကို ပေးထားကြောင်း ကျွန်ုပ်တို့အား ဖော်ပြထားသည် --"ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့ လည်းကောင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်းဟူသော ကြီးရင့်သောလူတို့၏ အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း" (ဧဖက်၊ ၄း၁၃)။ ဝိညာဉ်တော်၏ ထင်ရှားသောဆုကျေးဇူးတစ်ရပ်ဖြစ်သည့် ပရောဖက်ပြုခြင်းဆုကျေးဇူးသည် ဘုရားသခင်၏လူမျိုးတော်ကို စည်းလုံးစေရန်အတွက် အထူးသဖြင့် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းသို့ နီးကပ်လာသည်နှင့်အမျှ ၎င်းတို့သည် အရှင်ယေရှုခရစ်ကို ယုံကြည်ပြီး ကယ်တင်ခြင်းသို့ရောက်ကြရန်အတွက် အလွန်တရာအရေးကြီးပေသည် (တ၊ ၁၆း၃၁)။

သတ္တမနေ့အသင်းတော်သည် ကမ္ဘာပေါ်တွင် အကွဲပြားဆုံးသော ပရိုတက်စတင့်ဘာသာရေးအဖွဲ့အစည်းဖြစ်ကောင်းဖြစ်နေနိုင်သည့် အချိန်

ကာလတစ်ခုတွင် ယေရှုကိုယုံကြည်လာစေရန် လူတို့အား ကူညီပေးသည့် စည်းလုံးညီညွတ်မှုမျိုးကို ကျွန်ုပ်တို့ မည်သို့ပြသနိုင်မည်နည်း။ မည်သည့် အင်အားစုများက ထိုစည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်နေကြသနည်း။

**သောကြာနေ့** **ဒီဇင်ဘာလ ၂၅ ရက်**

## ထပ်မံ၍မြည်းစမ်းကြည့်ပါ

လွန်ခဲ့သောနှစ်အနည်းငယ်က ကယ်လော့ဂ် (Kellogg) ကုမ္ပဏီသည် ၎င်းတို့၏ မနက်စာစီးရီးအတွက် ဆွဲဆောင်မှုရှိသော ကြော်ငြာဆောင်ပုဒ် တစ်ခုကို အသုံးပြုခဲ့သည်။ အခြားသော ကုန်အမှတ်တံဆိပ်များဆီသို့ ပြောင်း ရွှေ့သွားကြသော ဖောက်သည်များကို ပြန်လည်ဆွဲဆောင်ရန် ကြိုးပမ်းသည့် အနေဖြင့် "ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့ကို နောက်တစ်ကြိမ်ထပ်မံ၍ မြည်း စမ်းကြည့်ပါ"ဟု တိုက်တွန်းခဲ့သည်။ ဤဆိုရိုးစကားသည် သမ္မာကျမ်းစာနှင့် Ellen G. White တို့အကြောင်းကိုလေ့လာရာတွင် အချိန်များစွာပေးခဲ့ကြပြီး သူမ၏ရေးသားချက်များကို "မြည်းစမ်း"ရန်အတွက် အချိန်နည်းပါးစွာ ပေး ခဲ့ကြသော သတ္တမနေ့အသင်းသားတို့အတွက်လည်း အလုပ်ဖြစ်နိုင်ပါသလော။ အယ်လင်ဂျီဝှိုက်၏ဘဝနှင့် အမှုတော်ဆောင်ခြင်းအကြောင်းဆွေးနွေးပွဲများ သို့တက်ရောက်ခြင်းက သူမ၏အတ္ထုပ္ပတ္တိနှင့် အမှုတော်လုပ်ငန်းကို အကြမ်း ဖျင်းသိရှိစေနိုင်မည် ဖြစ်သော်လည်း သင်ကိုယ်တိုင် "မမြည်းစမ်း" ဘဲနှင့်မူ သူမ၏ ပရောဖက်ပြုချက်ဆိုင်ရာ သတင်းစကားများမှ ဝိညာဉ်ရေးရာ ကောင်းချီးမင်္ဂလာများကို စစ်မှန်စွာ တန်ဖိုးဖြတ်နိုင်မည် မဟုတ်သလို ခံစား ရရှိနိုင်မည်လည်း မဟုတ်ပေ။ သူမ၏ ရေးသားချက်များကို အထူးသဖြင့် သက်ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့်အညီ ဖတ်ရှုကြသောသူတို့သာလျှင် ဘုရားသခင်ပေးသနားတော်မူခဲ့သော အရာများကို အပြည့်အဝတန်ဖိုးထား နိုင်ကြမည်ဖြစ်သည်။

ဤသုံးလပတ်တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့မှတ်သားခဲ့ကြသည့်အတိုင်း အယ်လင်ဂျီဝှိုက်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာ၏သစ္စာတရား၌မြဲမြံစွာရပ်တည်စေပြီး ဘုရားသခင်နှင့် ဆက်သွယ်ပေးသည်။ သူမ၏ပရောဖက်ပြုချက်ဆိုင်ရာ သတင်းစကားများကို ဖတ်ရှုခြင်းအားဖြင့် ရရှိနိုင်သောထူးခြားသည့် ကောင်းချီးမင်္ဂလာတရားများ ရှိနေပါသည်။

ရောဂျာဒါဒ်လေ (Roger Dudley) နှင့် ဒီဇ် ကမ်မင်းစ် ဂျူနီယာ (Des Cummings, Jr.) တို့ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုက စိတ်ဝင်စားဖွယ်ကောင်းသောအချက်အလက်အချို့ကို ဖော်ပြထားသည်။ အယ်လင်ဂျီဝှိုက်၏ ရေးသားချက်များကို ပုံမှန်ဖတ်ရှုကြသောသူတို့သည် မဖတ်ရှုကြသူများထက် ယေရှုနှင့်ပိုမိုနက်ရှိုင်းပြီး ရင်းနှီးသောဆက်ဆံရေးရှိကြသည်။ ၎င်းတို့တွင် ကယ်တင်ခြင်းအတွက် ပိုမိုခိုင်မာသော အာမခံချက်၊ ပုံမှန်ပြုလုပ်သော မိသားစု ဝတ်ပြုကိုးကွယ်မှုနှင့် အခြားသူများထံတွင် သက်သေခံလိုသည့်ဆန္ဒတို့ ပိုမိုရှိကြသည်။ “သုတေသနလေ့လာမှုတစ်ခုက သက်သေအထောက်အထားများကို ဤမျှလောက်အထိ ကောက်ချက်တစ်ခုတည်းဘက်သို့ အလေးသာနေသည်ကို ရှားရှားပါးပါးသာ တွေ့ရှိရသည်”ဟု သုတေသီနှစ်ဦးက ရေးသားခဲ့သည်။ အသင်းတော်ကြီးထွားမှုစစ်တမ်းတွင် ကိုယ်ပိုင်သဘောထားများ သို့မဟုတ် ကျင့်စဉ်များနှင့်သက်ဆိုင်သည့် အချက်တိုင်းတွင် အယ်လင်ဂျီဝှိုက်၏စာအုပ်များကို ပုံမှန်လေ့လာသောအသင်းသားသည် တစ်ခါတစ်ရံ သို့မဟုတ် လုံးဝမဖတ်ရှုသောအသင်းသားထက် အမှတ်ပိုရလေ့ရှိသည်။. . . သူမ၏ စာပေများကိုပုံမှန်ဖတ်ရှုခြင်းသည် ခရစ်ယာန်ဘဝနှင့် သက်သေခံခြင်းတွင် အပြုသဘောဆောင်သောခြားနားချက်ကို ဖြစ်ပေါ်စေသည်ဟူသောအချက်ကို သေချာပေါက်ညွှန်ပြနေပေသည်” -- (Dudley and Cummings, "Who Reads Ellen White?" in Ministry, October 1982, p. 12)။

ဤသုံးလပတ်အတွင်းတွင် ဘုရားသခင်သည် မိမိ၏ပရောဖက်များမှတစ်ဆင့် ဆက်သွယ်ပြောဆိုတတ်ကြောင်း ကျွန်ုပ်တို့သင်ယူခဲ့ကြရသည်။

၎င်းတို့၏သတင်းစကားများသည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့်ဆက်သွယ်ပေးပြီး အထူးသဖြင့် ယေရှု၌တွေ့ရှိရသော ကယ်တင်ခြင်းကတိတော်နှင့် စပ်လျဉ်း၍ လူ့ဘဝ၏နယ်ပယ်အားလုံးကို သန့်ရှင်းစေပြီး ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် လွှမ်းမိုးမှုကို ယူဆောင်လာပေးသည်။

"ထာဝရဘုရားသည် ကောင်းမြတ်တော်မူကြောင်းကို မြည်းစမ်း၍သိကြလော့" (ဆာ၊ ၃၄း၈)။ ၎င်းတို့က ကျွန်ုပ်တို့အား သန့်ရှင်းသောအမှုများ၊ ဘဝပြောင်းလဲစေခြင်း၊ ကိုယ်ပိုင်ဇဝံဂေလိလုပ်ငန်းနှင့် အခြားသူများအား ကူညီခြင်းများ လုပ်ဆောင်ရန် တိုက်တွန်းသည်။ ယေရှု၏ကြွလာခြင်းကို ကျွန်ုပ်တို့စောင့်မျှော်နေကြစဉ်အတွင်း လောကသို့နောက်ဆုံးဟောကြားရမည့်ကျွန်ုပ်တို့၏တာဝန်ကို ဖြည့်ဆည်းရန်ပြင်ဆင်ရာတွင် ဤပရောဖက်ပြောသောစကားများသည် မရှိမဖြစ်လိုအပ်သည်။

ပိုမိုသိရှိလိုပါက https://whiteestate.org/absg/13 သို့ဝင်ရောက်ကြည့်ရှုပါ။

-၀-

## နံနက်ယံဝတ်
## အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | တေး | ဇဖက်၊ ၅း၁၈ |
| ၂ | ကြာ | လုကာ၊ ၂၂း၁၅ |
| ၃ | နေ | လုကာ၊ ၂း၁၁ |
| ၄ | နွေ | ၁ယော၊ ၅း၁၁ |
| ၅ | လာ | ဆာလံ၊ ၁၆း၁၁ |
| ၆ | ဂါ | ဆာလံ၊ ၂၅း၁၂ |
| ၇ | ဟူး | ဆာလံ၊ ၁၈း၂ |
| ၈ | တေး | ယော၊ ၆း၁၄ |
| ၉ | ကြာ | ၁ယော၊ ၃း၅ |
| ၁၀ | နေ | ဗျာ၊ ၅း၁၃ |
| ၁၁ | နွေ | ဇဖက်၊ ၂း၈ |
| ၁၂ | လာ | ၁ရာ၊ ၂း၂ |
| ၁၃ | ဂါ | ၁ကော၊ ၁း၂၄ |
| ၁၄ | ဟူး | မဿဲ၊ ၂း၁၁ |
| ၁၅ | တေး | တမန်၊ ၄း၁၁ |
| ၁၆ | ကြာ | မဿဲ၊ ၄း၂၃ |
| ၁၇ | နေ | ယော၊ ၅း၄၀ |
| ၁၈ | နွေ | ဟေရှာ၊ ၄၆း၄ |
| ၁၉ | လာ | ဆာလံ၊ ၇၃း၂၄ |
| ၂၀ | ဂါ | ၁ယော၊ ၄း၂၀ |
| ၂၁ | ဟူး | ၁ပေ၊ ၁း၁၈၊၁၉ |
| ၂၂ | တေး | ဗျာ၊ ၂း၁ |
| ၂၃ | ကြာ | လုကာ၊ ၄း၈ |
| ၂၄ | နေ | ယော၊ ၈း၂ |
| ၂၅ | နွေ | ယော၊ ၁၇း၃ |
| ၂၆ | လာ | ယော၊ ၁၁း၄၈ |
| ၂၇ | ဂါ | ယာ၊ ၁း၁၇ |
| ၂၈ | ဟူး | ယော၊ ၁း၁၈ |
| ၂၉ | တေး | မဿဲ၊ ၂၆း၃၈ |
| ၃၀ | ကြာ | ၁ယော၊ ၁း၉ |
| ၃၁ | နေ | ယော၊ ၁း၁၇ |

## နံနက်ယံဝတ်
## နိုဝင်ဘာလ၊ ၂၀၂၆ ခုနှစ်

၁ နွေ လုကာ၊ ၄း၁၅
၂ လာ မဿဲ၊ ၁၆း၁၈
၃ ဂါ ဇာခရိ၊ ၁၀း၁
၄ ဟူး လုကာ၊ ၄း၁၈
၅ တေး ယော၊ ၈း၄၆
၆ ကြာ ဟေရှာ၊ ၅၃း၃
၇ နေ ဟေရှာ၊ ၄၂း၄

၈ နွေ လုကာ၊ ၁၈း၇
၉ လာ ကောလော၊ ၁း၁၇
၁၀ ဂါ မာကု၊ ၆း၃၁
၁၁ ဟူး ဟေဗြဲ၊ ၁၁း၂၇
၁၂ တေး မဿဲ၊ ၂၅း၆
၁၃ ကြာ မဿဲ၊ ၄း၁၆
၁၄ နေ ဟေဗြဲ၊ ၃း၄

၁၅ နွေ ယော၊ ၅း၂၃
၁၆ လာ တရားဟော၊ ၁း၁၇
၁၇ ဂါ ဟေဗြဲ၊ ၄း၁၅
၁၈ ဟူး သုတ္တံ၊ ၁၇း၃
၁၉ တေး မာလခိ၊ ၃း၁၇
၂၀ ကြာ ယော၊ ၁၃း၁၄
၂၁ နေ ၁ကော၊ ၁း၁၉

၂၂ နွေ ဆာလံ၊ ၁၀၃း၁၃
၂၃ လာ မဿဲ၊ ၂၆း၃၉
၂၄ ဂါ မာကု၊ ၉း၂၂
၂၅ ဟူး ဇာခရိ၊ ၂း၈
၂၆ တေး မဿဲ၊ ၁၂း၈
၂၇ ကြာ ဆာလံ၊ ၁၄၇း၅
၂၈ နေ တောလည်၊ ၂၄း၅၊၆

၂၉ နွေ ၁ယော၊ ၁း၅
၃၀ လာ ဗျာ၊ ၁၅း၃

## နံနက်ယံဝတ်
## ဒီဇင်ဘာလ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | ဂါ | ၁ယော၊ ၃း၃ |
| ၂ | ဟူး | ကာ၊ ၁၆း၁၃ |
| ၃ | တေး | ယော၊ ၁း၁၀ |
| ၄ | ကြာ | တောလည်၊ ၂၁း၉ |
| ၅ | နေ | ၂ကော၊ ၈း၉ |

| | | |
|---|---|---|
| ၆ | နွေ | ယော၊ ၁၀း၃၀ |
| ၇ | လာ | ဇဖက်၊ ၂း၂၀ |
| ၈ | ဂါ | ၁ပေ၊ ၅း၁၀ |
| ၉ | ဟူး | ယော၊ ၁၇း၂၄ |
| ၁၀ | တေး | ၁ပေ၊ ၂း၆ |
| ၁၁ | ကြာ | ဗျာ၊ ၂၂း၁၇ |
| ၁၂ | နေ | ယော၊ ၆း၆၃ |

| | | |
|---|---|---|
| ၁၃ | နွေ | သုတ္တံ၊ ၁၅း၃ |
| ၁၄ | လာ | ၁ယော၊ ၂း၂ |
| ၁၅ | ဂါ | ဗျာ၊ ၃း၂၀ |
| ၁၆ | ဟူး | ယော၊ ၁း၃၀ |
| ၁၇ | တေး | ယော၊ ၁း၁၄ |
| ၁၈ | ကြာ | ဖိလိ၊ ၃း၁၀ |
| ၁၉ | နေ | ဟေရှာ၊ ၄၁း၁၀ |

| | | |
|---|---|---|
| ၂၀ | နွေ | သုတ္တံ၊ ၃၀း၅ |
| ၂၁ | လာ | လုကာ၊ ၉း၅၅ |
| ၂၂ | ဂါ | ဂလာ၊ ၃း၂၇ |
| ၂၃ | ဟူး | ယော၊ ၈း၁၀ |
| ၂၄ | တေး | ဟေဗြဲ၊ ၄း၁၂ |
| ၂၅ | ကြာ | ဟေဗြဲ၊ ၇း၁၄ |
| ၂၆ | နေ | ဆာလံ၊ ၁၀၃း၁၉ |

| | | |
|---|---|---|
| ၂၇ | နွေ | ဗျာ၊ ၁၃း၈ |
| ၂၈ | လာ | ယော၊ ၁၂း၃၅ |
| ၂၉ | ဂါ | သုတ္တံ၊ ၁၈း၁၀ |
| ၃၀ | ဟူး | ၁ကော၊ ၁၅း၄၇ |
| ၃၁ | တေး | ရောမ၊ ၆း၂၃ |

Joo